www.burmeseclassic.com

# မိုးကျော်သူ

## မုန်တိုင်းကြားမှမျက်ရည်စက်များ




www.burmeseclassic.com

www.burmeseclassic.com

## မိုးကျော်သူ

# မုန်တိုင်းကြားမှ မျက်ရည်စက်များ

## ပထမပိုင်း

( ပ-ဒု နှစ်အုပ်တွဲ )

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၀၃/၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၄၉/၂၀၀၃ (၁၀)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၃- ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀-ကျပ်။

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့ (-၃-)၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)၊
၂၃၉- ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့။

**မျက်နှာဖုံး ပုံနှိပ်သူ**

ဦးထွန်းလင်း (မြ-ဝေဝေ ၂)၊
ဖိုးဝအောင်ဆက်၊ အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒုက္ခိတရှစ်ဖော်နှင့်သိုင်းသမား

သောင်းဦးရာသီ....
မြောက်လေသည် အရိုးကဲ့မတတ် တိုက်ခတ်နေသည်။
မြောက်လေနှင့်အတူ နှင်းခဲများလွင့်ပါလာသည်ကို တွေ့ရ
နေရ၏။
ယခုအချိန်တွင် ချန်ကျိုးမြို့တစ်မြို့လုံးမှာ အေးမြလှသေ
နှင်းဖွေးဖွေးက လွှမ်းခြုံခြင်းကို ခံနေရချေသည်။
ချန်ကျိုးမြို့ ထိန်ဖူးရဲတိုက်တွင်လည်း နှင်းများဖြင့် ဖြူဖွေ
လျက် ရှိနေသည်။
ရဲတိုက်ထိပ်ခေါင်းမကြီးရှေ့တွင် အစောင့်တပ်သားရှစ်ယော
တို့ ငြိမ်သက်စွာရပ်နေသည်။
လေတိုက်သံတဝှူးဝှူးကို အစောင့်ရှစ်ယောက်တို့ ကြ
နေရသလို သူတို့၏ဝတ်စုံများတွင် နှင်းဖွေးများ ကပ်
မျှ။

www.burmeseclassic.com

www.burmeseclassic.com



အစောင့် ရှစ်ယောက်တို့မှာ နှင်းကာများ ဝတ်ဆင်ထားသော်လည်း မလုံပါ၊

အလွန့်အလွန် ချမ်းအေးလှသဖြင့် ခိုက်ခိုက်တုန်နေရှာသည်ကို တွေ့ရလေသည်။

မြောက်လေကလည်း တိုက်ခတ်နေဆဲ။

အစောင့်များမှာ မလှုပ်မရှားဘဲ အဝေးသို့လှမ်းကြည့်နေသည်။

လူတို့ကား သာမန် အစောင့်တပ်သားများပင် ဖြစ်သည်။

သူတို့သည် မိမိတို့အလှည့်ကျ စောင့်ရှောက်ရသော အချိန်တွင် တာဝန်ချွတ်ယွင်းမှုမရှိအောင် စောင့်ရှောက်ကြည့်ရှုနေရသည်။

တစ်စုံတစ်ရာဖြစ်ပါက ရာထူးမှချက်ချင်း ထုတ်ပယ်ခြင်းခံရမည် မဟုတ်ပါလော။

ထိုရဲတိုက်တွင် တာဝန်ယူအုပ်ချုပ်ရသော အုပ်ချုပ်ရေးမှူး နှစ်ဦးရှိသည်။

ထိုလူနှစ်ဦးမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် နာမည်ကြီး သိုင်းပညာရှင် နှစ်ဦးဖြစ်သည်။

တစ်ဦးမှာ အုပ်ချုပ်ရေးမှူးကြီး လုံကျိန့်ဖုံးဖြစ်ပြီး ကျန်တစ်ဦးမှာ လက်ထောက်ဖြစ်သူ မုံစီးကျင့်ဖြစ်သည်။

သူတို့သည် ထိပ်သီး သိုင်းပညာရှင်များဖြစ်ပြီး သိုင်းလောကတွင် သူတို့၏ သိုင်းကွက်သုံးဆယ်အထိ ယှဉ်ပြိုင်နိုင်သူရှားလှသည်။



ထို့ကြောင့်လည်း ဒုစရိုက်သမားများသည် သူတို့သတင်းကြားပါက ဝေးဝေးကရှောင်ကြသည်။

လုံကျိန့်ဖုံးနှင့် မုံစီးကျင့်၏လက်အောက်တွင် လက်ထောက်လေးဦးရှိသည်။

ထိုလေးဦးမှာ ချူးမိဟူ၊ တိမ်လျှရိ၊ စိန်မေဝယန်းနှင့် ဖုံးချိယင်တို့ ဖြစ်ကြသည်။

သူတို့လေးဦးစလုံးသည် ထူးချွန်သည့် သိုင်းပညာအရည်အချင်း တစ်မျိုးစီရှိနေသည်။

သူတို့လက်အောက်မှ လူများအားလုံးမှာလည်း သိုင်းပညာအဆင့်မနိမ့်လှပေ။

ထို့ကြောင့်ပင်....

ထူးချွန်သောသိုင်းပညာရှင်များဖြင့် ကာကွယ်ထားသော ထိန်ဖူးရဲတိုက်တွင်းသို့ ခြင်တစ်ကောင်ပင် ပျံသန်းဝင်ရောက်ရန် မလွယ်ပါချေ။

သို့သော်....

ကျုံမှုလုံခြုံသော ရဲတိုက်ကြီးမှ ထွက်ပြေးသောအရာဝတ္ထုရှိလေပြီ။

ခြင်တစ်ကောင်တော့ မဟုတ်ပါ။

---★---

www.burmeseclassic.com

www.burmeseclassic.com



မြူဆွေးနေသော နှင်းများကြားမှ လူကိုးယောက် ဘွားခနဲပေါ်လာသည်။

မြူဖွေးနေသော နှင်းပွင့်များသည် ဒေသရေ့ ရေဘာလွင့်လွင့်ရှိနေစဉ် လူကိုးယောက်တို့သည် နှင်းခဲများပေါ်မှ လှမ်းလာသည်။

သူတို့သည် ထိန်ဖုံးရဲတိုက်တံခါးဝဆီသို့ ခပ်သွက်သွက်လှမ်းလာကြလေသည်။

ရှေ့ဆုံးမှလူမှာ ပိုးအင်္ကျီအနက် ဝတ်ဆင်ထားပြီး အနားတွင် နီရဲ သားကတ္တီပါဖြင့် ကွပ်ထားသော ကိုယ်ရုံကို လွှမ်းခြုံထားသည်။

သူသည် အရွယ်သုံးဆယ်ခန့်ရှိပြီး မျက်ခုံးပေါ်ပေါ် မျက်ဝန်းကျဉ်းကျဉ်းဖြစ်သည်။

သူ၏ဟန်ပန်မှာ ဉာဏ်တက်မြက်ပုံနှင့် ပရိယာယ်ကြွယ်ဝသူ ဖြစ်မည်ဟု ခန့်မှန်းရ၏။

သူ၏ကျောပေါ်တွင် ရှည်မျောမျောရှိသော ဓားအိမ်ကို လွယ်ထားသည်။

မြောက်လေ တိုးဝှေ့တိုက်ခတ်သံသည် မိုးသံလေသံ ထန်နေသည့်ပမာ တဟူးဟူး တဟီးဟီးအောင်မြည်လျက် ရှိချေသည်။

ရဲတိုက်တံခါးရှေ့မှ အစောင့်ရှစ်ယောက်တို့သည် ခပ်သွက်သွက်လှမ်းလာသော လူကိုးယောက်အနက် ရှေ့ဆုံးမှလူကို ကောင်းကောင်းသိပါ၏။



သူသည် လက်ရောဓာတ်ဖြစ်သော ရဲတိုက်မှူးလေးဦးအနက် တစ်ဦးဖြစ်သော တိမ်လျှံရှိဖြစ်သည်။

သူ့နောက်မှ ပါလာသူတွေကိုတော့ အစောင့်တပ်သားတွေ မသိပါ။

တဖြည်းဖြည်း အနီးသို့ရောက်လာသည်နှင့် အစောင့်တပ်သား ရှစ်ဦးတို့သည် သူတို့ကိုယ်ကို ခပ်ဆတ်ဆတ်ထောင့် မတ်ထားလိုက်ကြသည်။

ပြီး တိမ်လျှံရှိအား အလေးပြုလိုက်၏။

တိမ်လျှံရှိနှင့် လူရှစ်ယောက်တို့သည် တံခါးမကြီးရှေ့ ရပ်လိုက်ကြသည်။

တံခါးမှူးက လေးစားစွာဖြင့်....

'ဆရာတိမ်....အထဲဝင်မလို့လား'

ဟု မရဲတရဲဖြင့် မေးလိုက်သည်။

တိမ်လျှံရှိက နှင်းဖွေးဖွေးကျနေသည်ကို တစ်ချက်ကြည့်လိုက်ပြီး အေးစက်စက်ဖြင့်...

'ဟေ့ကောင်... ငါအထဲမဝင်လို့ အပြင်မှာ လေမိုးဒဏ်နှင်းဒဏ်ခံရမှာလားကွ'

ဟု လေသံမာမာဖြင့် ပြောလိုက်သည်။

'ဟုတ်ကဲ့...ဟုတ်ကဲ့'

တံခါးမှူးက မျာမျာသလဲဖြင့်ဖြေရင်း ခါးတွင်ချိတ်ထားသောသော့ကိုဖြုတ်ကာ သံတံခါးကြီးတွင် ခတ်ထားသည့်

www.burmeseclassic.com



ကြီးမားသော သော့ခလောက်ကြီး၏ အပေါက်ထဲသို့ ထိုး သွင်းလိုက်သည်။

'ဂျလောက်...'

သော့ပွင့်သွားသည်။

ထို့နောက် လေးလံလှသော တံခါးကြီး၏ သံပတ္တာကြီးကို ဆွဲမြှောက်ကာ သံမင်းတုတ်ကို တစ်ဖက်သို့ တွန်းထုတ်လိုက်သည်။

တံခါးပွင့်သွားသည်။

သို့သော် တံခါးကြီး၏ တံခါးရွက်ကြီးတစ်ခုလုံး မဟုတ်ပါ။

လူတစ်ကိုယ်ဝင်နိုင်သော မလွယ်ပေါက် တံခါးသာ ပွင့်သွားခြင်းဖြစ်သည်။

ထိုမလွယ်ပေါက်မှာ တစ်ဦးချင်းထွက်သရှိသော ကျယ်ဝန်းသည်။

'ကဲ...ကျုပ်နောက်လိုက်ခဲ့ကြ'

တိမ်လျှံရိကာ သူ့နောက်မှ လူရှစ်ဦးကိုပြောပြလိုက်ပြီး မလွယ်ပေါက်ထဲသို့ လှမ်းဝင်လိုက်သည်။

လူရှစ်ဦးက သူ့နောက်မှလှမ်းဝင်လိုက်သည်။

'ချီးမိဟို ဘာဆီမှာတာဝန်ကျသလဲ'

တိမ်လျှံရိကာ အထဲသို့လှမ်းဝင်ပြီး တံခါးမှူးအားမေးလိုက်သည်။



တံခါးမှူးက ခေါင်းကုပ်လိုက်ပြီး...

'အချုပ်ခန်းဖက်မှာ စစ်ဆေးနေတယ်လို့ထင်ပါတယ်'

ထို့နောက် တိမ်လျှံရိသည် သူ့နောက်မှ လူရှစ်ယောက်နှင့်အတူ ရဲတိုက်အတွင်းဘက်သို့ ဝင်သွားကြလေတော့သည်။

...★...

ဂိတ် တံခါးစောင့်များသည် အေးစက်စက်ဖြင့် သူတို့နံဘေးမှ ဖြတ်ဝင်သွားသောလူရှစ်ယောက်ကို သေသေချာချာ ကြည့်လိုက်မိသည်။

ထိုအခါ သူတို့သည် လိပ်ပြာလွင့်မတတ် ဖြစ်သွားကြလေသည်။

အကြောင်းမှာ...

ရဲတိုက်တွင်းသို့ ဝင်သွားသော လူရှစ်ယောက်လောက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းသောလူမျိုးကို 'အစောင့်များက သူတို့တစ်သက်တာတွင် မမြင်ဘူးသောကြောင့် အံ့သြ ထိတ်တန့်သွားကြခြင်းပင် ဖြစ်လေသည်။

ထိုလူရှစ်ယောက်တို့မှာ ဝဲဘက်မျက်လုံးစွေသူချည်း ညာဘက်မျက်လုံးကန်းနေသူများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့မှာ ဝဲဘက်လက်မောင်းပြတ်ပြီး တချို့ကျတော့ ညာဘက်ခြေထောက်ပြတ်နေသူ၊ နားရွက်ပြတ်နေသူ၊ မျက်နှာ အမာရွတ်နှင့်လူ၊ နှာခေါင်းပြတ်နေသူ၊ နှုတ်ခမ်းပြတ်နေပြီး သွားတွေပေါ်နေသူ၊ နဖူးပြင်ကျယ်ပြီး မျက်တွင်းဟောက် ပက်ဖြစ်ကာ မျက်လုံးပြူးနေသူများဖြစ်ကြသည်။

အားလုံးခြုံ၍ကြည့်လျှင် အင်္ဂါမစုံသောဒုက္ခိတတွေချည်း ဖြစ်ကြလေသည်။

အထူးသဖြင့်....

သူတို့၏ဆံပင်များမှာ အလွန်ရှည်မျောတော ဂုတ်ပေါ်လွှင့် ဝဲကျနေသည်။

တစ်ကိုယ်လုံးမှာ ချွံပုတ်ခရများ ပေကျံကာ ပုတ်စော်နံလှ သည်။

သူတို့၏မျက်နှာထားများမှာ အမူအရာကင်းမဲ့သော မျက် နှာထားမျိုးများဖြစ်ကြသည်။

တကယ့်လူသတ်သမား လက်မရွံ့များဖြစ်ရမည်ဟု တွေးမိ သွားပြီး အစောင့်များမှာ ကြောက်စိတ်လွှမ်းသွားကာ ရုတ် တရက်မအော်မိရန် သူ့ကိုစိတ်ကိုထိန်းချုပ်ထားရသေးသည်။

သူတို့က တိမ်လွှာရီကို ကြောက်နေရသေးသည် မဟုတ် ပါလား။



ဒုက္ခိတရှစ်ယောက် မြင်ကွင်းမှ ပျောက်ကွယ်သွားသော အခါမှပင် အထိတ်တလန့်ဖြင့် မြိုင်တူ အော်မိလိုက်ကြတော့ သည်။

'အမလေးဗျ'

★

တိမ်လွှာရီနှင့် ဒုက္ခိတရှစ်ယောက် ရဲတိုက်အတွင်းဝင်ရောက် သွားပြီး မကြာမီ

'အား....'

ရဲတိုက်အတွင်းမှ ကြောက်ခမန်းလိလိ အော်သံကြီးတစ်သံ ထွက်ပေါ်လာလေသည်။

အစောင့်များသည် ထိုအော်သံကြောင့် သွေးလည့်ပတ်မှု ပင် ရပ်သွားလေသလားဟု ထင်လိုက်ရသည်။

ထိုအသံမှာ သူတို့နှင့်ကျက်မှတ်မိကာ ရင်းနှီးပြီး ဖြစ်ကြ သည်။

မူလက ထိုအသံမှာ တင်းမာပြီး ဩဇာအာဏာ ပြည့်ဝ သောအသံမျိုးဖြစ်သည်။

သို့သော် ယခုအချိန်တွင် နာကျင်လွန်း၍ ငယ်သံ ပ အောင် အော်နေသောအသံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအသံမှာ ရဲတိုက်မှူး ချီးပီဟို၏ ကြောက်မက်ဖွယ်ရာ အော်သံပင်မဟုတ်ပါလား။

အစောင့်များသည် ထိုအော်သံကြောင့် အချင်းချင်း လှည့်ကြည့်မိလိုက်ကြ၏။

စိတ်ထဲတွင်လည်း ထိတ်လန့်နေကြပြီဖြစ်သည်။

ထိုအချိန်တွင် ရဲတိုက်အတွင်းမှ တံခါးတစ်ခုဖွင့်သံ ကြားလိုက်ရသည်။

သို့သော်....

ဂိတ်တံခါးမှာ အရေးကြုံသောအခါ ဟာကွက်မရှိအောင် နောက်ဆုံးသော့တစ်ခုကို အပြင်ဘက်တွင် ထားရှိလေသည်။

ထို့ကြောင့် အပြင်ဘက်တွင်ရှိသော အစောင့်ကဖွင့်မပေးပါက အတွင်းမှလူများ အပြင်သို့ထွက်ရန်မလွယ်ကူပါ။

အစောင့်က အထဲမှလူအား အော်၍မေးလိုက်၏။

'အမိန့်တော်တံဆိပ်ပြားပြပါ'

ဂိတ်တံခါးတွင် အတွင်းသို့ ချောင်းကြည့်ရန် အပေါက်ကလေးတစ်ခုရှိသည်။

ထို့ကြောင့် အစောင့်မှာ ဝတ္တရားအရ ဝင်ထွက်သွားလာသူကို အမိန့်တော်တံဆိပ်ပြား တောင်းလိုက်ခြင်းဖြစ်သည်။

ထိုခဏတွင်အတွင်းဘက်မှာရှိသောလူက အစောင့်ထံသို့ ရွှေတံဆိပ်ပြားကလေး ကမ်းပေးလိုက်သည်။

ယင်းတံဆိပ်ပြားပြနိုင်မှ အပြင်သို့ထွက်ခွင့်ရမည်ဖြစ်သည်။



တံဆိပ်ပြားကြည့်ပြီးသည်နှင့် အစောင့်က မေးခွန်းထုတ်လိုက်ပြန်သည်။

'ဒီကနေ့လျှို့ဝှက်ချက်က ဘာလဲ'

တံဆိပ်ပြားရသော်လည်း လျှို့ဝှက်သင်္ကေတကို မှန်ကန်အောင်ဖြေဆိုနိုင်မှ ဂိတ်တံခါးဖွင့်ပေးနိုင်သည်မဟုတ်ပါလား။

'နှင်းဖွဲ့ကျတာ သူ့အတွက်မဟုတ်ပါ'

အတွင်းဘက်မှလူက အစောင့်၏လျှို့ဝှက်စကားကို မှန်ကန်အောင်ဖြေဆိုပြီးသည်နှင့် စိတ်မရှည်သလို ပြန်၍အော်လိုက်သည်။

'ဟေ့ ကောင်၊ တံခါးမြန်မြန်ဖွင့်စမ်း၊ ငါ တိမ်လျှံရိုက္ခ'

ရဲတိုက်မှူးတိမ်လျှံရှိ၏အသံကြောင့် အစောင့်မှာ တုံ့နှေးမနေရဲတော့ဘဲ သော့သုတ်၍ဖွင့်ပေးလိုက်ရသည်။

ထိုခဏအတွင်း စုစုပေါင်း လူ ဆယ့်တစ်ယောက် အမြင်သို့လှမ်းထွက်လာကြသည်။

ရှေ့ဆုံးမှခေါင်းဆောင်မှာ တိမ်လျှံရိပင် ဖြစ်သည်။

သူ၏အမူအရာကိုကြည့်ရသည်မှာ တစ်ခုခုကို စိုးရိမ်နေဟန်ပေါ်လွင်နေ၏။

သူနှင့်ကပ်လျက်ရှိသူကတော့ စိုးရိမ်တန်လုံးဝမရှိချေ။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိပြီး အလွန် တည်ကြည်သည်။'

မျက်ခုံးတို့ အထက်သို့ပင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံမှာ စူးရှတောက်ပ၏။

သူ၏မျက်နှာထားမှာ တင်းမာလှသဖြင့် မြင်ရသူအဖို့ ကျောချမ်းစေသော မျက်နှာသွင်ပြင်ရှိသည်။

တိမ်လျှံရှိ၏ နောက်ဘက်တွင်ရှိသော လူမှာတော့ အသက် လေးဆယ်ခန့် ရှိမည်ဟု ထင်ရသည်။

သူ၏လှုပ်ရှားမှုမှာ သွက်လက်ဖျတ်လတ်ပြီး မျက်လုံးများ က သိမ်းငှက်လို စူးရဲတောက်ပနေ၏။

သူတို့နှစ်ယောက်၏ တူညီသောအချက်မှာ နဖူးပေါ်တွင် တပ်ဆင်ထားသော တံဆိပ်၏အရောင်မင် ဖြစ်သည်။

တံဆိပ်တုံးအရောင် မြင်သည်နှင့် ထိန်ဖူး ရဲတိုက်ထဲတွင် မကြာခဏ အသတ်ခံကြရမည့် သေဒဏ်ကျ အကျဉ်းသားတရားခံ များ ဖြစ်သည်မှာ ထင်ရှားလှ၏။

ယခုအချိန်မှာ သူတို့၏ လက်ကောက်ဝတ်တွေကို မကြာ ခဏ ပွတ်သပ်နေကြသည်။

သူတို့၏ ခြေကျင်းဝတ်မှာလည်း ညိုမဲသောအစင်းရာကြီး တွေက ရှိနေသေးသဖြင့် အကျဉ်းထောင်ကြီးအတွင်း နှစ်ရှည် လများ သံလက်ထိပ်၊ သံခြေကျင်းများ တပ်ဆင်ခြင်း ခံခဲ့ရသူ တွေ ဖြစ်တန်တူကြောင်း သိနိုင်ပေသည်။

ယခုအချိန်မှာ လက်ထိပ်နှင့် ခြေကျင်းများကို ဖြုတ်ပေး ထားသော်လည်း သူတို့၏ဖွဲ့တွေမှာ ပုံမှန်ပြန်၍ မဖြစ်ကြသေး ချေ။



သူတို့ သုံးယောက် နောက်တွင် လူ ရှစ်ယောက်ပါလာ သည်။

ဒုက္ခိတ ရှစ်ယောက်တို့ ဖြစ်သည်။

ထိုသူတို့၏ မျက်နှာများမှာ လူသေမျက်နှာကြီးများအလား ဆင်ရပြီး လမ်းလျှောက်ပုံမှာလည်း တောင့်တောင့်ကြီး ဖြစ် နေသည်။

တရားခံများကို အကြောင်းမဲ့ လက်ထိပ်ဖြုတ်ပေးလိုက် သဖြင့် တာဝန်ကျ တံခါးမှူးက မေးမြန်းရန် တာဝန်ရှိနေ သည်။

မမေး မဖြစ်သောကြောင့် တံခါးမှူးနှင့် အစောင့်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တံခါးမှူးက တိမ်လျှံရှိကို မေးလိုက်၏။

'ဆရာတိမ် ခင်ဗျားတို့....'

တံခါးမှူးအမေးမဆုံးမီ ရဲတိုက်မှူးတိမ်လျှံရှိက မျက်လုံး မှေးကြည့်လိုက်၏။

စူးရှသော မျက်လုံးအရောင်တွေ ဝင်းခနဲလက်သွားသဖြင့် မေးသူမှာ ကျောချမ်းသွားသည်။

တစ်ချိန်တည်းမှာပင် တိမ်လျှံရှိနောက်မှ တရားခံနှစ်ဦး ကလည်း တင်းမာသော မျက်နှာထားဖြင့် သူတို့ကိုစိုက်ကြည့် နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ကြောက်မက်ဖွယ်ရာ အကြည့်ကြောင့် မေးမြန်းလိုက်သော တံခါးမှူး၏ မျက်နှာမှာ စပ်ဖျင်းဖျင်းခံလိုက်ရသည်။

ထိတ်လန့်စိုးရွံ့ခြင်းနှင့်အတူ စကားကို ဆုံးအောင်မမေးရဲတော့ဘဲ ချော်လဲရောထိုင် သတောဖြင့်...

'လေတွေ နှင်းတွေ ဒီလောက်အပြင်းအထန် တိုက်ခတ်နေတာ အပြင်သွားဦးမလို့လား'

'တိမ်လျှံရိက ဘာမျှမပြောပါ'။

ညာဘက်လက်ကို ရှေ့ယမ်းလိုက်ပြီး နှင်းတောထဲသို့ လျှပ်မြန်စွာ တိုးဝင်သွားလေတော့သည်။

နောက်မှ လူများကလည်း တပ်ကြပ်မကွာ ခြေးလိုက်လာသည်။

အစောင့်များမှာ အူကြောင်ကြောင်ဖြင့် နှင်းတောအား ငေးကြည့်နေကြသည်။

မှာလွန်း လျှင်မြန်လွန်းသော လှုပ်ရှားမှုကြောင့် ကာဒိအတွင်းမှပင် လူရိပ်ဟူ၍ မတွေ့ရတော့ပါ။

နှင်းပွဲ့ပွဲ့များသာ တွေ့ရသည်။

သူတို့သည် ယင်းသို့ အံ့သြစွာ ကြည့်နေကြစဉ်...

ပြန်မပိတ်မီသော ဂိတ်တံခါးမှ လူတစ်ယောက် ရှုတ်တရက် ခုန်ထွက်လာသည်။

ထိုသူသည် အစိမ်းဖျော့ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။



မကြာမီမှာပင်...

ထိုလူသည် နှင်းတောထဲသို့ မြှတ်ခနဲ ခုန်၍ ပြေးဝင်သွားလေသည်။

'အိုဒါ... ရဲတိုက်မှူး စိန်ဝေယန်ကွ'

အစောင့်တစ်ယောက်၏ အသံထွက်သွားသည်။

တဆက်တည်း...

'ဟော... တိမ်လျှံရိ ဘယ်ရောက်သွားသလဲ၊ မင်းတို့ မတွေ့လိုက်ကြဘူးလား'

ဟု အော်၍ မေးသံတစ်သံ ပေါ်ထွက်သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အစောင့်များမှာ ပျာယာခပ်သွားကြသည်။

ချက်ချင်းပင် ရဲတိုက်အတွင်းမှ လူရွယ်တစ်ဦး ဂိတ်တံခါးကို ဖြတ်ကာ တရှိန်ထိုးခုန်ထွက်လာသည်။

'အင်း... ရဲတိုက်မှူး ဖုံးချိုယင်ပါလား'

'ဟော... သူတို့တစ်တွေ ဘယ်ရောက်သွားကြပြီလဲကွ'

ဖုံးချိုယင်က ကျယ်လောင်စွာ အော်ပြောလိုက်သောအသံသည် ခပ်ဝေးဝေးသို့ ပျံ့လွင့်၍ ပဲ့တင်ထပ်သွားလေသည်။

အစောင့်များ ကြောက်လန့်တုန်လှုပ်သွားကြသည်။

ဖုံးချိုယင်သည် ရဲတိုက်မှူး ချိုးပိဟိုနည်းတူ ဒေါသကြီးမှန်း သိထားကြသည်။

သို့သော် ယခုတစ်ကြိမ်လောက် ဖုံးချိုယင် ဒေါသကြီးသည်ကို မတွေ့ဘူးသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် အစောင့်များက ရုတ်တရက် ပြေးမထွက်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေသည်။

နောက်မှ အစောင့်တစ်ဦးက အရဲစွန့်၍ ပြောလိုက်သည်။

'ဆရာဖိုး... ဆရာတိမ်က ဟိုလူတွေနဲ့ ဟိုဘက်ကို ထွက်သွားပြီ'

သူက ယင်းသို့ပြောနေစဉ် အဝါရောင်အရိပ် ဖြတ်ခနဲ ခုန်လွှားကျော်သွားသည်ကို တွေ့လိုက်ရသည်။

အစောင့်မှာ လန့်ဖျပ်ကာ စကားမဆုံးအောင် မပြောနိုင်ပါ။

ဖုံးချိုယင်ကိုလှမ်းကြည့်လိုက်သောအခါတွင် သူ၏ အဝါရောင်ကိုယ်ဝတ်လွှာသည် လေတဟူးဟူး တိုက်ခတ်နေသောချုံတောအတွင်း လွင့်ပျံကာ ပျောက်ကွယ်သွားလေသည်

···★···

ရုတ်ခြည်းပင် ရဲတိုက်အတွင်းမှ ဆူညံသောအသံများထွက်ပေါ်လာသည်။

ဂိတ်တံခါးကြီးအတွင်းဘက်မှ လက်ရွေးစင်တပ်သား သုံးဆယ်ခန့် ထိုးဖောက်ပြေးထွက်လာကြသည်။

သူတို့အားလုံး လက်ထဲတွင် ဓား၊ လှံ လက်နက်များ ကိုင်ဆောင်ထားကြသည်။



လက်ထိပ်ခတ်ရန် သံကြိုးကြီးတွေကိုင်ထားသူက ကိုင်ထားကြသည်။

'သူတို့ ဘယ်ဘက်ပြေးသွားကြလဲကွ'

လက်ရွေးစင် တပ်သားတစ်ဦးက မေးလိုက်ခြင်းဖြစ်သည်။

တံခါးစောင့်က မေးခွန်းကိုမဖြေဘဲ ပြန်၍မေးခွန်းထုတ်လိုက်သည်။

'အထဲမှာ ဘာတွေဖြစ်နေတာလဲ ဆရာ'

ထိုအခါ လက်ရွေးစင်တပ်သားမှာ ဒေါသထွက်လာကာ တံခါးစောင့်အား စူးစိုက်ကြည့်လိုက်ပြီး....

'မင်းက ဒီမှာစောင့်နေပြီးတော့ မမြင်လိုက်ဘူးလားကွ'

'တွေ့တော့ တွေ့တာပေါ့ဗျ၊ ဒါပေမယ့် အထဲမှာဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့ ဘယ်သိမလဲ'

ထိုအခါ အစောင့်တပ်သားတစ်ဦးက ဝင်၍ ဖြေရှင်းလိုက်မှ ဓားကိုင်တပ်သားကြီးမှာ သက်ပြင်းချလိုက်ပြီး....

'အင်း...ပြဿနာတော့ ရှုပ်ကုန်ပြီကွ၊ ငါလဲ ကောင်းကောင်းတော့ မသိဘူး၊ ဒါပေမယ့် အခု ရဲတိုက်မှူး ချုပ်ပြီဟို သေသွားပြီလို့ကြားတယ်၊ ပြီးတော့ ဓားကောက်ကြီး ကျော်လီစင်နဲ့ ပြတ္တမင်း ဖုန်းကျမင် ထွက်ပြေးသွားကြပြီတဲ့၊ ရဲတိုက်မှူး တိမ်ဘုံ ရှီရဲလက်ချက်လို့ ပြောသံကြားတယ်၊ အစောင့်ဆယ်ယောက်လောက်ကိုလည်း သတ်သွားတယ်လို့ ပြောနေကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်တပ်သားတာ ရှင်းပြလိုက်ရာ တံခါးစောင့်တို့မှာ တွန့်သွင်သွားကြလေသည်။

သူတို့မှာ ဆွံ့အ သွားသကဲ့သို့ ခံစားလိုက်ရသည်။

လက်ရွေးစင်တပ်သားများလည်း တဖွဲဖွဲကျနေသော နှင်းလွင်ပြင်ထဲသို့ တိုးဝင်သွားကြလေသည်။

သူတို့သည် ထွက်ခြေးလွတ်မြောက်သွားသော တရားခံများကို တွေ့အောင်ရှာ၍ ဖမ်းဆီးနိုင်ပါမည်လော။

ထိုအချိန်တွင် အံခါးစောင့်တပ်သားများမှာ ကမန်းကတန်းပင် အိမ်တံခါးကြီးကို ပြန်ပိတ်လိုက်ကြသည်။

'ဂျိမ်း...'

ကျယ်လောင်သော အသံကြီးမှာ ဟိန်းထွက်သွားလေသည်။

အခု သူတို့သည် တံခါးဝတွင် သတိကြီးစွာဖြင့် စောင့်ကြပ်နေကြလေတော့သည်။

☆

အပြာရောင်ဖော်ဓုံနှင့်သိုင်းသမား

---

ကြီးကျယ်လှသော ခန်းမကြီးတစ်ခု ဖြစ်သည်။

သို့သော်...

ထိုအဆောက်အအုံမှာ ချန်ကျိုးမြို့တွင်ရှိသော ဘုရင်မျူးမတ်များနှင့် သူဌေးများ၏ အဆောက်အအုံလောက် မခန့်ညားသော်လည်း အဆောက်အအုံကိုမြင်သူတိုင်းက လေးစားကြသည်။

ထိုအဆောက်အအုံရှေ့တွင် မည်သည့်အဆောက်အအုံမျှမရှိပါ။

ဝင်းတံတိုင်းကလည်း နိမ့်နိမ့်ရှာလေးဖြစ်သည်။

လမ်းပေါ်မှ လှမ်းကြည့်လိုက်လျှင် တံခါးများမှတစ်ဆင့် ကျယ်ဝန်းသောခန်းမကြီးကို မြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဌာန်မှာ အခြားအိမ်များကဲ့သို့ ရှည်မျော့မျော့ဖြစ်သည်။

အိမ်ဝင်းတံခါးရွက်ကြီးကို သောနှီးများဖြင့် သုတ်ထား၏။

ခန်းမကြီးအတွင်းတွင် အဖြူရောင်ကတ္တီပါ လွှမ်းခြုံထားသော လူရွယ်တစ်ဦးရှိသည်။

ထိုလူရွယ်သည် အသက်သုံးဆယ်ကျော်ခန့် ရှိမည်ဟုထင်ရပြီး သူ၏မျက်နှာမှာ ရှည်သွယ်ပြီး နှာတံချွန်သည်။

မေးစေ့ ပါးပါးဖြင့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများမှာ မတိုမရှည်ဖြစ်သည်။

ခန္ဓာကိုယ်မှာ ပိန်ပိန်ပါးပါးရှိသည်။

သူသည် ခန်းမကြီးထဲတွင် တဖြည်းဖြည်း လျှောက်ရင်း တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန်ရှိသည်။

သူ၏ ညာလက်ချောင်းများသည် သူ၏ မုတ်ဆိတ်များကို အသာအယာ ပွတ်သပ်လိုက်သည်နှင့် သူ့လက်ခလယ်တွင်ဝတ်ဆင်ထားသော ကျောက်စိမ်းလက်စွပ်မှာ လင်းလက်သွားသည်ကို တွေ့လိုက်ရသည်။

သူသည် စဉ်းစားရလွန်း၍လား မသိ။

သူ၏နဖူးပေါ်တွင် ချွေးများပင်စို့နေသည်။

သူ၏အသားမှာ အညိုရောင်ဖြစ်ပြီး မျက်လုံးများက စူးရှတောက်ပနေသည်။

စိုးရိမ်ပူပန်ဟန်က မျက်နှာပေါ်ဝယ် ထင်ဟပ်လျက်ရှိပြီး တစ်စုံတစ်ဦးကို စောင့်စားနေပုံရသည်။



ထိုစဉ်မှာပင်....

လူရိပ်တစ်ရိပ် ခန်းမကြီးထဲသို့ ဝါဂွမ်းစလေး လွင့်ပျံ့လာသလို ရိပ်ခနဲဝင်လာသည်။

ခြေသံပင် လုံးဝမကြားရပါ။

ဝင်လာသူမှာ ဘစ်လွှင်ခန့်ထည်သော အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးဖြစ်သည်။

ဝတ်စုံပြာနှင့် လူငယ်သည် ခန်းမကြီးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ဝတ်ရုံဖြူနှင့် ခန့်ညားသော ဥပဓိရုပ်ရှိသည့် ပုဂ္ဂိုလ်အား ခေါင်းညွှတ်အခလေးပြုလိုက်သည်။

ထိုလူသည် လမ်းလျှောက်နေရာမှရပ်လိုက်ပြီး အပြာရောင်ဝတ်စုံနှင့်လူငယ်ကို ကြည့်လိုက်သည်။

'ထိန်ပွေးရဲ့တိုက်ရဲ့အဖြစ်ကို မင်း သိပြီလားကွ'

အပြာရောင်ဝတ်စုံနှင့်လူက ခေါင်းညိတ်လိုက်သည်။

'သိပြီးပါပြီ ဆရာ၊ ကျွန်တော် ကျင်းစားမြို့ကို သွားနေတုန်းမှာ သတင်းကြားလို့ မြင်းကိုတောင်မသုံးဘဲ ကိုယ်ဖော့ပညာကိုပဲသုံးပြီး အမြန်ဆုံးပြန်လာခဲ့တာပါ'

သူ၏စကားအရ သူ၏ ကိုယ်ဖော့ပညာသည် မြင်းတစ်ကောင်ထက်ပင် မြန်ဆန်သဖြင့် မြင်းကိုစွန့်၍ အချိန်မီအောင် ပြန်လာခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။

'မားကောက်ကြီး ကျွန်လိစင်းထွက်ပြေးတာဟာ အရေးမကြီးဘူး ဖြူဟွာမင်းပါ ထွက်ပြေးသွားတယ်ဆိုတော့....

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်စုံနှင့်လူက....

'ဆရာကလဲ ဒီလောက်တောင် စိတ်ဓာတ် ကျမနေပါနဲ့ဗျာ။ ကျွန်တော် လက်ရွေးစင်တပ်ဖွဲ့ကိုဦးစီးပြီး ဒီကောင်တွေကို မိုးအဆုံးမြေအဆုံးအထိ လိုက်ပြီး အမိဖမ်းပြမယ်ဗျာ'

ဝတ်ရုံဖြူနှင့်လူက....

'လိုက်လို့မလွယ်ဘူးထင်တယ်၊ ပြီးတော့ ဗုဒ္ဓိဘနှစ်ယောက်ကလဲ ထွက်ပြေးတယ်လို့သိရတယ်၊ အခုပြဿနာက မလွယ်ဘူး'

အပြာရောင်ဝတ်စုံနှင့်လူက သက်ပြင်းတစ်ချက် ရှိုက်ကာ....

'ဟုတ်ပါတယ်၊ ဖြူဟွာမင်း ဖုန်းကျူမင်ကို အမိမြန်မဖမ်းနိုင်ရင် ကျွန်တော်တို့ရှုံးခေါင်းလဲ မမှားဟုတ်ဘူး'

ဝတ်ရုံဖြူနှင့်လူက....

'အင်း...လောကကြီးဟာ သိ[illegible] မြန်တယ်ကွ၊ ပြီးတော့ ဖြူဟွာမင်းဟာလဲ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ဘူး။ အခု သူတို့နောက်ကို ဘယ်လိုလိုက်ကြမလဲ၊ ဒီတော့ ကိုမှာနည်းတစ်နည်းပဲရှိတော့တယ်'

အပြာရောင်ဝတ်စုံနှင့်လူ၏ မျက်လုံးများ ဝင်းလက်သွားကာ....

'ဘယ်လိုနည်းလမ်းမျိုးလဲဗျာ'

ဟု မေးလိုက်သည်။



ဝတ်စုံဖြူနှင့်လူက....

'ငါတို့ဆရာကြီး ကျန်ခဲ့တာ ပျော်သီ သွားရမယ်၊ ဆရာကြီးကျွန်တော်ချဲဟာ သိုင်းလောကမှာဦးဆောင်နေတဲ့ သိုင်းပညာရှင်ပဲ မဟုတ်လားကွ'

'ဟုတ်ပါတယ်ဆရာ'

'အေး...သူက ဘုရင်မင်းမြတ်ရဲ့ အကြံပေးပုဂ္ဂိုလ်ဆိုတော့ တို့ကိုလူကာ နည်းလမ်းကောင်း ပြနိုင်တယ်ကွ၊ ဖြူဟွာမင်းကို ပြန်ဖမ်းနိုင်ဖို့ မျှော်လင့်ချက်ရှိမှာ ပေါ့ကွ'

'ဟုတ်ကဲ့ဗျ၊ ဒီအကြံဟာ အလွန်သင့်မြတ်လှပါတယ်၊ ကျွန်တော်ဘာကြောင့် မစဉ်းစားမိပါလိမ့်'

'ကဲ...ဆိုင်းမနေနဲ့၊ တို့အခုသွားမဖြစ်မယ်'

ဝတ်ရုံဖြူနှင့်လူက ပြောလိုက်ပြီးသည့်နောက် အပြာရောင်ဝတ်စုံဝတ်ထားသော လူငယ်က တံခါးဝ[illegible]ပ်နေသော လူနှစ်ဦးကို ချက်ချင်းအမိန့်ပေးလိုက်သည်။

'လျူအား...မြင်းနှစ်ကောင်အမြန်ပြင်စမ်း၊ တစ်ယောက်က ငါ့အခန်းကိုသွားပြီးတော့ အခန်းထဲမှာရှိတဲ့[illegible]ပန်းချီအားရှစ်ချပ်ကိုယူခဲ့၊ ကဲ...မြန်မြန်လုပ်စမ်း'

သူ၏အမိန့်စကားသံ ဆုံးသည်နှင့် မရှေးမနှောင်းတွင် တံခါးဝမှလူနှစ်ယောက် အိမ်အပြင်သို့ ပြေးထွက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံဖြူနှင့် အပြာရောင်ဝတ်စုံနှင့်လူတို့မှာ မည်သို့သော ပုဂ္ဂိုလ်များဖြစ်ပါသနည်း။

ခါးကောက်ကြီးနှင့် ဗြဟ္မမင်းတို့သည်လည်း မည်သို့သော ပုဂ္ဂိုလ်များ ဖြစ်ပါသနည်း။

…★…

## ဘုရင့် အိုင်းသမား

ချွန်ကျီးမြို့၏လမ်းမ …

မြောက်လေရိုင်းသည် နဂါးကြီးတစ်ကောင် ဂဒါသထွက်နေသကဲ့သို့ ဒွေယမ်းတိုက်ခိုက်လျက်ရှိသည်။

လေနှင့်အတူ နှင်းတောက လည်း ချွန်ကျီးမြို့၏လမ်းမကြီးများ၊ အိမ်များ၊ သစ်ပင်များပေါ်ဝယ် ဖွေးဖွေးလှုပ်မျှ ကျဆင်းလျက်ရှိသည်။

ထိုအချိန်မှာပင် လမ်းမကြီးဘက်မှ မြင်းခွာသံများကို ကြားလိုက်ရသည်။

နှင်းတောတဖွေးဖွေး၊ လေတွေကတဟူးဟူး တိုက်ခတ်နေသည့်ကြားမှာ မြင်းစီးယောကျ်ားသုံးဆယ်ခန့် လမ်းပေါ်တွင် အွားခနဲပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားယောကျ်ားလူသုံးယောက်ခန့်မှာ နှင်းခဲကို လေဘက် ခံနိုင်စေရန် ခြုံလွှာများကို ဝတ်ဆင်လာကြသည်။

နှင်းကာဝတ်ရုံများ အောက်တွင် ရာထူးအဆင့်အတန်း ဖော်ပြထားသော ဘုရင့်အမှုထမ်းဝတ်စုံများ ဝတ်ဆင်ထား ကြသည်။

သူတို့၏ခါးတွင် ဓားလွယ်ကိုယ်စီနှင့် အချို့မြင်းကုန်းနှီး တွင် လှံတိုရှည်များ ပါရှိကြသည်။

သူတို့စီးလာသောမြင်းခွာသံကြောင့် မြို့လူထုမှာထိတ်ထိတ် လန့်လန့် ဖြစ်သွားကြသည်။

"အင်း.... ချန်ကျီးမြို့ထဲမှာတော့ ကြီးကျယ်တဲ့ပြဿနာဖြစ် နေပြီနဲ့တူတယ်"

မြို့ခံလူထုက တီးတိုးဝေဖန်လိုက်သည်။

မြင်းစီးလာသောလူများတွင် ရှေ့ဆုံးမှလူနှစ်ဦးကို မြို့ခံလူ ထုက ကောင်းကောင်းမှတ်မိကြသည်။

သူတို့နှစ်ဦးမှာ ထိန်ဖူးရဲတိုက်က အားအကောင်းဆုံးသော အုပ်ချုပ်ရေးမှူးနှင့် သူ၏လက်ထောက်ပင်ဖြစ်ကြသည်။

ထိုလူနှစ်ဦးမှာ သိုင်းလောကတွင်လည်း ထင်ရှားကျော် ကြားသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။

တစ်ဦးမှာ လုံကျန်းဖူးဖြစ်ပြီး တစ်ဦးမှာ မူ စီးကျုံပင် ဖြစ်၏။

သူတို့နှစ်ဦး၏နောက်တွင်ပါလာသော မြင်းစီးလိုက်လာသော ရှေ့ရှင်အက်ကျီနှင့် သန်မာထွားကျိုင်းသောလူရွယ်မှာ ရဲတိုက် မှူး မူးခါယင်မှန်း အချို့လူများက သိရှိထားပြီးဖြစ်သည်။



နောက်တစ်ဦးကမူ ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသော လူ ရွယ်သိုင်းသမားပညာရှင်ဖြစ်ပြီး သိုင်းလောက၌ ကိုယ်ဖော့ ပညာနှင့် နာမည်ကျော်ကြားသော စိန်ဝေယန်ပင်ဖြစ်သည်။

သူတို့သည် ချန်ကျီးမြို့ကြီးတွင် ကြီးမြင့်သောရာထူးနှင့် သိုင်းပညာတွင်လည်းထူးချွန်သော ပုဂ္ဂိုလ်များဖြစ်သဖြင့် မြို့ သူမြို့သားများက သူတို့ကိုကောင်းစွာသိကြသည်။

ယခု သူတို့သည် အရေးအကြီး မြင်းများကိုဒုန်းစိုင်း၍ ထွက်ခွာသွားခြင်းမှာ သာမန်ကိစ္စမဟုတ်ဘဲ ထူးခြားကြီးကျယ် သောကိစ္စ ဖြစ်နေမည်ဟု သဘောပေါက်လိုက်ကြသည်။

★

ဖယောင်းတိုင်၏အလင်းရောင်သည် ဖြူဆွတ်သောအခန်း ကြီးကို ထင်ရှားစွာမြင်နေရသည်။

ကျယ်မြန့်သောအခန်းမကြီးကို တရုတ်ပြည်ဒေါင်တန်းများ မှထွက်သော ဖြူဆွတ်သည့်ကျောက်ပြားများဖြင့် ခင်းကျင်း ထားသောကြောင့် မီးရောင်ဖြင့် အရောင်တဖိတ်ဖိတ် တလက်လက် ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှသော စားပွဲပေါ်တွင် နာမည်ကြီးရှေးဟောင်း ပန်းချီကားရှစ်ချပ် တင်ထားသည်ကိုတွေ့ရလေသည်။

စားပွဲအနားတွင် အသက်ခြောက်ဆယ်ကျော်မျှရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ပြုံးရယ်ကာမတ်တတ်ရပ်လျက်ရှိချေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် အဖြူရောင်အင်္ကျီရှည်ကိုဝတ်ထားကာ ဖြူဆွတ်နေသည့် အဖြူရောင်မုတ်ဆိတ်များကို လက်ဖြင့်ပွတ်သပ်ရင်းက ရှေးဟောင်း ပန်းချီကားကြီးများကို တစ်ချပ်ပြီးတစ်ချပ်ကြည့်ရင်း အလွန်ကျေနပ်နှစ်သက်နေဟန်ရှိသည်။

ထိုပုဂ္ဂိုလ်ကြီး၏မျက်လုံးသည် တောက်ပစူးရှ၏။

ဆံပင်နှင့် မျက်ခုံးမွေးများသည်လည်း ဖြူဖွေးနေပြီး ပါးရေမှာ အနည်းငယ်တွန့်နေသဖြင့် အသက်အရွယ် ကြီးရင့်နေပြီဖြစ်ကြောင်း သိရလေသည်။

သို့သော် သေသေချာချာကြည့်လျှင် မျက်နှာတစ်ခုလုံးမှာ ကြည်လင်ပြီး လူငယ်တစ်ဦးပမာရှိနေသည်။

ကိုယ်ခန္ဓာမှာ အနည်းငယ် ပိန်ပါးသယောင်ထင်ရသော်လည်း ဖျတ်လတ်သွက်လက်မှုရှိနေ၏။

ထိုပုဂ္ဂိုလ်ကြီးဝတ်ဆင်ထားသော အင်္ကျီ၏အနားများကို မဟူရာကတ္တီပါအနက်ဖြင့် ကွပ်၍ထားသည်။

အင်္ကျီအောက်မှာလည်း ဝမ်းဗိုက်အထိ အမည်းရောင် ကတ္တီပါဖြင့်ကွပ်ထားသဖြင့် ဘုရင်မင်းမြတ်၏ အဆိုင်ပင်ခံ ထိပ်သီးသိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း ဖော်ပြသကဲ့သို့ရှိနေပါချေသည်။



သူသည် သိုင်းလောကရှိ ထိပ်သီးသိုင်းပညာရှင်များနှင့် ယှဉ်ပြိုင်ပြီး အနိုင်ရရှိခဲ့သူဖြစ်လေသည်။

သူသည် မည်သည့်အခါမျှဒုစရိုက်လုပ်ငန်းကိုအားမပေးခဲ့။

ဤပုဂ္ဂိုလ်ကြီးကား တာလီနေပြည်တော်မှ ဆရာကျန်တာချီပင် ဖြစ်သည်။

ကျန်တာချီသည် အနုပညာကိုလည်း နှစ်သက်သူတစ်ဦး ဖြစ်လေသည်။

အထူးအဖြင့် စောင်းတီးခြင်းနှင့် ကဗျာစာပေ၊ ပန်းချီ အနုပညာကိုမြတ်နိုးသလို ကိုယ်တိုင်လည်း လိုက်စားခဲ့သဖြင့် အတော်ပင်တတ်ကျွမ်းထက်မြက်ပါ၏။

နှလုံးရည်ဘက်စားမှုဘက်တွင်လည်း စစ်တုရင်ကစားခြင်းကို ဝါသနာပါလှသည်။

သိုင်းလောကသားတွေမှာ ဆရာကျန်တာချီအား ဆရာတစ်ဆူအဖြစ် ကိုးကွယ်လေးစားကြသလို ဆရာကျန်တာချီ မြတ်နိုးသည့် အနုပညာပစ္စည်းများကိုလည်း လက်ဆောင်အဖြစ် ပို့ဆောင်လေ့ရှိကြသည်။

ယခုလည်း....

ဆရာကျန်တာချီမြတ်နိုးသော ရှေးဟောင်းပန်းချီကားချပ် ရှစ်ခုသည် ကျောက်ဖြူ စားပွဲကြီးပေါ်ဝယ် ရောက်ရှိနေရာယူထားချေပြီ။

သူ့အဖို့ အလွန်ရှားပါး၍ အဖိုးတန်သော ပန်းချီကားများသည် သူ၏ရှေ့မှောက်ဝယ် ရောက်ရှိလာသဖြင့် အလွန်ဝမ်းသာကြည်နူးနေပြီး တစ်ချိန်လုံး ပြုံးရယ်ရွှင်မြူးလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မှုန်မှိုင်းလျက်ရှိသော မုတ်ဆိတ်ရှည်ကြီးများကို ပွတ်သပ်လျက်ရှိ၏။

ဆရာကျန်တာချီ၏ နံဘေးတွင် အသက်နှစ်ဆယ်ခန့် လူရွယ်တစ်ဦးသည်လည်း မတ်တတ်ရပ်လျက်ရှိသည်။

သူသည်လည်း ပြုံးရယ်လျက်……။

ဆရာ ကျန်တာချီနှင့်ယှဉ်၍ရပ်နေသောလူငယ်မှာ မိုးပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ၏ဟန်အမူအရာမှာ ရိုးသားပြီး ထူးခြားမှုမရှိပါ။

ဆရာကျန်တာချီ၏ ခန့်ညားပြီး ရဲရင့် တည်ကြည်သော အသွင်သဏ္ဌာန်များသည် လူငယ်၏မျက်နှာကိုကူးစက်နေသည်ဟု ထင်ရသည်။

ယင်းလူငယ်ကား အခြားလူမဟုတ်ပါ။

ဆရာကျန်တာချီ၏တပည့်ကျော် လူဆိုးတိုက်နှိမ်းလေးယောက် အနက် တစ်ယောက်ဖြစ်သည်။

လူဆိုးတိုက်နှိမ်းလေးယောက်၏အမည်မှာ အနိုင်းမဲ့ခေါ်း ချူးကို၊ လက်နက်ပုန်းလီပြောင်၊ ကျောက်လက်ဝါး မွတ်ရှေနှင့် စီးတုံး တို့ဖြစ်ကြသည်။

သူတို့ထဲတွင် လူဆိုးတိုက်နှိမ်းလီပြောင်သည် အသက်အငယ်ဆုံး ဖြစ်သည်။

သူတို့လေးဦးအား အရှင့်သိုင်းသမားများဟုပင် ခေါ်ဆိုကြသည်။

အသူ့သဖြင့် ချူးကိုက လီပြောင်ထက် အသက်အနည်းငယ်ကြီးပြီး မွတ်ရှေကတော့ ချူးကိုထက်ကြီးသည်။



အသက်အကြီးဆုံးမှာ စီးတုံးပင်ဖြစ်သည်။

ဤ အရှင်သိုင်းသမားလေးဦးဟု အမည် တွင်သောဆရာကျန်တာချီ၏တပည့် လူဆိုးတိုက်နှိမ်းများမှာ လက်ရုံးရည်ရော နှလုံးရည်ပါ ညီ ဖြင့်ခြင့်သော လူများဖြစ်ပြီး တစ်ဦးတစ်ခုလမျှ မပေါ့ချ။

လက်နက်ပုန်းလီပြောင် …

သူသည် လူငယ်ဆိုသော်လည်း သိုင်းပညာထက်မြက်၍ လက်နက်ပုန်းပစ်ရာတွင် နာမည်ကြီးသူဖြစ်သည်။

အနိုင်းမဲ့ခေါ်း ချူးကို…

သူကတော့ စိတ်ဓာတ်ကြံ့ခိုင်ပြီး စွဲမြဲ၍ပြိုင်ဖက်ကင်း ခေါင်းစွမ်းရည်ထက်မြက်သူဖြစ်သည်။

ကျောက်လက်ဝါး မွတ်ရှေ…

သူသည်လည်း ကျောက်လက်ဝါးသိုင်းဖြင့် နာမည်ကျော်ကြားသူဖြစ်သည်။

စီးတုံး……

သူကသည်း ကိုယ်ဖော့ပညာဖြင့် ထင်ရှားခဲ့သည့်ပြင် သူ၏ခြေခတ်သိုင်းပညာသည် ပြိုင်ဘက်ကင်းလောက်သော စွမ်းရည်ရှိသူဖြစ်သည်။

ဤသို့ဖြင့် သူတို့သည် အသီးသီးစွမ်းရည်ထက်မြက်သူများ ဖြစ်ကြသည်။

ချွေးပေါက်ပန်းချီကားချပ်ကို ကြည့်ကာ ကျန်တာချီသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

'သင်း…ပန်းချီကားချပ်တွေဟာ အောင်အောင်မြင်မြင်ဖြစ်ပြီ တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့ချိ၏စကားကို နံဘေးတွင်ရပ်နေသော ကျောက်လက်ဝါးက ချက်ချင်းပင် ထောက်ခံလိုက်သည်။

'မှန်ပါတယ်ဆရာ၊ ဒီပန်းချီကားချပ်တွေဟာ နှစ်ပေါင်းသုံးရာကျော်လောက်က လက်ရာတွေ ဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့မင်းမှုထမ်းတွေဟာ ဒီလိုမကျလုံးပေးတာမျိုးကတော့ လက်မခံသင့်ဘူးထင်ပါတယ်'

'ဩော်'

ဆရာကျန်တာချိသည် သူ့အားတပည့်ဖြစ်သူက ဝေဘန်ခံနဲ့လိုက်သည်ကို သိလိုက်သည်။

ထိုစဉ် သူ၏မနီးမဝေးတွင် ရပ်နေသော ရဲတိုက်မှူးကြီး လုံကျိန့်ဖုံးက ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား'

အကြောင်းမှာ သူယူလာသော လက်ဆောင်များအတွက် ကျောက်လက်ဝါးမှတ်ချက်က စောင်းချိတ်ပြောလိုက်မှန်းသိ၍ ရယ်မောလိုက်ခြင်းဖြစ်သည်။

ပြီးမှ လုံကျိန့်ဖုံးက စကား ဆက်လိုက်သည်

'အို...ထူးချွန်တဲ့အနုပညာရှင်သာမဟုတ်ရင် နာမည်ကျော်ပန်းချီလက်ရာကို ဘယ် ဘေဘန် သုံးသပ်ရဲမလဲဗျာ'

အုပ်ချုပ်ရေးမှူးလုံကျိန့်ဖုံးက ပြန်ခနဲ့လိုက်သည်ကို သူနှင့်မလှမ်းမကမ်းတွင်ရပ်နေသော သူ၏လက်ထောက် မုံစီးကျင့်က ချက်ချင်းဝင်၍ ထောက်ခံလိုက်သည်၊

'ဟုတ်ပါတယ်၊ အဲ့ဒီပန်းချီကားချပ်တွေဟာ ကျွန်တော်တို့တိမ်မှာ အမြတ်တနိုး ဆွေစဉ်မျိုးဆက် စုဆောင်းထားတဲ့



ရှေးဟောင်းပန်းချီကားတွေပါ။ ဒါကို ဆရာကြီးကျန်တာချိ သဘောကျတယ်ဆိုရင် လက်ဆောင်အဖြစ်ပေးချင်ပါတယ်၊ ဒီပန်းချီကားတွေကို ဆရာကြီးပဲ ဆက်လက် ထိန်းသိမ်းပါလို့ ပြောချင်ပါတယ် ခင်ဗျာ'

ထိုသို့ မုံစီးကျင့်ကပြောလိုက်ရာ ဆရာကျန်တာချိက ပြုံးလိုက်သည်။

ထိုနောက် ကျောက်ဖြူစားပွဲကြီးဆီသို့ လက်ခေါ့ယမ်းမှကာ....

'ကဲ...လက်ဖက်ရည် သုံးဆောင်ကြပါ'

ဆရာကြီးကျန်တာချိသည် စကားလမ်းကြောင်းပြောင်းရန် လက်ဖက်ရည် သုံးဆောင်ရန် ဖိတ်ခေါ်လိုက်ပြီး သူကိုယ်တိုင်ကမူ ကျောက်စားပွဲဘေး ထိုင်ခုံပေါ်ဝယ် ဝင်ထိုင် လိုက်သည်။

အုပ်ချုပ်ရေးမှူး လုံကျိန့်ဖုံနှင့် လက်ထောက် မုံစီးကျင့်တို့သည် ရာထူးမြင့်မားသော မင်းမှုထမ်းများဖြစ်ကြသည်။

ယခုအခါ သူတို့သည် ခြသေ့်ကြီးဖွဲ့ရှ မှောက်တွင်ရောက်ရှိနေသည့် ယုန်သူငယ်ကလေးများသဖွယ် တွန့်တွန့်ဆုတ်ဆုတ်ဖြစ်နေကြသည်။

ဆရာကြီးကျန်တာချိသည် ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံ ဆိပ်ဦးဆိုင်းပညာရှင်တစ်ဦးပင်မဟုတ်ပါလား။

သူတို့နှစ်ယောက်သည် ကျောက်စားပွဲကြီးဘေးတွင် ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...သောက်ကြပါလေ'

စားပွဲပေါ်ရှိ လက်ဖက်ရည်ပန်းကန်လုံးများမှာ ရွှေရောင်

ပန်းခက်များ ပေါ်ထားသည့် ကြွေသားပန်းကန်လုံးများဖြ

သည်။

ဆရာချူကိုအား တစ်ချက်ကြည့်ပြီး ကြွေအိုးထဲမှ လက်

ဖက်ရည်များကို ပန်းကန်လုံးထဲသို့ထည့်ကာ ပေးသော

လိုက်ကြ၏။

သို့သော် သူတို့နှစ်ယောက်အဖို့ နှုတ်ခမ်းပေါ် ရောက်လ

သော လက်ဖက်ရည်၏ မွှေးပျံ့ သင်းလှိုင်သောရနံ့ ကြော

တစ်ချက်တည်းဖြင့် အကုန်သောက်မိကြတော့သည်။

ပန်းကန်သုံးကို စားပွဲပေါ်သို့ပြန်ချရင်း အော်ချုပ်ရေးမှ

နှင့် သူ၏လက်ထောက်တို့မှာ တစ်ယောက်နှင့် တစ်ယော

အပြန်အလှန်ကြည့်ပြီး....

'ဆရာကြီးရဲ့ လက်ဖက်ရည်ဟာ အလွန်ကောင်းလို့ ကျွ

တော်တို့ကို ဒါနဲ့ညှော့ဖတ်ပြုနေတာက်း ကျွန်တော် တစ်သ

မှာ ဒီလောက်ကောင်းတဲ့ လက်ဖက်ရည်မျိုးကို မတွေ့ဖူ

သေးပါဘူးဗျာ'

လုံကျိန်ဖိုးက ပြောလားတွာဖြင့် ဆရာကြီးကျန်တာချိအာ

ပြောလိုက်သည်။

'ဒီလက်ဖက်ခြောက်ဟာ ချန်ကျိုးမြို့က နာမည်ကြီး ရှ

ရွှေလက်ဖက်ခြောက်ဗျ။ ဒီလက်ဖက်ခြောက်ကို ချန်က

မြို့က မြေနီအိုးနဲ့ ကျိုရပါတယ်၊ ရေကတော့ ရွှေမိချီစိမ်း



ကရေနဲ့ ကျိုပြီး ထင်ကျူတော့ လုံကျိုမြို့က ထင်းရှူးနဲ့

ကျိုရပါတယ်'

'ကြော်...ကြော်...ဒါကြောင့်'

သို့ စကားမဆုံးမီမှာပင် ကျန်တာချိက....

'ကောင်းကောင်းသောက်ဖို့အတွက်လူကတော့ နည်းနည်း

အပင်ပန်းခံရတာပေါ့ဗျာ၊ ဒါကြောင့်မို့ အခုလို လက်ဖက်

ရည်ကို အရသာနဲ့ ရှိသောက်ရတာပေါ့'

'မှန်ပါတယ်၊ ဆရာကြီး အခုမှ ကျွန်တော် အမြင်ကျယ်

သွားပါတယ် ခင်ဗျာ'

လုံကျိန်ဖိုးက သူလုံးဝမကြားဖူးခဲ့သော အကြောင်းအရာ

ဖြစ်သောကြောင့် လိုက်လှိုက်လှဲလှဲပင် ပြောလိုက်လေသည်၊

ကျန်တာချိက....

'ကဲ...လူကြီးမင်းတို့ ထိုင်ကြပါဗျာ'

ကျန်တာချိသည် သူတို့ဘက်လှည့်မပြောပြီး ကြီးမားသော

ကျွန်းကုလားထိုင်ကြီးပေါ် ဝင်ရောက်ထိုင်ချလိုက်

သည်၊

ပြီးမှ မေးလိုက်သည်၊

'အင်း.... လူကြီးမင်းတို့ ချန်ကျိုးမြို့ကနေ ဒီထိအောင်

တကူးတက လာခဲ့တာ အတော်ပင်ပန်းမှာပဲ၊ အခုလို နှင်းတွေ

ကျပြီး မလာကလဲတန်နေတဲ့ကြားထဲက ပန်းချီကားချင်းလို

လျှလာသယ်ဆိုတော့ အရေးကြီးတဲ့ကိစ္စ ရှိလို့ ဖြစ်ရမယ်'

ကျန်တာချိသောကွင်း ချပ်နေစေ ကျော်ကလည်ပေါ်က

ခင်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ပြောစရာရှိရင် တိုတိုပဲ ပြောကြပါ၊ အုပ်ချုပ်ရေးမှူးတို့က နိုင်ငံနဲ့လူမျိုးအတွက် တာဝန်ထမ်းဆောင်နေရတယ်ဆိုတော့ အချိန်ကြန့်ကြာသွားရင် ကျုပ်တို့လဲ စိတ်မကောင်း ဖြစ်မှာလိမ့်မယ်'

ကျောက်လက်ဝါး၏စကားကြောင့် သူတို့နှစ်ယောက်မှာ မျက်နှာကွက်ခနဲ ပျက်သွားကြသည်။

ပြီးမှ...လေးစားစွာဖြင့် ဆရာကျန်တာချီအား ဦးညွှတ်လိုက်သည်။

'အေး... ဟုတ်သားပဲ၊မင်းတို့ကိစ္စသာ ပြောပါ၊ မင်းတို့က တာဝန်ထမ်းဆောင်နေတဲ့ လူတွေဆိုတော့ အချိန်ကုန်ခံလို့ ဘယ်ဖြစ်ပါ့မလဲ'

ထိုအခါ လုံကျိန့်ဖုံးသည် သက်ပြင်းတစ်ချက် ရှိုက်ကာ ပြောလိုက်ရသည်။

'ဟုတ်ကဲ့...ဆရာကြီးခင်ဗျာ၊ ကျွန်တော်တို့က ဆရာကြီးကို အားကိုးပြီး လာခဲ့ရခြင်းဖြစ်ပါတယ်၊ ကိစ္စကတော့ အကူအညီလိုချင်လို့ပါပဲ ခင်ဗျာ'

'ကဲ...အကျိုးအကြောင်း ရှင်းပြကွာ၊ အုပ်ချုပ်ရေးမှူးတို့ ပျာပျာသလဲ ဖြစ်နေပုံထောက်တော့ အသေးအဖွဲ့ကိစ္စမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်'

'မှန်ပါတယ် ဆရာကြီး၊ လင်နန်က ရာဇဝတ်ကောင် ခေါင်းဆောင်ကြီး ရဲတိုက်ဖောက်ပြီး ထွက်ပြေးသွားလို့ပါ'



ထိုစကား ကြားလိုက်ရသောအခါ ကျန်တာချီ၏ ဘေးမှ မတ်တပ်ရပ်နေသော ကျောက်လက်ဝါးမှာ အနည်းငယ်တုန်လှုပ်သွားလေသည်။

'အဲဒီ ခေါင်းဆောင်ကြီးက အလွန် ဆိုးသွမ်း ရက်စက်တဲ့ လူပဲ၊ သူတို့ကို ဖမ်းတုန်းက ကျုပ်ရဲ့တပည့်တွေဖြစ်တဲ့ အနိုင်းမဲ့ခါး ချူးကိုနဲ့စီးတုံတို့ မနည်းကြိုးစားပြီး ဖမ်းခဲ့ရတာ၊ အခုလို ထွက်ပြေးလွတ်မြောက် သွားနိုင်လိမ့်မယ်လို့ မထင်ဘူးကွာ'

ကျန်တာချီက ညည်းသံဖြင့် ပြောလိုက်သည်။

ကျန်တာချီ၏ စကားကြောင့် လုံကျိန့်ဖုံးမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး....

'အို...အဲဒီကိစ္စအတွက် ကျွန်တော် မှာ တာဝန်ရှိပါတယ်၊ ကျွန်တော်ပျက်ကွက်လို့ ဖြစ်ရတာပါ၊ အခုပြဿနာကို ဘယ်လိုရှင်းရမှန်း ကျွန်တော်မသိတော့၊ ဦးနှောက်အခြောက်ဆုံး ကိစ္စမှာ ဖုန်းကျမင်လဲ ပါတယ်ဗျ'

ကျန်တာချီသည် ဖြူဖွေးနေသော မုတ်ဆိတ်ကို ပွတ်သပ်ကာ အနည်းငယ် စဉ်းစားနေရာ လုံကျိန့်ဖုံး၏ နောက်ဆုံးအားကို ကြားရသောအခါ သူသည်ဆက်ခနဲ မော့လိုက်သည်။

ဖြူဆွတ်သော မျက်ခုံးမွေးအစုံသည် အထက်သို့တက်သွားပြီး သူတို့နှစ်ယောက်အား လှမ်းကြည့်လိုက်သည်။

'ဟေ...မင်းတို့ပြောတာ ဖြဟွမင်း ဖုန်းကျမင်လားကွ'

www.burmeseclassic.com



ကျွန်ုပ်အားဆိုခဲ့စကားကြောင့် လုံကြိုင်ဖိုးမှာ စိုးရွံ့ထိတ်လန့်သွားသည်။

'ဟုတ်…ဟုတ်ပါတယ် ဆရာကြီး'

'ဟင်…ဒုက္ခပဲ ဘာ့ရောက်တော့မှာပဲ ဒီလူသာ အဖြင်လောကကို ပြန်ရောက်သွားရင် ပြည်သူပြည်သားတွေဟာ အေးအေးချမ်းချမ်း တယ်နေနိုင်တော့မှာလဲကွာ'

'ဟုတ်ကဲ့…ဖုန်းကျမင်ဟာ နှင့် ခဲ့မှာ အေးစိမ့်တဲ့လက်ဝါးသိုင်းကို ရရှိတော့ မီးကျွဲသိုင်းကို ဟတ်ကျွမ်းထားတယ်လို့ သိုင်းလောကမှာ နာမည်ကြီးတယ်ဆိုတာ ဟုတ်ပါတယ်၊ ပြီးတော့ ညာဏ်နီညာဏ်နက်များပြီး မကောင်းမှုစုစုရိုက်မှန်သမျှလဲ မရှောင်တမ်းလုပ်တယ်လို့လဲ…'

စကားမဆုံးခင် ကျွန်ုပ်တာချိက လက်ကာပြသိုက်ပြီး…

'တပ်မှူးဝေယ်ပြောတာ မှန်ပါတယ်၊ ဖြူဟွမင်းအဖို့ သာမန်ရာစရိုက်ဆေးဝိုင်းမဆောင်သောဖြစ်ရင် မှုစရာမလိုပါဘူး၊ ဒါပေမယ့် ဒီကောင်ဟာ ဘုရင်မင်းမြတ်ကိုသုံးကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်ခဲ့ပေမယ့် အကြံအစည်မအောင်မြင်ခဲ့ပါဘူး၊ သူက ထီးနန်းကိုလုဖို့တောင် အကြံအစည်ရှိတယ်ကွ'

ကျွန်ုပ်တာချိ၏ စကားကြောင့် လုံကြိုင်ဖိုးနှင့် မုစီးကျင့်တို့နှစ်ယောက်မှာ မျက်လုံးအပြူးသားနှင့် တုန်လှုပ်သွားသည့်ဟန်ဖြင့် မသိုက်ကို ဆန့်ကြည့်မိကြသည်။

'ဖုန်းကျမင်ဆိုတဲ့ကောင်ဟာ အရှုံးထောက်လာပေမယ့် နောင်လာရေအတွက်မဟုတ်ဘူး၊ သူ့အကြံ လျှော့မှာမဟုတ်ဘူး၊ သူဟာ သေဘေးနဲ့ ကြုံတွေ့တဲ့အခါတောင် မတုန်လှုပ်ဘူး၊ ပြီး



တော့ သူက အုပ်ချုပ်တဲ့ပညာ ကျွမ်းကျင်တယ်၊ ဘုရင်မင်းမြတ်က သူ့ကိုခရာချုပ်ထားဖို့ အမိန့်ထုတ်ထားတာဟာ သူ့ကိုစည်းရုံးသိမ်းသွင်းဖို့ပဲ၊ ဘုရင်မင်းမြတ်က ကျေနပ်မှာမဟုတ်ဘူးကွာ၊ ဖုန်းကျမင်ကလဲ ပြည်သူလူထုကို စည်းရုံးလို့ ဆောင်ပြီး နယ်စားမြို့စားတွေကို ခြိမ်းခြောက်ဦးမှာပဲ၊ အင်း…ဒုက္ခ'

'သူက ဒီလောက်တောင် အစွမ်းထက်သလား ဆရာကြီး'

'အေး…ဒီကောင်ဟာ သိုင်းလောက အဖွဲ့အစည်းတွေ ခုနစ်ဆယ့်ခုနစ်ခုနဲ့ လျှို့ဝှက်ဆက်သွယ်ခဲ့တယ်၊ ရေလမ်းဂိုဏ်း နှစ်ဆယ့်ခုနစ်ခုနဲ့ ဆွေးနွေးတယ်၊ သူ့တွင်းအပေါင်းအဖော်ကို သိမ်းသွင်းပြီး မြို့တော်ကိုသိမ်းပိုက်ဖို့ ကြံစည်ခဲ့တဲ့အထိ ရည်ရွယ်ချက်ကြီးမားတဲ့လူကွ'

ဆရာကြီး ကျွန်ုပ်တာချိမှာ သည်တစ်ကြိမ်တွင် အတော်စိုးရိမ်ဟန်ဖြင့် ပြောလိုက်သည်။

အုပ်ချုပ်ရေးမှူးကြီး လုံကြိုင်ဖိုးသည်း ချက်ချင်းပင်…

'မှန်ပါတယ်ဆရာကြီး၊ အရင်တစ်ခါ ဖြူဟွမင်း ပုန်ကန်ထကြွတဲ့အခါတုန်းက ဆရာကြီး ကျွန်ုပ်တာချိက ဂိုဏ်းအားလုံးကို သူ့ပုန်အားပေးမလုပ်ဖို့ ပညာစွမ်းပြပြီး ဆုံးမတဲ့အတွက် ထကြွချင်တဲ့သူတွေ ငြိမ်ကပ်သွားခဲ့တာဟာ ဆရာကြီးရဲ့ ကျေးဇူးတွေပါပဲ ခင်ဗျာ'

ကျွန်ုပ်တာချိသည် တိတ်ဆိတ်နေလိုက်သည်။

'ဒါနဲ့ ဖြူဟွမင်းရဲ့ပုန်ကန်မှုဟာ ပြိုကွဲသွားပါပြီ၊ ဒါ သူဟာ ဘုရင်မင်းမြတ်ကို လုပ်ကြံသတ်ဖြတ်ဖို့ကြိုးစားခဲ့တယ်၊ ပထမအကြိမ်မှာ အစောင့်စစ်သည်တော်တွေ ထော

www.burmeseclassic.com



ချိုပြီး ဝိုင်းရံထားတဲ့အထဲက ထိုးဖောက် ထွက်ပြေးသွားခဲ့ပါတယ်....

'ဒုတိယအကြိမ်မှာလဲ ဘုရင်မင်းမြတ်ကို အနီးကပ်လုပ်ကြံဖို့ ကြိုးစားတဲ့အခါ ထိပ်တန်းသိုင်းပညာရှင်တွေက ဝိုင်းရံကာကွယ်ခဲ့ပါတယ်၊ သိုင်းပညာရှင်တွေက အသက်စွန့်ကာကွယ်ခဲ့လို့ သူ့ရဲ့ရက်စက်တဲ့အကြံ ပျက်ခဲ့ရပါတယ်....

'တတိယအကြိမ်မှာတော့ ဆရာကြီးရှိနေတဲ့အတွက် နန်းတော်ထဲမှာ သူ့ကိုအပြင်းအထန်တိုက်ခိုက်ပြီး ဖမ်းဆီးခဲ့တယ်'

လုံကျိန်ဖုံးသည် မုစီးကျင့်ကို ရှည်လျားစွာ ရှင်းပြလိုက်သည်။

'ဒါဆို အခုလိုဖြစ်တာ ဘုရင်မင်းမြတ်သိသွားရင် ကျွန်တော်တို့တစ်တွေ အသက်နဲ့ကိုယ် အိုးစားကွဲမယ် ထင်တယ်ဗျ'

မုစီးကျင့်က ထိတ်လန့်စွာဖြင့် မင်းပြစ်မင်းဒဏ် သင့်မည်စိုးသောကြောင့် ထိတ်တလန့်ဖြင့် ကြားဝင်ပြောလိုက်လေသည်။

'အင်း...အခုပြဿနာတာ အလွန်ကြီးကျယ်တယ်ကွ၊ ဗြဟ္မ မင်းကိုတော့ ကျုပ်ဥပဒေဘောင်အပြင်မှာ ကြာကြာမထားပါဘူး၊ ဂဲ...တပ်မှူးတို့က အဖြစ်မှန်ကို သေသေချာချာ ရှင်းပြမယ်ပါ၊ သူတို့ကိုလိုက်ဖမ်းနိုင်အောင် ကျုပ်တို့ အစီအစဉ်လုပ်ရလိမ့်မယ်'

ဆရာကြီး ကျန်တာချီက သတိပေးစကား ပြောဆိုလိုက်သည်။



ထို့ကြောင့်...

လုံကျိန်ဖုံးသည် အခင်းဖြစ်သောနေ့က အဖြစ်အပျက်ကို သေချာစွာပြောပြလိုက်လေသည်။

လုံကျိန်ဖုံးက...

'ဒီလိုပါ ဆရာကြီး၊ ဒီလမှာ ကျွန်တော်နဲ့ ဗဟာဒီ မုစီးကျင့်တာ အုပ်ချုပ်ရေးတာဝန် ယူကြရပါတယ် ခင်ဗျာ'

စကားရပ်နေ၍ ကျန်တာချီက—

'ကဲ...ဆက်ပြော'

'ဟုတ်ကဲ့၊ ကျွန်တော်နဲ့အတူ ရဲတိုက်မှူးတွေဖြစ်တဲ့ ချူးမိဟို၊ တိမ်လျိုရီ၊ စိန်ဝေယန်း၊ ဖုံးချိုယင်တို့ တာဝန်တွဲယူကြရပါတယ်'

'ဟုတ်ပြီ၊ ထိန်ဖူးရဲ့ဟိုက်ဟာ အလွန်စည်းကမ်းကြီးပြီး ခိုင်ခန့်လုံခြုံတဲ့ ရဲတိုက်ကြီးတစ်ခုပဲ၊ အခုအုပ်ချုပ်ရေးမှူးတို့အပြင် ရဲတိုက်မှူးတွေ လေးယောက်တောင် ရှိလေတော့ ပြဿနာမတက်လောက်ဘူးထင်တယ်'

'ဟုတ်တာပေါ့ ဆရာကြီး၊ သမားရိုးကျတွေးရင် ပြဿနာတက်စရာ အကြောင်းမရှိတဲ့အပြင် ထင်မတန်မှုလုံခြုံပါတယ်၊ ဒါပေမယ့် ပြဿနာက မနေ့ကမှပေါ်ခဲ့တယ် ဆရာကြီး'

ကျန်တာချီက အရက်တစ်ခွက် မော့သောက်လိုက်ပြီး...

'ဆိုစမ်းပါဦး'

'အဲဒီနေ့မှာ လေကပြင်း၊ နှင်းတွေက တအားကျနေတယ်၊ အဲဒီအချိန်မှာ ရဲတိုက်မှူး တိမ်လျိုရီဆိုတဲ့ သစ္စာဖောက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်အလုပ်သမားလို ရုပ်ဖျက်ထားတဲ့ လူရှစ်ယောက်ကို ခေါ်ခဲ့ပါတယ်'

လုံကျိန့်ဖူးက စကားကို ခေတ္တရပ်လိုက်သည်။

'ဒါနဲ့...'

'ပြောပါမယ် ဆရာကြီး၊ ဒါနဲ့ သူတို့ရဲတိုက်ထဲကို ရောက်လာပြီး နံပါတ်နှစ် အချုပ်မှာ တာဝန်ကျနေတဲ့ ရဲတိုက်မှူးချုပ်တို့ကို သတ်ဖြတ်ခဲ့ပါတယ်၊ အစောင့်ထစ်ချို့ကိုလဲ သတ်ဖြတ်ခဲ့ပါတယ်'

ကျွန်တာချီက အလွန်အံ့အားသင့်သွားသွားသည်။

လုံကျိန့်ဖူးက စကားဆက်လိုက်သည်။

'နောက်ပိုင်းမှာ သော့ကိုယူပြီး ရာဇဝင်လူဆိုးတွေဖြစ်တဲ့ ဆားကောက်ကြီးနဲ့ ဖြူမှုမင်းတို့ ကယ်ဆောင်သွားပါတယ်'

ကျွန်တာချီသည် ခေါင်းကိုညိတ်လျက်....

'ဒါနဲ့ သာမန်အချိန်မှာတိမ်လျှံရှိဟာ မင်းရဲ့လက်အောက်မှာ အမှုထမ်းသလားကွ'

'အဲ...သူဟာ ကျွန်တော်ရဲ့တပ်ဖွဲ့မှာ ထူးချွန်တဲ့ ရဲတိုက်မှူးတစ်ယောက်ပါ'

သူသည် စကားကို ခေတ္တဖြတ်မှုပြီးမှဆက်၍...

'ဒါပေမယ့် အစကတော့ ကျိပ်မြို့စားနဲ့ရဲ့လက်အောက်မှာ အမှုထမ်းတယ်၊ နောက်ပိုင်းမှ ချင်းကျိုမြို့ကို ပြောင်းရွှေ့လာပြီး သူဟာ ကျွန်တော့်တပ်ဖွဲ့ထဲရောက်လာပါတယ် ဆရာကြီး'



'ဒါဖြင့် ဓါတိုင်းအချိန်မှာ သူ့ရဲ့အပြုအမူဟာ ဘယ်လိုနေသလဲကွ'

လုံကျိန့်ဖူးက ကျွန်တာချီအား သေချာစွာ ရှင်းပြလိုက်သည်။

'ဒီကောင်ဟာချက်ဟာ အတော်ဖြောင်းဆန်ပြီး သူ့ကိုသက်ပါတယ်၊ အကောင်းပါပေါ့သာ လာရာက် ကောက်ကျစ်နည်းလဲပုံရပါတယ်၊ သူဟာ ဝန်ထမ်းခဆောင်တာ ကောင်းသို့ ဆုတံဆိပ်ချီးမြှင့်ခြင်း ခံရပေမယ့် ကျွန်တော့် လက်အောက်မှာ အမှုထမ်းတုန်းမှာရဲ့ အပြစ်နှစ်ခါ ကျူးလွန်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်က သူ့ကိုပြင်းထန်တဲ့ဒဏ်မပေးခဲ့ပါဘူး'

'ဘာဖြစ်လို့ ထိုက်တန်တဲ့အပြစ်ဒဏ်မပေးတာလဲ'

'ဒီလိုပါ ဆရာကြီး၊ သူဟာ ကြီးကျယ်တဲ့ အပြစ်ကိုမကျူးခဲ့ပါဘူး၊ ဒုတိယအချက်ကတော့ ကျွန်တော်လက်အောက်မှာ ဒီလိုသိုင်းဆရာမျိုး ရှိအပ်တဲ့အတွက် အပြစ်မပေးခဲ့ခြင်းဖြစ်ပါတယ်'

လုံကျိန့်ဖူးသည် ဆူဏ်ယဉ်သားများအကြောင်းကိုကောင်းစွာသိထားသူဖြစ်၍ ယင်းတို့၏ စာရိတ္တပိုင်းနှင့်ပတ်သက်ပြီး ရှင်းပြလိုက်ခြင်းဖြစ်ပါသည်။

သူ၏ အုပ်ချုပ်မှုပညာမှာ မခေလှဟု ကျွန်တာချီက အကဲခတ်မိသည်။

အကယ်တော့ လုံကျိန့်ဖူးသည် ရဲတိုက်မှူး တိမ်လျှံရှိ ဘာသာများမှန်း သိသော်လည်း ဆက်လက်ထားရှိပေးထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ သူ ကျူးလွန်တာက ဘာဖြစ်မှုလဲ'

ကုန်တာချိက သေချာအောင်ကပ်၍ မေးခွန်းထုတ်လိုက်သောအခါ...

'သူ့အပြစ်က ထောင်အမှုတမ်းတွေရဲ့ ရိက္ခာငွေအချို့ကို အလွဲသုံးစားလုပ်လို့ပါပဲ၊ အဲဒီအမှုအတွက် သူ့ကို ကြိမ်ဒဏ် ခြောက်ဆယ်ပေးပြီး ဒဏ်ခတ်လိုက်ပါတယ်၊ နောက်တစ်ခါမှာ အရပ်သူ မိန်းကလေးတစ်ဦးကို ရိသဲ့သဲ့ လုပ်လို့ ပါးနှစ်ချက်ရိုက်ပြီး ကြိမ်ဒဏ် ဆယ့်နှစ်ချက်ပေးလိုက်ပါတယ်'

'နေပါဦး... မိန်းကလေး ရိသဲ့သဲ့ လုပ်တာ မင်းကိုယ်တိုင် မြင်ခဲ့လို့လားကွ'

ဆရာကျန်၏မေးခွန်းကို ရုတ်တရက်မဖြေနိုင်ဘဲ သူ့ဘေးမှ မုံစီးကျင့်ကို လှည့်ကြည့်မိသည်။

မုံစီးကျင့်က...

'ဒီလိုပါဆရာကြီး အဲဒီပြဿနာဟာကျွန်တော်သူတို့ကိုရှိကျီမြို့ဆီ ဦးဆောင်ခေါ်သွားစဉ်က ဖြစ်ပွားခဲ့တဲ့အဖြစ်ပါ၊အပြန်ကျတော့ အိုပ်ချုပ်ရေးမှူး လုံကျိန်ဖိုးကို ကျွန်တော်က အစီရင်ခံခဲ့ပါတယ်၊ သူဟာ ဆရာချီးပိဟိုနဲ့ ပေါင်းတိုးပြီး သူ့အကြံပျက်ခဲ့ရပါတယ်'

'ဩော်....'

ကုန်တာချိသည် ခေါင်းညိတ်ကာ သဘောပေါက်သွားသကဲ့သို့ အံ့ဩဟန်နှင့် အာမေဋိတ်ပြုလိုက်သည်။

မုံစီးကျင့်က ဆက်၍ ပြောပြန်သည်။



'အင်း....ကျွန်တော့်ရဲ့ ယူဆချက်ကတော့ တိမ်လျံရီဟာ တရားခံတွေနဲ့ ရင်းနှီးခင်မင်ရှိမက အာဏာအလွဲသုံးစားလုပ်ပြီး လူ မုန်းတဲ့လူကိုပါ သတ်ခဲ့တာပါပဲ၊ ချီးပိဟိုတစ်ယောက်တည်းကိုသာရွေးပြီး သတ်တာကိုကြည့်ရင် သိသာပါတယ် ဆရာကြီး'

'မင်းက ဘာအထောက်အထားရှိလို့ ချီးပိဟိုတစ်ယောက်တည်းကို သူက ရွေးသတ်တယ်လို့ ပြောနိုင်တာလဲ'

'ဒီလိုပါ ဆရာကြီး၊ သူတို့ဟာ ထိန်ဖူးရဲတိုက်ထဲကို ရောက်လာတာနဲ့ နံပါတ်တစ် အချုပ်ခန်းကို ဖြတ်ပြီးမှ နံပါတ်နှစ် အချုပ်ခန်းကို ရောက်နိုင်ပါတယ်'

'အင်း....'

'အရေးကြီးတဲ့ တရားခံတွေထားတဲ့ အောက်ထပ်မှာ အခန်းငါးခန်းရှိပါတယ်၊ ရဲတိုက်မှူး ဖုံးချီယင်က အောက်ထပ်အခန်း အမှတ်တစ်မှာ စစ်ဆေးနေတုန်း ရုတ်တရက် သေနတ်ကြောပိတ်တာကို ခံလိုက်ရပါတယ်'

'အင်း...ဆက်ပြောပါ'

'တိမ်လျံရီက သူ့ကို သေနတ်ကြောပိတ်ပြီးမှ သူ့လူတွေနဲ့ နံပါတ်သုံး အချုပ်ခန်းမှာထားတဲ့ ဖြူဟွမ်ပင်းကို ကယ်ထုတ်သွားပါတယ်၊ ပြီးတော့ ရဲတိုက်မှူး ချီးပိဟိုကို သတ်ခဲ့ပါတယ်'

ဆရာကြီး ကျွန်တာချိက ခေတ္တစဉ်းစားလိုက်ပြီး...

'ဩော်...မင်းပြောတဲ့အတိုင်းဆိုရင် တိမ်ဖူး ရဲတိုက်ကြီးရဲ့ အည်နေပုံက တိုက်အကျဉ်းစခန်းဖြစ်တဲ့ အချုပ်ခန်း အမှတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုဖြတ်ပြီးမှ အမှတ်နှစ် အချုပ်ခန်းကို ရောက်နိုင်တယ်ပေါ့၊ အမှတ်နှစ် အချုပ်ခန်းကို ကျော်ဖြတ်ပြီးမှ အမှတ်သုံး အချုပ်ခန်းကို ရောက်နိုင်တယ်ပေါ့ ဟုတ်လား'

သူက ဆက်လက်၍...

'ဒါဖြင့် သေနတ်ကျည်အပိတ်ခံရတဲ့ ရဲတိုက်မှူး ဖုံးချိုယင်ကရော'

ဆက်၍ မေးနေသောကြောင့် လုံကျိန်ဖုံးက သူသိသမျှကို ရှင်းပြလိုက်သည်၊

'ဒီလိုပါ ဆရာကြီးကျွန်တော်ချိုး သူ သေနတ်ကျည်ပိတ် ခံရမေ မယ့် သတိမလစ်ပါဘူး၊ အဲဒါကြောင့် တရားခံတွေကို လူယုတ်မာ တိမ်လျှရိုက ခေါ်ထုတ်သွားတာကို မျက်လုံးအမြူးသား နဲ့ ကြည့်နေခဲ့ပါတယ်၊ ခါးကောက်ကြီးကို သူ့ ရှေ့က ခေါ် သွားတာကို မြင်ပေမယ့် သူ ဘာမှမတက်နိုင်ခဲ့ပါဘူး'

'အော်...ဒါဖြင့် ခါးကောက်ကြီး ကျွန်းလီစင်ကို အမှတ် နှစ် အချုပ်ခန်းထဲမှာ ချုပ်ထားပြီး ရဲတိုက်မှူး ဖုံးချိုယင်က တာဝန်ယူ စောင့်ကြပ်တာပေါ့ ဟုတ်လား'

ကျွန်တာကချိုက အသေးစိတ်မေးမြန်းသောအခါ လုံကျိန် ဖုံးက ချက်ချင်းပင်....

'ဟုတ်ပါတယ်၊ဖုန်းကျူးမင်ကိုတော့ နံပါတ်သုံးအခန်းမှာ ချုပ်ထားပြီးရဲတိုက် မှူးချိုးပိုဟိုက တာဝန်ယူ စောင့်ကြပ်တယ်'

ဆရာကြီး ကျွန်တာချိုက ခေါင်းညိတ်ပြီး....

'ဒါဖြင့် ချိုးပိုဟိုရဲ့စိတ်ဓာတ်နဲ့ သဘောထားက ဘယ်လိုရှိ သလဲ'



မုန်စီးကျင်က ကြားမှ ဝင်ရောက်ရှင်းပြလိုက်သည်၊

'ဆရာကြီးသိချင်တဲ့ ချိုးပိုဟိုအကြောင်း ကျွန်တော်က ပိုပြီး သိပါတယ်၊ သူက ယောကျ်ားပီသတဲ့ လူစာစ်မျိုးပေါ၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး ရဲစွမ်းသတ္တိနဲ့ပြည့်စုံသူမို့ သူ့ကို ကျွန်တော် ခင်မင်လေးစားခဲ့တယ်'

လုံကျိန်ဖုံးကလည်း ဝင်ရောက်ထောက်ခံလိုက်သည်၊

'ဟုတ်တယ်ဆရာ၊ ရဲတိုက်မှူး ချိုးပိုဟိုဟာ သူရဲကောင်း တစ်ဦးဖြစ်တဲ့အပြင် နိုင်ငံအပေါ် သစ္စာစောင့်သိတဲ့ ဝန်ဆောင်း တစ်ဦးပါ၊ သူရဲ့မျှော်ညီချက်ကတော့ စိတ်တိုပြီး တင်းမာထိုး နိုင်တာပဲ၊ သူတို့အားအေဆက်ရဲမတ်ထဲကဆိုရင် ဖုံးချိုယင်ပဲ သူနဲ့ခင်မင်ခဲ့တယ်၊ ကျွန်တဲ့ရဲမက်တွေဆိုရင် သူက ဟစ်အော် ဆဲဆိုခဲ့တယ်၊ အဲဒါကြောင့် သူ့ကို အကောင်းမပြောကြဘူး မင်း...သူ့ရဲ့ဆက်ဆံရေးညံ့လို့သာ အခုလို အသတ်ခံရတာလို့ ထင်တာပဲ'

လုံကျိန်ဖုံးမှာ စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်၊

'ဒါဖြင့် အဲဒီဖုံးချိုယင်ဆိုတဲ့ လူကော ရှိသေးရဲ့လား'

ကျွန်တာချိုက မေးလိုက်ရာ ထိန်ဖူးရဲတိုက်ကြီး၏ တာဝန် ခံ အုပ်ချုပ်ရေးမှူးကြီး လုံကျိန်မင်က....

'ဟုတ်ကဲ့...အခု အခင်းဖြစ်ပွားရတာ အားလုံးနဲ့ ပတ် သက်မယ်လို့ ကျွန်တော်ယူဆပါတယ်၊ အဲဒါကြောင့် သူ့ကို ကျွန်တော်တစ်ပါတည်း ခေါ်ခဲ့ပါတယ်၊ ဆရာကြီး သူ့နဲ့ တွေ့ဦးမလား'

'ခေါ်လိုက်ပါ၊ သူ့ကို ငါမေးစရာရှိတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဆရာကြီး'

လုံကျွန်ဖိုးက ပြောရင်း တစ်ဖက်သို့လှည့်ကာ တံခါးပေါက်ဝတွင် မတ်တတ်ရပ်စောင့်နေသော တပ်သားတစ်ဦးကို အမိန့်ပေးလိုက်၏။

'ဖိုးချိုယင်ကို လွှတ်လိုက်စမ်းကွာ'

တံခါးဝ အစောင့်တပ်သားသည် ဦးညွှတ်လိုက်ပြီး ထွက်သွားသည်။

သိပ်မကြာလိုက်ပါ။

သန်မာထွားကျိုင်းပြီး ရွှေရောင်ပတ်စုံနှင့် လူရွယ်တစ်ဦး အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။

....★....

## စစ်ဆေးခြင်း

ရွှေရောင်ဝတ်စုံနှင့်လူသည် အခန်းတွင်းသို့ ပေါ့ပါးစွာဖြင့် ဝင်ရောက်လာခဲ့သည်။

သူသည် ပထမဆုံး သူ၏အထက်အရာရှိဖြစ်သည့် အုပ်ချုပ်ရေးမှူးကြီး လုံကျွန်ဖိုးကို ဦးညွှတ်လိုက်ပြီးမှ ဆရာကြီးကျန်တာချီဘက်သို့ လှည့်၍ ဦးညွှတ်အရိုအသေ ပေးလိုက်၏။

'အင်း....သူရဲကောင်းပီသပါပေတယ်၊ ကဲ....ဆရာဖိုး ထိုင်စမ်းကွာ'

ဆရာကြီးကျန်တာချီက နောက်မှီထိုင်ခုံတစ်လုံးကို လက်ညှိုးထိုးပြလိုက်သည်။

နောက်မှီထိုင်ခုံမှာ အစိမ်းရောင်ဆေးသုတ်ထားကာ ဆရာကြီးကျန်တာချီ၏ရွှေဖျက်နှာချင်းဆိုင် ငါးလှမ်းအကွာတွင် အသင့်ချထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့...ကျေးဇူးပါပဲဆရာ'

ရဲတိုက်မှူး ဖိုးချိုယင်သည် ကျေးဇူးတင်စကား ပြောကာ ထိုင်ခုံပေါ်သို့ ခပ်ကြမ်းကြမ်းထိုင်ချလိုက်သည်။

သူသည် ခေါင်းကိုဆန့်ထားကာ လက်နှစ်ဖက်ကို ပေါင်ပေါ်သို့တင်ထားသည်။

သူက ထိုင်ခုံပေါ်သို့ တအား ထိုင်ချလိုက်သောကြောင့် တကျွိကျွိမြည်သွားသည်။

ဆရာကျန်တာချိက တစ်ချက်ပြုံးလိုက်ပြီး လေသံအေးအေးဖြင့်...

'ဒီမှာ ဆရာဖိုး၊ အခင်းဖြစ်ဘုန်းက အမှန်ကိုမင်းသိသလောက်ရှင်းပြစမ်းကွာ'

'ဟုတ်ကဲ့'

ဖိုးချိုယင်က ခေါင်းညိတ်အဖြေပေးလိုက်သည်။

ထို့နောက် ဆက်၍ပြောပြလေသည်။

'ကျွန်တော်သိသလောက်၊ မြင်သလောက် ပြောပြပါမယ် ဆရာကြီး၊ အခင်းဖြစ်တဲ့နေ့မှာ ကျွန်တော်ဟာ နံပါတ်နှစ် အချုပ်ခန်းမှာ တာဝန်ကျပါတယ်၊ အဲဒီညက အခန်းအပြင်ဘက် စင်္ကြံရဲ့ညာဘက်မှာအိပ်ပါတယ်၊ တမရေးနိုးလာတော့ ပျင်းပျင်းရှိတာနဲ့ အခန်းအား လှည့်ကျင့်နေပါတယ်၊ အဲဒီအချိန်မှာပဲ ဖိုးခွေးကောင်ဟာ ဒုက္ခိတရစ်ယောက်ကိုခေါ်လာပြီးတော့ ဝင်လာကြပါတယ်'



သူက မကျေမနပ်ဖြင့် အောက်တစ်ချက် ခေါက်လိုက်ပြီး ထားဆက်လိုက်သည်။

'ဟောက်...ခွေးကောင်ဟာ ဒီယောက်ယုတ်မာလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး၊ သူ့ကို အရက်မပါလားလို့ကျွန်တော် ကမေးတော့ သူက ကျွန်တော့်အလစ်မှာ ရုတ်တရက် ပြေးသွားပြီးတော့ ကျွန်တော့်ရဲ့သေနတ်ကြိုးကို ပိတ်လိုက်တယ်'

'ဩော်...မင်းပြောတဲ့ခွေးကောင်ဆိုတာ တိမ်သျှေရိုက်တဲ့ပြောတာလား'

ဆရာကြီးကျန်တာချိက မသိချင်ဟန်ဆောင်၍ မေးလိုက်သည်။

ရဲတိုက်မှူးဆရာဖိုးသည် တွေးမိလေ ဒေါသထွက်လေဖြစ်လာပြီး အသံကျယ်ကျယ်ဖြင့်...

'ဟုတ်တယ်၊ ဒီကောင်ဟာ သိပ်ယုတ်မာတယ်'

'ဒီမှာဖိုးချိုယင်၊ ဆရာကြီးကျန်တာချိကို ဒီလိုမပြောရဘူးကွ'

အထက်အရာရှိဖြစ်သော လုံကျိန့်ဖိုးက ကြားဝင်၍ဟန့်တားရင်း ဆရာကြီးကျန်တာချိအားတောင်းပန်လိုက်သည်။

'ဆရာကြီး၊ သူ့ခုလိုပြောမိတာကို ခွင့်လွှတ်ပါ၊ သူက လူယဉ်တစ်ယောက်မို့ ယဉ်ကျေးမှုဆိုတာကို နားမလည်သေးလို့ပါဗျာ'

'ကိစ္စမရှိပါဘူး၊ ကျုပ်ကလဲ ဒီလိုမဟုတ်မခံ လူမျိုးကို ကြိုက်နှစ်သက်ပါတယ်၊ ပြောပါဦး၊ ကဲ...ဆက်ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက လေသံအေးအေးဖြင့်ပြောလိုက်သဖြင့် ရဲတိုက်မှူး ထုံချိန်ဖိုးမှာ စိတ်သက်သာရာရသွားသည်။

ထို့ကြောင့် သူက ဖုံးချိုယင်အားဆက်ပြောရန် အချက်ပြလိုက်သည်။

သူက ဆက်၍....

'ဒီခွေးကောင်အကြောင်း ဆက်ပြောရမယ်ဆိုရင် တော်တော် ဒေါသထွက်စရာကောင်းပါတယ်၊ ဒါပေမယ့် ဆက်ပြောရမယ်ဆိုရင် ဒီကောင်ဟာ ကျွန်တော်ရဲ့ ဟိုင်စန်း သွေးကြောကိုလှမ်းပိတ်လိုက်တော့ ကျွန်တော်လဲ မလှုပ်နိုင်တော့ဘူးပေါ့၊ ဒါနဲ့ ကျွန်တော့်ရဲ့ တပည့်အစောင့်တွေရောက်လာကြတယ်၊ သူတို့ကလဲ ကျွန်တော့်ကိုကြည့်ပြီး အံ့အားသင့်ပြီးကြည့်နေတဲ့အချိန်မှာ ရုတ်တရက် ဒုက္ခိတရှစ်ယောက်က ကျွန်တော့်တပည့်အစောင့်တွေကို ရက်ရက်စက်စက်သတ်ပစ်လိုက်ကြတယ်'

ဆရာကျန်တာချိက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ဖုံးချိုယင်က ဆက်၍...

'တစ်ချိန်တည်းမှာပဲ ခွေးကောင် တိမ်လျှရိုက ကျွန်တော့်ဆီကသေတ္တာကိုယူပြီး ဓားကောက်ကြီးကို လွှတ်ပေးလိုက်တယ်၊ ကျွန်တော်လဲ ဒေါသဖြစ်ဖြစ်နဲ့သူတို့ကိုဆဲတော့ ဒုက္ခိတရှစ်ဖော်က ကျွန်တော့်ကို သတ်မယ်လုပ်သေးတယ်'

'ဟုတ်လား၊ ဆက်ပြောပါဦး'



ဆရာကြီးကျန်တာချိက စိတ်ဝင်စားလာပြီး ဆက်ပြောခိုင်းလိုက်သည်။

'ဟုတ်ပါတယ်ဆရာကြီး၊ ဒါပေမယ့်ခွေးကောင်က လူစိတ်ဝင်ပြီး ဟန့်တားလိုက်လို့ ကျွန်တော် အသက်ချမ်းသာရာရခဲ့တာပေါ့၊ အဲဒီနောက် ခွေးကောင်ဟာ ဓားကောက်ကြီးကိုခေါ်ပြီး နံပါတ်သုံးအချုပ်ခန်းဆီကို ထွက်သွားပါတယ်'

'အဲ...နေပါဦး၊ မင်းကိုမသတ်ဖို့ တိမ်လျှရိုက အော်ဟစ်တားတယ်ဆိုတာ သေချာရဲ့လား'

'သေချာပါတယ်ဆရာကြီး'

'ဒါနဲ့ မင်းတို့ရှစ်ယောက်ဟာ အရင်ကအလွန်ခင်မင်ရင်းနှီးခဲ့ကြတယ်မဟုတ်လား'

'ဟုတ်ပါတယ်ဆရာကြီး၊ အရင်က အလွန်ခင်မင်ခဲ့ကြပါတယ်၊ ဒါပေမယ့် သူက အကျင့်ယုတ်တယ်၊ လွန်ခဲ့တဲ့သုံးလလောက်က ကျွန်တော်နဲ့သူ အငြင်းပွားပြီး စကားမပြောကြတော့ပါဘူး'

ဖုံးချိုယင်သည် ပြောရင်း ဒေါသထွက်လာသည်။

သူသည် အမှန်တကယ်ရိုးသားပြီး စကားကို တိုးတိုးပြောတတ်သူဟု ဆရာကြီး ကျန်တာချိက သဘောပေါက်လိုက်သည်။

'ဪ...မင်းတို့ချင်းရန်ဖြစ်ခဲ့ကြသေးတာကိုး၊ ဘာအတွက်နဲ့ စကားများကြတာလဲ'

www.burmeseclassic.com

'ဒီလိုပ ဆရာကြီး၊ အဲဒီတုန်းက တိမ်လျှရိုက အာကာကို အလှဲ့သုံးစေးလုပ်ပြီး အစောင့်တစ်ဦးရဲ့ သမင်းထုပ်ကို ခြေထောက်နဲ့ကန်လိုက်တယ်၊ ဒီအချိန်မှာ ဆရာချီးပိုဟိုတို့က အေးမာမိုနေတော့ အနိုင်ကျင့်ရမလားဆိုပြီး တိမ်လျှရိုကို မောက်သွားတဲ့အမင်းတွေ အတင်းအစားဆိုင်းတယ်၊ ခွေးတော်ခင်ဂေ မစားဘူး အဲဒီအချိန်မှာ စိန်ဝေယန်က လာအကြောင်း ကြားတာနဲ့ ကျွန်တော်ပြေးလိုက်သွားပြီး သူတို့ရန်ပွဲကိုဖြန်ဖြေပေးခဲ့ရတယ်'

မုံစီးကျင့်က ကြားမှဝင်ရောက်ဖြေလိုက်သဖြင့် လုံကျိန်ဖိုးမှာ အံသြသွားဟန်ဖြင့် သူ့ကိုမေးလိုက်သည်။

'ဟင်... ရဲဘ်ုက်ထဲမှာ ဒီလိုဖြစ်တာတောင် ငါ့ကို မင်းက ဘာဖြစ်လို့မပြောတာလဲ'

'ဟို... ဟို'

မုံစီကျင်းမှာ ထိုမေးခွန်းကိုမဖြေနိုင်ဘဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ကဲ... နောက်ပိုင်းမှာ ဘာတွေဖြစ်သေးလဲ'

ဆရာကြီးကျုံကာချိက စိတ်ဝင်စားစွာ နားထောင်နေရာမှ ဆက်၍မေးလိုက်ပြန်သည်။

ဖုံးချိယင်သည် ကျုံတာချိဘက်လှည့်လိုက်ပြီး...

'နောက် မကြာပါဘူး ခွေးကောင် ပြန်ထွက်သွားတယ် သူနဲ့အတူ ပုန်းကျမင် ပါလာပြီး ထွက်ပြေးသွားကြတာပါပဲ၊ ကုမ်းတာဝယ်ညတ်လောက်ကြာတော့ ဆရာစိန် ရောက်လာတယ်၊ သူရောက်တာနဲ့ ကျွန်တော့်ရဲ့သွေးကြောကို ပြန်ဖွင့်



ပေးတယ်၊ နောက် ကျွန်တော်လဲ သူနဲ့အတူ နံပါတ်သုံးအချုပ်ခန်းကို လိုက်သွားတယ်'

'ဒါနဲ့ မင်းသွေးကြောအပိတ်ခံရတဲ့အချိန်တုန်းက ထူးခြားတဲ့ အသံတွေ ကြားသေးလား'

ဆရာကြီးကျုံတာချိက ထပ်မံမေးလိုက်ပြန်သည်။

ဖုံးချိယင်က အနည်းငယ်စဉ်းစားလိုက်သည်။

တခဏကြာမှ...

'ဟုတ်ကဲ့ ကြားမိပါတယ်ဆရာကြီး၊ ပထမတော့ လူတစ်ယောက် လဲကျသံကြားရတယ်၊ နောက် ဝေးဆဲ့ထွက်သံ တစ်ခါက်တည်းမှာပဲ ကြောက်ခမန်းလိလိ အော်သံကြားရတယ်၊ အဲဒီအသံကတော့ ချီးပိုဟိုရဲ့အသံလို့ ထင်ရတာပါပဲ'

'ဟုတ်ပြီ၊ အဲဒီအော်တဲ့အသံ ဘယ်အချိန်လောက်ကကြားရတာလဲ'

'သေသေချာချာတော့မမှတ်မိပါဘူး ဆရာကြီး၊ အဲဒီတုန်းက ကျွန်တော်က ဆဲဆိုတိုင်းထွာနေတော့ ကောင်းကောင်းမှတ်မိပါဘူး'

'ဒါနဲ့ နေပါဦး၊ မင်းပြောတဲ့ ဆရာစိန်ဟာ စိန်ဝေယန်ကို ပြောတာလား'

'ဟုတ်ပါတယ် ဆရာကြီး၊ သူ့ကိုပြောတာပါပဲ၊ သူဟာ အသက်အငယ်ဆုံးနဲ့ လူချစ်လူခင်ပေါတဲ့လူပါပဲ'

ထိုစကားမှာ မလှမ်းမကမ်းတွင်ထိုင်နေသော လုံကျိန်ဖိုးက ကြားဝင်ဖြေလိုက်ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အခင်ဆက်၍...

'ဆရာဆရာကြီး သူနဲ့တွေ့ဦးမလား'

'အေး... အမှုကိုရှင်းရှင်းလင်းလင်းသိဖို့အတွက် သူနဲ့ တစ်ကြိမ်လောက် တွေ့ဖို့လိုတယ်'

'ဒါဖြင့် အခေါ်ခိုင်းလိုက်မယ်'

ချက်ချင်းပင် လုံကျိန့်ဖုံးက တံခါးစောင့်တပ်သားကို လှမ်း၍...

'ဟေ... စိန်ဝေယန့်ကိုခေါ်လိုက်စမ်း'

စကားသံဆုံးသည်နှင့် အစောင့်တပ်သားသည် အလေးပြုပြီး အပြင်သို့ပြေးထွက်သွားလေတော့သည်။

'ကဲ... မင်းသွားနိုင်ပြီ'

ဆရာကြီး ကျန်တာချီက ဖုံးချိုယင်အားပြောလိုက်ရာ ဖုံးချိုယင်သည် မတ်တတ်ရပ်လိုက်ပြီး ခေါင်းငုံ့ အရိုအသေပေးပြီး အနီးတွင်ရှိသော လုံကျိန့်ဖုံးနှင့် မုံ့စီးကျင်တို့ကိုပါ အရိုအသေပြုပြီးနောက် လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။

...★...



ထို့ပြင် မုံ့စီကျင့်ကလည်းဝင်၍...

'ကဲ... ဆရာစိန်၊ မင်းစောင့်ရတဲ့ ထိန်ဖူးရဲတိုက်ကြီးက ရဲတိုက်ဖောက်ပြေးသူနဲ့ ပတ်သက်ပြီးတော့ မင်း သိထားသလောက် ဆရာကြီးကိုပြောပြလိုက်ပါကွာ'

စိန်ဝေယန်က ခေါင်းညိတ်လိုက်ပြီး...

'ဟုတ်ကဲ့၊ ကျွန်တော်သိသလောက်ပြောရမယ်ဆိုရင် အခင်းဖြစ်ပွားစဉ်က ကျွန်တော်ဟာ အမှတ်တစ်အချုပ်ခန်းမှာ တာဝန်ကျပါတယ်၊ ကျွန်တော်ဝမ်းကိုက်နေလို့ အိမ်သာတက်ပြီး ပြန်ထွက်လာတဲ့အခါမှာ ရဲဘော်ရှစ်ယောက် သေးကြောပိတ်ခံထားရတာ တွေ့ရပါတယ်...

'ကျွန်တော့်အဓိက ဖြစ်တာမဟုတ်လို့ နံပါတ်နှစ်နဲ့ နံပါတ်သုံး အချုပ်ခန်းတစ်ခုခုမှာတော့ ပြဿနာတက်နေပြီလို့ တွေးမိပါတယ်၊ ဒါနဲ့ကျွန်တော်လဲ အမှတ်နှစ် အချုပ်ခန်းဘက်ကို ပြေးသွားတော့ ဖုံးချိုယင်ကို အချုပ်ထောင်အပြင် စင်္ကြံလမ်းမှာ လဲနေတာကိုတွေ့ရပါတယ်'

'နေပါဦး...မင်းအိမ်သာကပြန်လာတော့ အစောင့်ရှစ်ယောက် သေးကြော အပိတ်ခံထားရတာကိုရော တွေ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီအစောင့်ရှစ်ယောက်ဟာ အမှတ်သုံး အချုပ်ခန်းက လား'

'မဟုတ်ပါဘူး၊ သူတို့က အချုပ်ထောင် သုံးဆောင်စလုံးကို လှည့်လည်တာဝန်ယူရတဲ့ အစောင့်တပ်သားတွေပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါချေ။

အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော လူငယ်တစ်ဦးသည် ခန်းမကြီးထဲသို့ ဝင်ရောက်လာသည်။

သူ၏လှုပ်ရှားပုံမှာ လျှင်မြန်သွက်လက်သည်။

မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်နေ၏။

သူကား ရဲတိုက်မှူး စိန်ဝေယန်ပင်ဖြစ်သည်။

သူ၏မျက်နှာသည် ယောကျ်ားပီသပြီး ခန့်ညားသည်။

မေးရိုးကားကားနှင့် မျက်လုံးတောက်ပပြီး နဖူးပြင်ကျယ်ပြန့်သည်။

နှာတံပေါ်လွင်သည်။

ဆရာကျွန်တာချီ၏ရှေ့တွင် ရောက်သည်နှင့် ဦးညွှတ်၍ အလေးပြုကာ ဆရာကြီးအားကြည့်လိုက်သည်။

ကျွန်တာချီက သူ့အား တစ်ချက်အကဲခတ်လိုက်သည်။

'ဪ... စိန်ဝေယန်ဆိုတာ မင်းလား'

စိန်ဝေယန်က ဦးညွှတ်လိုက်ပြီး....

'ဟုတ်ပါတယ် ဆရာကြီး ကျွန်တာချီနဲ့ နောင်တော် ကျောက်လက်ဝါး....'

ထိုအခါ ကြားဝင်၍ပြောလိုက်သူက မုံစီးကျင့်ဖြစ်သည်။

'ဆိုင်ပေ ဆရာစိန်၊ မင်းကို ဆရာကြီးက ဟိုနေ့ကအဖြစ်မှန်ကို မေးချင်လို့တဲ့'

အမှန်တော့ ကျောက်လက်ဝါးက ဆရာကြီးကျွန်တာချီ မေးလျှင် အချိန်မဆွဲဘဲဖြေနိုင်ရန် ဝင်ရောက်ပြောလိုက်ခြင်းသည်။



'ဟုတ်ကဲ့ပါတယ် ဆရာကြီး၊ သူတို့က အတွင်းရိုးလှည့်ပတ်ကောင်း ဘာဝန်ယူရတဲ့ အစောင့်တပ်သားတွေပါ'

မုံစီးကျင့်က ပြောလိုက်သည်။

'ဒါထက် ကြိုးတိုက်လို့ခေါ်တာက ကြိုးသမားတွေထားတဲ့ အချုပ်ခန်းမဟုတ်လား'

'ဟုတ်ပါတယ်၊ အပြစ်ကြီးတဲ့အချုပ်သားတွေ၊ သတ်မိန့်ကျထားတဲ့သူတွေထားတဲ့ အချုပ်ဆောင်ပါ'

'ဒါဖြင့် ကြိုးတိုက်ခန်းဆိုတာက အမှတ် တစ်၊ နှစ်၊ သုံး အချုပ်ခန်းသုံးခုကို သီးသန့်ဆောက်ထားတာပေါ့'

'ဟုတ်ပါတယ်၊ ရိုးရိုး အကျဉ်းသားတွေသို့တော့ တန်းလျားဆောင် ငါးခုဆောက်ထားပါတယ်၊ အဲဒီအဆောင်တိုင်း အဆောင်တိုင်းဟာ နှစ်ထပ်ဆောင်တွေဖြစ်ပြီး အခန်းငါးခန်းစီရှိကြပါတယ်၊ အဲဒီအဆောင်တွေနဲ့ ကြိုးတိုက်ဆောင်သုံးဆောင်ဟာ တစ်ခန်းတည်းဆောက်ထားပါတယ်'

မုံစီးကျင့်က ဆရာကြီးကျွန်တာချီအား ရှင်းပြလိုက်သည်။

ဆရာကြီးကျွန်တာချီ သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ရင်း....

'အဲ....ဆက်ပြောပါဦး'

စိန်ဝေယန်က....

'အဲဒီအချိန်မှာ ကျွန်တော်က ဖုံးချိုယင်ကိုကြည့်လိုက်တော့ သွေးကြောအပိတ်ခံထားရတာ တွေ့ရတယ်၊ ဒါနဲ့ ကျွန်တော်က သွားပြီး သွေးကြောကိုချက်ချင်း ဖြေပေးလိုက်တယ်'

'အင်း... ဆက်ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ကျွန်တော်က သူ့ သွေးကြော ဖြေပေးပြီးတဲ့နောက် သူတအော်ကြီး ချက်ချင်း ထွက်ပြေးသွားတယ်၊ ကျွန်တော်လဲ နံပါတ်သုံးအခန်းအတွက် စိုးရိမ်တာနဲ့ ပြေးကြည့်လိုက်တော့ ချီးဖိုးဟို သွေးအိုင်ထဲလဲနေတာကို တွေ့ရပါတယ်....

'ဒါနဲ့ ရန်သူနောက်ကို ကျွန်တော်ချက်ချင်း လိုက်သွားပါတယ်၊ အဲဒီအချိန်တုန်းက လူသက်တရားခံ တိမ်လျှ ရှိမှန်း ကျွန်တော်မသိပါဘူး၊ ပြီးတော့ အရေးကြီးတဲ့တရားခံ ဖြဟ္မင်း ထွက်ပြေးသွားမှန်း မသိခဲ့ပါဘူး'

'ဪ....မင်း နံ့ ၂ ါတ်သုံးအချုပ်ခန်းကိုရောက်တော့ ချီးပိ ဟို သေနေပြီလားကွ'

ကျွန်တာချိက မေးခွန်းထုတ်လိုက်သဖြင့် စိန်ဝေယန်မှာ မျက်ခုံးမွေးမြင့်တက်သွားကာ ခဏစဉ်းစားလိုက်ပြီးမှ....

'အင်း....အဲဒီတုန်းက သွေးအိုင်ထဲမှာလဲနေပြီး သွေးကလဲ ကြမ်းပြင်ပေါ်မှာ ရဲနေတဲ့အတွက် သေပြီလို့ယူဆပါတယ်'

'ဒါဖြင့်သူဟာ ဘယ်လိုဒဏ်ရာနဲ့ သေတယ်ဆိုတာကောသိ သလား'

တစ်ချိန်လုံး ကျွန်တာချီအေးတွင် ငြိမ်သက်နေမသော ကျောက်လက်ဝါး မှတ်ရှေ့က ကြားဝင်မေးလိုက်ခြင်း ဖြစ် သည်။

'ဟုတ်ကဲ့...အဲဒီတုန်းက ကျွန်တော်က ရန်သူ့ရဲ့နောက်ကို လိုက်ဖို့အတွက် စိတ်စောနေတော့ သူ့ ဒဏ်ရာကို သေသေချာ ချာ မကြည့်မိခဲ့ပါဘူး၊ ဒါပေမယ့် ခေါင်းချက် မိထားတာလို့ တော့ ကျွန်တော်ပြောနိုင်ပါတယ်'



စိန်ဝေယန်၏စကားဆုံးသည်နှင့် မနီးမဝေးတွင် ရပ်နေ သော မုံ့စီးကျွင့်က ဝင်၍....

'ဒီလိုပါဆရာကြီး၊ ချီးပိဟိုဟာ ပထမ သွေးကြောကို အချက်အပိတ်ခံရပြီးမှ ရင်အုံကို ဓားနဲ့တစ်ချက် အထိုးခံပြီး သေ သွားတာပါ'

မုံ့စီးကျွင့်စကား ကြားလိုက်ရသောအခါ ကျောက်လက် ဝါးက စဉ်းစားလိုက်ပြီး....

'အင်း....တိမ်လျှ ရှိဟာ ချီးပိဟိုအပေါ် အငြိုးအတေးကြီး ရှိတယ်၊ သူ့ကိုသွေးကြောပိတ်ပြီးမှ အသေသတ်ခဲ့တယ်'

ကျောက်လက်ဝါးမှတ်ရှေ့၏ စကားဆုံးသွားသည်နှင့် လုံ ချိန်ဖုံးက ကြားဝင်၍ ကျွန် ာချီအား....

'ဒီလိုပါဆရာကြီး၊ တံခါးစောင့်တွေ ပြောကြတာကတော့ တိမ်လျှ ရှိခေါ်လာတဲ့ လူရှစ်ယောက်ဟာ ဒုက္ခတချစ်ဖော်တဲ့၊ အဲဒီဒုက္ခိတရှစ်ဖော်ဟာ ရက်စက်ကြမ်းကြုတ်ပြီး မကောင်းမှု ကိုသာလုပ်တဲ့ လူဆိုးတွေပဲ၊ ပြီးတော့ လင်နန်က လူဆိုးခေါင်း ဆောင်ကြီးလဲ ပါလာတယ် ဆိုတယ်၊ ဒါကြောင့် ပြဿနာ တွေရှုပ်လာလို့ ဆရာကြီးဆီ အကြံဉာဏ်လာတောင်းတာပါ'

'အင်း....ဒီလိုဆိုတော့ ဒုက္ခိတဂိုဏ်းက ဒုက္ခိတာ ရှစ်ဖော်လဲ ဒီကိစ္စဖောက်တဲ့ ကိစ္စထဲမှာ ပါလာတယ်ဆိုတော့ လိုရှိဓား အတွန့်လဲ ပတ်သက်နေမှာကွ'

ဆရာကြီးကျွန်တာချီသည်အမြော်အမြင်ကြီးသူပီပီ ပြဿနာ ဆက်စပ်တွေးတောကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာကြီး၊ ကင်းထောက်သမားတွေက သူတို့ ဆယ်ဘက်ယောက် အနောက်တောင်ဘက်ကို ထွက်ပြေးသွားတယ်လို့ ပြောပါတယ်၊ အဲဒီနေရာဟာ လိုရိတောင်ကုန်းများပြုစခန်းရှိတဲ့နေရာပဲဗျ'

အုပ်ချုပ်ရေးမှူးကြီး လုံကျိန့်ဖုံးက ပြောလိုက်သည်။

'ဒါမှဒုက္ခပဲ၊ ကျုပ်ခန့်မှန်းတာမှန်ရင်တော့ သူတို့ ဖုန်းကျမင်ကိုခြံရံပြီး လိုရိုတောင်ကုန်းကို ပြေးကြမှာပဲ၊ သူတို့ အဲဒီကခားပြုတွေနဲ့ပေါင်းပြီး ရှိကျိုးမြို့ကို ထပ်မံတိုက်ခိုက်လိမ့်မယ်၊ ကောင်းကျိုးနဲ့ လုကျိုးမှာရှိတဲ့ သူဆိုးတွေလဲ သူတို့နဲ့ပေါင်းပြီး ထကြွကုန်မှာပဲ'

ကျန်တာချိက အသေးစိတ်ရှင်းပြလိုက်သောကြောင့် ထိန်ဖူးရဲတိုက်ကြီး၏ အုပ်ချုပ်ရေးမှူးများဖြစ်ကြသော လုံကျိန့်ဖုံးနှင့် မုစီးကျင့်တို့မှာ တစ်ဦးနှင့်တစ်ဦး ကြည့်ပိုက်ကြ၏။

ဆရာကျန်တာချိ ဝေဖန်သည့်အတိုင်းသာဆိုရင် လူမိုက်တို့၏ခေါင်းဆောင် မင်းဖုန်းကျမင် ထွက်ပြေးလွတ်မြောက်သွားသည့်အတွက် အလွန်ကြီးကျယ်သော ပြဿနာကြီးတစ်ခုဖြစ်လာနိုင်သည် မဟုတ်ပါလား။

...★...



လုံကျိန့်ဖုံးက စိတ်ထဲတွင် စဉ်းစားလိုက်မိသည်။

ဖုန်းကျမင်ကား နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါ။

တိုင်းပြည်နှင့် လူမျိုးအပေါ် မင်းလုပ်ချင်သော လူဆိုးခေါင်းဆောင်တစ်ဦးဖြစ်သဖြင့် ဘုရင်မင်းမြတ် ကိုယ်တိုင်ကပင် အလေးထားရသည့်လူဖြစ်သည်။

သူသည် လူဆိုးများကို စည်းရုံးလှုံ့ဆော်ပြီး ပုန်ကန်ပါက တိုင်းပြည်ကမောက်ကမ မငြိမ်မသက်ဖြစ်လာနိုင်သည်။

ယင်းသို့ဖြစ်လာပါက ရဲတိုက်တာဝန်ခံများ အားလုံးမှာ မင်းပြစ်မင်းဒဏ်သင့်ရုံမက မိသားစုတစ်ခုလုံးပါ ကွပ်မျက်ခြင်းခံရပေမည်။

ထိုသို့တွေးမိသော လုံကျိန့်ဖုံးမှာ စိုးရိမ်ထိတ်လန့်သွားကာ....

'ဟုတ်ကဲ့၊ ဆရာကြီးရဲ့ ပြောကြားချက်ဟာ အလွန်မှန်ကန်တိကျပါတယ်ဗျာ၊ ဒါကြောင့်ကျွန်တော်တို့ကိုဘယ်လိုလုပ်ရမယ်ဆိုတဲ့ အကြံကောင်း ဉာဏ်ကောင်းများညွှန်ပြပေးပါဦး ဆရာကြီး'

'ဒါတွေထားပါဦးလေ၊ မင်းတို့ လွှတ်လိုက်တဲ့လူတွေက သူတို့ကိုတွေ့ခဲ့သေးလား'

ဆရာကြီး ကျန်တာချိ၏စကားကြောင့် လုံကျိန့်ဖုံး၏ မျက်နှာမှာ နီရဲသွားလေသည်။

'အိုး....ပြောရမှာတောင် ရှက်ပါတယ်ဆရာကြီး၊ ကျွန်တော်တို့လူတွေလိုက်ကြပေမယ့် ဖုန်းကျမင်တို့က သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်လွန်းတော့ မမှီအဲကျန်ခဲ့တဲ့လူတွေရှိသလို လူစုကွဲပြီး ဘက်သင်းသတ်ဖြတ်ခံရတဲ့လူတွေလဲ ရှိပါတယ်ခင်ဗျာ'

ထိုစကားကြောင့် ကျန့်တာချီသည် ရုတ်တရက် ထိုင်ရာမှ ထင်တပ်ရှုလိုက်သည်။

မျက်မှောင်ကြုတ်၍ လက်နှစ်ဖက်ကို နောက်ပစ်ကာ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေပြန်သည်။

အတန်ကြာ လမ်းလျှောက်ပြီးမှ....

'အခုပြဿနာဟာ အလွန်အရေးကြီးတယ်၊ ထကယ်လို့ ဖုန်းကျမင်တာ တစ်ကြိမ် ခေးပြုအုပ်စုနဲ့ ပြန်ဆက်သွယ်မိရင် အုပ်ချုပ်ရေးမှူးရဲ့စစ်တပ်အားလုံး ချီတက် တိုက်ခိုက်တာတောင် သူတို့ကိုနိုင်မှာမဟုတ်ဘူး'

ကျန့်တာချီ၏စကားကို အုပ်ချုပ်ရေးမှူးနှစ်ယောက်တား ထိတ်လန့်စွာ နားထောင်လျက်ရှိသည်။

'အဲဒီတော့ တစ်နည်းပဲရှိတယ်၊ သူတို့လိုရိုစခန်းက ခေးပြုအုပ်စုနဲ့ ဆက်သွယ်ခင်မှာ သူ့ကို အမိပြန်ဖမ်းဖို့ပဲ'

'ဟုတ်ကဲ့ ဆရာကြီး'

'ဒါမှ ပုန်ကန်ထကြွမှုကို အချိန်မီ နှိမ်နင်းနိုင်မှာ၊ ကဲ... မင်းတို့နှစ်ယောက်က လက်ရွေးစင် တပ်ဖွဲ့တစ်ဖွဲ့ကိုရွေးနယ်ပြီး ချက်ချင်းသွားပေတော့၊ အခုကိစ္စဟာ မြန်လေကောင်းလေပဲ....'

'အခုလို အကြံပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး'

လိုကျိုနှံဖူးက ဆက်လက်ပြီး....

'တစ်ခုတော့ရှိပါတယ်'



လိုကျိုနှံဖူးက စကားဆက်ကို ခဏရပ်လိုက်ပြီးမှ...

'ကျွန်တော်တို့ အခုအခါ တော်တော်ခက်ခဲနေပါတယ်၊ အခု ကျွန်တော်တို့ လက်အောက်မှာ ရဲအိုက်မှူးလေးယောက်ရှိပါတယ်၊ အခုတော့ နှစ်ယောက်ပဲ ကျန်ပါတော့တယ်'

'အင်း...ဟုတ်သားပဲ၊ တစ်ယောက်က သစ္စာဖောက် သွားတယ်၊ တစ်ယောက်ကတော့ သစ္စာဖောက်က သတ်သွားတာကိုး....'

'ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်တို့ နှစ်ယောက်က တိုက်ပွဲအတွေ့အကြုံရှိလို့ မကြောက်ပါဘူး၊ ဒါပေမယ့် အခု ဖုန်းကျမင်တို့လူစုဟာ ဒုစရိုက်လောကမှာ အင်အားအကောင်းဆုံး ခင်ဗျ၊ အကွက်တချက်ဖော်ရမယ်၊ လင်နန်မြိုက်သားရယ် ပါတဲ့အပြင် သိုင်းပညာအဆင့်သိပ်မြင့်မားတဲ့ ဖုန်းကျမင်လဲ ပါနေပါတယ်၊ ကျွန်တော်တက်မှာတော့ ဖုံးချိုယင်ရယ်၊ စိန်ခေယန့်ရယ်ပဲကျန်တဲ့အပြင် အထဲမှာလဲ သိုင်းဆရာ လေးယောက်ပဲရှိပါတယ်၊ အဲဒါ ဆရာကြီးကျန့်တာချီဆီက အကူအညီတောင်းချင်လို့ပါ'

'အင်း....အားလုံး အလုပ်များကုန်ပြီပေါ့ကွာ'

ကျန့်တာချီက ရယ်မောလိုက်ပြီး....

'အဲဒီ အခိုက်အတန့်ထိပ်ခေါင် ဖုန်းကျမင်ကိုဖမ်းဖို့ မင်းတို့ကို ပေါ်ကူညီချင်ပါတယ်၊ ဒါပေမယ့် သူထွက်ပြေးသွားတော့ ကျုပ်က ဘုရင်မင်းမြတ်ကို စောင့်ရှောက်ဖို့အရေးကြီးလာပြီ'

www.burmeseclassic.com

www.burmeseclassic.com



လုံကျိန့်ဖိုးက....

'ဟုတ်ပါတယ်ဆရာကြီးရယ်၊ ကျွန်တော်တို့....'

လုံကျိန့်ဖိုးက စကားကို ဆုံးအောင်မပြောနိုင်ပါ။

'ဘုရင့်လုံခြုံရေးက ပိုပြီးအရေးကြီးတယ်ကွ၊ တကယ်လို့ မင်းတို့က ဖုန်းကျမင်ကို မိအောင်မဖမ်းနိုင်ရင် ကျုပ်က ဘုရင့်အပေါ်မှာရှက်နေရတယ်၊ အဲဒါက ပိုပြီး စိတ်ချရတာပေါ့ကွာ'

'ဟုတ်....ဟုတ်ပါတယ် ဆရာကြီး'

လုံကျိန့်ဖိုးက ထစ်ထစ်အအနှင့် ဝန်ခံပြောလိုက်ရင်း....

'ဒီလိုပါ၊ မင်းတို့ဖနေနဲ့ ဖုန်းကျမင်ကို ဖမ်းဖို့မလွယ်မှန်း ငါသိပါတယ် အဲဒီတော့....'

ကျွန်တာချီသည် တပည့်ဖြစ်သူ ကျောက်လက်ဝါးမွတ်ရှေ ဘက်လှည့်ကြည့်လိုက်၏။

'ဟေ့ မွတ်ရှေ၊ မင်းသူတို့နဲ့လိုက်သွားကွာ၊ သူတို့ကိုမင်း အကူအညီပေးနိုင်မှာပါ'

ကျွန်တာချီ၏စကားကို ကြားလိုက်သောအခါတွင် ပထမ တော့ လုံကျိန့်ဖုန်းမှာအတော်ကြီးစိတ်မျက်သွားသည်။

သို့သော် ဆရာကြီးကိုယ်တိုင်က ဘုရင့်အပေါ်တွင် စော ကြပ်မည်ဟု ကြားရတော့မှပင် ထိုစကားသည် သဘာဝလည်း ကျသည်၊ မှန်လည်းမှန်ကန်သည်ဟု ယူဆမိ၏။

အကယ်၍သာ ဖုန်းကျမင်က ဘုရင်မင်းမြတ်ကို လုပ်ကြံ သွားပါက သူတို့အဖို့ ပို၍ပင် အပြစ် လေးသွားနိုင်စရာ သည်။



တစ်ဖန် ကျွန်တာချီက သူ၏အားအထားရဆုံးသောလက် ထောက်လည်းဖြစ် နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံသော ကျောက်လက်ဝါးကိုထည့်လိုက်သဖြင့် သူတို့မှာ အားတက် သွားလေသည်။

ထို့ကြောင့် ချက်ချင်း ဝမ်းသာအားရဖြင့်....

'ဟုတ်ကဲ့.... အခုလိုစီစဉ်ပေးတာ အလွန်ကျေးဇူးကြီးလှ ပါတယ် ဆရာကြီး။ ဘုရင်မင်းမြတ်ရဲ့ရှေ့တော်မှာ အဆင်ပြေ အောင် ကြည့်ပြီး လျှောက်ထားပေးပါဆရာကြီးရယ်၊ ကျွန် တော်တို့ကတော့ တရားခံကို အမြန်ဖမ်းဖို့ ဆုံးဖြတ်ထားပြီး ပါပြီ၊ ဘုရင်မင်းမြတ်ကို ဖုန်းကျမင် မနှောင့်ယှက်စေရပါဘူး ခင်ဗျာ'

ယင်းသို့ လုံကျိန့်ဖိုးက ပြောလိုက်သည်။

တစ်ဆက်တည်း ကျောက်လက်ဝါးဘက်လှည့်ပြီး ဦးညွှတ် လိုက်သည်။

'နောင်ကြီး ကျောက်လက်ဝါးကိုလဲ ကျေးဇူးတင်ပါတယ် ဗျာ'

မွတ်ရှေမှာ ငယ်ရွယ်သူဖြစ်သော်လည်း အလွန်ဉာဏ်ရွှင်ပြီး စကားမှာလည်း လိမ္မာသိမ်မွေ့လှပေသည်။

လူသည် ယဉ်ကျေးသိမ်မွေ့သော အထက်တန်း အရာရှိ ကြီးများ၊ မှူးမတ်များနှင့် ရင်းနှီးဆက်သွယ်နေရသူဖြစ်သဖြင့် အားလျော်စွာ သူကိုယ်တိုင်လည်း ယဉ်ကျေးသိမ်မွေ့လှပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လုံကျိန်ဖုံးနှင့် မုံစီး ကျင့်တို့ကို ပြုံး၍ ကြည့်လိုက်သည်။

သူသည် နာမည်နှင့်လိုက်အောင် ဒုစရိုက်သားတွေအပေါ် ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သဖြင့် ဒုစရိုက်သားလောက သေသည်။ သူ့နာမည်ကိုကြားလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြသည်။

သို့သော် မိတ်ဆွေများနှင့်ဆက်ဆံသောအခါတွင် အလွန်သိမ်မွေ့ယဉ်ကျေးသည်။

သူက ပြန်လည်အရိုအသေပေးလိုက်ပြီး....

'အုပ်ချုပ်ရေးမှူးတို့ ခင်ဗျာ၊ တရားခံကို ဖမ်းဖို့ကိစ္စဟာ ကျွန်တော့်ရဲ့တာဝန်ပါ'

တစ်ဆက်တည်းမှာပင် ဆရာကြီး ကျန်တာချိဘက် လှည့်ပြီး....

'စိတ်ချနေပါဆရာကြီးရယ်၊ ဖုန်းကျမင်ဆိုတဲ့ လူ့တိရစ္ဆာန်ရဲ့အကြံပျက်စီးစေဖို့ ကျွန်တော်ကြိုးစားပါမယ်'

'အင်း....မင်းကို ငါစိတ်ချမယ်၊ ဖုန်းကျမင်ဆိုတဲ့ ကောင်ရဲ့သိုင်းပညာက အလွန်မြင့်တယ်လို့ကြားဖူးတော့ ညာဏ်နီညာဏ်နက်လဲများတယ်ဆိုတော့ မင်း သူ့ကို မယှဉ်နိုင်ဘူး ထင်တယ်၊ အဲဒီတော့ မင်းသူ့ကိုဖမ်းတဲ့အခါမှာ သတိထားပါ'

ကျန်တာချိသည် ဖြူဆွတ်သောပါးသိုင်းမွှေးများကို ပွတ်သပ်ကာ ခြေးစဉ်းစားစားဖြင့် ပြောလိုက်သည်။

ကျောက်လက်ဝါးက လေးစားစွာ ဦးညွှတ် အရိုအသေပေးလိုက်သည်။



'စိတ်ချပါဆရာကြီး'

ကျောက်လက်ဝါးက ဦးညွှတ်ပြီး ကတိပေးလိုက်သော အခါ ဆရာကြီးကျန်တာချိက မျက်မှောင်ကုတ်၍ လေးလေးနက်နက် ပြောလိုက်ပြန်၏။

'အင်း...သူသာ ရက်စက် ကြမ်းကြုတ်ပြီး သန့်ကျင်သူမဟုတ်တဲ့ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်မယ် ဆိုရင် ထူးချွန်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရုံမက နိုင်ငံကလေးစားမယ့်သူဖြစ်မယ်၊ ဒီကောင့်ကို ရဲတိုက်ထဲပို့ပြီးကတည်းက သူ့လူတွေက ရဲတိုက်ဖောက်ပြီးသယ်ဖို့ စီသင်ပါးကြိမ်ဆက် မနည်းကြံခဲ့ကြတယ်တဲ့....

အခုအချိန်မှာ မြောင်မြို့ကသေးခွင်ခေလေး လီမိုင်ရှိန်း သူ့ဇနီးမိုင်မှာသွားလူရှယ်၊ ထောင်စခန်းက စခန်းမှူးကျိန်ရှိုဟို မောင်ဒီနယ်အနီးမှာရောက်နေတော့ သူ့ကိုအစီတွေ့ကို စစ်ကူပေးဖို့ ငါ့စာရေးအကြောင်းကြားလိုက်မယ်၊ အုပ်ချုပ်ရေးမှူးတို့ ဘယ်လိုသဘောရသလဲ'

'အို....ဒီအစီအစဉ် ကောင်းပါတယ်ဆရာကြီး'

လုံကျိန်ဖုံးနှင့် မုံစီးကျင့်ကိုသည် တစ်ပြိုင်တည်းပင် ဝမ်းသာအားရ ပြောလိုက်ကြလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား...ဟား'

ကျွန်တာချီသည် အားရပါးရ ရယ်မောလိုက်သည်။

သူသည် သူ၏ အစီအစဉ်များကို အတော်ကြီးစိတ်ကျေနပ်သွားသည်။

'ဟိတ်...ကြယ်ကလေး လာစမ်း'

အခန်းကြီး၏ ဝဲဘက်တွင် မတ်တပ်ရပ်နေသော အသက်နှစ်ဆယ်ခန့် လူရွယ်တစ်ဦးသည် သူ့အား ခေါ်လိုက်သည်နှင့် ငှက်မွှေးတောင်တပ် ကလောင်ကြီး စိုက်ထားသည့် စားပွဲပုကလေးဘေးတွင် ထိုင်လိုက်ပြီး စားပွဲပေါ်မှ စာအုပ်ကြီးကို လှန်လိုက်သည်။

ထို့နောက် ငှက်မွှေးအရောင်ကို ကြွေမင်အိုးထဲသို့ နှစ်ကာ စာရေးရန်အသင့် ပြင်လိုက်သည်။

သူသည် စာပေသမားတစ်ယောက်ဖြစ်ပြီး စာရင်းပြုစုရသော တာဝန်ယူထားသူ တစ်ဦးဖြစ်သည်။

ကျွန်တာချီသည် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ပါးစပ်နှင့်ပြောပြနေသည်ကို ကြယ်ကလေးက လိုက်၍ ရေးသားရလေသည်။

'သခင်လေး၊ လီပိုင်ရှီ့ ရဲ့ဇနီးထံကို ဘုရင့်အကြံပေးပုဂ္ဂိုလ် ကျွန်တာချီက ပေးလိုက်သောစာလို့ ခေါင်းစဉ်တပ်ပြီး ချက်ချင်း မြည်းသည်တော်ကို သွားပို့ခိုင်းလိုက်'

'ဟုတ်ကဲ့...သခင်ကြီး'



ကြယ်ကလေးက ခေါင်းညိတ်လိုက်ပြီး ချက်ချင်းပင် စာကို လိပ်၍ ကြေးဘူးတွင်ထည့်ကာ မြင်းစင်းပေါက်ဆီ လျှောက်သွားသည်။

အောက်တွင် အရေးပေါ် စာပေးစာယူဆက်သွယ်မည့် အထောက်တော် မြင်းသည်တော် တစ်ဦးက ရပ်၍စောင့်လျက် ရှိသည်။

'ဟိတ်...မြောင်မြို့က သခင်လေး လီပိုင်ရှီ့ထံ အမြန်ပို့'

စာရေးလေးက ဘူးကိုအောက်သို့ ပစ်ပေးလိုက်ရာ မြင်းသည်တော်က အောက်မှဖမ်းယူကာ မြင်းပေါ်ခုန်တက်၍ ဒုန်းစိုင်းသွားလေတော့သည်။

...★...

သိုင်းလောကတွင် အင်အား အတောင့်တင်းဆုံးသော ဂိုဏ်းလေးဖွဲ့ရှိသည်။

ပထမ ထုံးပေါင်ခေါ် အရှေ့စခန်းဂိုဏ်း....

ဒုတိယ နန်ကြိုင်ခေါ် တောင်ပြင် စခန်းဂိုဏ်း....

တတိယ စီးကျင့်ခေါ် အနောက်မြို့ဂိုဏ်း....

စတုတ္ထ ပေချိန်ခေါ် အပြင်မြို့ဂိုဏ်းများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် တောင်မြှင့်စခန်းက စခန်းမှူး ကျီရိုဟိုသည် ငါးအားအားစခန်းကို တာဝန်ကျသူအား အပ်နှံလျက် ကျန်တာ ချိုယံ အလေ့အပတ် ရောက်ရှိလျက် ရှိနေချေသည်။

သူ့ စာပို့ခိုင်းလိုက်သော မြောင်မြို့မှ သခင်လေး လီပိုင်ရှိကမူ အသက် နှစ်ဆယ်ခန့်ကျော် လူငယ် သိုင်းပညာရှင်တစ်ယောက်ဖြစ်၏။

နှုတ်ခမ်းရှည်၊ လက်ရှုံးရှည်ခွင့် ပြည့်စုံသူ တစ်ယောက်ဖြစ်သည်။

သူ၏ဇနီး ပိုင်ဟွားလှူမှာလည်း ရုပ်ရည်ချောမောလှပသည့်အပြင် သိုင်းပညာစွမ်းရည် ထက်မြက်သူဖြစ်၍ နာမည်ကြီးလှသည်။

ချန်ကျိုးမြို့သို့ သူတို့ မပြောမီက ရောက်လာခဲ့သဖြင့် ဆရာကြီး ကျန်တာချိုက သူတို့ထံမှ အကူအညီပေးရန် စာပေး၍ ခိုင်းလိုက်ခြင်းဖြစ်သည်။

သူတို့သည် ကျန်တာချိုကဲ့သို့ ဘုရင့်အကြံပေးပုဂ္ဂိုလ်ကြီးကို ကြည်ညိုလေးစားကြသူတွေ ဖြစ်သောကြောင့် ကျန်တာချို ဖိတ်ခေါ်လိုက်သည်ကို ငြင်းပယ်မည့်သူများ မဟုတ်သည့်အပြင် ဝမ်းသာအားရ လက်ခံကြမည်သာ ဖြစ်သည်။

သို့ဖြစ်၍ အဆင့်မြင့် သိုင်းပညာရှင်များ ဖြစ်သော ကျီရိုဟိုနှင့် လီပိုင်ရှိတို့အား စစ်ကူအဖြစ်ရအားသော အုပ်ချုပ်ရေးမှူးကြီး လုံကျိန်ဖုံးနှင့် လူ၏လက်ထောက် မုစီးကျင့်တို့မှာ ကျန်တာချိုအား ပို၍ လေးစား ကြည်ညို မိကြတော့သည်။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ...



ကျန်တာချိုကပင်...

'ကဲ...မင်းတို့ အချိန်ရှိတုန်း လုပ်စရာရှိတာ လုပ်ကြမပေါ့၊ ငါက လူလွှတ်ပြီး စခန်းမှူးကျီရိုဟိုဆီကို စာပို့လိုက်မယ်'

'ဟုတ်ကဲ့...ဆရာကြီး'

လုံကျိန်ဖုံးက...

'သခင်လေးလီပိုင်ရှိကလဲ စာရရချင်းတို့နဲ့ လာတွေ့မယ်ထင်ပါတယ်'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

'မှတ်ရှေ၊ မင်းလိုက်သွားဖို့ပြင်တော့ကွ'

'ဟုတ်ကဲ့'

လုံကျိန်ဖုံးက အထူးပင်ကျေနပ်ကာ ကျန်တာချိုအား ဦးခေါင်းညွှတ် အလေးပြုလိုက်သည်။

ကျောက်လက်ဝါးကမူ ငြိမ်သက်စွာရပ်နေရာမှ ဆရာကြီးထံ ခေါင်းညွှတ်အရိုအသေပြုလိုက်သည်။

'ဟုတ်ကဲ့၊ ဒါဆိုရင် အုပ်ချုပ်ရေးမှူးတို့ ပြင်ဆင်စရာရှိတာကို ပြင်ဆင်ပါ၊ တပ်မှူးတို့ပြင်ဆင်နေတုန်း ကျွန်တော် ထိန်မှူးရဲ့တိုက်ကြီးကို တစ်ခေါက်လောက်သွားရောက်ပြီး စုံစမ်းခဲ့မယ်လေ'

ကျောက်လက်ဝါးမှတ်ရှေက တည်ကြည်ခန့်ညားစွာပင် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကျိန့်ဖုံးက ခေါင်းညိတ်လိုက်သည်။

သူ့အဖို့ ဉာဏ်ပညာထက်မြက်၍ လက်ရုံးရည်ပါပြည့်စုံသော သိုင်းပညာရှင် လူငယ်တစ်ဦးကိုရသဖြင့် ဝမ်းသာနေမိသည်။

'ကောင်းပါပြီ၊ မင်းကိုပဲ အားကိုးပါရစေကွာ'

လုံကျိန့်ဖုံးက ကျောက်လက်ဝါး မှတ်ရွှေကို အားကိုးတကြီးဖြင့် ပြောလိုက်သည်။

ထိုနေရာတွင်...

မုံစီးကျင့်မှာ လုံကျိန့်ဖုံးနှင့် အနည်းငယ်သဘောထားခြားနားသည်။

သူ၏သဘောထားယူဆချက်မှာ....

ကျောက်တက်ဝါးသည် ငယ်ရွယ်နုနယ်သူဖြစ်ပြီး ကျန်တာချီ၏ အရှိန်အဝါကြောင့်သာ ယှော်ကြားခြင်းဖြစ်သည်ဟု ယူဆထားမိသည်။

တစ်ဖန် ကျောက်လက်ဝါးမှတ်ရွှေ၏ အပြုအမူကိုလည်း သဘောမတွေ့လှချေ။

အကြောင်းမှာ....

ယခုကဲ့သို့သော သေရေးရှင်ရေးတမျှ အရေးကြီးနေသော အချိန်တွင် သူက ထိန်ဖွူးရဲဘိုက်ကို သွားလေ့လာဦးမည်ဟု ဆိုလာသောကြောင့် ဖြစ်သည်။



မုံစီးကျင့်က....

'ဆရာသွားချင်လဲ သွားပေါ့ကွာ၊ ဒါပေမယ့် ဗြဟ္မာမင်းနဲ့ လင်နန်ငမိုက်သားကတော့ ထွက်ပြေးလွတ်မြောက်သွားပါပြီ'

မုံစီးကျင့်၏ဆိုလိုရင်းမှာ ယခုအချိန်တွင် တရားခံများက ထွက်ပြေးသွားပြီဖြစ်သောကြောင့် 'မင်းရဲတိုက်သဲကိုသွားလဲ အကျိုးမထူးပါဘူးကွာ'ဟု ပြောလိုက်ခြင်းဖြစ်သည်။

သို့သော်....

ကျန်တာချီ၏ သဘောပေါက်သွားသည်။

ထို့ကြောင့် သူကရယ်လိုက်ပြီး....

'အင်း.... ငါ့ရဲ့တပည့်ကို တစ်မျိုးမထင်မါနဲ့ကွာ၊ သူဟာ အမှုစုံစမ်းတဲ့နေရာမှာ တစ်မူထူးခြားတဲ့အမြင်တွေ ရှိတယ်ကွ၊ အဲဒီတော့ မင်းတို့ ငါ့ကိုယုံရင် သူ့အကြံကိုလဲ လက်ခံလိုက်ပါ'

မုံစီးကျင့်က....

'ဟုတ်ကဲ့ ဆရာကြီး'

ကျန်တာချီက....

'အေး.... ထပ်ပြောမယ်ကွာ၊ ငါ့ကိုယုံသလို သူ့ကိုလဲ စိတ်ချလက်ချနဲ့ ယုံကြည်ပါ'

'ဟုတ်ကဲ့ပါ ဆရာကြီး'

လုံကျိန့်ဖုံးကလည်း....

'ဟုတ်ကဲ့၊ ကျွန်တော်တို့ယုံကြည်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ချိုကိုယ်တိုင်က သူ့တပည့်ကျောက်လက်ဝါးအား လုံးဝပုံအပ်လိုက်သည်မှာ သူ့ကိုယ်တိုင်မည်မျှအားကိုးကြောင်းကို ထုတ်ဖော်ပြလိုက်ခြင်းပင်။

ကျွန်တော်ချိုကိုယ်တိုင်က ကျောက်လက်ဝါးအပေါ် အမှန်အတိုင်း ပြောဆိုလိုက်သောကြောင့် လုံကျိန့်ဖုံးမှာ အံ့အားသင့်သွားမိတော့သည်။

—★—

နာမည်ကျော် ထိန်ဖူးရဲတိုက်ကြီး၏ ဂိတ်တံခါးရှေ့တွင် အပြာရောင်ဝတ်စုံနှင့် ဘုရင့်အမှုထမ်း သိုင်းသမားတစ်ဦး ရောက်လာသည်။

ထိုသူကား....

ကျွန်တော်ချိုကိုယ်စား တာဝန်ယူဆောင်ရွက်ပေးရန် ရောက်လာသော ကျွန်တော်ချို၏တပည့်ဖြစ်သူ ကျောက်လက်ဝါးမွတ်ရှေမင်ဖြစ်၏။

ဆောင်းနှလေသည် ကြမ်းတမ်းစွာ တိုက်ခတ်လျက်ရှိသည်။

လေသံက တရှူးရှူးအော်မြည်နေ၏။

လေသံနှင့်အတူ ဖြူဖွေးသောနှင်းတွေက တဖွဲဖွဲကျနေ၏။



ခပ်ဖျော့ဖျော့ခြေရာသည် နှင်းပြင်ဝယ် ထင်နေသေး၏။

ထိန်ဖူးရဲတိုက်ကြီး၏ လေးဘက်သေးတန်ကာရံထားသော …တံတိုင်းနှင့် အဆောက်အအုံများပေါ်ဝယ် နှင်းများဖြင့် …ဖုံးခြုံလျက် ရှိနေ၏။

ကျောက်လက်ဝါး မွတ်ရှေသည် ရဲတိုက်ကြီးကို ကြည့်ကာ …တွေးနယ်ချဲ့လျက် ရှိနေသည်။

…သည်ရဲတိုက်ကို သူ ကြိမ်ကြိမ်ရောက်ခဲ့သည်။

တရားခံများကိုလည်း သူကိုယ်တိုင် ရဲတိုက်အတွင်းသို့သွင်း…ခဲ့သည်။

တရားခံများသည် ရဲတိုက်ကြီးအတွင်းမှ ပြန်၍ထွက်လာသောအခါတွင်ကား သူတို့၏ဆံပင်တွေမှာ နှင်းပွင့်ပမာ ဖြူဖွေးလျက်ရှိခဲ့ပြီ။

အကယ်၍ သေဒဏ်ပေးခြင်း ခံရသူများဆိုပါက သည်ရဲ…တိုက်အပြင်သို့ ပြန်လည်ထွက်လာရန်မှာ အကြောင်းမရှိပြီ။

အပြစ်ကြီးသော တရားခံများအဖို့ ဤရဲတိုက်ကြီးသို့ …ရောက်လာခြင်းသည် ငရဲပြည်သို့ရောက်လာခြင်းနှင့် မခြားပါ…ချေ။

သည်နိုင်ငံတွင် လုံခြုံစိတ်အချရဆုံး နေရာတစ်နေရာ ဖြစ်မည် …ဆိုလျှင် ဤထိန်ဖူးရဲတိုက်ကြီးကို ညွှန်ပြရပေလိမ့်မည်။

နာမည်ကြီး လူဆိုးထိပ်တန်းသိုင်းသမား ကျောက်လက်ဝါး…သည် သူဖမ်းဆီးခဲ့သော တရားခံများမှာ အဆင့်မြင့်သိုင်း…သခင်တွေ ပါဝင်ခဲ့သည်ကို တွေးမိသောအခါဝယ် သက်…ပြင်းမှုတ်၍ ရှူရှိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာဝေးနေပြီးမှ ရဲတိုက်တံခါးဝသို့ လျှောက်လာသည်။

အစောင့်များက မှတ်ရွှေခေါ်ကျောက်လက်ဝါးကို ဘုရင့်ညွှန်းသခား လူဆိုးထိန်း လူစွမ်းကောင်းတစ်ဦးဟု သိထားကြသည်။

ထို့ကြောင့်....

အစောင့်များမှာ ဘာမှမမေးမြန်းရဲဘဲ ကြောင်အမ်းတမ်းဖြင့်သာ ကြည့်နေကြသည်။

'ဟိတ်....တံခါးဖွင့်စမ်း'

ကျောက်လက်ဝါးက ဘာစကားမှ ပြောစရာမလို၊

ဘာအထောက်အထားမှ ပြစရာမလို၊

အော်ဟစ်၍ အမိန့်ပေးလိုက်ရာ....

'ဂျိမ်း....'

ရဲတိုက်တံခါးမကြီးမှ လူတစ်ကိုယ်စာဝင်နိုင်သော အပေ ပေါ်တံခါးကို ဖွင့်ပေးလိုက်ရသည်။

သူသည် ရဲတိုက်ကြီးအတွင်း ဟိုတိုသည်သည် အနှံ့လို ကြည့်သည်။

ရဲတိုက်တံခါးမှူး ရဲတိုက်အမှုထမ်းများသည် ကျောက်လ ဝါးနောက်မှ လိုက်လာကြသည်။

ကျောက်လက်ဝါးကလည်း ဘာမှမမေးသေး၊

ရဲတိုက်တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှု စစ်မှဆေးပြီးသော အခါမှ မှတ်ရွှေက တံခါးမှူးအား ရှုတ်တရက်လှည့်ကာ မေး လိုက်သည်။



'ကိမ်လျှရိ တရားခံတွေကိုလိမ်ထုတ်သွားတော့ မင်းဒီမှာ ရှိသယားကွ'

တံခါးမှူးသည် ကျောက်လက်ဝါးက တရားခံများကိုဖမ်းလာစဉ်က လိုက်ပါဖူးသောကြောင့် ကျောက်လက်ဝါး၏ ပညာ တက်မြွက်မှုန်း သိရှိထားလေသည်။

တံခါးမှူးမှာ ကျောက်လက်ဝါး ရဲတိုက်အတွင်းရောက်လာသည်နှင့် အသင့်ဆီးကြိုကာ နောက်မှလိုက်လာခဲ့သည်။

ယခု....

သူ့ကိုတိုက်ရိုက် မေးနေလေပြီ။

ထို့ကြောင့်ပင် သူသည် မဝံ့မရဲဟန်ဖြင့်ပင် ဖြေလိုက်လေသည်။

'မင်္ဂလာပါ ဆရာမှတ်ရွှေ၊ အခင်းဖြစ်မှာတုန်းက ကျွန်တော်ဟာ တံခါးဝမှာ အစောင့်ဘာဝန်ကျနေပါတယ်၊ အဲဒါကြောင့် အားလုံးကိုအသေးစိတ်သိပါတယ် ခင်ဗျာ'

'အင်း....ဟုတ်ပြီ၊ ဒါဆို မင်းသိသမျှ ပြန်ပြောကွာ'

သို့ဖြင့်....

သူက စိတ်ပါလက်ပါ ရဲတိုက်ဖောက်ပြေးသော တရားခံများအကြောင်းကို အသေးစိတ် ရှင်းပြလိုက်သည်။

ထို့နောက်....

ရဲတိုက်မှူး ဖိုးချိုယင်အကြောင်းလည်း ပြောပြသည်။

'အင်း....ဖိုးချိုယင်၏ ကိုယ်ဖော့ပညာ မဆိုးဘူး၊ ဒါပေမယ့် အဲဒီတုန်းက ကျွန်တော်တို့ စဉ်းစားမိပါတယ်၊ ဖိုးချိုယင်

www.burmeseclassic.com



ဘာ ဆူနီမိန်းမကို အရင်ပြန်မကြည့်ရင် ရန်သူရဲ့နောက်ကို နိမ်နင်းတဲ့အတွက် အရှင်ဦးအောင် ချောက်နိုင်မှာပါခင်ဗျ'

တံခါးမှူးသည် ရိုးဖြောင့်သူပီပီ စိတ်ထဲတွင်ရှိသမျှ အရင်းခံပေါ်ပြီးဆိုက်သည်။

ထိုအခါတွင် ကျောက်လက်ဝါး၏ မျက်လုံးများမှာ ဖျတ်ခနဲ အရောင်လင်းလာသည်။

ကြည်လင်လာသည်။

မြူးလျှင် စိတ်ဝင်စားစွာမေးလိုက်မိသည်။

'ဖုံးချီယင်က သူ့မိန်းမကို အရင်သွားကြည့်တာ အဲဒါကို မင်းဘာယီလို့လုပ်သိသလဲ'

'ဒီလိုပါဗျာ၊ သူ့ရဲ့မိန်းမဟာ ကျွန်တော့်နှမမို့ ကျွန်တော်သိတာပါ။ ဒါပေမယ့် သူတို့က မယူရသေးပါဘူး၊ ယူမယ်လို့ပြောတာ နှစ်နှစ်သောက် ကြာခဲ့ပေမယ့် မယူဖြစ်သေးပါဘူး'

ကျောက်လက်ဝါးသည် တံခါးမှူး ၇ ပျော်ပျော်ပါးပါးနေထိုင်သူဖြစ်၍ နောက်ပြောင်လေ့သလားတု ထင်လိုက်မိသည်။

သို့သော်....

ဤသို့မဟုတ်ပါ။

မဟုတ်ကြောင်းကို မကြာခင်ပင်သိလိုက်သည်။

တံခါးမှူးက အစ်စံ့ဘာစ်ခုကို လှမ်းဆွဲလိုက်ဟန်ဖြင့်....

'ဟေ့ ညီမ...လာစမ်းကွာ၊ ဟောဒီက ဆရာမှတ်ရှေ့နဲ့ ခဏလာတွေ့စမ်းပါ ပြောစရာရှိနေလို့'



သူ့ကလှမ်းခေါ် လိုက်သည့်အတွက် ကျောက်လက်ဝါးသည် နောက်ဘက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။

မနီးမဝေးတွင် ထမင်းထည့်ထားသော သစ်သားပုံးများကို ဆွဲလာသည့် အမျိုးသမီးကို တွေ့ရသည်။

ထိုအမျိုးသမီးကိုတွေ့ရသောအခါဝယ် ကျောက်လက်ဝါး အဖို့ ခိုရမကို ရုတ်ရုတ်ကိုဖြစ်သွားကာ သူသည် ဖုံးတစ်ခုကို ထွန့်ထိုက်မိလေတော့သည်။

★

## သူ့ ဖုန်း စား ကင်း တပ် ဖွဲ့

သူသည် မရဲယ်မိရန် မနည်းထိန်းချုပ်ထားရလေသည်။

သို့သော် ဝမ်းထဲက ကြိတ်၍ရယ်နေမိပါသည်။

ဟုတ်သည်၊

သူမြင်ရသော အမျိုးသမီးမှာ အရှိုးအဆစ်ကြီးပြီး သစ်သားစည်နှင့်တူ၏။

အသံကလည်း ကျယ်လောင်ပြီး နှုတ်ခမ်းတွဲတွဲဖြင့် ရုပ်ဆိုးတစ်ယောက်ဖြစ်၏။

ပထမတွင် ကျောက်လက်ဝါးက ဤအမျိုးသမီးကို ရန်သူ၏သူလျှိုဟုထင်မိခဲ့သော်လည်း အခြေအနေကို အနီးကပ်လေ့လာကြည့်မှ မဖြစ်နိုင်မှန်း တွက်ဆလိုက်မိ၏။



ဤအမျိုးသမီးမှာ သိုင်းပညာ မတတ်သည့်အပြင် လိမ်မှာပါးနပ်မှုလည်း ရှိပုံမရသည်ကို အကဲခတ်မိ၏။

အမျိုးသမီး သူ့အနားသို့ရောက်သည်နှင့် ဟောင်ဖွာ ဟောင်ဖွာဖြင့်အော်၍ ပြောသံက သံပုံးတီးသလိုကျယ်လောင်လှပေသည်။

"အို...ဒီတစ်ခါလာတာ စောလှချည်လား၊ ဆရာမှတ်ရှေး ရဲ့ မနေ့ကအဖြစ်ဟာ ကြောက်စရာလန့်စရာပဲ၊ အခုရဲတိုက်ထဲက တရားခံနှစ်ယောက်လောက် ထွက်ပြေးသွားတော့ အစ်ကို ဖုံးချိုယင်လဲ စစ်တိုက်ထွက်ရမတော့မှာပဲ"

သူ့လိုအမျိုးသမီးက ရဲတိုက်မှူး၊ ဖုံးချိုယင်ကို ရင်းရင်းနှီးနှီးခေါ်ပြောနေသဖြင့် ကျောက်လက်ဝါးမှာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။

သူမသည် မှတ်ရှေး၏ စကားပြန်ကိုပင် စောင့်မနေတော့ဘဲ ရှေ့ဆက်၍ မလျှောက်သွားလေသည်။

တံခါးမှူးနှင့် ကျောက်လက်ဝါးမှတ်ရှေးတို့သည် ဆက်၍ လျှောက်လာခဲ့ရာမှ ရုတ်တရက်ခပ်စောစောက တံခါးမှူးပြောသောစကားကို အမှတ်ရသဖြင့် ချက်ချင်းပင် သူ့ကို ပြန်မေးမိသည်။

"ဘာလဲ၊ ခုနက ခင်ဗျားပြောတာ ရဲတိုက်မှူးကြီး ချီးပိုဟိုရဲ့ အော်သံကြားပြီး မကြာခင် တိမ်လျှိုရှီဆိုတဲ့ကောင်က တရားခံကိုခေါ်ပြီး ချက်ချင်း ထွက်ပြေးသွားတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



'တံခါးမှူးက...

'မှတ်မိပါတယ် ဆရာ'

မှတ်ရှေ့က....

'သေသေချာချာ စဉ်းစားပါ၊ အချိန်မှတ်တာ လွဲနေလေးလို့'

တံခါးမှူးက ခေါင်းသွင်သွင် ခါလိုက်သည်။

'အို...မမှား နိုင်ပါဘူးဗျာ၊ ဆရာမယုံရင်သူတို့ကိုမေးကြည့်ပါဦး'

နံဘေးမှ အစောင့်တွေက သူ၏စကားကို ချက်ချင်းပင် ထောက်ခံလိုက်ကြသည်။

နောက်ပိုင်းတွင် တံခါးမှူးက သူတို့ချင်း မကြာခဏ ရန်ဖြစ်၍ ထိုးသတ်ခဲ့ဖူးကြောင်းပါ ရှင်းပြလေသည်။

သူတို့၏ ယူဆချက်ကား ရန်ပွဲဖြစ်ခဲ့သောကြောင့် အနဲ မကြာသော တိမ်လျှရှိက အခွင့်ကောင်းယူ၍ ရဲတိုက်မှူး ချုံးဖိုဟိုကို ရက်စက်စွာ သတ်ခဲ့သည်ကို ထင်ကြေးပေးကြလေသည်။

'ကျွန်တော်တို့ ထင်တာက ချုံးဖိုဟို သေရတာဟာ တိမ်လျှရှိနဲ့မတဲ့ဘဲ မကြာခဏ ရန်ဖြစ်ခဲ့ပြီး လက်သီးထိုးပွဲတွေ ဖြစ်ခဲ့လို့ပဲဗျ၊ ဒါ့ကြောင့် တိမ်လျှရှိ အခဲမကျေဘဲ အခုလို အခွင့်ရတုန်း သတ်သွားတာလို့ ထင်ပါတယ်'

'အင်း... အစောင့်တွေ ရဲ့ထွက်ဆိုချက်အရ ဆိုရင်တော့ ဖုံးချိုယင်နဲ့ တိမ်ဝေယန်တို့ရဲ့ ထွက်ဆိုချက်တွေအားလုံးဟာ



အမှန်တွေမဟုတ်ဘူးလို့ဖြစ်သွားတာ ဖြစ်လိမ့်မယ်၊ ဒီတော့ ချုံးဖိုဟို အသတ်ခံရတာနဲ့ ပတ်သက်ပြီး တရားခံကို ဘယ်လို ရှာမလဲ'

ကျောက်လက်ဝါးသည် ထိုစကားအတွက်ဖြေမပြောပါ။

သူ့စိတ်ရင်ထဲကသာ ပြောမိသည်။

မတင်မကျနှင့်ဖြစ်နေသော ကျောက်လက်ဝါးမှာ နောက်ထပ် စစ်ဆေးမနေတော့ဘဲ အခင်းဖြစ်ပွားရာ ရဲတိုက်ကြီး အတွင်း ကြိုးတိုက်အချုပ်ခန်း အမှတ်တစ်၊ အမှတ်နှစ်နှင့် အမှတ်သုံးဆောင်များဆီသို့ ဝင်ရောက်စစ်ဆေးရန်ထွက်သွားလေတော့သည်။

★

'ဟိတ်.... အားလုံးစုံပြီလား'

လုံကျိန့်ဖုံးက အိမ်ကြီး၏ရှေ့ကွက်လပ်တွင် စုရုံးနေသော သူ့အဖွဲ့ဝင်များကို တစ်ဦးစီကြည့်၍မေးလိုက်သည်။

'ဟုတ်ကဲ့၊ အမှတ်တစ်အဖွဲ့၊ အမှတ်နှစ်အဖွဲ့၊ အမှတ်သုံးအဖွဲ့ အားလုံးစုံပါပြီ'

လုံကျိန့်ဖုံးသည် သူ၏တပ်ဖွဲ့ဝင်များအား ကြည့်ရင်း သူ့ လက်ထောက် မုံစီးကျင့်ကိုလည်း ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အားလုံးကောင်းပါတယ် အုပ်ချုပ်ရေးမှူးကြီး၊ ဟိုလူလို ကြည့်ပါဦး'

မှူးစီးကျင့်က မလှမ်းမကမ်းရှိလူတစ်ယောက်ကို လက်ညှိုးထိုးပြကာ ပြောလိုက်၏။

အဝတ်အစားမှာစုတ်ပြတ်ပြီး ကျောတွင် အထုပ်ကြီးတစ်ထုပ်နှင့် မြေနှင့်တူသော တုတ်ချောင်းကြီးတစ်ချောင်း ကိုင်ထားကာ လက်နှင့်ခြေထောက်တွင် ပတ်တီးစည်းထားသော လူရွယ်တစ်ဦး။

သူ၏ဦးခေါင်းတွင် ဦးတုပ်စုတ်ကြီးတစ်လုံး၊ လက်တွင် မြေအိုးပဲ့ကြီးတစ်ခု၊ မျက်နှာတွင် သားရေမဲ့အဝိုင်းလေးတစ်ချပ် မျက်လုံးတစ်လုံးကိုပိတ်ထားကာ ကြိုးစည်းထားသဖြင့် မျက်လုံးတစ်ဖက်ကန်းနေသည့် သူတောင်းစား တစ်ယောက် ဖြစ်မည်ဟု ထင်ရသည်။

သူ၏ဦးခေါင်းမှာ တစ်ခါခါ၊ ခြေထောက်ကလည်း လမ်းလျှောက်ရာတွင် မညီမညာဖြစ်နေသေးသည်။

'အာပုံ'

မှူးစီးကျင့်ကခေါ်လိုက်၍ သူတောင်းစား အာပုံသည် ထော့နဲ့ထော့နဲ့ဖြင့် လျှောက်လာသည်။

'မင်းရဲ့အစွမ်း ပြလိုက်စမ်းကွာ'

'ဟုတ်ကဲ့'

အာပုံသည် ရုတ်တရက်မြေပေါ်သို့ထိုင်ချကာ သူ၏တုတ်ကြီးကို ရှေ့သို့ချ၍ ပလွေကိုခါးမှထုတ်ကာ မှုတ်လိုက်သည်။



မကြာမီမှာပင် တုတ်ကြီးသည် မြွေဟောက်တစ်ကောင်အဖြစ် တလှုပ်လှုပ်ဖြစ်လာပြီး ခုန်၍ ခုန်၍ ထလာသည်။

'တောသားလေးကျွန်တော်...မြွေမင်းသား
မဟုတ်ပါ၊ မြွေအစုတ်ပလုပ်လေးမို့... သနား
ပါ... အသပြာထမင်းဖိုး ပေးပါခင်ဗျာ...'

အာပုံက ပလွေမှုတ်နေရာမှ နားကြားပြင်းကပ်စရာသံချင်းတစ်ပုဒ်ဆိုလိုက်ရာ အားလုံးက တဟားဟားရယ်မောလိုက်ကြသည်။

'ဟား... ဟား... ဟား'

လိုက်ရှိန်ဖုံးပင် မနေနိုင်ဘဲ ရောရှီရယ်မောလိုက်မိသည်။

ဒီကောင် သူတောင်းစားလုပ်တာ သဘာဝကျတယ်မဟောင်းနဲ့ဘယ်သူပါလဲ'

'အားလုံးသုံးယောက်ပါ'

အာပုံကပြောလိုက်စဉ် သူ့အဖော်နှစ်ယောက်မှာ လူအုပ်ထဲမှ ခုန်ဆွခုန်ဆွဖြင့် ထွက်လာကြသည်။

'ဟဲ... ဟဲ... ဟဲ'

သူတို့၏မျက်နှာများကလည်း ပြုံးစိစိဖြစ်နေသည်။

'ဟား... ဟား... ဟား'

လူများကဝိုင်း၍ရယ်မောလိုက်သည်။

မှူးစီးကျင့်က...

'ကဲ... မင်းတို့သူတောင်းစားတွေက ရှေ့ပြေးကင်းပါ၊ အရေးကြီးရင် ကြိုးသလို တပ်ဖွဲ့နှစ်ကမှ တပ်ဖွဲ့တစ်ခုပို့မယ် အသွားကြတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ရဲတိုက်မျိုး'

အာမှုန့် သူတောင်းစားကဲ့သို့ ရုပ်ဖျက်သွားသော တပ်သားများသည် တစ်ခဏချင်းပင် လူအုပ်ထဲမှ ပြန့်ထွက်သွားကြတော့သည်။

သူတို့သွားပုံမှာ လျှင်မြန်လွန်းသောကြောင့် ထစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွားလေတော့သည်။

ကျိုနေရာကား...

ချန်ကျိုးမြို့ရှိ လုံကျိန်ဖုံ၏အိမ်တော်ဝင်းအတွင်း၌ပင် ဖြစ်သည်။

အိမ်ဝင်းအတွင်းတွင် လူပေါင်းလေးဆယ်ခန့်စုရုံးရောက်ရှိနေသည်။

လူတိုင်းက ရေဘူးနှင့်ရိက္ခာခြောက်များ အပြည့်အစုံယူဆောင်လာကြသည်။

သူတို့အားလုံးသည် အမိန့်နာခံရန် အသင့်စောင့်လျက်ရှိသည်။

သူတို့အားလုံးမှာ အရွယ်အားဖြင့် လူလတ်ပိုင်းနှင့်လူငယ်လူရွယ်များဖြစ်ကာ သန်မာထွားကျိုင်းပြီး သိုင်းပညာထက်မြက်သူများဖြစ်သည်။

ထိုလူရွယ်အားလုံးသည် ရဲတိုက်အတွင်းမှ လက်ရွေးစင်သိုင်းသမားအကျော်အမော်များဖြစ်ပြီး တိုက်ပွဲအတွေ့အကြုံရင့်ကျက်သူတွေဖြစ်သည်။

သူတို့ထဲမှတချို့မှာ လုံကျိန်ဖုံးကိုယ်တိုင်သင်ကြားပြသခဲ့သော သူ၏တပည့်များဖြစ်သည်။



သူတို့အားလုံးသည် လက်ရွေးစင်အဆင့်မြင့်ပညာရှင်များ ဖြစ်သည်။

ခပ်စောစောကထွက်သွားကြသော သူတောင်းစားအမည်ခံ လူတွေမှာလည်း အဆင့်မြင့်လက်ရွေးစင် သိုင်းသမားများ ဖြစ်ကြသည်။

သူတို့အားလုံးသည် ထိန်ဖူးရဲတိုက်ကြီးမှ အရေးကြီးသော တရားခံများထွက်ပြေးမည်ထင်ရသော ဒေါင်တန်းဒေသသို့ ခရီးထွက်ရန် စုဝေးနေကြခြင်း ဖြစ်သည်။

မကြာပါချေ။

အုပ်ချုပ်ရေးမှူးနှစ်ဦးသည် သူ၏တပည့်များကို ဦးဆောင်ပြီး ခရီးစတင်ထွက်ခွာလာလေသည်။

ချန်ကျိုးမြို့နှင့် လိုရိတောင်ကုန်း၏အကွာအဝေးမှာ ခရီးမိုင်လေးရာကျော်ခန့်ရှိသည်။

ကျိုခရီးကိုသွားပါက သုံးလေးရက်နှင့်မရောက်နိုင်ပါ။

ခရီးကြမ်းဖြစ်၍ မြင်း၊ မြင်းလှည်းနှင့်သွားသူ ရှားလှ၏။

ခြေလျင်ခရီးသွားကြသူများသာ များသည်။

အချိန်သည် ဆောင်းရာသီဖြစ်သည်။

ထို့ကြောင့် ထိုခရီးကိုသွားပါက ချမ်းဒဏ်၊ ဆီးနှင်းဒဏ်များ ခံရမည်ဖြစ်သည်။

အချို့တောင်ကုန်းတောင်တန်းများပင် ရေခဲများဖုံးလွှမ်းနေပြီဖြစ်သည်။

မည်သို့ဆိုစေ သူတို့သည် ဤခရီးကို ဖြတ်ကျော်ကြရမည် သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး စွမ်းရည်တစ်မျိုးစီ ကျွမ်းကျင်သူများဖြစ်သည်။

ဖုန်းကျမင်ကို ဖမ်းဆီးရန်မှာ လွယ်ကူလောအလုပ်မဟုတ် ပါ။

လွတ်သွားသောငါးသည် နောက်ထပ်မြို့ထဲသို့ဝင်တိုးမည် မဟုတ်ပါ။

ဖုန်းကျမင်သည် ဥာဏ်များပြီး ရက်စက်သည့် သိုင်းပညာ အဆင့်ရှိသူဖြစ်သည်။

ထို့ပြင် ဘုရင်ကိုယ်၌ အ တုပုန်ကန်၍ သူ့ကိုလွယ်လွယ်နှင့် ဖမ်းရန်မဖြစ်နိုင်ပါ။

ထို့ကြောင့် လိုကျိန်ဖုံးတို့က အမှုထမ်းဝတ်စုံဝတ်၍ ခ သွားရန်မဖြစ်နိုင်တော့ပေ။

သူတို့သည် အရပ်ဝတ်အရပ်စားဝတ်သွားကြမည်ဟု ဆုံး ဖြတ်ကြသည်။

ထို့ကြောင့် သူ၏တပ်ဖွဲ့ဝင်များကို လူမျိုးစုံအသွင်ဆော လိုက်ကြသည်။

သူတို့သည် စာမေသမား၊ ထင်းခွေသမား၊ အာဏမ်းရေ သည်၊ သူတောင်းစား၊ တံငါသည် စသည်ဖြင့် အသီးသီးရု ဖျက်ထားကြသည်။

စုစုပေါင်းလူလေးဆယ်ခန့် ဖြစ်သည်။

မကြာပါချေ။

ဘုရင့်အကြံပေးပုဂ္ဂိုလ်ကျန်တာချိန်နှင့် သူ၏တပည့် လူ ထိန်းကျောက်လက်ဝါးတို့ရောက်လာကြသည်။



ဆရာကြီးသည် ရုပ်ဖျက်ထားသူများကို ကြည့်၍ အံ့ဩ ချီးကျူးမိသည်။

'အေး...ဒီအကြံမဆိုးဘူး၊ ကောင်းတယ်၊ ဒါနဲ့ ထောက် လှမ်းရေးသမားတွေ လွှတ်ပြီးပြီလား'

'ဟုတ်ကဲ့...သူတောင်းစားရုပ်ဖျက်ထားတဲ့ ကျွန်တော့် တပည့်သုံးယောက်ကိုလွှတ်လိုက်ပါပြီ'

မုစီးကျင့်က ရှင်းပြလိုက်သည်။

မှတ်ရွှေက ခေါင်းတညိတ်ညိတ်ဖြင့်....

'ကောင်းတယ်၊ ဒါနဲ့ အစီအစဉ်ကို ပြောပါဦး'

လိုကျိန်ဖုံးက....

'ဒီလိုပါ၊ ကျွန်တော်တို့က အုပ်စုသုံးစုခွဲထားပါတယ်'

ကျောက်လက်ဝါးက....

'ပြောပါဦး'

လိုကျိန်ဖုံးက....

'အဖွဲ့ဝင်နှစ်ဆယ်ကို အမှတ်တစ်ထဲဝင်ခိုင်းပါတယ်'

'အဲဒီအဖွဲ့ကို ဘယ်သူက ခေါင်းဆောင်သလဲ'

'စခန်းမှူးကြီး ကျိုရိုဟိုက ခေါင်းဆောင်ပါ၊ သူတို့အဖွဲ့ကို သယ်ယူပို့ဆောင်ရေးအသွင်ဆောင်ထားပါတယ်'

'ဒါနဲ့ နေပါဦး၊ သခင်လေးလီပိုင်ရှိတော့ ဒီအဖွဲ့ထဲမှာပါ သလား'

'ဟုတ်ကဲ့...ပါပါတယ်၊ သူနဲ့သူ့ဇနီး ဗိုင်းဘွားလူတို့က သူဌေးသားသမီးတွေအဖြစ်ပါဝင်ထားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးမှတ်ရှေ့က အနည်းငယ် စဉ်းစားလိုက်ပြီး—

'ကျွန်တဲ့ အမှတ်နှစ်အဖွဲ့အကြောင်း ပြောပါဦး'

'အမှတ်နှစ်တပ်ဖွဲ့ထဲမှာတော့ သူတောင်းစား သုံးယောက်၊ မျက်အုသွသမားနှစ်ယောက်၊ ဗေဒင်ဆရာတစ်ယောက်၊ ဝေါယာဉ်အထမ်းသမား လေးယောက် စုစုပေါင်းဆယ်ယောက် ဖြစ်ပါတယ်'

'ခေါင်းဆောင်က ဘယ်သူလဲ'

'အဲဒီအဖွဲ့ရဲ့ ခေါင်းဆောင်ကတော့ ဆရာဖုံးချီယင်ပါ၊ သူက ဝေါယာဉ်စီးပြီး လိုက်ပါမယ်'

'တတိယအဖွဲ့ကရော'

'တတိယအဖွဲ့မှာ စာပေသမားနှစ်ဦး၊ ထင်းခွေသမားနှစ်ယောက်၊ ခေါင်းရွက်ဗျတ်ထိုးစျေးသည်တစ်ယောက်၊ ရှမ်းသယောင်ဆောင်တဲ့လူ[illegible]ယောက်၊ တံငါသည် တစ်ယောက်၊ သမားတော်တစ်ယောက်၊ အလုပ်သမားနှစ်ယောက် ပါဝင်ဖွဲ့စည်းထားပါတယ်'

'အင်း….ဒါလဲမဆိုးပါဘူး'

ကျောက်လက်ဝါးက ချီးကျူးလိုက်သည်။

လုံကျိန့်ဖုံးက….

'အဲဒီအဖွဲ့မှာ အလုပ်သမားနှစ်ယောက်က လူမမာ တစ်ယောက်ကို ထမ်းသွားရပါမယ်၊ လူမမာက ဒီအဖွဲ့ကို အုပ်ချုပ်တယ်'



'အဲဒီ လူမမာလုပ်တဲ့သူက ဘယ်သူလဲ'

'စိန်ဝေယန်ပါ'

ကျောက်လက်ဝါးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း….အစီအစဉ်က ကောင်းပါတယ်၊ ဒါပေမယ့်တိကျဖို့လိုတယ်နော်'

'ဒါကိုတော့ စိတ်ချပါ'

ထိုအစီအစဉ်သည် ရန်သူများ မရိပ်မိစေရန် လျှို့ဝှက်စီစဉ်ထားခြင်းဖြစ်သည်။

လုံကျိန့်ဖုံးနှင့် မုံစီးကုန့်တို့မှ ကုန်သည်ပွဲစားများအဖြစ် ယောင်ဖျက်ကာ အဖွဲ့တစ်နှင့် လိုက်သည်။

မူလအစီအစဉ်မှာ အဖွဲ့နှစ်သည် အဖွဲ့တစ်နှင့်ခုနှစ်မိုင်အကွာ နောက်မှ လိုက်ရန်နှင့် အချင်းချင်းအကူအညီပေးရန် စီစဉ်ထားသည်။

ယခု တတိယအဖွဲ့သည် အဖွဲ့တစ်၏ ရှေ့ခုနှစ်မိုင်မှ ရှေ့ပြေးအဖွဲ့အဖြစ် ချီတက်ပြီး လမ်းဖောက်ရမည်ဖြစ်သည်။

ယခုအခါတွင်….

ကျိရိုဟိုနှင့် မြောင်မြို့မှသခင်လေး လိပိုင်ရှိ သူ၏ဇနီးပိုင် [illegible]ွားလူတို့အား ကျောက်လက်ဝါးနှင့် မိတ်ဆက်ခဲ့ပြီးဖြစ်သည်။

ဆရာကျိရိုဟိုသည် အသက်ခြောက်ဆယ်ခန့် အဘိုးကြီး တစ်ဦးဖြစ်သည်။

သို့သော် ပါးရေနားရေ အနည်းငယ် တွန့်သည်မှလွဲ၍ [illegible]င်းမာကျစ်လစ်သော ကိုယ်ခန္ဓာနှင့် ပြည့်တင်းသော လက်

www.burmeseclassic.com

www.burmeseclassic.com



တောင်အိုးများက သန်မာဖျတ်လတ်သောကြောင်း ဖော်ပြနေသည်။

ဆံပင်နှင့် မုတ်ဆိတ်များက ဖြူဖွေးနေပြီဖြစ်သည်။

မျက်နှာမှာမူ ကြေးရောင်ရှိပြီး ခန့်ညားသော ဥပမိရုပ်ရှိသည်။

တောက်ပသောမျက်လုံးနှင့် ချွန်ထက်နေသောနှာခေါင်း၊ နှုတ်ခမ်းက ပါးနှင့်မေးစေ့မှာချွန်ပြီး မေးရိုးကားရှု ပြတ်သားရဲရင့်ခြင်းကို ပေါ်လွင်နေ၏။

မြင်လိုက်သည်နှင့် လေးစားစေနိုင်သော ဥပမိရုပ်ဖြစ်သည်။

ကိုယ်ခန္ဓာနှင့် လှုပ်ရှားမှုကိုကြည့်ခြင်းဖြင့် သူသည် အိုင်းပညာရှင်တစ်ဦးမှန်း သိသာသည်။

သူတစ်ဦးသာမက သူ၏တပည့်နှစ်ယောက်ကလည်း ပ
ဝင်ကျည်ညီခဲ့သည်ဖြစ်သည်။

ထိုတပည့်နှစ်ယောက်မှာ....

တစ်ယောက် မဟာရာဓာအဲလိမ်စုဖြစ်ပြီး တစ်ယောက်က လူစွမ်းကောင်းကြီး မေ့လောင်ကျူးဟု ခေါ်သည်။

မဟာရာဓာအဲလိန်စုသည် သန်မာထွားကျိုင်းပြီး သူ၏ လက်နက်မှာ လေးပေခန့်ရှည်သော နက်မှောင်သည့် ဓား တစ်လက်ဖြစ်သည်။

ထိုဓားဖြင့် ရန်သူ၏ခန္ဓာကိုယ်အောက်ပိုင်းကို အမြတ်
ခိုက်အနိုင်ယူခဲ့သည်။

လူစွမ်းကောင်းကြီး မေ့လောင်ကျူး



သူကား မျက်လုံးပေါက်ကျဉ်းပြီး မေးရိုးကားကား ဖြစ်သည်။

ပိန်ပိန်ပါးပါးနှင့် သွက်သွက်လက်လက်ရှိသည်။

သူကိုင်ဆောင်သည့်လက်နက်မှာ ဆယ့်နှစ်ပေခန့်ရှည်သော အိတုတ်တစ်ချောင်းဖြစ်သည်။

သူ၏အတွင်းအားမှာ အံ့မခန်းလောက်အောင် မြင့်ထန်သည်။

မြောင်မြို့မှ သခင်သေး လီပိုင်ရှိကား ငယ်ရွယ်သူ ဖြစ်ပြီး တည်ကြည်ခန့်ညားသည်။

စူးရှတောက်ပသော မျက်လုံးပိုင်ရှင်ဖြစ်သည်။

သူသည် လူချောလူခန့်တစ်ယောက်ဖြစ်သည့်အပြင် သိုင်းညာထက်မြက်သည်။

လူတိုင်းအခေါ်တွင်လည်း ဆက်ဆံရေး ပြေပြစ်ပြီး မာန တောင်လွှားခြင်း မရှိချေ။

သို့သော် မဟုတ်မခံ သတ္တိရှိသူ ဖြစ်သည်။

ပိုင်မှာ့းလူ...

သူမသည် ချောမောလှပပြီး အသားအရေ ဝင်းလက် ပြေသူဖြစ်သည်။

သူမ ဝတ်ဆင်ထားသည်မှာသည်း အဖြူရောင်ဝတ်စုံဖြစ်၍ ကိုက်ဖက်ညီပြီး အလှကိုပိုမိုပေါ်လွင်စေသည်။

ကိုယ်တာနိုသူယ်၏ ရဲရင့်သော ခြသေ့မလေး အသွင်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ထိန်း လေးယောက်မှ တစ်ယောက် ဖြစ်သော ကျောက်လက်ဝါးသည်လည်း ဟိတ်ဟန်လုံးဝမရှိပါ။

ထို့ကြောင့် လုံကျိန့်ဖုံး အပေါ်အဝင်အားလုံးကလေးစား သွားကြသည်။

သူတို့အားလုံးသည် ကျောက်လက်ဝါးဟူသောအမည်ကို ကြားဖူးသော်သည်း လူကိုလုံးဝ မမြင်ဘူးကြချေ။

နာမည်ကြားရုံဖြင့်အလွန်ကြမ်းတမ်း ဟိတ်ဟန်ကြီးမည်ဟု ယူဆခဲ့ကြသည်။

ယခု ...

တွေ့မြင်ရသောအခါတွင် တည်ကြည်၍ မာန်မာနကင်းသော ခေါင်းဆောင်တစ်ဦးအဖြစ် တွေ့မြင်ကြရသည်။

ကျောက်လက်ဝါးသည် လူများကိုတစ်ချက်စေ့ကြည့်လိုက်ပြီး...

'ဒီမှာ ကျွန်တော်တို့တစ်တွေဟာ တစ်လှေတည်းစီး ခရီးတည်းသွားကြမှာမို့ ဘာမှ မချွင်းမချန်ဘဲ တွေ့ကြုံရ ကျွန်တော့်ကို အခွင့်ဘွင်းမဲ့ အစီရင်ခံကြ၊ ပြောဆိုကြပါ၊ ကျွန် တော် ကြိုတင်ပြီးဖြေရှင်းပေးမှာပါ'

ကျောက်လက်ဝါးသည် ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက် သည်။

အားလုံးက ပြိုင်တူခေါင်းညိတ်သည်။

'ကောင်းပါပြီ'



ကျောက်လက်ဝါးက...

'ဒါဖြင့် ခရီးထွက်ကြရအောင်'

ယင်းနောက်...

သူတို့အားလုံး ခရီးစတင်ထွက်ခွာလာခဲ့ကြတော့သည်။

★

လမ်းခရီးမှာ ကြမ်းတမ်းလှသည်။

ဆောင်းရာသီဖြစ်၍ ဆီးနှင်းများအဆက်မပြတ် ကျလာ... ဆီးနှင်းမုန်တိုင်းက ခကြာခဏပြင်းထန်စွာ ကျလာတတ် သည်။

ချန်ကျီးမြို့မှ ထွက်ခွာလာသည်မှာ လေးရက်တိတိရှိပြီဖြစ် ၍ မိုင်လေးပါးလေးရာခန့် ခရီးပြင်းနှင်ခဲ့ကြသည်။

တစ်နေ့ကိုမိုင်တစ်ရာခန့် ခရီးပြင်းကြသည်။

ဝေးလံသောခရီးနှင်ခဲ့ရသဖြင့် လုံကျိန့်ဖုံးတို့လူစုမှာအတော် လေး နွမ်းနယ်နေပေပြီ။

သို့သော်...

အရေးကြီးသောတရားခံဖျော့ကို ပြန်လည်မိဖို့ အရေးကြီး ၍ ပင်ပန်းသည်ကို သူတို့အားလုံး အရေးမပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သည့်ကိစ္စသည် တိုင်းပြည်အတွက် အရေးကြီး သော အခန်းတစ်ရပ် ထမ်းဆောင်ခြင်းပင် မဟုတ်ပါလော၊

မကြာပါ၊

ကြိုတင်လွှတ်ထားသော ကင်းထောက် တစ်ယောက် သတင်းလာကြိုပို့သည်၊

'လွန်ခဲ့သောတစ်ရက်ကျော်က ဖုန်းကျမင်တို့လူတစ်စု နယ်က ဖြတ်သွားတယ်လို့ သတင်းရပါတယ်'

ထိုသတင်း လာရောက်ပေးသော ရှေ့တန်း အထောက်တော် တပ်သား၊သည် သတင်းပေးပြီးသည်နှင့် ပြန်လည်ထွက် ခွာသွားတော့၏၊

သူတို့ကား သူဖုန်းစားဟန်ဆောင်ထားသော တပ်ဖွဲ့မှ ဖွက်၍ ပင်မတပ်ဖွဲ့သို့ သတင်းပို့ခြင်းဖြစ်လေသည်၊

ဤသို့ဆိုပါက လိုကျိုနှံ့ဖုံးတို့သည် လိုရီတောင် ခါးပြတို့ တောင်ကုန်းနှင့် နီးကပ်လာပြီဟု သိထားကြသည်၊

လက်ရှိအခြေအနေတွင် အမိုက်တကော့ထိပ်ခေါင် ဖုန်းကျ ကိုမိရန် မဝေးတော့ပြီ၊

သူတို့အုပ်စုသည် တုံ့ဆိုင်းမနေတော့ဘဲ အရှိန်အဟုန် မြှင့်၍ ရှေ့သို့တက်ကာ လိုက်ကြတော့၏၊

★

## ကျိုးလင် ရွာ တိုက် ပွဲ

ကျိုးလင်ရွာကလေး....၊

ထိုရွာကလေးသည် ပတ်ဝန်းကျင် ငြိမ်းချမ်းသာယာလှပြီး အိမ်ခြေသုံးရာခန့်သာ ရှိသည်၊

ထိုရွာကလေးတွင် စားသောက်ဆိုင်ဆို၍ ကျိုးလင်စားသောက်ဆိုင် တစ်ဆိုင်တည်းသာ ရှိသည်၊

ထိုရွာကလေးသည် လိုရီတောင်ကုန်းရှိ ခါးပြစခန်းနှင့်ဆိုပါက မိုင်နှစ်ဆယ်ခန့်သာ ဝေးတော့သည်၊

★

www.burmeseclassic.com

www.burmeseclassic.com



စိန်ဝေယန်တို့လူစုသည် ရှေ့မြေးအဖြစ် ထိုရွာအနီးသို့ ရောက်ရှိလာကြသည်။

အားလုံးသောလူတို့မှာ ဝေးလံသော ခရီးရှည်ကိုဖြတ်လာခဲ့ရသောကြောင့် မောဟိုက်ပန်းလျှနေကြသည်။

တစ်ဖန် လုံကျင့်ဖုံးက ကျီလင်ရွာကိုမရောက်မီ ဆက်သွားလျှက်၍ အမိန့်ထုတ်လိုက်သည်။

'ရန်သူ့စခန်းနှင့်နီး လာ၍ တပ်စုသုံးစုကို ပေါင်းစုထားရမယ်'

ထို့ကြောင့်....

ရှေ့ဆုံးမှရောက်လာသောစိန်ဝေယန်မှာ အလျှင်စလိုမဟုတ်သေး၍ ပင်ပန်းခြင်းဒဏ်ကို အပန်းဖြေရန် ဆုံးဖြတ်လိုက်လေသည်။

သူတို့လူစုအားလုံးသည် ကျီလင်ရွာအတွင်းသို့ ဝင်လာခဲ့ကြသည်။

လုံကျိန့်ဖုံး၏ မိန့်ကြားချက်အရ ရန်သူ့ဘက်မှ သူတို့အားလူစုခွဲ၍ချေမှုန်းပစ်မည်ကို စိန်ဝေယန်က အထူးသတိထားရပေမည်။

ကျီလင်ရွာတွင်းဝင်၍ စားသောက်ဆိုင်တစ်ဆိုင်တွင် စားသောက်အနားယူရန် စိန်ဝေယန်က စဉ်းစားမိလေသည်။

'ဟေ့...အားလုံးအစားအသောက်တွေကို သတိထားပြီး စားရမယ်ကွ၊ အရက်ကအစပေါ့ကွာ'

ခေါင်းဆောင် စိန်ဝေယန်က သတိပေးသည်။



အမှန်မှာ အလွန်အေးလွန်းသော အချိန်သို့ရောက်လာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် နှင်းတွေကသည်း ထဖွေးဖွေးကျဆင်းနေသည်။

လေသည် ငန်းမြွေတစ်ကောင်ကဲ့သို့ ဒေါသကြီးနေသည့်အလား တဟူးဟူးတိုးဝှေ့တိုက်ခတ်နေသည်။

သစ်ပင်များပေါ်တွင် နှင်းပွင့်များ အဆုပ်လိုက်တည်ရှိပြီး ကျောက်တုံးများမှာ လုံးဝအိပ်ပျော်နေသည့်အလား နှင်းကြားတွင် ပျောက်ကွယ်နေသည်။

'စားသောက်ဆိုင်တစ်ဆိုင်ကို ဝင်ကြမယ်ဟေ့'

စိန်ဝေယန်က မိန့်ကြားလိုက်သောအခါ အားလုံးသဘောတူကြသည်။

'ကောင်းတယ်ဆရာ၊ ကျုပ်တို့အားလုံး ပင်ပန်းနေပြီဗျ၊ ဗိုက်ထဲကို အရက်လေးသွင်းလိုက်မှ အအေးလဲ လုံသွားမယ်ဗျာ'

'ဟဲ...ဟဲ၊ သိပ်ကောင်းတာပေါ့ကွာ၊ ငါတို့လဲဆာနေပြီကွ...'

အားလုံးက ဝမ်းသာအားရ တစ်ယောက်တစ်ပေါက်ပြောဆိုလိုက်သည်။

သို့ဖြင့်....

သူတို့အားလုံးသည် ထိုရွာ၏ တစ်ဆိုင်တည်းသောကျီလင်စားသောက်ဆိုင်ကလေးထဲသို့ စုပြုံဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ထိုအချိန်က လမ်းပန်းဆက်သွယ်မှု မကောင်းပါ၊

မြင်းလှည်း၊ ဝန်တင်လားများ၊ ဝေါယာဉ်များနှင့် ခရီးသွားကြရသည်။

ထို့ပြင်...

တိုင်းပြည်အနှံ့တွင် လူဆိုးသူခိုးများ ဆူပူထကြွနေသောအချိန်ဖြစ်၏။

ထို့ကြောင့်...

ကုန်သည်တွေကလည်း တစ်မြို့နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ ကုန်ကူးသန်းရာတွင် တစ်ခုတစ်ဂေတည်း သွားကြရသည်၊

ထို့ကြောင့် စိန်ဝေယန်တို့လူစုမှာ ဆိုင်ထဲသို့ ချစ်စာတစေတည်း ဝင်လာကြသော်လည်း ဆိုင်ထဲက လူတွေအဖို့ အဆန်းမဟုတ်ပါ။

သည်လိုပင် ခရီးသည်တွေ တစ်စုတစေတည်း သွားကြသည်မှာ အမြဲလိုလိုပင် ဖြစ်သည်။

ဒါမှလည်း ဓားပြနှင့် လုယက်သူတွေအားမှ ဝေးမည် မဟုတ်ပါလား။

လမ်းခုလတ်တွင် ဓားပြတိုက်သည်။

လုယက်သည်ဆိုခြင်းများမှာ ခရီးသွားတွေ ဈေးရောင်းသမားတွေ ကုန်သည်တွေအဖို့ မဆန်းတော့ပါ။



လူတန်းစားအသီးသီး ခရီးသွားရာတွင် သူဖုန်းစားရသေ့ တံငါ၊ ဈေးသည်၊ ကုန်သည် စသော လူမျိုးတွေ ပါကြသည်၊

ထိုသို့ လူမျိုးပေါင်းစုံ စုပေါင်းပြီး ခရီးသွားလာရခြင်းမှာ အဆန်းမဟုတ်တော့ပါ။

ရိုးနေပြီ ဖြစ်သည်။

★

အုပ်ချုပ်ရေးမှူး စိန်ဝေယန်မှာ လူမမာတစ်ဦးအသွင် အလုပ်သမားတစ်ဦးကိုတွဲ၍ ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့သည်။

သူ၏နံဘေးမှ ဆေးသမားတော်ကြီးကလည်း ဆေးပုလင်းတစ်လုံးကို လက်တစ်ဖက်ကကိုင်၍ တစ်ဖက်က ဆေးပုလင်းတွေ ထည့်ထားသော သားရေအိတ်ကိုဆွဲကာ ပါလာခဲ့သည်။

ဝင်လာသောလူများသည် အချင်းချင်းစကားသိပ်မပြောကြတော့ပါ။

အကြောင်းမှာ...

သူတို့အားလုံး၏ ပုံစံများမှာ အခုမှ သိကျွမ်းသူတွေ ခရီးသွားများက စုပေါင်းကာ ခရီးနှင်လာသူတွေကို ထင်မြင်စေလိုသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိ မဟုတ်ပါက သူတို့တတွေမှာ ချန်ကျီးမြို့ရှိ ထိုင်အန်းဆိုင်းသမားဆရာတွေဟု သိကြမည် မဟုတ်ပါ။

သူတို့တတွေသည် စားပွဲလွတ်အသီးသီးတွင် ဝင်ထိုင်လိုက်ကြသည်။

အလုပ်သမားတွေက ပျာပျာသလဲကြိုဆိုသည်။

သည်တွင် ရဲတိုက်မှူး စိန့်ဝေယန်က အအေးဓာတ်ခံနိုင်ရန် အရက်ကိုမှာဖို့ သူ့ဘေးမှ သမားတော်ကို တိတ်တဆိတ်ညွှန်ကြားလိုက်သည်။

သို့သော် အလွန်အကျွံ မသောက်ဖို့ပါ သတိပေးလိုက်သည်။

သမားတော်က....

'ဟေ့ ....စားစရာတွေ ရဦးမလဲကွ'

အလုပ်သမားလေးကို မေးလိုက်သောကြောင့် အလုပ်သမားက....

'ကျွန်တော်တို့ဆိုင်မှာ ဝက်သားဟင်းချိုရယ် ကြက်သားနဲ့ အကြော်စုံရယ် အရက်လဲ ရပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ ငါ့မှာ လူမမာအတွက် အရက်တစ်အိုးနဲ့ ကြက်သားစွပ်ပြုတ်ယူခဲ့၊ နောက်ပြီး ထမင်းရော ဟင်းရောပါ ယူခဲ့'

သူသည် ပြောရင်း လူမမာဘက် လှည့်ကာ....

'မင်းက အအေးပတ်ပြီး ဖျားနေတော့ အရက်သောက်ရမယ်၊ ဒါပေမယ့် အလွန်အကျွံ မသောက်ရဘူးနော် ဟုတ်လား'



သမားတော်လို့ ရုပ်ဖျက်ထားသော သိုင်းသမားက ဆိုင်အလုပ်သမားလေးကို ပြောလိုက်ရာမှ ဆရာစိန့်ကိုလည်း သူ၏ မမာအဖြစ်ပြောလိုက်၏။

ဤသို့ ပြောလိုက်သောစကားသည် သူတို့လူစုအား အရက်ကို အလွန်အကျွံ မသောက်ရန်ပါ သတိပေးလိုက်ခြင်းလည်း ဖြစ်သည်။

လိုကျိုးနှင့်ဖုံး၏ လက်အောက်တွင် အမှုထမ်းနေသော သိုင်းသမားများမှာ အတွေ့အကြုံ ရှိနေသူများပီပီ အရက်သောက်ရာတွင် အရက်ထဲတွင် အဆိပ် ရှိ မရှိကို ငွေအပ်ကလေးဖြင့် စမ်းသပ်ပြီးမှ သောက်ကြည့်လေ့ရှိသည်။

အရက်တွင်သာ မဟုတ်ပါ။

အခြားစားသောက်စရာများကိုလည်း စမ်းသပ်ပြီးမှ စားသောက်တတ်ကြသည်။

စားသောက်ဆိုင်နှင့် အလုပ်သမားများမှာ ရုတ်တရက် စားသောက်မည့်သူ ခရီးသည်ဆယ်ယောက်ကျော် ရောက်လာသဖြင့် အလုပ်ရှုပ်သွားကြလေသည်။

'အရက်တစ်အိုးနဲ့ စားစရာချပါဟေ့'

'ဟော ....မြန်မြန်ကွာ'

ထိုစားပွဲကမှာလိုက်သည့် စားပွဲကမှာလိုက်နှင့်ဆိုင်အလုပ်သမားတွေ ပျာယာခတ်ကာ အရက်အိုးနှင့် စားစရာများ ယူပေးကြ၏။

ဆိုင်ထဲတွင် ခပ်စောစောရောက်နှင့်နေသော လူ[illegible]လေးဦးက သူတို့တတွေကို အကဲခတ်ကြည့်ပြီး ရယ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘော်အောင်တော်လာတဲ့အကောင်တွေပါလား'

သူတို့က ခပ်တိုးတိုးဖေဖန်လိုက်ကြသည်။

ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူသူတစ်ယောက်သည် ငွေသိမ်းစားပွဲတွင်ထိုင်ကာ အလုပ်သမားများကို ညွှန်ကြားနေ၏။

ထိုလူသည် အသက်ငါးဆယ်ခန့်ရှိပြီးပိန်ပိန်ပါးပါးဖြစ်၏။

သူသည် စိန်ဝေယန်ကို သူဌေးသားနှင့် အကဲခတ်မိ၍ အထူးဂရုစိုက်ကာ စေခိုင်းကြည့်၍ စားစရာများကို ဗိုပေးစေသည်။

မကြာမီ…

မျက်နှာဝါကျင့်ကျင့်ရှိသောသူဌေးက သန်မာထွားကျိုင်းလှသောအလုပ်သမားသုံးယောက်ကို လွှတ်၍အရက်အိုးလေးငါးအိုးကို ထမ်းထုတ်ခိုင်းလိုက်သည်။

အရက်အိုးများကို စားပွဲပေါ်သို့ ချပေးလိုက်သောအခါတွင် ခေါင်းဆောင်ဖြစ်သော စိန်ဝေယန်က မျက်စပစ်၍ အချက်ပြလိုက်သည်။

သို့ဖြင့် သူ့အဖွဲ့သားအားလုံးက အရက်အိုးများကို အပ်ကယ်စီဖြင့် စမ်းသပ်လိုက်ကြသည်။

အရက်ထဲတွင် အဆိပ်မပါသည်ကို တွေ့ရသဖြင့် သူတို့တစ်တွေမှာ စိတ်ချသွားသည်။

ထို့နောက် မွှေးကြိုင်ပျံ့သင်းသော အရက်များကို စသောက်ကြတော့သည်။



ရဲတိုက်မှူး စိန်ဝေယန်လည်း အရက်အိုးထဲမှ သမားတော်ကြီး ထည့်ပေးသောအရက်ကို သောက်လိုက်သည်။

အလွန် အရသာရှိပြီး မွှေးကြိုင်၍ လည်မျိုတစ်လျှောက်မှဆင်းသွားသည့် အရက်ကောင်းပင်ဖြစ်သည်။

ထိုအချိန်တွင် အပြင်ဘက်၌ လေတဟူးဟူး တိုးဝှေ့ကာ ငှက်ခအော်သံကို ကြားလိုက်ရ၏။

စိန်ဝေယန်သည် တိုက်ပွဲများစွာ တိုးခဲ့ဖူးသူ ဖြစ်ရာ သူ၏အသိတွင် တစ်စုံတစ်ခု ဖြစ်တော့မည်ဟု ခံစားလိုက်ရ၏။

အပြင်ဘက်မှ အသံမှာ ထူးထူးခြားခြားပင် တစ်တီတူးငှက်၏အသံ ဖြစ်သည်။

ယခုအချိန်တွင်…

နှင်းတွေကြောင့် အအေးလွန်ကာ ငှက်များပင် လုံလုံခြုံခြုံ အသိုက်ကျင်းထဲဝယ် စားစရာအပြည့်နှင့် နားခိုနေကြရမည့်အချိန်။

ယခုမူ ငှက်ခအော်သံကြားရ၏။

သူ အဝင်မကျပါ။

နိမိတ်ဆိုးတစ်ခုခုဖြင့် အန္တရာယ်ပေးလာတော့မည်ဟု ယူဆမိသည်။

စိန်ဝေယန်မှာ တစ်ခုခုကို သင်္ကာမကင်း ဖြစ်မိသော်လည်း…

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို တွေ့အောင်မရှာနိုင်ပါ။

သူသည် စေ့စပ်သူ တစ်ဦးဖြစ်သည်။

ထင်ရှားချက်ကို သံသယဖြစ်မိသော်လည်း အသံလုံးဝ မပြ

ဘဲ ငြိမ်သက်စွာထိုင်၍ မျက်စိဖွင့်နားစွင့်ကာ ဗတ်ဝန်းကျင်ကို

အထူးကြီးစွာဖြင့် စစ်ဆေးကြည့်မိလေသည်။

*

မကြာပါချေ။

သူဌေးကိုယ်တိုင် အရက်အိုးတစ်အိုး ယူလာသည်။

ထိုအချိန်တွင် အရက်သောက်ထားကြသဖြင့် အားလုံးမှာ

အရှိန်ရလာပြီ ဖြစ်ပေသည်။

စားသောက်ဖွယ်ရာများနှင့် အရက်တွင် အဆိပ်မရှိမှန်း

သိသောကြောင့် စိတ်ချယုံကြည်သွားကြသည်။

ဆိုင်ရှင်သူဌေးလက်မှ အရက်အိုးကို စိန်ဝေယန်အား တွဲ

ခေါ်လာသော အထမ်းသမားက လက်ခံယူသည်။

ထိုသူက အရက်အိုးကို သေချာစွာ ကြည့်လိုက်သည်။

အရက်အိုးမှာ အပေါ်မှပိတ်ထားသော ရွှံ့များပင် မခွာ

ရသေးပါ။

ဆိုင်ရှင်သူဌေးက ...

'ဆရာတို့ အားရပါးရ သောက်သုံးကြပါဗျာ၊ ဟောဒီ

အရက်မျိုးတော့ ကျွန်တော်တို့ဆိုင်မှာ အထူးတလည် သိမ်းထား



တဲ့ ရှက်စိမ်း အရက်ဗျ၊ ဆရာတို့သောက်ပြီးရင် မကြိုက်မဲ

နေပါဘူး'

ထိုအခါ အထမ်းသမား ဟန်ဆောင်ထားသူမှာ သဘော

ကျသွားဟန်ပေတော့သည်။

အညီတွင် စိန်ဝေယန်က တစ်စုံတစ်ခုကို သတိရသွားပေ

တော့သည်။

အထမ်းသမား ဟန်ဆောင်ထားသူက အရက်အိုးပေါ်အပိတ်

ထားသော ရွှံ့များအားခွာချလိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်

စိန်ဝေယန်က လှမ်း၍အော်လိုက်၏။

'ဟိတ်... မခွာနဲ့'

သို့သော် နောက်ကျသွားပေပြီ။

အထမ်းသမားဟန်ဆောင်သူမှာ အဖုံးကိုဖွင့်လိုက်သည်နှင့်

ဆိုင်ရှင်သူဌေးက နောက်သို့ ဆုတ်လိုက်သည်။

ရုတ်တရက် အသံတစ်သံ မြည်လာ၏။

'ရှီ... ရှီ...'

'ဖေါက်... ဖေါက်'

အရက်အိုးထဲမှ ရုတ်တရက် မြည်လိုက်သော အသံနှင့်

'...

'အား...'

အထမ်းသမား ဟန်ဆောင်သူသည် အသံနက်ကြီးဖြင့်

အော်ကာ ဝန်းခနဲကြမ်းပြင်ပေါ်သို့ မှောက်လျက်သား လဲကျ

အသက်ပျောက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မချော်သင့်ဘဲ အိုးအတွင်းမှ စပရိန်ဖြင့်ဖြုလုပ်ထားသော မြားတွေက ပျံတက်လာသဖြင့် အချိန် မီ မ ရှောင် နိုင် သော အသေမ်းသမားများ၏လည်ပင်းနှင့် မျက်နှာတို့တွင် မြားများစူး၀င်ကာ သေဖွဲ့ဝင်သွားရတော့သည်။

တစ်ခဏအတွင်းမှာပင် သူတို့အုပ်စုမှာ ရှုတ်ရှတ်သဲသဲဖြစ်သွားရတော့သည်။

သူတို့သည် အဝတ်အထည်များအောက်တွင် လျှို့ဝှက်ဆောင်လာသော ဓားတို၊ ဓားရှည်များထုတ်ရန် ဟန်ပြင်လိုက်ကြသည်။

သို့သော်....

ဓာတ်ရုပ်များ ပေါ်မည်စိုးသောကြောင့် လက်နက်များကို ကိုယ်နှင့်ကပ်ပြီး ယူဆောင်ခဲ့ကြသည်။

အပေါ်အင်္ကျီချွတ်ပြီးမှ ထုတ်ယူနိုင်မည်မို့ အချိန်ကြာသွားသည်။

ခေါင်းဆောင်စိန်ဝေယန်သည် ထိုင်နေရာမှ ခုန်ထလိုက်သည်။

ထိုစဉ်မှာပင် ပြေးလာသောလူသုံးယောက်ကို တွေ့ရ၏။

သူတို့မှာ ဓားကိုယ်စီကိုင်ဆောင်ထားသော အလုပ်သမားသုံးယောက်ဖြစ်သည်။

ရုတ်တရက် အနီးကပ်တိုက်ခိုက်ခြင်း ခံရလေပြီ။

ရုပ်ဖျက်ထားသော စစ်သည်တစ်ယောက်မှာ လက်နက်မဲ့ဖြစ်၍ ရုတ်တရက် ဓားနှင့်အခုတ်ခံလိုက်ရသဖြင့် ရှောင်ချိန်မရလိုက်ဘဲ....



'ဝုန်း...'

မြေပေါ်သို့ လဲကျသေဆုံးသွားလေတော့သည်။

တစ်ဆက်တည်းမှာပင်....

'အား...'

မိမိတို့ဘက်မှ စစ်သည်တစ်ယောက် ကျသွားကာ လက်တစ်ဖက်ထိသွားသည်။

သေးတွေက ကြည့်မကောင်းအောင်ထွက်သွားသည်။

သမားတော်အဖြစ်ရုပ်ဖျက်ထားသော စစ်သည်မှာ ယခုအခါတွင် ဓားချက်ကိုရှောင်တိမ်း၍ သူ၏ကိုယ်ပေါ်မှ ဓားရှည်ကို ထုတ်ယူထားပြီးဖြစ်လေသည်။

တခဏအတွင်းမှာပင် လက်နက်များ ထုတ်မိပြီဖြစ်သောကြောင့် အပြိုင်အဆိုင် တိုက်ခိုက်လာနိုင်ပြီ ဖြစ်သည်။

'ချွန်း.... ချွမ်း'

ဓားသံများထွက်ပေါ်လာသည်။

သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ပွဲစလေပြီ။

ထင်းခွေသမားဟန်ရုပ်ဖျက်ထားသော သိုင်းသမားဟားဆိန်ကိုမြှောက်၍ ဝှေ့ပက်လိုက်ချိန်မှာပင် သူ၏ဦးခေါင်းမှာ နောက်ကာ ယိမ်းထိုး၍လဲကျသွားလေသည်။

တံငါသည်ဟန် ရုပ်ဖျက်ထားသော စစ်သည်တစ်ဦးမှာ သည်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေပြီ။

တစ်ချိန်တည်းမှာပင် ဆိုင်ရှင်သူဌေးအဖြစ် ရုပ်ဖျက်ထားသော လူဆိုးသည် အင်္ကျီလက်မောင်းအတွင်းမှ ဓားကိုလက်ဖြင့် ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နောက်…

ဗေား…

အချိန်အောင်လိုက်ပြီး ကြမ်းပြင်ပေါ် မှောက်လဲနေသည့် နှင်းဆယာက်ကို ရက်ရက်စက်စက် အဆုံးစီရင်ပစ်လိုက်၏။

ရုတ်တရက် ပြင်ဆင်မှုမရလိုက်သော စိန်ဝေယန်၏တပ်ရှုမ လေးယောက်သေ၍ တစ်ယောက်မှာ ဒဏ်ရာရရှိသွားသည်။

အရက်ဆိုင်သူဌေးသတ်လိုက်သော စစ်သည်နှစ်ယောက်မှာ အဆိပ်မိခံရသူများ ဖြစ်ပုံရသည်။

အထူးသဖြင့် အရက်ထဲတွင် အဆိပ်မပါသော်လည်း အရက် ငွေ့မှာ အဆိပ်ပါမည်။

စောစောက မြားခလုတ်စီမံထားသော ရှုံပိတ်အရက်အိုး ပေါ် ထွက်လာသောအနံ့မှာ အဆိပ်ခာတ်ငွေ့များပါပုံရကာ ယင်းအဆိပ်ငွေ့ပျံထွက်ရာတွင် ရှူရှိုက်မိသူများမှာ အဆိပ်မိ သွားပုံရသည်။

ခေါင်းဆောင်စိန်ဝေယန်မှာ ခုန်ထလိုက်ကာ ကိုယ်မှ ဘိ မဏိဓားကို ဆွဲထုတ်လိုက်သည်။

အရက်ငွေ့တွင်းအဆိပ်ပါအောင်ပြုလုပ်ထားသဖြင့် သာမန် လူဆိုးများမဟုတ်မှန်းကို စိန်ဝေယန်က သတိပြုမိသည်။

သူက ခေါင်းဆောင်ပီပီ ခွဲမတိုက်ဘဲ စုတိုက်ရန် အချက် ပြုလိုက်သည်။



သို့သော် တိုက်ပွဲမှာ နှစ်ပွဲဖြစ်နေ၏။

ဆိုင်အလုပ်သမားများကတစ်ပွဲ ဆိုင်ရှင် သူဌေးက တစ်ပွဲ ဖြစ်နေသည်။

ဆိုင်ရှင်သူဌေးဟန်ဆောင်သောလူဆိုးသည် တချကြမ်းတိုက် ခိုက်နေချေပြီ။

…★…

www.burmeseclassic.com

www.burmeseclassic.com

## နံပါတ်တစ် ခေါင်းဆောင်

စိန်ဝေယန်သည် ဓားကိုဝင့်၍ ဓာပေသမားရှေ့သို့ ခုန်ဝင်ခဲ့သည်။

တစ်ခဏအတွင်းမှာပင်...

ဓားချက်ဆယ်ချက်ကို သူဌေးဟန်ဆောင်လူဆိုးထံ ထိုးသွင်းလိုက်၏။

ဓားရောင်သည် တဝင်းဝင်းလက်သွား၏။

သူဌေးသည် နောက်သို့ထိတ်လန့်စွာ ခုန်ဆုတ်လိုက်သည်။

ထို့နောက် သူသည် စိန်ဝေယန်၏ ဓားကွက်ကိုမှတ်ကာ သိကာရှောင်တိမ်းနိုင်ခဲ့သည်။

ယခုအချိန်တွင်...

သူဌေးသည် သူနှင့်ယှဉ်ပြိုင်သူမှာ တကယ့်သိုင်းသမားဖြစ်မှန်း သိသွားပြီဖြစ်၏။



'ဒီလူဟာ သူတို့ရဲ့ ခေါင်းဆောင်ဖြစ်မှာပဲ'

ထိုအချက်ကိုတွေးမိသော သူဌေးသည် သူ၏ဓားမြှောင်ဖြင့် ပြင်းထန်သောတိုက်ကွက်များကို အသုံးပြုကာ စိန်ဝေယန်၏ တိုက်ကွက်ဆယ်ချက်ကို ထိုးဖောက်တိုက်ခိုက်လိုက်၏။

ရုတ်တရက် သူဌေးက အသာစီးရသွား၏။

စိန်ဝေယန်ကလည်း ချက်ချင်းပင် သူ၏ သိုင်းကွက်ကို ပြောင်းလဲတိုက်ခိုက်ရင်း....

'မင်းက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

'ဝိုး....'

'ချွမ်း....'

ရုတ်တရက်အသံများမြည်တာ အရှိန်အဟုန်ပြင်းထန်သော စိန်ဝေယန်၏ဓားသည် အမေ T သို့ တန့်လန့်ဖြတ် ဝင်ရောက်သွားလေသည်။

သူဌေးမှာထိတ်လန့်သွား၏။

သူသည် ချက်ချင်း ပြင်းထန်သောတိုက်ကွက်ကိုတွေ့လိုက်ရသည်နှင့် ရှောင်တိမ်းရန်ပလွယ်တော့သဖြင့် သူ၏ ဓားဖြင့် ကာကွယ်လိုက်ရသည်။

'ချွမ်း....'

ပြင်းထန်လှသောဓားချက်ကြောင့် စိန်ဝေယန်မှာ ကျွင်းခနဲစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ်သိုးကျက်ကြောင့် စိန်ဝေယန်က ထိုလူ မည်သူဖြစ် သည်ကို ချက်ချင်းသိလိုက်သည်။

'ကြော်...လတ်စသပ်တော့ မင်းက ဝံပုလွေကျိုးလိမ်ကိုး'

'ဟား...ဟား...ဟား...မန်တာခပေါ့ဗျာ'

သူဌေးက ခနဲ့ပြုံးပြုံး၍ ပြန်ပြောရင်း ခါးဖြင့်တာရကြမ်း ဖိတိုက်လိုက်လေတော့သည်။

*

ဝံပုလွေ ကျိုးလိမ်အမည်ရသော သူဌေးသည် အမှတ်ရှ စခန်းမှူးဖြစ်သည်။

သူသည် ယခင်က သူဌေးတစ်ဦး ဖြစ်သည်။

ထို့ကြောင့် သိုင်းလောကသားတွေက သူ့ကို သူဌေး ကျိုးလိမ်ဟု ကင်ပွန်းတပ်ခေါ်ခဲ့ကြသည်။

သူ ပျောက်ကွယ်နေသဖြင့် သူ၏အမည်ရင်းကိုပင် မေ့ခေ ပျောက်ပျောက်ဖြစ်နေကြပြီဖြစ်သည်။

လိုရိုစခန်းမှ စခန်းမှူးတို့မှာလည်း တစ်ယောက်ထက်တ ယောက် သိုင်းပညာအဆင့်မြင့်နေလေရာ ကျိုးလိမ်ပင် သိုင်း ပညာမခေကြောင်း တွေ့နေရပြီဖြစ်သည်။



အတန်ကြာတိုက်ခိုက်နေစဉ် လက်မောင်းတွင် ပြင်းထန် စွာဒဏ်ရာရခဲ့သော စာပေသမား အန္တံဆောင်သူ စစ်သည် လည်း တိုက်ပွဲတွင်း ပြန်လည်ဝင်ရောက်လာသည်။

သူ၏လက်မောင်းကို ဆေးအသင့်စား ဖတ်တီးစည်းထားပြီ ဖြစ်သောကြောင့် သွေးမထွက်တော့ပေ။

သူက အနောက်မှ အလစ်ဝင်၍တိုက်ခိုက်လိုက်သဖြင့် ခါး ပြုတစ်ယောက်၏လည်ပင်းကို ထိမှန်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

စစ်သည်လေးယောက်နှင့် အလုပ်သမားဟန် ရုပ်ဖျက် ထားသော ခါးပြသုံးယောက်တိုက်ခိုက်နေစဉ် ခါးပြတစ်ဦး ကို စာပေသမားက သတ်လိုက်နိုင်၍ ခါးပြတစ်ဦးနှင့် သူဌေး ကျိုးလိမ်သာ ကျန်သည်။

သည်တွင် ခါးပြတစ်ဦးထံ ခုန်၍ စာပေသမားစစ်သည်၏ ရင်အုံကို တအားထိုးလိုက်သည်။

စာပေသမားမှာ လက်တွင်ဒဏ်ရာရထားသဖြင့်ဖျတ်လတ်မှု နည်းပါးသွားကာ ခါးချက်မိသွားသည်။

'အင့်....'

တစ်ချက်မျှ အော်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ သည်။

စာပေသမားသည် နောက်ဆုံးအကြိမ်အဖြစ် အားတင်း ပြီး ခါးကို ခါးပြု၏ဝမ်းဗိုက်တို့ ထိုးသွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ အသံပင်မထွက်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

လဲကျသွားသောနေရာမှာ စာပေသမား လဲကျသွားသော နေရာအနီးတွင်ဖြစ်၍ သွေးများ မြင်မကောင်းအောင်ပင် ပန်းထွက်နေလေသည်။

ထိုအဖြစ်ကိုမြင်လိုက်ရသော ကျန်ဓားပြတစ်ဦးမှာနောက်သို့ ခုန်၍ဆုတ်လိုက်သည်။

သို့သော် ယှဉ်ပြိုင်တိုက်ခိုက်နေသော စစ်သည်တစ်ဦးက ခြေထောက်ဖြင့် သိမ်းခတ်လိုက်သဖြင့် ကြမ်းပြင်ပေါ်သို့ ထိုးကျသွားလေတော့သည်။

'ဝုန်း....'

'အား....'

တစ်ချိန်တည်းမှာပင် ဓားလေးလက်သည် ထိုဓားပြ၏ ကိုယ်ပေါ်သို့ တစ်ပြိုင်တည်းထိုးကျလာလေသည်။

ထိုအခါ ဓားလေးလက်သည် စစ်သည် လေးယောက်၏ ဓားများပင်ဖြစ်လေတော့သည်။

---★---



ယခုအခါ ခဲတိုက်မှူး စိန်ဝေယန်တို့ အပေါ်စီးရလာပြီ ဖြစ်သည်။

စိန်ဝေယန်နှင့် သူ့ဒွေး ကျိုးလိမ်တို့သည် သိုင်းကွက်ရှစ်ဆယ်ကျော်အထိ ယှဉ်ပြိုင် တိုက်ခိုက်ခဲ့သော်လည်း မည်သူမှ အနိုင်မရသေးပါ။

သို့သော်...

ကျိုးလိမ်၏ဓား တဝိုးဝိုးပြင်းထန်စွာ တိုက်ခိုက်သော်လည်း စိန်ဝေယန်၏အကွက်စကို တိအောင်မတတ်နိုင်ပါ။

မည်သို့ဖြစ်စေ....

စိန်ဝေယန်သည် သိုင်းကွက်ပြောင်းလဲ တိုက်ခိုက်လိုက်ချိန်မှာပင် ဆိုင်အပြင်မှပြေးဝင်လာသည့် ခြေသံများကိုကြားလိုက်ရသည်။

'အင်း....သူတို့ဘက်က စစ်ကူရောက်လာတာ ဖြစ်မယ်'

စိန်ဝေယန်က ယင်းသို့တွေးမိလိုက်၏။

'ဟေ....ရဲဘော်တွေ ဆိုင်ထဲကပဲ အခိုင်အမာနေရာယူပြီး ခံပါ၊ နေရာကိုယ်စီယူကြ၊ မြန်မြန်လုပ်'

စိန်ဝေယန်သည် အတွေ့အကြုံရှိသူပီပီ မည်သို့ခုခံရမည်ကို စဉ်းစားပြီးအမိန့်ပေးလိုက်သည်။

သူ၏လက်အောက်မှ စစ်သည်ငါးယောက်တို့သည် လက်ရွေးစင်များပီပီ တစ်ယောက်နှင့်ဆယ်ယောက်ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းရှိသည်။

သူတို့က လျှင်မြန်ဖျတ်လတ်စွာဖြင့် နေရာယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် တစ်ဟုန်ထိုး ဆိုင်အတွင်းသို့ ပြေးဝင်လာသော ဓားပြများကိုတွေ့လိုက်ရသည်။

တံခါးဝအနီးနှစ်ဖက်တွင် နေရာယူထားသော စစ်သားနှစ်ယောက်က အလွတ်မပေးဘဲ တိုက်ခိုက်လိုက်ရာ...

'အင်း...'

'အား...'

'အီး...'

အော်ဟစ်သံများ တစ်ပြိုင်တည်း ပေါ်ထွက်လာကာ သုံးယောက်စလုံး လဲကျသွား၏။

ထို့နောက်...

နောက်ထပ် လေးယောက် ပြေးဝင်လာပြန်သည်။

နှစ်ယောက်က ဆိုင်အတွင်းသို့ ခုန်ချဝင်လိုက်သည်။

တစ်ဖန် စစ်သည်နှစ်ဦးက ရှေ့တစ်ရက် နံဘေးမှခုန်ဝင်ကာ ဆင်းကျန်သေးကြောကို တချက်တည်း ပိတ်လိုက်သဖြင့် ကျောက်ရုပ်ကြီးတွေလို ဖင်ထိုင်လျက်ကျသွားတော့၏။

ကျန်လူများ အတွင်းသို့မဝင်သေးဘဲ အပြင်ဘက်မှ အော်ဟစ်နေကြသည်။

'လာကြဟေ့...ဒီကောင်တွေကို ပြတင်းပေါက်တွေက ဝင်တိုက်ကြ'

ဓားပြများ၏အော်ဟစ်သံ ပေါ်လာ၏။

ဆိုင်တွင် ပြတင်းပေါက်သုံးပေါက်ရှိ၏။



ထိုပြတင်းပေါက်သုံးပေါက်တွင် စစ်သည်သုံးယောက်က အသီးသီးစောင့်နေကာ တံခါးမကြီးတွင် စစ်သည်နှစ်ဦးက အသင့်စောင့်နေပြီ ဖြစ်သည်။

စိန်ဝေယံနှင့် ကျိုးလိမ်တို့က ဆိုင်တွင်းဝယ် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေဆဲဖြစ်၏။

ဓားပြများက ပြတင်းပေါက်မှဝင်ရောက်ရန် အနီးသို့ချဉ်းကပ်လာသည်နှင့် တံခါးရွက်ကွယ်၌ စောင့်နေသည့် စစ်သည်တို့၏ဓားများက တစ်ချက်လှုပ်ရှားသွား၏။

'အား...'

အော်သံများ ပေါ်ထွက်လာသည်။

ဓားပြငါးယောက် နောက်ထပ်လဲကျသွားသဖြင့် ကျန်လူများ ဆိုင်အနီးသို့ မကပ်ရဲကြတော့ပေ။

သူတို့သည် ဆိုင်အပြင်မှ အတွင်းသို့ဝင်နိုင်ရန် ကြိုးစား တိုက်ခိုက်သော်လည်း ပညာစွမ်းနှင့် တိုက်ပွဲ အတွေ့အကြုံရှိသော စစ်သည်များကို မတိုးနိုင်ကြပေ။

ထိုအခါ စိန်ဝေယံနှင့်တိုက်ခိုက်နေသော ကျိုးလိမ်မှာ စိုးရိမ်ပူပန်သဖြင့် သူ၏သိုင်းကွက်များ မှားလာလေတော့သည်။

သူသည် ဓားဖြင့်စိန်ဝေယံကိုဖိထိုးရာ ရှေ့တစ်ချက် နောက်တစ်ချက်မှားကာ ဓားတစ်လက်သည် စိန်ဝေယံအနီးသို့ တိုးစိုက်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်သုံး၏စကားကြောင့် ယွမ်လုံမင်က....

'အဲဒီကိစ္စမလွယ်ပါဘူး၊ ကျုပ်ဟာ ကျုပ်ရဲ့သူငယ်ချင်းတွေကို သတ်လေ့မရှိပါဘူး၊ နောက်ပြီး ဒီလူကို ကျုပ်မယုံနိုင်တဲ့အတွက် ကျွန်တော့်ဘာသာပဲ သတ်သေပါရစေ'

ယွမ်လုံမင်သည် သူ့ခေါင်းဖြင့် လည်ပင်းကို ရှတ်တရက် တန့်လန့်ဖြတ်လှီးဖြတ်လိုက်သည်။

သို့သော်....

'ချွမ်း....'

ရှတ်တရက် ခေါင်းပျံတစ်လက်က ယွမ်လုံမင်၏ခေါင်းကို ဖုတ် ထုတ်လိုက်သည်။

'ဟော့ကောင်....မင်းက ရန်သူကိုမတိုက်တဲ့အပြင် ရန်သူကိုတောင် မိတ်ဆွေဖွဲ့ခဲ့သေးတယ်၊ မင်း တို့စခန်းရဲ့စည်းကမ်းကို သိတယ်မဟုတ်လား၊ မင်းကိုယ်မင်း သတ်သေတာနဲ့ မပြီးဘူး ကွ....'

ကိုယ့်ကိုကိုယ် သည်သေခြင်းကိုပင် ခွင့်မပြုသောလူဆိုးများ၏ စည်းကမ်းကြောင့် စစ်သည်များမှာ အံ့အားသင့်သွားသည်။

'သူတို့ရဲ့စည်းကမ်းက တယ်မတရားပါလား၊ ကိုသိ့ရဲ့ ဂိုဏ်းသားတစ်ယောက် ကိုယ့်ကိုကိုယ် သတ်သေတာတောင် ခွင့်မပြုဘူး'



ကျောက်လက်ဝါးက ယင်းသို့တွေးရင်း အသံလာရာဆီသို့ လှည့်ကြည့်မိသည်။

မနီးမဝေးတွင် သူကိုထုံ လျှောက်လာသော အင်္ကျီနီဝတ်ထားသည့် လူတစ်ဦးကို တွေ့ရလေသည်။

ထိုလူ၏ မျက်နှာမှာ ဖြူဖွေးနေသော ပါးသိုင်းမွေးနှင့် မုတ်ဆိတ်မွေးများ[illegible] ယောကျ်ားပီသလှပေသည်။

သူသည် အမှတ်သုံးစခန်းမှူး ကျင်းလိန်ဖူးပင်ဖြစ်သည်။

သိုင်းပညာရော ဉာဏ်ပညာ၌ပါ ထူးချွန်ထက်မြက်သူ တစ်ဦးဖြစ်ကြောင်း ကျောက်လက်ဝါးက သိထားသည်။

သူသည် အခြေအနေကို အကဲခတ်ကြည့်နေသည်။

သူ၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။

ထိုစဉ်....

'ဟုတ်ကဲ့၊ ကျုပ်စခန်းရဲ့ပြစ်ဒဏ်ကို နာခံပါမယ်'

ယွမ်လုံမင်သည် အနောက်တောင်ဘက်အရပ်ကို မျက်နှာ မူ၍ ဒူးထောက်ပြီး ပြောလိုက်သည်။

ကျွန်လူများသည် ယွမ်လုံမင်၏အပြုအမူကို အေးစက်စွာ ကြည့်နေသည်။

ကျောက်လက်ဝါး၏စစ်သည်များကလည်း အံ့သြတကြီးဖြင့် မျက်လုံးပြူးကာ ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခြင်းအရေးကို လက်လွှတ်မခံဘဲ စိန်ဝေယန်ကခုန်ဝင်ပြီး လက်ဝဲလက်ဖြင့် ကျီးလိမ်၏ညာလက်ကို အားစိုက်ဖမ်းဆွဲထား၍ ညာလက်မှဓားဖြင့် ခါးကိုပိုင်းချလိုက်၏။

'အား....'

သွေးများရဲခနဲ ဖြာဆင်းသွားသည်။

'တင်း....မင်းတို့သတ္တိရှိရင် မပြေးနဲ့၊ မကြာခင် နံပါတ်ကိုးငါ့ညီလေး ရောက်လာလိမ့်မယ်၊ မင်းတို့ တစ်ယောက်မှလွတ်မှာမဟုတ်ဘူး'

ကျီးလိမ်သည် သွေးသံရဲရဲဖြင့် ယိုင်ထိုးလှုပ်ရှားကာ တရွေ့ရွေ့ဖြင့် ကြမ်းပေါ်သို့ လဲကျသေဆုံးသွားလေတော့၏။

ဝုန်း....

သူဌေးကျီးလိမ် သေသွားပြီ။

သို့သော်....

သူ့တပည့်တွေ ဆိုင်အပြင်တွင် လေးဆယ်ခန့်ရှိနေကြသေးသည်။

ထို့ကြောင့် စိန်ဝေယန်သည် ထိုနေရာမှ လွတ်မြောက်ရန်နည်းလမ်းကိုစဉ်းစားရ၏။

အကယ်၍သာ ထိုဓားပြအုပ်စုသည် အသေခံ၍ဆိုင်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာပါက သူတို့အားလုံး သက်သာရာရမည် မဟုတ်ပါ။

ယခုမူ သူတို့၏ခေါင်းဆောင် ကျီးလိမ် သေသွားသဖြင့် နောက်လိုက်များမှာ အရမ်းမဝင်ရဲတော့ဘဲ ဆိုင်အပြင်ကပင် ဟစ်အော်နေခြင်း ဖြစ်သည်။



'အင်း....လိုရှိဓားပြစခန်းက နံပါတ်ရှစ်စခန်းမှူး သံတုတ်ရှင် စီးကျိုတူ ရောက်လာရင် တို့တစ်တွေ ဒုက္ခရောက်ကုန်တော့မှာပဲ'

စိန်ဝေယန်က အတန်ကြာတွေးမိသည်။

သူကား လိုရှိဓားပြစခန်း၏ အဆင့်မြင့်သိုင်းပညာရှင်ဖြစ်သည်။

သူသည် သူ၏လက်နက်ဖြစ်သော သံတုတ်ကြီးဖြင့် ကျော်ကြားလာ၍ သံတုတ်ရှင်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

သူရောက်ရှိလာပါက မိမိတို့အားလုံး ထွက်ပေါက်ပိတ်တော့မည်။

စိန်ဝေယန်သည် ယင်းသို့စဉ်းစားမိပြီး ဆိုင်အပြင်သို့ထိုးဖောက်တိုက်ခိုက်ထွက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်...

မြင်းခွာသံများ ကြားလိုက်ရ၏။

'တိုက်ကြပါလား ဒီကောင်တွေကို'

ဆူညံသောအော်သံများလည်း ပေါ်ထွက်လာသည်။

စိန်ဝေယန်သည်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်ရာ....

'ဟာ....ဒုက္ခပါပဲ'

ဟု လွှတ်ခနဲအော်လိုက်မိသည်။

ဟုတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ အင်းမှ စစ်ကူ ဆယ်ယောက်ကျော် ထပ်မံရောက်လာပြန်၏။

တိုက်ဆိုင်စွာပင် ခေါင်းဆောင်လာသောသူကား ဆယ့်နှစ်ပေ စန့်ရှည်သော သံတုတ်ကို ကိုင်လာသူဖြစ်သည်။

အသားအရေမှာ ဝါကျင့်ကျင့်ဖြစ်ပြီး အရပ်ရှည်ကာ ရုပ်ရည်ကြမ်းတမ်းသူ ဖြစ်သည်။

'သူဟာ နံပါတ်ရှစ်စခန်းမှူး စီးတိုကို ဖြစ်ရမယ်'

ပြတင်းပေါက်ဝမှ ချောင်းကြည့်နေသော စိန်ဝေယန်က မှတ်ချက်ချလိုက်သည်။

အကယ်၍သာ သူ အပေါ်အငင် သူ၏လူများအားလုံး ကျဆုံးသွားပါက ရန်သူများသည် သူ့ကိုအား အကြွပ်ကိုင်၍ အုပ်ချုပ်ရေးမှူးကြီး လုံကျိန်ဖုံးကို ဒုက္ခပေးနိုင်လေသည်။

ထို့ကြောင့် သူသည် ဆိုင်းပြင်သိထွက်၍ ခုခံရန် ဆုံးဖြတ်လိုက်လေသည်။

'ရဲဘော်တို့...တို့တစ်တွေ အပြင်ကို ဖောက်ထွက်မယ်။ တစ်ယောက်လွတ်အောင် ပြေးနိုင်လဲ တစ်ယောက်ပေါ့ကွာ။ ထွက်ပြေးလွတ်မြောက်သွားတဲ့ လူက အုပ်ချုပ်ရေးမှူးကြီးတို့ တပ်ဖွဲ့ကို ချက်ချင်း အကြောင်းကြားရမယ်ဟေ့၊ ကြားလား'

'ကြားပါတယ်၊ ရဲတိုက်မှူး'

စစ်သည်များက သံပြိုင်အော်ဟစ်လိုက်၏။

'ဒါဖြင့် ကျုပ် အမိန့်ပေးတဲ့အခါ တစ်ပြိုင်တည်း ထိုးဖောက် ထွက်ကြ'



စိန်ဝေယန်က အပြင်မှ အခြေအနေကို အကဲခတ်လိုက်ရာ တ်အောင်တယ်သားများက ခေါင်းဆောင်ဖြစ်သူကို ဝိုင်းရံ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်ကို တွေ့ရသည်။

'တိုက်ဟေ့'

ရုတ်တရက် စိန်ဝေယန်က အော်ဟစ် အမိန့်ပေးသည်နှင့် ပြိုင်တည်း စစ်သည်လေးယောက်တို့သည် တံခါးပေါက်မှ တစ်ရှိန်ထိုး ခုန်ထွက်သွားကြ၏။

ဓားပြများမှာလည်း မမျှော်လင့်ဘဲ ညာသံပေးကာ ထိုးဖောက် တိုက်ခိုက်လာသော စစ်သည်များကြောင့် ဖရိုဖရဲ ဖြစ်သွားကြ၏။

နံပါတ်ရှစ် ခေန်းမှူးမှာလည်း ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပြီးမှ သတိဝင်လာပြီး....

'တိုက်ကြ'

ဓားပြများမှာလည်း သူတို့၏ခေါင်းဆောင် ရောက်လာပြီ ဖြစ်သောကြောင့် အားတက်လာကာ စစ်သည်လေးယောက် င်းရပ်ဆို တိုက်ခိုက်ကြတော့သည်။

တစ်ချိန်တည်းမှာပင် ပျံသွားငှက်ပမာ ခုန်၍ဝင်လာသော ဝေယန်သည် ကိုယ်ဖော့ပညာနှင့် အစွမ်းထက်ဆုံးသော ချက်ပေါင်း၍ ဝင်ပြီး တိုက်ခိုက်ရာ ဓားပြငါးယောက်တို့ ခေါ်သို့ လဲကျသွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခါသည် လေးယောက်ကလည်း ရန်သူများကြား ဝ[illegible]
တိုက်ခိုက်လေသည်၊

'ချွမ်း...ချွမ်း'

'ချွမ်း....ချွမ်း'

ဓား ဓားချင်း ထိခိုက်သံများ၊ လူများ၏ အော်ဟစ်သည်
သံ၊သံတွေက ကမ္ဘာပျက်သည့်နှယ် ဆူညံနေ၏၊

'ဝိုင်းတိုက်၊ မလွတ်စေနဲ့'

အော်သံထွက်ပေါ်လာ၏၊

စီးကျိတ်သည်....

တိုက်ပွဲကို အကဲခတ်ကြည့်ရာက စိန်ဝေယန်ကို တွေ့[illegible]
သည်၊

သူသည် ဒေါသချောင်းချောင်း ထွက်လာပြီး စဉ်စား[illegible]
တော့ဘဲ မြင်းပေါ်မှဆင်းကာ သံတုတ်ကြီးကို ဝှီးဝှီး [illegible]
အောင် လှည့်၍ ဝင်လာလေတော့သည်၊

'ချွမ်း....'

စိန်ဝေယန်က သူ၏လက်ထဲမှ ဓားနှင့်ခံပေးရာ သံတု[illegible]
သူ၏ဓား ပြင်ထန်စွာထိပြီး မီးပွင့်သွားသည်၊

စီးကျိတ်သည် နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်သွား[illegible]
သည်၊

စိန်ဝေယန်က အလွတ်မပေးဘဲ စီးကျိတ်ကိုဆက်၍ [illegible]
ခိုက်လိုက်၏၊



'ဝှီး....ဝှီး....ဝှီး....'

စီးကျိတ်က သံတုတ်ကို အဆက်မပြတ် ဝှေ့ယမ်း [illegible]
ကျယ်နေသောကြောင့် စိန်ဝေယန်မှာ နောက်[illegible] ဆုတ်လိုက်ရ
သည်၊

သူသည် အတွင်းအားကောင်းသူဖြစ်၍ သံတုတ်ဝှေ့ယမ်း
ရာ တဝီးဝီး အော်မြည်သံကိုသာ ကြားရပြီး မည်သည်က
သံတုတ်၊ မည်သည်က အရိပ်ဟူ၍ပင် ခွဲခြားမရတော့ပေ၊

သံတုတ်၏လည်ပတ်မှုနှင့် ရိုက်ချက်က ပြင်းထန်လွန်းသော
ကြောင့် စိန်ဝေယန်မှာ ရှောင်တိမ်းရင်း တစ်ချက်တစ်ချက်
သာ ပြန်လည်တိုက်ခိုက်နေ၏၊

ထို့ပြင် ဓားပြရှစ်ယောက်ကလည်း စိန်ဝေယန်အလစ်တွင်
ဝင်ရောက်တိုက်ခိုက်ကြပြန်သည်၊

သူက အမြန်ဆုံးရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်လိုက်မှ
သူတို့က အဝေးသို့ရှောင်ထွက်သွားသည်၊

သိုင်းကွက်ချင်းယှဉ်ပြိုင်ရာတွင် သူကအနည်းငယ် အသာရ
သော်လည်း တစ်ဘက်က လူအင်အားများသည့်အတွက်
နိုင်အောင်မတိုက်နိုင်ပေ၊

ဓားပြများက စိန်ဝေယန်အားဖိ၍ တိုက်နေသည်၊

သူ၏လက်အောက်စစ်သည် လေးယောက်မှာလည်း ဓားပြ
အားဆယ်ခန့်နှင့် ယှဉ်ပြိုင်တိုက်နေရ၏၊

သူတို့သည် ရှုပ်ရှုပ်ချွံချွံ ထိုးဖောက်တိုက်ခိုက်နေသော်လည်း
လွတ်လမ်းမတွေ့ရသေးပါ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ခေါးပြုအုပ်စုနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသော
စိမ်းသည်အချိန်မှာ သူ့နောက်မှတိုးသွင်းလာသော လှံချက်
ကျောင်းနှိုက် လဲကျနေသသွားရပြန်သည်။

စိန်ဝေယံနိုးက အခြေအနေဆိုးရွားလာသည်ကို အကဲခပ်
မိသဖြင့် ပြန်ဆုတ်ရန်အမိန့်ပေးလိုက်ရတော့၏။

'ရှမ်းကော့၊ ဆိုင်ထဲပြန်ဝင်ကြ'

သူ၏အကြံကား ဆိုင်ထဲတွင်ပိတ်၍ ရန်သူများကို အခိုင်
အခံ့ တိုက်ခိုက်ရန်ဖြစ်သည်။

သူသည် အမိန့်ပေးလိုက်ပြီးသည်နှင့် စီးကျိုတုံနှင့် ယှဉ်ပြိုင်
နေရာမှ ခေါးပြုအုပ်စုထဲသို့ လွှားခနဲခုန်ဝင်ကာ သူ၏ရဲဘော်
သုံးယောက်ကို ဝိုင်းရံနေသော လူများကို ဝင်၍တိုက်ခိုက်
တော့သည်။

'အား....'

'အား'

'အောင်မယ်လေးဗျ'

အော်သံနှင့်အတူ ခေါးမြင်းယောက်တို့သည် မြေပေါ်သို့
ဝုန်းခနဲ လဲကျသွားတော့သည်။

ထိုတစ်ခဏအချိန်မှာပင်....

စိန်ဝေယံမှာ သူ၏ဟျန်ရှိသော စစ်သည်များနှင့်အတူ
ဆိုင်အတွင်းသို့ ဆုတ်ခွာလိုက်သည်။



စီးကျိုတုံမှာ ကိုယ်ဖော့ပညာအစွမ်းမထက်လှသဖြင့် စိန်ဝေ
ယံကိုမီအောင် မလိုက်နိုင်ချေ။

သူသည် ဒေါသချောင်းချောင်းထွက်ပြီး သံတုတ်ကြီးကို မြေ
ပေါ်သို့ ဗိုက်ချလိုက်လေသည်။

ဆိုင်တွင်းသို့ ပြန်ယည်ရောက်ရှိလာသောအခါ စိန်ဝေ
ယံ၏အင်အားမှာ စစ်သည်သုံးဦးသာ ကျန်ရှိလေတော့၏။

★.....

www.burmeseclassic.com

www.burmeseclassic.com

## အ သက် လု တိုက်ပွဲ

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးလာပြီဖြစ်သည်။

ဆိုင်ပတ်ပတ်လည်တွင် ဓားပြတွေက ဝိုင်းထားနေဆဲပင် ဖြစ်၏။

'တိုက်ပြီး တက်ကြစမ်း'

ဓားပြခေါင်းဆောင် စီးကျိတုံ၏ အော်ဟစ်အမိန့်ပေးသံ ကြောင့် လက်အောက်ငယ်သားများသည် ပြတင်းတံခါးဆီသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားကြသည်။

'ရွှမ်း....'

'အား....'

ဆိုင်ပြတင်းပေါက်ဘောင်းမှ ပုန်းကွယ်စောင့်နေသော စ... သည်များက ခေါင်းပြူလာသူများကို ဓားဖြင့်တိုက်ခိုက်လိုက်... သဖြင့် မြေပေါ်သို့ တစ်ဦးပြီးတစ်ဦး လဲကျသွားတော့သည်။



သို့သော် လူအင်အားကများသဖြင့် ဆက်၍တက်လာကြ သည်။

'အင်း... ဒီတစ်ခါတော့ ခါချွဲအသက် ဒီမှာပဲစတေးသွားရ ...မှာမထင်တယ်'

စိန်ဝေယန်က တွေးရင်း သူသည် တံခါးမကြီးကိုပိတ်၍ ...ယူထားလေသည်။

စီးကျိတုံမှာလည်း ရုတ်တရက်ထိုးဖောက်နိုင်ခြင်းမရှိသေး။ သူ၏လက်အောက်ငယ်သားများမှာလည်း တစ်ဦးပြီးတစ် ...ဆိုင်တွင်းဝင်ရောက်ရန် ကြိုးစားတိုင်း ဆိုင်တွင်းမှ ပြန်လည် ...မှုကြောင့် ကျဆုံးနေရသည်။

ယခုအချိန်တွင် လိုရိမ့် လူရှစ်ယောက်တို့ ထပ်မံကျဆုံးခဲ့ ...ဖြစ်၏။

အချိန်ကြာလာသည်နှင့်အမျှ....

ရဲတိုက်မှူးစိန်ဝေယန်က လုံကျိန့်ဖုံး ဦးဆောင်သည့်တပ်ဖွဲ့ ...အား မျှော်နေမိသည်။

သို့သော် ယခုချိန်ထိ ရောက်မလာသေးပါ။

အကယ်၍သာ လုံကျိန့်ဖုံးတို့ ရောက်ပါက ဤအုပ်စုကို ...တော့်ချင်း ချေမှုန်းနိုင်မည်ဖြစ်၏။

နှစ်နာရီခန့်ကြာအထိ အချိန်ဆွဲတိုက်ခိုက်ခဲ့သော်လည်း လုံ ...ကျိန့်ဖုံး၏ တပ်ဖွဲ့က ရောက်မလာသေးပါ။

စိန်ဝေယန်၏စိတ်ထဲတွင် စိုးရိမ်ပူပန်မှု ဖြစ်လာသည် ...မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုရှိစခန်းမှ ခွားပြမျှားသည် သိုင်းပညာအဆင့် မြင့်

လှသည်။

ယခုအချိန်တွင် လိုရှိစခန်းမှ နံပါတ်ခုနစ်နှင့် နံပါတ်

ခေါင်းဆောင်များကို သူတို့တပ်စုအား ဆီးကြိုတိုက်

ခိုက်ရန် စေလွှတ်ထားသည့်အတွက် ကျန်တပ်ဖွဲ့မှာလည်း

ပြမျှား၏ ပိတ်ဆို့တိုက်ခိုက်မှုကို ခံနေရမည်မှာ သေချာပေ

စိန်ခဝယန်အည် တစ်ကိုယ်လုံး သွေးချွေးများဖြင့် ရွှဲ

နေပြီ။

ယင်းအချိန်ကလေးမှာပင် မိုးကြိုးသံမှာ အသံတွေက ဝုန်း

ခနဲပေါ်ထွက်လာပြီး ဆိုင်တစ်ခုလုံး သိမ့်သိမ့်တုန်ခါသွား၏။

'ဝုန်း....'

ရှတ်တရက်....

ထိုအသံကြီး ပေါ်ထွက်လာကာ ဆိုင်တစ်ဝက်ခန့်မှာ ပြို

ကျသွားတော့သည်။

...★...



လိုရှိစခန်းမှ ခွားပြဂိုဏ်းအုပ်စုခေါင်းဆောင် စီးကျိုတို့အဖွဲ့

ခေါ်သံထိန်းမနိုင်တော့ပေ။

သူ၏သံတုတ်ကြီးဖြင့် ဆိုင်အပြင်နံရံ၏တိုင်များကိုပစ်ပေါက်

ကာ ဖျက်ဆီးကြကုန်သည်။

တိုင်များကို ရိုက်ချိုးလိုက်သည်နှင့် ဆိုင်တစ်ခြမ်းမှာ ပြင်း

ထန်သောအရှိန်ဖြင့် ပြိုလဲကျသွားတော့သည်။

'ဟေး....ဟုတ်ပြီကွ တိုးဝင်ကြ'

စီးကျိုတို့က အမိန့်ပေးလိုက်သည်။

ကျန်လူများက ပြိုကျသွားသောဆိုင်တစ်ခြမ်းမှ တိုးဝင်

သွားကြလေသည်။

ရှတ်တရက်ဝင်လာသော ခွားပြများကို စိန်ခဝယန်၏တပည့်

သုံးယောက်တို့သည် ဆီးကြိုရှ သက်စွန့်ဆံဖျား တိုက်ခိုက်

ကြသည်။

'ချွမ်း....'

'ချွမ်း....'

'ချွမ်း....'

ဓားချင်းထိခိုက်သံများ ဆူညံစွာ ပေါ်ထွက်သွားလေ

သည်။

ရှတ်တရက်ဝင်လာသော ရှေ့ဆုံးမှ ခွားပြအယ်ယောက်

အယ်ဝါးယောက်တို့မှာ အောင်ဘစ်လဲကျသွားလေတော့သည်။

စီးကျိုတို့သည် ဆိုင်တံခါးမကြီးကို သူ၏သံတုတ်ကြီးဖြင့်

ရိုက်ချိုးပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဗြောင်း—'

ဆိုင်းဘုံးကြီးသည် ရုတ်တရက် ကျိုးပဲ့ကာ ပွင့်ထွက်သွားလေသည်။

သံတုတ်ကြီးအား ရဟတ်ပမာဝှေ့လိုက်ချိန်မှာပင် စိန်ဝေယန်ကလည်း အတွင်းမှ ဆီးကြိုကာတိုက်ခိုက်လိုက်သည်။

'ချွမ်း....'

စီးကျိုတု၏ သံတုတ်နှင့် ဓားထိသံမှာ ပြင်းထန်စွာ ပေါ်ထွက်သွားသည်။

ရဲဘက်မှူးစိန်ဝေယန်နှင့် ဓားပြစီးကျိုတုတို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသလို စစ်သည်သုံးယောက်နှင့် ကျန်လူများမှာလည်း အပြင်းအထန်တိုက်ခိုက်နေရသည်။

မည်သို့ပြစ်စေ....

ယခုအခါ စိန်ဝေယန်တို့မှာ ပိတ်လှောင်၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်း ခံနေရပြီ ဖြစ်လေသည်။

★



ယင်းသို့ စိန်ဝေယန်တို့ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခြင်း ခံနေရစဉ်တွင် နောက်ဆုံးမှလိုက်လာသော တပ်ဖွဲ့တပ်ဖွဲ့မှာ အပြင်းအထန်ချီတက်နေရဆဲဖြစ်သည်။

ယင်းနောက်ဆုံးတပ်ဖွဲ့မှာ ဖုံးချီယင် ဦးစီးသော တပ်ဖွဲ့ပင်ဖြစ်သည်။

သူအုပ်ချုပ်သောတပ်ဖွဲ့တွင် လက်ရွေးစင်စစ်သည်ဆယ်ဦးပါရှိသည်။

ထိုတပ်ဖွဲ့ဝင်များသည် ဒူဖုန်းစားအသင်း သုံးယောက်၊ မျက်လှည့်ဆရာနှစ်ယောက်၊ ဝေါယာဉ်တမ်းသမား လေးယောက်နှင့် ဗေဒင်ဆရာတစ်ယောက်တို့ ဖြစ်ကြသည်။

ရဲတိုက်မှူး ဖုံးချီယင်ကမူ ဝေါယာဉ်ကိုစီး၍ လိုက်ပါလာသည်။

လုံကျိန့်ဖုံးကမူ လိုရီဓားပြစခန်းရောက်ရန် မိုင်းငါးဆယ်အလိုတွင် သူတို့တပ်ဖွဲ့သုံးဖွဲ့ပြန်လည်တွေ့ကြမည်ဖြစ်လေသည်။

ပြန်လည်ဆုံဆည်းရန်လည်း အမိန့်ပေးထားပြီး ဖြစ်လေသည်။

နောက်ဆုံးတွင် ကျန်နေသောဖုံးချီယင်တပ်ဖွဲ့မှာ လုံကျိန့်ဖုံးခေါင်းဆောင်သော တပ်ဖွဲ့ကိုမှီရန်အတွက် ခရီးပြင်းနှင်ခဲ့လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com



မှောအချိန်တွင်...

ဖုန်းချိုယင်တို့မှာ တောအုပ်တစ်ခုအတွင်း ရောက်ရှိနေကြသည်။

တောအုပ်သည် သစ်ပင်ကြီး မြင့်မားသော ဝါးပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသည်။

နိုနှတ်မှသည် ညနေခင်းတွင် ဆီးနှင်းများ အဆက်မပြတ်ကျထားသောကြောင့် ခရီးလမ်းတစ်လျှောက် ဆီးနှင်းများဖြင့် ဖုံးလွှမ်းသျက် ရှိနေသည်။

နှင်းများပေါ်တွင် မကြာသေးမီက လျှောက်သွားကြသော ခြေရာလတ်လတ်ဆတ်ဆတ်အသစ်များကို ဖုန်းချိုယင်က ဝေါယာဉ်ပေါ်မှ တွေ့လိုက်ရသည်။

'တော...ကြည့်ပါဦးကွ၊ အဲဒီခြေရာတွေကို ကြည့်တာနဲ့ အုပ်ချုပ်ရေးမှူးကြီး လုံကျိန်ဖုန်းတို့ ဖြတ်သွားတာ မကြာသေးဘူးဆိုတာ သိနိုင်တယ်ကွ၊ ဟား...ဟား...ဟား'

သူသည် ရယ်မောရွှင်မြူးလိုက်သည်။

သူကပင်ဆက်ပြီး...

'တို့တော့ မကြာခင် သူတို့ကိုမီမှာပဲ'

'ကျွန်တော်ကတော့ ဒီလိုမထင်ပါဘူးဗျာ'

ထိုအသံကြောင့် ဝေါယာဉ်ပေါ်မှစီးနင်းလိုက်ပါလာသော ဖုန်းချိုယင်က လှည့်ကြည့်လိုက်သည်။

သူ့တပ်ဖွဲ့တွင် ဗေဒင်ဆရာအဖြစ်လိုက်ပါလာသော ရိဖန်ချင်၏အသံဖြစ်သည်။



'မင်းဘာ အယ်လိုမျိုးထင်လို့လဲကွ'

'အုပ်ချုပ်ရေးမှူးကြီးလုံကျိန်ဖုန်းဦးစီးတဲ့ အုပ်စုက မြင်းအစီးနှစ်ဆယ်လောက်သာ ရှိတာဗျ။ အခုခြေရာတွေက ဘာကြောင့်ဒီလောက်များနေတာလဲ၊ ပြီးတော့ ခြေရာတွေဟာ နှစ်မျိုးနှစ်စားဖြစ်နေတယ်၊ တစ်မျိုးက ခြေရာခပ်ဖျော့ဖျော့နောက်တစ်မျိုးက နည်းနည်းနက်တယ်'

ဖုန်းချိုယင်က...

'နှင်းတွေကျသွားလို့ ခြေရာတွေ နည်းနည်းပျက်သွားတာဖြစ်ရမယ်'

ဟုတ်ပြေသည်။

နှင်းတွေကလည်းတဖွဲဖွဲကျနေသဖြင့် လှမ်းမြင်ဝယ် ထင်နေသောခြေရာများမှာ မှုန်ဝါးဝါးဖြစ်နေ၏။

ဗေဒင်ဆရာအဖြစ်ရှပ်ဖျော်ထားသော ရိဖန်ချင်က သူ၏ ထင်မြင်ချက်ကို ဆက်၍ပြောပြန်သည်။

'နောက်ပြီး ဒီခြေရာတွေဟာ ခြေရာသစ်တွေဗျ၊ အဲ...မဟုတ်မှလွဲရော အုပ်ချုပ်ရေးမှူးကြီးခေါင်းဆောင်တဲ့ တပ်ဖွဲ့ရဲ့နောက်မှာ လူတစ်သုတ် ထပ်ပြီးတိုးလာတာ ဖြစ်နေမလားဘဲ...'

သို့ရာတွင် ... စေ့စပ်သေချာသော ရိဖန်ချင်က ရဲဘော်ဖြစ်သူ ဖုန်းချိုယင်အား အခြေအနေကို ပြောပြသေးသည်။

ဖုန်းချိုယင်က သဘောမတူသလို မျက်နှာ ရှုံ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရိဖန်ချင်၏စကားကို အရေးမစိုက်ဘဲ စိတ်တိုတို ဖြင့် ဆိုလိုက်သည်။

'အိုး....ဒါတွေပြောမနေပါနဲ့ကွာ၊ လူဆိုးသူခိုးတွေလေ ... အား အရေးစိုက်ပြောနေရင် အချိန်ကုန်ရုံပဲရှိမယ်'

'အင်း....သာမန်သူခိုးလောက်ဆိုရင် စိုးရိမ်စရာမလိုပါဘူး ကျွန်တော်စိုးရိမ်တာက....'

ရိဖန်ချင်က နောက်ထပ် ... ... ဆက်လိုသော်လည်း အနားတွင်ရှိသောစစ်သည် တစ်ဦးကကြားဝင်လျက်....

'အို....နောင်ကြီးရိဖန်ချင်က ပူပင်တတ်ရန်ကော၊ သူခိုး ပေါက်စဆိုရင် တို့အုပ်ချုပ်ရေးမှူးကြီးရဲ့လက်ချက်နဲ့ အားလုံး မသာဖြစ်သွားမှာပေါ့ဗျာ'

သို့သော် ရိဖန်ချင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး—

'အင်း....အုပ်ချုပ်ရေးမှူးကြီး အနှောင့်အယှက်နဲ့ တွေ့ပြီ ထင်တယ်ဗျာ'

'ဟော....မင်း ကြောက်ရင်လဲ မင်းမိန်းမဆီကို ပြန်သွား ကွာ'

ရဲတိုက်မှူး ဖုံးချီယင်က ဒေါသဖြင့် အော်လိုက်သည်။

ထို့နောက်....

ဒေါ်ယာဉ်ပေါ်မှမြင်းကို ပြောင်းစီးလိုက်ပြီး ကျွဲပွတ်ဖြင့် မြင်းကို တအားရိုက်လိုက်သည်။

'ရှမ်း....'



သူစီးသောမြင်းမှာ ကျွဲပွတ်ဒဏ်ကြောင့် နာကျင်စွာ ကဆုန်စိုင်း၍ ရှေ့ဆီးမှ တောတွင်းသို့ ဦးဆောင် ပြေးသွား သည်။

'ဟား....ဟား....ဟားယ်သူခိုးကိုတို့ရှာဖို့မလိုပဲနဲ့ သူတို့က တို့ကိုလာရှာရင် သိပ်ကောင်းမှာပဲ'

ဖုံးချီယင်က လုံးဝ အရေးမစိုက်သလို ပြောလိုက်ပြန် သည်။

ရိဖန်ချင်မှာ ဘာမှမပြောတော့။

ပခုံးတစ်ချက်တွန့်လိုက်ပြီး ဆိတ်ဆိတ်နေလိုက်သည်။

သူသည် တစ်ချိန်က ခါးပိုက်နှိုက်တစ်ဦးဖြစ်ပြီး သိုင်း ပညာလည်း ထူးချွန်သူတစ်ဦးဖြစ်သည်။

သူ့အား လုံကျိန်ဖုံးကဖမ်းဆီးခဲ့သော်လည်း အပြစ်မှာ ကြီးကျယ်ခြင်းမရှိ၍ ဆုံးမပဲ့ပြင်ကာ သူ၏အပ်ထဲတွင်ထားခဲ့ လေသည်။

သည် ... ... တွင် လုံကျိန်ဖုံးက သူ့ရဲတိုက်မှူး ဖုံးချီ ယင်နှင့် တွဲဖက်တာဝန်ပေးထားခဲ့ခြင်းဖြစ်သည်။

ဤသို့တာဝန်ပေးခြင်းမှာ ရဲတိုက်မှူး ဖုံးချီယင်မှာ သိုင်း ပညာထူးချွန်သော်လည်း လူကြမ်းပီပီ ဆိုးဆိုးဆတ်ဆတ်နှင့် စိတ်လိုတာလုပ်တတ်သဖြင့် ရိဖန်ချင်ကို အကြံပေးရန် ထည့် ထားခြင်းဖြစ်သည်။

အချိန်မှာ နေမွန်းတ ... ချိန်ဖြစ်၏။

တောအုပ်အတွင်းဝယ် တောင်ကုန်းများနှင့် မြစ်ချောင်း တွေ့ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိမ်းချောင်းကလေးတွင် ခေတ္တနားနေစဉ်...

ရှင်းသရွက် ငှက်အုပ်တစ်အုပ် အရှေ့ဘက်တောမှ ထပျံသွားလေသည်။

'အင်း...ရဲတိုက်မှူးကြီး သတိထားရင် ကောင်းမယ် ခင်ဗျား၊ လူမိုက်ဂိုဏ်းကလူတွေက သာမန်ခွေးပြွတွေနဲ့ တူတာ မဟုတ်ဘူး'

'ဟား...ဟား...ဟား...အခုရေးမစိုက်စမ်းပါနဲ့ကွာ'

ဖိုးချိုယင်က ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်။

ထိုအချိန်မှာပင် အရှေ့ဘက်မှ ခြေသံလိုလို ကြားလိုက်ရသည်။

'ရှီး...ရှီး'

ရုတ်တရက် ဖေတိုးသံများ ကြားလိုက်ရပြီး သူတို့ထံသို့ ပြေးဝင်လာသော ခွေးပြွများကို တွေ့လိုက်ရလေသည်။

မိုးသီးမိုးပေါက်ဝမှာ မြားတွေက ပျံထွက်လာသဖြင့် ရုတ်တရက် ဖိုးချိုယင်မှာ အံ့ဩသွားလေတော့သည်။

'ဟာ...'

သူ အံ့အားသင့်နေစဉ်မှာပင် သူ၏နံဘေးမှ ရိဖန်ချင်သည် ရုတ်တရက် ခုန်၍ထွက်သွား၏။

'ဟိတ်...အားလုံးသတိထားကြ'

'ဝိုး...ဝိုး'

သူ၏လက်ထဲမှကိုင်ထားသော တောင်ဝှေးကြီးကို လေထဲတွင် ဝှေ့မတ်၍ပြေးဝင်လာသော မြားတွေကို ရိုက်ထုတ်လိုက်လေသည်။



မြားအစင်းပေါင်းနှစ်ဆယ်ခန့်ကို လွင့်စင်အောင်ရိုက်ထုတ်လိုက်လေသည်။

ယခုမှ ဖိုးချိုယင်ကလည်း သတိဝင်လာပြီး တစ်ချက်အော်လိုက်လေသည်။

သူသည် ဓားကိုဝှေ့ယမ်းပြီး ဦးတည်လာနေသော မြားတို့ကို ခုခံကာကွယ်လိုက်သည်။

ဤသို့ ခုခံကာကွယ်လိုက်သောကြောင့် သူ့ဆီသို့ ကျလာသော မြားအားလုံးမှာ မြေပေါ်သို့လွင့်စဉ် ကျသွားလေတော့သည်။

မြားတချို့မှာ စစ်သည်ကိုးယောက်ဆီသို့ ကျသွားရာ စစ်သားများကလည်း အတွေ့အကြုံရင့်သူများပီပီ ဓားများကို ဆွဲထုတ်၍ မြားများကိုလွင့်စဉ်သွားအောင် ခုတ်ထုတ်ပစ်လိုက်လေသည်။

သို့သော်...

စစ်သည်တစ်ဦးမှာ ဓားထုတ်ရာတွင် နောက်ကျသွား၍ မြားမှန်၍ သေဆုံးသွားလေ၏။

ဖိုးချိုယင်က အချိန်ဆွဲနေပါက ရန်သူတို့၏တိုက်ခိုက်မှုကို ခံရမည် စိုးရိမ်သောကြောင့် ကြိမ်းဝါး အော်ဟစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်အကြီးသို့ မြင်းစိုင်းတရကြမ်း စီးဆင်းသွားလေ

သည်။

တောအုပ်အတွင်းသို့ရောက်လျှင် ချုံပုတ်များကို အ

အလှယ်ယူကာ မြားဖြင့်ပစ်ခတ်နေသည့် လူတချို့ကိုတွေ့

ရသည်။

ဖုံးချိုယင်သည် ဓားကိုဝှေ့ယမ်းရင်း ထိုလူများရှိရာသို့ မြ

ကိုအပြင်းနှင်သွားသည်။

အနီးသို့ရောက်သော် မြင်းပေါ်မှလွှားခနဲခုန်ဆင်းလိုက်

လက်ထဲမှဓားဖြင့် လျှပ်တပြက်ထိုးသွင်းလိုက်သည်။

ကျန်လူများက ကြောင်အမ်းအမ်းဖြစ်နေစဉ် သူ၏ဓား

တစ်ချက်လှုပ်ရှားသွားရာ ကျန်လူနှစ်ယောက်ပါ လဲကျ

လေတော့သည်။

ကျန်လေးသမားတို့မှာ လေးနှင့်မြားကိုစွန့်ကာ ထွက်

သွားကြသည်။

ထိုအချိန်တွင် စစ်သည်တို့သည် ဖုံးချိုယင်အနီးသို့ ရော

လာပြီး ကျန်ဓားပြများကို ဝိုင်း၍တိုက်ခိုက်ကြသည်။

ရုတ်တရက်....

သစ်ပင်များပေါ်ပင် ပုန်းအောင်းနေသော ဓားပြ

ခုန်ဆင်းလာကြသည်။



"ဝှီး...."

"ဒုတ်...."

"အား"

ရုတ်တရက်ဖြစ်၍ အထမ်းသမားတန်ဆောင်ထားသူ တစ်

ဦးမှာ ဓားချက်မိကာ လဲကျသေဆုံးသွား၏။

သူ့ဖုန်းစားအသွင် ရုပ်ဖျက်ထားသော စစ်သည်တစ်ဦးမှာ

လည်း ဓားတစ်ချက်ထိသွားသည်။

သည့်အချိန်မှာပင် ဝန်းကျင်ရှိ ချုံကြီးများထဲမှ အရိပ်

မည်းမည်းများ လွှားခနဲပေါ်ထွက်လာကြသည်။

ဖုံးချိုယင်သည် သူ့ကိုဝိုင်းရံလာသော လူများကိုတိုက်ခိုက်

လိုက်သည်။

"အို...."

"အား...."

အော်သံများနှင့်အတူ ဓားပြလေးငါးယောက်မှာ လဲကျ

သွားလေသည်။

ဖုံးချိုယင်သည် ယခုမှ ထိုလူများအား သေသေချာချာ

ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများအနက်....

အချို့သည် အမည်းရောင်အဝတ်များ ဝတ်ထားကာ နဖူးတွင် အဖြူရောင်အဝတ်များ စည်းထားကြသည်။

အချို့သည် အမည်းရောင်အဝတ်များ ဝတ်ထားကြသော်လည်း နဖူးတွင်အဝတ်များ စည်းမထားပေ။

'ဟိတ်....မင်းတို့အားလုံး ငါ့ဆီလာကြစမ်း၊ တို့တစ်တွေ ပြိုင်တွတိုက်ကြရအောင်'

ဖိုးချိုယင်က ထိုလူများကို အကဲခတ်ကြည့်ရင်း ရန်သူကို တစ်စည်းတစ်လုံးတည်း တိုက်ခိုက်ရန် အတွက် အမိန့်ပေးလိုက်၏။

မနီသည်။

တစ်ဖက်အုပ်စုတွင် လူပေါင်းခြောက်ဆယ်ခန့်ရှိသည်။

သူတို့ဘက်တွင် မူလစစ်သည် ဆယ်ယောက်နှင့် သူအပါအဝင် ဆယ့်တစ်ဦးရှိခဲ့သော်လည်း ယခုအခါ တစ်ဦးကျသွားပြီး တစ်ဦးက ဒဏ်ရာရထားပြီမို့ တကယ်တိုက်အားမှာ ကိုးယောက်သာ ရှိတော့သည်။

သူ၏စစ်သည်မျိုးကလည်း အသီးသီးတစ်နေရာစီ ခွဲတိုက်နေရာမှ ဖိုးချိုယင်၏အမိန့်ကြောင့် စစ်သည်များသည် တိုက်ခိုက်နေရာမှ တဖြည်းဖြည်းဆုတ်၍ လာကြသည်။



ချက်ချင်းရက်....

'ဟား....ဟား....ဟား'

ရယ်သံကြီးတစ်သံက ခေါင်းဘင်ပေါ်မှ ဟိန်းထွက်လာသည်ကို ကြားလိုက်ကြရလေသည်။

မဟာမပိုင်းပြီး၏။

( ဒု-တော်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန် )

www.burmeseclassic.com

www.burmeseclassic.com

## မိုးကျော်သူ

# မုန်တိုင်းကြားမှ မျက်ရည်စက်များ

ဒုတိယပိုင်း ( ဇာတ်သိမ်း )

( ပ-ဒု နှစ်အုပ်တွဲ )

www.burmeseclassic.com

www.burmeseclassic.com

## သံချိတ်ကြီးနှင့်သံမဏိလက်ဝါး

'ဟား....ဟား....ဟား'

ရယ်မောသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုရယ်သံကြီးနှင့်အတူ သစ်ပင်ပေါ်မှ လူတစ်ဦးခုန်ဆင်းလာသည်။

ထိုလူသည် အနီရောင်ခြုံလွှာကို ခြုံထားသည်။

အသက်လေးဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ကိုယ်ခန္ဓာ သန်မာထွားကျိုင်းပြီး မုတ်ဆိတ်နှင့် ပါးမြိုင်မွေးများကြောင့် မျက်နှာပုံပန်းသဏ္ဌာန်ကို သဲသဲကွဲကွဲမမြင်ရပေ။

မျက်လုံးများကမူ အရောင်တဖိတ်ဖိတ် တောက်နေ၏။

သူ၏လက်တစ်ဖက်တွင် သံချိတ်ကြီးတစ်ခု တပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗုန်း——ဒုန်း'

သူသည် သံချိတ်ကြီးအား ဝှေ့ယမ်းလှုပ်ရှားလိုက်သည်။

နှုတ်မှလည်း....

'ဟိတ်ကောင်တွေ၊ လိုရိစခန်းက ရဲလှစန်းဆိုတာ ငါပဲကွ။ မင်းတို့ကို အရှင်မထားဘူး'

သူ၏ကြိမ်းဝါးသံကို ကြားရသောခါတွင် ဖိုးချိယင်မှာ အနည်းငယ်ထိတ်ခနဲဖြစ်သွားသည်။

လိုရိစခန်းမှ လူဆိုးခေါင်းဆောင်ရစ်ဦးသည် တစ်ယောက်ထက်တစ်ယောက် ပိုရဲတော်သည်။

ယခုရောက်လာသူကား လိုရိစခန်းမှ နံပါတ်ငါးပင် ဖြစ်သည်။

သူသည် သံချိတ်ကြီးကို သက်နက်အဖြစ်အသုံးပြု၍ ရဲလှစန်းဟု အမည်တွင်နေသည်။

သူ၏အတွင်းအားက အလွန်ကောင်း၍ သူ၏သံချိတ်ကြီးဖြင့် ချိတ်မိလိုက်ပါက အသားများပဲ့ထွက်ကာ သွေးကြောများပြတ်တောက်၍ တစ်ခဏချင်း သေပွဲဝင်ကြရမည်။

'ဂွစ်....'

'ဒုတ်....'

'အား....'

စစ်သည်တစ်ဦး၏လည်ပင်းအား သံချိတ်ကြီး ချိတ်မိသွားကာ သံချိတ်စိုက်၍ လည်ပင်းပေါက်ကာ သွေးများဖြာခနဲ ထွက်လာလေသည်။



ဖိုးချိယင်သည် သူ၏လူ ထိသွားသောကြောင့် ဒေါသချောင်းချောင်း ထွက်သွားလေသည်။

ရန်သူများကို မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီး သူ၏သံမဏိဓားဖြင့် သူ့အနီးမှ ဓားပြနှစ်ဦးကို အရင်ရှင်းကာ လိုရိစခန်းမှူး ရဲလှစန်းထံ ခုန်ဝင်သွားသည်။

တစ်ချိန်တည်းမှာပင်....

သူ၏ ဘယ်လက်ဝါးစောင်းသည် ထက်မြက်လှသော ဓားတစ်လက်ပမာ အပေါ်စီးမှ ခုတ်ချလိုက်၏။

ပြင်းထန်လှသော ဖိုးချိယင်၏ လက်ဝါးစောင်းမှလွတ်ရန် ရွှတ်ခနဲ ခုန်၍ ရှောင်လိုက်ရ၏။

သူသည် စစ်သည်ရစ်ဦးကို တိုက်ခိုက်နေရာမှ ရုတ်တရက် ဖိုးချိယင်ဘက်လှည့်ကာ သံချိတ်ကြီးဖြင့် အားခတ်ချလိုက်သည်။

ဖိုးချိယင်က အခြားသူနှင့် တိုက်ခိုက်နေရာမှ လေတိုးသံကြား၍ လှည့်ကြည့်လိုက်သဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်ရသည်။

နှစ်ယောက်စလုံး၏ စိတ်ထဲတွင် ထိတ်ခနဲသွားကြသည်။

'မင်းက ဘယ်ဆိုးလို့လဲ'

ရဲလှစန်းက ဖိုးချိယင်အား ချီးကျူးစကား ဆိုလိုက်သည်။

ဖိုးချိယင်ကလည်း....

'ဟဲ....ဟဲ....မင်းလဲ မဆိုးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဝါ့ ရယ်မော၍ ပြောလိုက်လေသည်။

ဖုံးချိုယင်သည် ပြောရင်း သိုင်းကွက်ပြောင်း၍ ရှဲလျှံစန်းအား တိုက်ခိုက်လိုက်သည်။

သူ၏ လက်ဝါးနှစ်ဖက်ကို မိုး၍ အပေါ်စီးမှ ရိုက်ချလိုက်သည်။

'ဝုတ်....'

သံချိတ်ကြီး၏ ဝှေ့ယမ်းသံက အသည်းယားဖွယ်ရာ ကောင်းလှ၏။

နှစ်ဘက်စလုံး ငယ်သားများမှ ထိုကဲ့သို့ အတွင်းအားချင်း ယှဉ်ပြိုင်နေသည်ကို မတွေ့ဘူးကြပါ။

ဖုံးချိုယင်နှင့် ရှဲလျှံစန်းတို့သည် သဲသဲမဲမဲ ယှဉ်ပြိုင်နေကြလေသည်။

ဖုံးချိုယင်၏ လက်ဝါး ရိုက်ချက်က ပြင်းထန်သလောက် ရှဲလျှံစန်းကလည်း သူ၏ အထက်မြက်ဆုံးသော သိုင်းကွက်ကို သုံးပြီး ဖုံးချိုယင်သို့ သံချိတ်ကြီးဖြင့် ရိုက်ချလိုက်လေသည်။

သူတို့နှစ်ဦးမှာ အပြင်းအထန် တိုက်ခိုက်နေကြရာ လူကိုပင် သဲလဲကွဲကွဲမမြင်ရတော့ဘဲ လူရိပ်နှစ်ခု ပူးလိုက် ခွာလိုက်ဖြစ်နေသည်သာ တွေ့မြင်ရလေသည်။

ထိုကဲ့သို့ တိုက်ခိုက်ခြင်းကို မမြင်ဘူးကြသော စစ်သည် နှစ်ယောက်ရော ဓားပြတွေပါ သူတို့တိုက်ခိုက်နေရာမှ ရပ်နား၍ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ဖုံးချိုယင်၏လက်ဝါးတစ်ချက်သည်ရှဲလျှံစန်း၏ကိုယ်ပေါ်သို့ ဝှီးခနဲမြည်ဟည်းကာ ကျရောက်လာသလို ရဲတိုက်မှူးကြီး



ဖုံးချိုယင်၏ ကိုယ်ပေါ်သို့ ရှဲလျှံစန်း၏သံချိတ်ကြီးက အရှိန်ပြင်းစွာ ကျသွားသည်။

ဖုံးချိုယင်က မရှောင်ပါ။

သူ့ကိုယ်ပေါ်သို့ ကျလာသော သံချိတ်ကြီးကို လက်ဝါးဖြင့် တိုက်ခံပေးလိုက်သည်။

တင်ဆတ်တည်းမှုပင်....

သူ၏ မိုးကြိုးလက်ဝါးသိုင်းဖြင့် ရှဲလျှံစန်း၏ ခေါင်းဆီသို့ တိုက်ခိုက်လိုက်သည်။

ရှဲလျှံစန်းက သူ့အသားစီးရနေပြီဟု ထင်နေစဉ်မှာ ဖုံးချိုယင်၏လက်ဝါး ဝင်လာသည်ကို တွေ့သောအခါ ကမန်းကတန်း သံချိတ်ဖြင့် ခံပေးလိုက်သည်။

ရှဲလျှံစန်းမှာ ဖုံးချိုယင်၏ ပြင်းထန်သောလက်ဝါးနှင့် ထိတွေ့လိုက်သဖြင့် နောက်သို့ ခြေသုံးလေးလှမ်းခန့် ဆုတ်သွားလေသည်။

သို့သော်...။

သူသည် အချိန်မီ ရပ်တန့်လိုက်နိုင်သည်။

သူ၏လက်ဝါးချက်က ရှဲလျှံစန်းကို အဝေးသို့ လွင့်စင်သွားစေသဖြင့် ဖုံးချိုယင်မှာ အကြီးအကျယ် ဒေါပွသွားသည်။

ထိုစဉ် ရှဲလျှံစန်းမှာလည်း သူ၏ တိုက်ကွက်များက ထိရောက်မှုမရှိသည်ကို တွေ့ရသောအခါ ထိတ်လန့်သွားသည်။

ဒေါသလည်း ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူစုနှင့်အနိုင်လိုရန် စဉ်းစားလိုက်သည်။

'သေ ကောင်တွေ မင်းတို့ ဘာဖြစ်လို့ ရပ်နေကြတာလဲ'

သံချိတ်ကို ဝှေ့ယမ်းရင်းက သူ၏ ယော်သားများကို အော်ဟစ် ပြောဆိုလိုက်လေသည်။

ယော်သားများမှာ ထိုအခါမှ သတိရလာပြီး စစ်သည်များ ထံ ဝင်ရောက်တိုက်ခိုက်လေတော့၏။

'ချွမ်း....ချွမ်း'

ဓားဓားချင်းထိတွေ့သံများ ပေါ်ထွက်လာသည်။

တောအုပ်ကြီးတစ်ခုလုံးမှာလည်း ဓားသံများဖြင့် ဆူညံ လျှက်ရှိနေတော့သည်။

---★---

ရှဲလျှံ စန်း၏ စိတ်ထဲတွင်....

'သူ့ရဲ့ ပြင်းထန်တဲ့လက်ဝါးသာ ငါ့ကိုထိလိုက်ရင် ငါ သက်သာမှာမဟုတ်ဘူး၊ ဓားထက်ပေါင်စွမ်းတဲ့လက်ဝါးပေါ့ လား'

ဟု တွေးလိုက်မိပြီး ထိတ်လန့်သွား၏။

ဟုတ်ပေသည်။

ပြင်းထန်သောလက်ဝါးသိုင်းက သူ၏ သံမဏိသံချိတ်ကြီး ထက် သာနေသည်။



သူ့ အဖို့ ထွက်ပြေးလွတ်လျှင်လည်း သိက္ခာကျဦးမည်။

ဆက်လက်၍ တိုက်ခိုက်နေရပါကလည်း သူ၏ သံမဏိသံ ချိတ် မပျက်စီးစေကာမူ သူ၏ခန္ဓာကိုယ်မှာ ဖုံးချိယင်၏ လက် ချက်ကြောင့် အတွင်းဒဏ်ရာများ အပြင်းအထန်ရမည်ဖြစ်၏။

ယခုအချိန်တွင် သူ၏မျှော်လင့်ချက်မှာ ကုန်ဆုံးနေပြီဖြစ် သည်။

သူ၏လူများ လာရောက်ကူညီတိုက်ခိုက်မှသာ သက်သာရာ ရပေတော့မည်။

သို့မှသာ ဖုံးချိယင်၏ စူးရှသောသိုင်းကွက်များကို အလူး အလဲ ခုခံနေရမှ သက်သာမည်ဖြစ်သည်။

ယင်းအချိန်မှာပင် စူးရှသောအသံတစ်ချက် ကြားလိုက် ရသည်။

'အား....'

အသံရှင်က သူ့စုန်းစားအသွင်ရုပ်ဖျက်ထားသော စစ်သည် တစ်ဦးဖြစ်သည်။

ဖုံးချိယင်သည် သူ၏လူလဲ ကျသွားသည်ကို တွေ့လိုက်ရ သောအခါမှ ဒေါသယမ်းအိုး ပေါက်ကွဲသွားရသည်။

သူသည် ပင်ကိုယ်ဗီဇကစိတ်တိုသော်လည်း သူ၏ယော်သား များအပေါ် ကြင်နာတတ်သူဖြစ်သည်။

'တောက်....'

သူသည် တက်တစ်ချက်ခေါက်လိုက်ပြီး သူနှင့်ယှဉ်ပြိုင်သူ ရှဲလျှံစန်းကိုမင် ဂရုမစိုက်တော့ဘဲ ဓားပြအုပ်ကြားထဲသို့ ခုန်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် လေထဲတွင်ဝဲပျံလာသော ဖုံးချိုယင်၏ လက်ဝါးကြီးသည် ပြင်းထန်သောအရှိန်ဖြင့် ဓားပြများအား အဝေါ်မှဆင်း၍ ရိုက်ချလိုက်သည်။

သူ၏ရိုက်ချက်မှာ အလွန်ပြင်းထန်လှသည်။

'ဖြောင်း.... ဖြောင်း'

ဓားပြနှစ်ယောက် လဲကျသွားသည်။

တစ်ယောက်မှာ ခေါင်းထက်ခြမ်းကွဲသွားသည်။

တစ်ဦးမှာ ပခုံးမှ အောက်သို့ပြတ်ထွက်သွားကာ သွေးများဖြင့် မြင်မကောင်းအောင် စီးထွက်သွားတော့သည်။

ဖုံးချိုယင်ကား ဆယ့်နှစ်နှစ်သားအရွယ်ကတည်းက မွေးရာပါ အားကြီးသူဖြစ်၍ ရွှေချောင်းတစ်ချောင်းကို လက်ချောင်းဖြင့်ညှပ်၍ ချိုးလိုက်သည်နှင့် ပြတ်ထွက်သွားအောင် ခွန်အားကောင်းသူဖြစ်သည်။

သိုင်းလောကတစ်ခွင်မှ သူ့အား သံမဏိလက်ဝါးဟုအမည်ပေးထားခဲ့သည်။

ယခုအခါ ဘွင် အားကိုပါသုံး၍ ဆက်တိုက်ရိုက်ချလိုက်သဖြင့်....

'ဖြောင်း.... ဖြောင်း'

'အား....'

လူဆိုးဓားပြနှစ်ယောက်မှာ လဲကျသွားသည်။

ခြေတောက်မှလည်း 'အနီးရှိလူနှစ်ယောက်ကိုကန်လိုက်ရာ အဝေးသို့လွင့်စင်သွားတော့သည်။



တစ်ချိန်တည်းမှာပင်....

သူတို့ကြားမှ တစ်ဖန်ခုန်ထွက်လာ ရွှဲလျှံစန်းထံ ရောက်လာပြန်သည်။

သူ၏လျှပ်တစ်ပြက်ရိုက်ချက် ပြင်းထန်လှန်းသောကြောင့် ဆစ်ဖက်မှ ကြောက်ယောက်သေဆုံးသွားတော့သည်။

ယခုအချိန်တွင်....

ရှဲလျှံစန်းထံ ပြန်လည်ရောက်လာပြီး ပြင်းထန်သော မိုးကြိုးလက်ဝါးသိုင်းကွက်ဖြင့် ရိုက်ချလိုက်သည်။

ရှဲလျှံစန်းမှာ ဖုံးချိုယင်ကို အလစ်မပေးရဲဘဲ ကြည့်နေရာ လက်ဝါးဖြင့်ရိုက်လိုက်လျှင် သိချိုင်ဖြင့်ခံပေးလိုက်သည်။

ပြင်းထန်သော ရဲဘိုက်မှု ဖုံးချိုယင်၏ မိုးကြိုးလက်ဝါးသိုင်းကွက်နှင့် သံချိတ်တို့ထိခတ်သံက ပြင်းထန်လှသည်။

ရှဲလျှံစန်း၏ကိုယ်မှာ နောက်သို့ ပက်လက်လန်၍ ကျသွားသည်။

'အင်း....ငါ့အခြေအနေတော့ သိပ်မကောင်းတော့ဘူး'

ရှဲလျှံစန်းသည် လက်မောင်းနှစ်ဖက် လှုပ်မရတော့သဖြင့် ညည်းလိုက်၏။

ထိုစဉ်မှာပင် ဖုံးချိုယင်က မြေပေါ်လဲကျနေသော ရှဲလျှံစန်းအား သူ၏သံမဏိလက်ဝါးဖြင့် အဆုံးစီရင်ရန် ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှုတ်တရက် အသံတစ်ခုကို ကြားလိုက်ရ၏။

ဝှီး—

တောအုပ်ထဲမှ ရွှေရောင်အရာဝတ္ထုတစ်ခုသည် ဖုံးချိုယင်၏ ရင်ဝတည့်တည့်သို့ပြေးဝင်လာလေသည်။

'ဖြောင်း'

သူတာ ရုတ်တရက် သိုင်း၊ကွက်ပြောင်း၍ ထိုအရာဝတ္ထုကို လွဲရိုက်ပစ်လိုက်သည်။

ထိုအခါ ....

'လာပြီပေါ့ နောင်ကြီးတို့၊ အားမငယ်နဲ့၊ ကျုပ်လာပြီဗျို့'

ထိုအသံနှင့်အတူ တောအုပ်ထဲမှ ခုန်ထွက်လာသော လူတစ်ဦးကို တွေ့ရသည်။

ထိုလူထွက်လာသည်ကို တွေ့မြင်လိုက်ရသော ရှဲလျှံစန်းမှာ အလွန်ဝမ်းသာသွားလေတော့သည်။

★

## ရွှေ လှံ ရှင် တု ရန် ဖိန်

တောထဲမှခုန်၍ထွက်လာသူသည် လေ၏အရှိန်ဖြင့် မြန်မြန်ပြေးလာကာ တစ်ခဏအတွင်း သူတို့နားသို့ ရောက်ရှိလာလေသည်။

ရှုတ်တရက် ဖုံးချိုယင်မှာ ကြောင်သွားသည်။

ထိုသူကား လိုရိစခန်းမှ နံပါတ်ခြောက်စခန်းမှူး ရွှေလှံတုရန်ဖိန်ပင်ဖြစ်သည်။

သူကား လှံကို သွက်လက်ကျွမ်းကျင်စွာ အသုံးချနိုင်သောကြောင့် သူ၏လှံသည် ရန်သူများနှင့်တိုက်ခိုက်ရာတွင် မြွေဆိုးကောင်ပမာ သွက်လက်ထက်မြက်သည်။

ဆိုင်းလောကသားတွေက သူသည်လှံအသုံးချမှုကျွမ်းကျင်သောကြောင့် ရွှေလှံရှင်ဟု အမည်ပေးထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အသည် အလွန်ကောက်ကျစ်စဉ်းလဲသော အကြံအ[illegible] ကို အခအကောင်အထည်ဖော်နေကြသည်။

သူတို့၏ခေါင်းဆောင်ဖြစ်သူ လီရီစခန်းမှူးကြီး၏ အ[illegible] အရ နံပါတ်နှစ်စခန်းမှူး သူဌေးကျိုရှိမ်းသည် ရဲတိုက်[illegible] စ်ခ်ဒယန်တို့တပ်ဖွဲ့အား ကိုက်ခိုက်ရန်တာဝန်ယူရမည်။

နံပါတ်ငါးစခန်းမှူးဖြစ်သော ရှဲ့သျှံစန်း၏ တာဝန်က[illegible] ခင်တီး ဖူးဖုံးချီယင်တို့အုပ်စုကို ရှင်းပစ်ရန်ဖြစ်သည်။

နံပါတ်သုံးခေါင်းဆောင်ဖြစ်သော ရှွေလုံရှင်တုရန်ဖိန်နှင့် နံပါတ်[illegible] စခန်းမှူး စီးဘိုက်တို့က အခြေအနေမဟန်လျှင် သူတို့နှင့်[illegible] ကို ဝင်ရောက်ကူရမည်။

ယင်းအစီအစဉ်ကြောင့် အလွန်ညက်မှုား၍ လှံမစ်ကျွမ်းကျ[illegible] သော တုရန်ဖိန်သည် ရှဲသျှံစန်းအား ကူညီရန် ရောက်[illegible] ခြင်းဖြစ်သည်။

တုရန်ဖိန်သည် ဖုံးချီယင် ကြောင်အမ်းအမ်းဖြစ်နေသ[illegible] တခဏအချိန်တွင် သူ၏လှံဖြင့် ဖုံးချီယင်၏ ရင်ဝမှသွေးကြော[illegible] ကိုချိန်၍ တအားထိုးလိုက်သည်။

ရင်ဝတည့်တည့်သော ဟိုစင်းသွေးကြောသည် လှံဖြင့်ထိုး[illegible] မဆိုထားနှင့် လက်ညှိုးဖြင့်ထိုးလိုက်သည်နှင့် တစ်ချက်တ[illegible] သေနိုင်သောနေရာဖြစ်သည်။

မျက်စိလျင်သော ဖုံးချီယင်က လှံရိပ်ကို မြင်လိုက်သည်[illegible] ရုတ်တရက် ကိုယ်ကို ဘေးသို့စောင်း၍ ရှောင်လိုက်သည်။

သူ၏အကြံမအောင်မြင်သောအခါ တုရန်ဖိန်မှာ တစ်[illegible] တွေဝေသွားကာ သူ့လက်မှာ အနည်းငယ်တွန့်သွား၏။



[illegible]သူက အံကိုတင်းတင်းကြိတ်၍ ရော့ဟာ ငင်ဖန်....

[illegible]ရှီး.....

တုရန်ဖိန်က ထွင်မံ၍ ပစ်လိုက်ပြန်သည်။

[illegible]ကျွတ်ကြိမ်တွင် ဖုံးချီယင်၏ ဝဲဘက်နံဘေးအား အနည်း[illegible] ထိခိုက်ဝင်သွားသည်။

ဖုံးချီယင်က အပြန်အလှန်တိမ်းရှောင်ဖို့ဆောင်သည်းမလွှတ်[illegible] သွားပေ။

သူသည် နှစ်ရှည်လများ အိမ်စားလေ့ကျင့်ခဲ့သောကြောင့် [illegible] [illegible]၏လှံမှာ အတွင်းသို့ လက်မဝက်ခန့်သာ [illegible] ဝင်သွား[illegible] ဖြစ်သည်။

တုရန်ဖိန်မှာ သူ၏လှံသည် ဖုံးချီယင်ကို ပြင်းထန်စွာ ထိခိုက်[illegible] ရှိသဖြင့် လှံကို ပြန်နုတ်ရန် ပြင်လိုက်သည်။

ထိုသော် သူက နောက်ကျသွားသည်။

ဖုံးချီယင်က မိုးကြိုးလက်ဝါးဖြင့် ထအား ရိုက်ချလိုက်[illegible] သည်။

"ကြောင်း"

အသံ ထိုးနှံသွားကာ လှံမှာ ထက်ပိုင်း ကျိုးပြတ်သွား[illegible] သည်။

သူ၏လက်နက်ကျိုးသွားသောကြောင့် တုရန်ဖိန်မှာ အလ[illegible] ဖြစ်သွားသည်။

ဖုံးချီယင်၏အကျီတွင် သွေးများက စွန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ အလစ်ဝင်ရောက်ယိုက်ခိုက်ခြင်းကို အလွန် မုန်းတီးသော ဖုံးချိုယင်မှာ တုရန်ဖိန်ဆီသို့ ခုန်ဝင်သွားတော့သည်။

'သား....'

'ဖြောင်း'

သူ၏သံမဏိလက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

တုရန်ဖိန်သည် ပြင်းထန်လှသောလက်ဝါးအရှိန်ကို ခံလိုက်ရသော အခါတွင် ထိတ်ခနဲဖြစ်ပြီး ခုန်ရှောင်လိုက်သည်။

တုရန်ဖိန်မှာ အတွင်းအားအခြေခံ သိပ်မတောင်းလှသောကြောင့် သူ၏နားများပင် အူသွားလေသည်။

သို့သော်....

ထိုအချိန်မှာပင် ဖုံးချိုယင်၏အင်္ကျီတွင် သွေးများစွန်းသည်ကို တွေ့ရသဖြင့် ရဲတိုက်မှူးမှာ ဒဏ်ရာရသွားမှန်း သိလိုက်ရ‌‌သော တုရန်ဖိန်မှာ စိတ်အနည်းငယ် အေးသွားခဲ့သည်။

သူသည် လိုရိုစံခန်း၏ နံပါတ်ခြောက်စခန်းမှူးပီပီ မခေလှပါ။

သွက်လက်စွာဖြင့် တိမ်းရှောင်လိုက်၏။

ဖုံးချိုယင်က....

'ယား....'



ဟု တအားအော်ကာ သိုင်းကွက်တစ်ကွက်ပြီး တကွက်ကို အသုံးပြုကာ အဆင့်ဆင့်တိုက်ခိုက်နေသော်လည်း တုရန်ဖိန်က အရှောင်အတိမ်းကောင်းနေသောကြောင့် ဒဏ်ရာပင်မရချေ။

ထိုအချိန်တွင်....

'ဟေ့... နံပါတ် ခြောက်၊ မင်းကို ငါလာကူမယ်ကွ'

ထိုအသံရှင်ကား ရဲလျှံစန်းပင်ဖြစ်သည်။

သူသည် တစ်ခဏမျှအနားယူလိုက်ရသဖြင့် အင်အားပြန်လည်ပြည့်လာခြင်းဖြစ်သည်။

စကားဆုံးသည်နှင့် သူ၏ကြီးမားလှသော သံချိတ်ကြီးကို ဝှေ့ရမ်းကာ ဖုံးချိုယင်အား ဝင်ရောက်တိုက်ခိုက်သည်။

'ဂွစ်....ဂွစ်'

မုန်တိုင်းထန်သည့်အလား ပြင်းထန်သော သံချိတ်လက်နက်ဝင်လာသဖြင့် ဖုံးချိုယင်မှာ တစ်ဦးချင်းတိုက်ခိုက်နေရာမှ နှစ်ယောက် တစ်ယောက်ဖြစ်လာသဖြင့် တိုက်စစ်မှ ခံစစ်သို့ ရောက်သွားတော့၏။

ယခုအခါ ဘေးနှစ်ဖက်မှ ဝိုင်းရံတိုက်ခိုက်ခြင်း ခံနေရသောကြောင့် ဖုံးချိုယင်မှာ အကျဉ်းအကြပ် တွေ့နေရ၏။

သို့သော်....

သံမဏိလက်ဝါးသိုင်းပညာရှင် ဖုံးချိုယင်၏ပြင်းထန်သော လက်ဝါးသိုင်းကြောင့် တုရန်ဖိန်မှာလည်း အနီးသို့ သိပ်မကပ်ရဲပေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တိုက်ခိုက်နေကြသော်လည်း အရှုံးအနိုင်မပေါ် သေးခေ။

ဖုန်းချီယင်မှာ နည်းပရိယာယ်ကိုသုံးကာ ကိုက်နေရသည်။

ရဲဘော်များ ဖုန်းချီယင်၏ လက်အောက် စစ်သည်များမှာ လည်း တစ်ယောက်နှင့် ရှစ်ယောက် တိုက်နေရသောကြောင့် အခြေအမှန်မှာ အလွန်ဆိုးရွားနေ၏။

ယခုအချိန်တွင် တစ်ဖွဲ့ သုံး၏အခြေအနေမှာ အနည်းငယ် အသာစီးရနေသည်။

စိန်စေယန်က လိုရီစခန်းမှ ခေါင်းဆောင်ဖြစ်သူ သူ့ဌေး ကျိရှန်းအား ရှင်းလိုက်နိုင်သဖြင့် အသာစီးရနေရသည်ဟု ဆို နိုင်သည်။

သို့သော်....

သူ၏လက်အောက်တပ်သားမှာ သုံးယောက်သာ ကျန် တော့သည်။

ထို့ကြောင့် တိုက်ပွဲအခြေအနေကား တစ်စုနှစ်ခုလုံးရှိ လူအားလုံးမှာ အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေသို့ ရောက်နေကြသည်။

ရန်သူများကို ထိုးဖောက်ထွက်ပြေးရန်လည်း မသွယ်လှ ပါချေ။



သူတို့အဖို့ ကျန်တပ်စုက အချိန်မီခင်ရောက်လာယ်တင်နိုင် သာ မျှော်လင့်နေရတော့သည်။

သို့သော်....

ထိုတပ်ဖွဲ့ကိုရော လိုရီစခန်းမှူးက အလွှတ်ပေးပါမည် လော။

★

www.burmeseclassic.com

www.burmeseclassic.com

## နှင်းတောထဲမှ မြင်းခွာသံများ

ထိုအချိန်တွင် အုပ်ချုပ်ရေးမှူးကြီး လုံကျိန့်ဖူး ဦးစီး
သော အဖွဲ့သည် အနှောက်အယှက်မတွေ့ရဘဲ အေးချမ်းစွာ
ခရီးနှင်လျက် ရှိသည်။

ထိုအဖွဲ့တွင် တကယ့်ထိပ်သီး သိုင်းပညာရှင်များ အများ
ဆုံးပါဝင်ကြသည်။

အမျိုးသမီးများပါဝင်သောအဖွဲ့က ရှေ့ဆုံးမှ ခရီးနှင်လာ
ရာ တောအုပ်ကိုဖြတ်ပြီး နှင်းခဲပြင်သို့ ရောက်လာကြသည်။

ကုန်သည်ပွဲစားအဖြစ် ရုပ်ဖျက်ထားသော အုပ်ချုပ်ရေး
မှူးကြီး လုံကျိန့်ဖူးနှင့် မုစီးကျင့်တို့က ပတ်ဝန်းကျင်ကို
သေသေချာချာ လေ့လာနေသည်။



ထိုစဉ် လက်အောက်ငယ်သားတစ်ယောက်က...

'အုပ်ချုပ်ရေးမှူးကြီး နောက်ရှစ်လီလောက်ဆိုရင် ကျွန်
တော်တို့ ကျိုလုင်ရွာကိုရောက်မယ်၊ ဒီရွာဟာ လိုရိစခန်းရဲ့ နယ်
မြေထဲမှာရှိတယ်ဆိုတာ ဟုတ်ပါသလား'

ဟု လုံကျိန့်ဖူးအားမေးလိုက်သည်။

လုံကျိန့်ဖူးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တာပေါ့'

ဟု ပြောရင်း ထစ်ဆက်တည်းမှာ မုစီးကျင့်ဘက်သို့လှည့်
ကာ...

'ဒီရွာရောက်လို့မှ ပြဿနာမရှိတော့ရင် ကျုပ်တို့အဲဒီမှာ
ပဲအဖွဲ့ သုံးဖွဲ့ ခွဲပြီး သွားတိုက်ဖို့ အမိန့်ပေးထားပြီးပြီ'

ဟု ပြောလိုက်သည်။

ယင်းအခိုက်မှာပင်...

ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် နှင်းဖွဲများမှအပ မည်သူ့
အရာဝတ္ထုမှ မမြင်ရပေ။

'သတိထားကြပါ၊ ရန်သူတွေလာနေပြီ'

ကျောက်လက်ဝါးက ခရေးထကြီး ဖြင့် ပြောလိုက်သည်

www.burmeseclassic.com

ထိုစဉ် လုံကျိုန်ဖုံးတို့သည် နှင်းထုအတွင်းမှ နှင်းခွဲပြန်ထွက်လာသော မြင်းခွာသံများကို ကြားလိုက်ရလေသည်။

မြင်းခွာသံများက လေးဘက်လေးတန်မှဝိုင်းရံပြီး လုံကျိုန်ဖုံးတို့ရှိရာအနားဟု ချဉ်းကပ်လာခြင်းဖြစ်သည်။

'ရှဲ...'

လုံကျိုန်ဖုံးက အဖွဲ့ကိုရပ်တန့်ရန် အမိန့်ပေးလိုက်သည်။

တစ်ဆက်တည်း...

'အားလုံး လက်နက်တွေကို အသင့်ပြင်ထားကြ၊ သိပ်ပြီး ထိတ်လန့်မျာယာခတ်နေဖို့ မလိုဘူး'

အမိန့်ပေးသံဆုံးသည်နှင့် စစ်သည်များမှာ ချက်ချင်းပင် လက်နက်ကိုယ်စီထုတ်၍ အသင့်ပြင်ထား လိုက်ကြသည်။

လုံကျိုန်ဖုံး၊ မုံစီးကျောင်၊ စခန်းမှူး ကျိုးရိဟို၊ လီဝိုင်ရှိနှင့် ပွဲစနီး ပိုင်ဘွားလျူ၊ လူဆိုးထိန်း ကျောက်ဆက်ဝါး၊ မှုတ်ရှုဝိုမ၊ အဖွဲ့သားများအကြားတွင် ရောနှော၍နေလေသည်။

သူတို့အားလုံးသည် လက်နက်ကိုယ်စီကိုင်ကာ နှင်းတောထဲမှ ပေါ်ထွက်လာမည့်ရန်သူကို စောင့်စားနေကြသည်။

★



ရုတ်တရက်...

လင်းထိန်လာသော အရောင်များကို မြင်လိုက်ကြရသည်။

ထိုအလင်းရောင်များနှင့်အတူ—

'ဟီး...'

မြင်းများ၏ အော်သံကပေါ ပေါ်လာသည်။

ထို့အတူ မြင်းခွာသံများပါ အပြည့်အပြည့် နီးကပ်လာသည်။

✱

'...ခုလာတဲ့လူစုကို လိုရိုးပြုစခန်း၊ အမှတ်လေး စခန်းမှူး ယွမ်လုံမင် ဦးဆောင်လာတာ ဖြစ်ရမယ်'

ကျောက်လက်ဝါးက သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။

လီဝိုင်ရှိက...

'ဘယ်လိုကြောင့် ပြောနိုင်တာလဲ'

ကျောက်လက်ဝါးက...

'ဒီနယ်မြေမှာ မြင်းတပ်ကို ဦးစီးပြီးလှုပ်ရှားနေတာ သူရယ်'

ကျိုးရိဟိုက ခေါင်းညိတ်လိုက်သည်။

'အင်း...သူတို့ဦးစီးလာရင်တော့ မလွယ်ဘူး'

လုံကျိုန်ဖုံးက အံကြိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုးကိုးသာ—

'အာလိုကဲဆိုတော့ အမှတ်သုံး စခန်းမှူး ကျင့်လီနီဖူးလဲ သူ့ဆိုရိုးအတူ ပါလာမှာ သေချာလို့ပဲ ကျောက်လက်ဝါးက...

"ဟုတ်တယ်၊ ယွမ်လုံမင်နဲ့ ကျင့်လီနီဖူးတို့နှစ်ယောက်ဟာ အမြဲတမ်း တစ်တွဲတွဲနေလေ့ရှိတယ်၊ အခုလဲ သူလဲပါလာမှာ သေချာတယ်"

အခြေအနေအရ သူတို့သည် တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်း ပူးတပ်လိုက်ပြီး အဝေးမှ မီးရောင်ဝင်းဝင်းကို စိုးရိမ်ပူပန်စွာ မြင်ကြည့်နေမကြလေသည်။

မီးရောင်တွေက တဖြည်းဖြည်းနီးကပ်လာ၏။

သူတို့အားလုံးသည် တစ်ယောက်နှင့်တစ်ယောက် စကား မပြောကြတော့ဘဲ တိတ်ဆိတ်စွာ ရပ်ကာကြည့်နေမိကြသည်။

လီပိုင်ရှိသည် ဇနီးဖြစ်သူ ပိုင်ဟွားလူအား လက်တစ်ဖက် ဖြင့် ပခုံးကိုကိုင်လိုက်ပြီး အသံတိုးတိုးဖြင့်...

'ညီမလေးမကြောက်နဲ့နော် အစ်ကိုတစ်ယောက်လုံးရှိတယ်'

ပိုင်ဟွားလူက ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

'မကြောက်ပါဘူး'

ဟုတ်ပါသည်။

သူမသည် မျက်နှာတစ်ချက်မပျက်ပါ။

တကယ့်အားမာန်အပြည့်ရှိနေ၏။

လီပိုင်ရှိမှာ သူမ၏မျက်နှာကိုကြည့်ကာ အတော်ပင် ကျေနပ်သွားလေသည်။



ထို့စဉ်...

'မလွတ်စေနဲ့ကွ၊ သေသေချာချာ ဝိုင်းထားကြစမ်း'

ကျယ်လောင်သော အမိန့်သံကို ကြားလိုက်ရသည်။

တစ်ခဏမျှအကြာတွင် မြူဖွေးသောနှင်းများကြားမှ လူရိပ်များ တရွေ့ရွေ့ လှုပ်ရှားလာသည်။

မီးတုတ်တွေကိုင်ထားကြသော ခေါင်းပြူများကို တွေ့လိုက်ရလေသည်။

အချို့က မြင်းစီးလာကြသည်။

'လိုရှီစခန်းမှာ ဒီလောက်များတဲ့ မြင်းစီးတပ်သားတွေ ရှိတာ အံ့သြစရာပါပဲ'

လီပိုင်ရှိက အံ့အားသင့်သွားသည်။

'ငှါးတာပေါ့ဗျ'

ကျောက်လက်ဝါးက အရေးမစိုက်သလို ပြောလိုက်သည်။

လီပိုင်ရှိသည် တရွေ့ရွေ့ နှင်းတောထဲမှ လာနေသော မြင်းစီးခေါင်းပြူများကို မျက်လုံးပြူးကာ ကြည့်နေမိသည်။

...★...

www.burmeseclassic.com

www.burmeseclassic.com

## ကိုးမျက်လုံးရှင်နှင့် အပွဲသားများ

လိုရိစခန်း....

တရုတ်ပြည်အနနောက်ပိုင်းတွင် ဆိုးသွမ်းသည်ဟု နာမည်ကြီးသောနေရာဖြစ်သည်။

ခေါင်းဆောင် ခြောက်ယောက်ရှိသည်။

သူတို့သည် သိုင်းပညာအဆင့်မြင့်ပြီး ညာဏ်များသူများ ဖြစ်ကြသည်။

တစ်ချိန်တွင်....

လိုစခန်းတွင်းသို့ လူတစ်ယောက် ဖောက်ဝင်ရောက်လာသည်။

ထိုလူ၏အမည်မှာ ဖိယောက်ဖန်ဖြစ်သည်။

ဖိယောက်ဖန်သည် အဆင့်မြင့် သိုင်းပညာရှင်တစ်ဦးဖြစ်သည်။



မ ..ဖြစ်ပိုလ်ခြောက်ယောက်ကို သူတ လက်တစ်ဖက်တည်းဖြင့် အနိုင်ယူကာ ပညာပြခဲ့သည်။

ဖိယောက်ဖန်ဆိုသူသည် တိုက်ခိုက်ရာတွင် တွေ့ရာလက်နက်ကို အသုံးပြုပြီး တိုက်ခိုက်နိုင်သည်ဟု နာမည်ကြီးသည်။

ယှဉ်ပြိုင်တိုက်ခိုက်မှုတွင် လက်နက်မျိုးစုံကို အသုံးပြုနိုင်သဖြင့် သူ၏သိုင်းပညာစွမ်းရည်ကို မည်သူမျှ မခန့်မှန်းနိုင်ချေ။

ဖိယောက်ဖန်၏ အခြားအမည်မှာ ကိုးမျက်လုံးရှင်ဖြစ်သည်။

သူ့ကို လိုရိစခန်း ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့သည်။

သူသည် သိုင်းပညာထူးချွန်ရုံမက ဉာဏ်နီဉာဏ်နက်သုံး၍ တိုက်ရန်သူကို အနိုင်တိုက်နိုင်သေးသည်။

ထို့ကြောင့်....

သူ့ကို လိုရိစခန်း၏ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ခြင်း မကြာမီပင် လိုရိစခန်းသည် ဒုစရိုက်လောကတွင် တစ်ချိန်တည်း နာမည်ကြီးလာလေတော့သည်။

သူသည် နံပါတ်တစ်စခန်းမှူးဖြစ်သည်။

သူ၏လက်အောက်ရှိ နံပါတ်နှစ်စခန်းမှူးဖြစ်သော မရဏ...မ်းငှက် အမှတ်သုံးစခန်းမှူးဖြစ်သော ကျွင့်လိန်ဖူးတို့...း...ပညာ၌ အဆင့်မြင့်ကြသည့်အလျောက် တိုက်ခိုက်ရေး...င်လည်း ထူးချွန်သူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းခြောက်ငြောင်းသည်။ ဓားပြခေါင်းဆောင်များ တစ်ဦး
တစ်ဦး ချိုင်းရွှမ်းရည်တွေ့ထက်မြက်ကြသည်ကမျှားသည်

အထက်ပါ လိုရိစခန်းနှင့်ပတ်သက်၍ လုံကျိန့်ဖုံးတို့
သိထားကြသလို ဘုရင့်နေပြည်တော်မှ လျှို့ဝှက်စွာ လာခဲ့
သောလုံကျိန့်ဖုံး ဦးဆောင်သည့် တပ်ဖွဲ့ကိုလည်း လိုရိစခန်း
နံပါတ်တစ် ခေါင်းဆောင်က ကြိုတင်သတင်းရရှိခဲ့၍သာ ယ
ခုလိုကြိုတင်ဝိုင်းကာ တိုက်ခိုက်ကြခြင်းဖြင့် မဟုတ်ပါလား

--★--

'တက်....'

ရုက်တရက် အော်ဟစ်သံကြီးသည် နှင်းလွှင်ပြင်အတွင်း
တုန်ဟည်း၍ သွားခဲ့သည်။

နှင်းထုအတွင်းမှ ကဆုန်စိုင်းလာသော မြင်းစီးတပ်သား
တွေပေါ်လာကြသည်။

ရှေ့ဆုံးမှ မြင်းသည်တော်များက အော်ဟစ်ကာ မြင်း
ကဆုန်စိုင်းလာနေ၏။

ထိုလူများမှာ လက်တစ်ဖက်က မြင်းဇက်ကြိုးကို ကိုင်
ထက်တစ်ဖက်က ဓါးတုတ်များ ဓား၊ လှံများကို ကိုင်ထား
ကြသည်။



'ရန်သူတွေရဲ့ အင်အားက မနည်းပါလား'

မင်းစီးကျင့်က သက်ပြင်းတစ်ချက် ချရင်း....

'သူတို့တစ်တွေ တိုက်ခိုက် လာရင်တော့ ကျွန်တော်တို့
အားလုံး သေကြေပျက်စီးရမှာ သေချာတယ်'

လုံကျိန့်ဖုံးလည်း မျှခေါင်းညိတ်ကာ ချက်ချင်းပင် အသံ
မြှင့်၍ အော်ပြောလိုက်ပြန်သည်။

'ဒီမှာ ကျုပ်ဟာ ချန်ကျိုးနယ်က အုပ်ချုပ်ရေးမှူးကြီး
လုံကျိန့်ဖုံးပါ၊ အခု အရေးကြီးတဲ့ကိစ္စရှိလို့ ကျိုလင်ရွာကို
ဖြတ်သွားမလို့ပါ၊ မင်းတို့ လိုရိစခန်းနဲ့ လုံးဝမပတ်သက်ပါ
ဘူး'

လုံကျိန့်ဖုံးက ယင်းသို့ အော်၍ ပြောလိုက်သော်လည်း
ဓားပြများမှာ မြင်းကိုအရှိန်မသတ်ဘဲ တရကြမ်းနှင်လျက် ရှိ
နေ၏။

ဓားပြဦးရေမှာ လေးရာခန့်ရှိမည်ဟု လုံကျိန့်ဖုံးက ခန့်
မှန်းမိသည်။

ရှေ့ဆုံးမှ မြင်းကို အပြင်းနှင်လာသော လူသည် တစ်
ကိုယ်လုံး အင်္ကျီအမည်းရောင်နှင့်ဘောင်းဘီအကျပ်ကိုဝတ်ဆင်
ထားသည်။

အခြား သူများထက်လည်း အရပ်မှာ ပို၍မြင့်မားဟန်ရှိ
လေသည်။

သူ၏ မျက်နှာမှာ တင်းမာ ခက်ထန်လှသည်။

သူ၏ လက်တစ်ဖက်တွင် လှံရှည်တစ်လက် ကိုင်ထားကာ
မြင်းသို့ တရကြမ်းနှင်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကို တွေ့မြင်သောအခါ ကျောက်လက်ဝါးက...
'ဒီကောင်က အမှတ်လေးစခန်းမှူး ယွမ်လုံမင်ပဲ ဖြစ်ရ
မယ်'
ကျောက်လက်ဝါးက ပြောလိုက်သောအခါ သူ့ဘေးတွင်
ကပ်၍ရပ်နေသော ကျိုရိဟိုက....
'မင်းက ဘယ်လောက်များ စွမ်းလို့လဲ ငါလာပြီဟေ့'
ဟု ကြုံးဝါးကာ ရုတ်တရက် ကျိုရိဟိုက တရှိန်ထိုး
ခုန်ထွက်သွား၏။
ယွမ်လုံမင်သည် မြေပြင်ပေါ်သို့ ဝုန်းခနဲထိုးဆင်းကာ လိမ့်
ပစ်လိုက်၏။
'ရှဲ....ရှဲ...'
နှင်းတောထဲသို့ သူ၏ကိုယ်ကို တစ်ပတ်ကျွမ်းပစ်ကာ ယွမ်
လုံမင်ထံသို့ လိမ့်သွားခြင်းဖြစ်သည်။
နှင်းလုံးကြီးတစ်လုံးသည် ဓားပြဗိုလ် ယွမ်လုံမင်ထံ တရှိန်
ထိုး လိမ့်သွားသည်မှာ လှိုင်းလုံးကြီးတစ်လုံး လွင့်မြောလာ
သည့်အလား ဖြစ်၏။
ယွမ်လုံမင်သည် ကျူးရိဟို၏ ဝင်းခနဲလက်သွားသော ဓား
ရောင်ကို တွေ့သည်နှင့် သူ၏မြင်းဇက်ကြိုး ဆောင့်ဆွဲကာ ခုန်
လွှားသွားသည်။
'ဟီး....'
မြင်းနက်ကြီးကလည်း တဟားကုန် ခုန်လွှားပစ်လိုက်
လေသည်။
'ရှမ်း....ရှမ်း'



ကျူးရိဟိုသည် ဓားကို ဝှေ့ယမ်းလိုက်သော်လည်း မြင်း
နက်ကြီး၏ ခြေထောက်အောက်မှ ကပ်၍ လျှော်ဖြတ်သွား
သည်။
ယွမ်လုံမင်၏ မဟူရာမြင်းနက်ကြီးမှာ အထူးလေ့ကျင့်ထား
သောမြင်း ဖြစ်သောကြောင့် ပါးနပ်စွာ ခုန်၍ ရှောင်လိုက်
နိုင်၏။
သို့သော်...
ကျူးရိဟိုသည် သူ၏ဓားဖြင့် အခြား မြင်းသုံးကောင်၏
ခြေထောက်များကို ဖြတ်ချလိုက်သည်။
'ဟီး....'
'အား....'
မြင်းသုံးကောင်၏ ခြေထောက် ဆယ့်နှစ်ချောင်းတို့သည်
တိခနဲပြတ်ကျသွားကာ မြင်းစီးဓားပြ သုံးယောက်တို့သည်
လည်း မြေပေါ်သို့ ကိုးယိုကားယား ကျသွားလေသည်။
မြင်းများမှာလည်း မြေပေါ်သို့ ဘိုင်းခနဲ လဲကျသွားတော့
သည်။
ထိုအချိန်မှာပင်...
အရိပ်တစ်ခုသည် ဓားပြဗိုလ်ယွမ်လုံမင်၏ ဦးခေါင်းပေါ်
သို့ ဦးတည်ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။
ယွမ်လုံမင်က ထိုအရိပ်ကို သူ၏လှံဖြင့်ထိုးချလိုက်သည်။
'ချွမ်း....'

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တရက် လှိုင်းတွေ့ဒေးထိသံက မြည်ဟိန်းထွက်သွားလေသည်။

ယှမ်လုံမင်ထံ ခုန်ဝင်လာသူကား ကျောက်လက်ဝါး မှတ်ရှောင်ဖြစ်သည်။

သူသည် ဝါရင့်သိုင်းသမားပီပီ မသေရေ့ရှင်ရေးဖြစ်နေသော အချိန်တွင် သူကိုယ်တိုင် ယှမ်လုံမင်ကို အမြန်ဆုံး ဖမ်းနိုင်ပါမှ အန္တရာယ်ကြားမှ လွတ်မြောက်နိုင်မည်ကို တွက်ဆထားပြီး ဖြစ်သည်။

အတယ်၍...

ဓားပြိုလေးရာကျော်က သူ၏လူမပေါင်းနှစ်ဆယ်ကို ဝိုင်းရံ ထိုးခုတ်လျှင် ရှေ့ရန်မလွယ်မှန်းသိသလို ဘာတို့အားလုံး ဓားပြများ၏ လက်ချက်ဖြင့် ကျဆုံးသွားနိုင်သည်။

'ဝိုး...'

ယှမ်လုံမင်သည် သူ၏လှံတံဖြင့် ဝှေ့ယမ်းကာ ကျောက်လက်ဝါးကို တိုက်ခိုက်လိုက်သည်။

ယှမ်လုံမင်၏ သိုင်းပညာမဆေမှန်း ကျောက်လက်ဝါးက သိပါမီသည်။

အတယ်၍...

လှံကိုရှောင်ကိမ်းနေမါက နောက်ထပ်သိုင်းလေးဝါးကွက် လောက်မှ ယှမ်လုံမင်ကို ဖမ်းချုပ်နိုင်မည်ဖြစ်သည်။



ထို့ကြောင့်...

ချက်ချင်းပင် ယှမ်လုံမင်၏လှံကိုမရှောင်ဘဲ လှံရိုးကို ရုတ်တရက်ဖမ်းဆွဲယူလိုက်သည်။

ယှမ်လုံမင်မှာ မမျှော်လင့်ဘဲ သူ့လှံကိုဆွဲယူခြင်းခံရသောကြောင့် အထိတ်တလန့်ဖြစ်သွားသည်။

ထို့ကြောင့်...

လက်တစ်ဖက်ဖြင့် ကျောက်လက်ဝါး၏ရင်ဝကိုထွန်းလိုက်ပြီး လက်တစ်ဖက်ကလှံကို ပြန်လုယူလိုက်သည်။

ကျောက်လက်ဝါးနှင့် ယှမ်လုံမင်တို့သည် မြင်းပေါ်မှာပင် တပြန်အလှန် တိုက်ခိုက်နေကြသည်ကို အားလုံးက စိတ်ဝင်စားနေကြလေသည်။

ထိုအခိုက်...

ကျောက်လက်ဝါးသည် အာယ်လက်အလှံကိုဖိရင်း ညာလက်က အပေါ်သို့ အားကုန်ဆွဲလိုက်သည်။

ပြင်းထန်လှသောအရှိန်ကြောင့် ယှမ်လုံမင်၏ကိုယ်လုံးသည် မြင်းကုန်းနှီးထက်မှ လေထုအတွင်းသို့ မြောက်၍ တက်သွားလေသည်။

'ရွှမ်း...'

ယှမ်လုံမင်သည် လက်ကိုလှံမှချက်ချင်းရှပ်ကာ ဓါးခုဓားငင် ဆွဲထုတ်လိုက်သည်။

ပြင်းထန်သောဓားထုတ်သံနှင့်အတူ ယှမ်လုံမင်၏ ကိုယ်သည် အပေါ်သို့ကြွတက်နေရာက အောက်ချင်းပင် အောက်သို့ ပြန်၍နိမ့်ကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခါကြိမ်တွင် ကျောက်လက်ဝါးက ယွမ်လုံမင်၏ လှံရှည်ထိပ်များကို သူ့ဘက်သို့ဆတ်ခနဲလှည့်လိုက်ပြီး အစိတ်စိတ်အမွှာမွှာ ကြေသွားနေရာကို လျှပ်တစ်ပြက် လှမ်းထောက်လိုက်သည်။

'အုန်း....'

'အား....'

ရုတ်တရက်....

မမျှော်လင့်ဘဲ ယွမ်လုံမင်မှာ သူ့လှံကို ကျောက်လက်ဝါးက အမိအရဆွဲယူပြီး သူ၏သွေးကြောကို ပိတ်လိုက်ခြင်းခံရသဖြင့် မြင်းပေါ်မှဘုန်းခနဲ ပြုတ်ကျသွားတော့သည်။

ကျောက်လက်ဝါးထောက်လိုက်သော သွေးကြောများမှာ သိုးနေရာဖြစ်သည်။

ယွမ်လုံမင်တာလည်း မခေပါ။

သူ၏သွေးကြောအပိတ်ခံရစေကာမူ လျှပ်ရှားရှိ ရသေးသောလက်တစ်ဖက် ဓားဖြင့် ကျောက်လက်ဝါးကို ဝှေ့ယမ်းပစ်လိုက်သည်။

ဝင်းခနဲလက်သွားသည်နှင့် ကျောက်လက်ဝါးက ခုန်ရှောင်ကာ မြေပေါ်သို့ပြန်အကျတွင် ယွမ်းလုံမင်ကို ပွေ့ဖမ်းလိုက်လေတော့သည်။

* * *



ကျောက်လက်ဝါးသည် ယွမ်လုံမင်ကို ဖမ်းချုပ်လာသဖြင့် အဖွဲ့သားများက လက်ခုပ်လက်ဝါးတီးကာ ကောင်းချီးပေးနေပြုကြလေသည်။

'ဟေ့....ဒါမှ ဆရာကျောက်လက်ဝါးကွ'

ထိုအချိန်တွင် မြင်းစီးဓားပြတပ်သားများသည် သူတို့၏ခေါင်းဆောင် ယွမ်လုံမင်တို့ တစ်ဖက်မှ ဖမ်းဆီးသွားသည်ကို တွေ့ရသောကြောင့် မခံမရပ်နိုင် ဖြစ်သွားကြသည်။

ကျောက်လက်ဝါးက သူတို့ဘက်လှည့်ပြီး....

'ဟေ့ ရပ်လိုက်ကြ၊ မင်းတို့ ရှေ့တိုးလာရင်မင်းတို့ အမှတ်လေးစခန်းမှူးကို သတ်ပစ်လိုက်မယ်'

ကျောက်လက်ဝါး၏ ကြုံးဝါးသံကြောင့် ဖတ်စခန်းကျင်တစ်ခုလုံးမှာ လှုပ်လှုပ်ရှားရှားဖြစ်နေရာမှ ငြိမ်သက်သွားလေသည်။

မည်သူကမျှမလှုပ်ရှားရဲတော့ဘဲ ငြိမ်သက်နေကြသည်။

ကျောက်လက်ဝါးက သူ၏ဓားဖြင့် ယွမ်လုံမင်၏ လည်ချောင်းကို ချိန်ရွယ်ကာ....

'ကဲ....ယွမ်လုံမင် မင်းအသက်ရှင်ချင်သလား'

'ရှင်ချင်တယ်'

ယွန်လုံမင်က တည်ကြည်သော လေသံနှင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာတွင် အဖြူးပေးသောအရိပ်အယောင် လုံးဝ မရှိပါ။

သူ၏ရှင်သင်းမှုကို ကျောက်လက်ဝါးက သဘောကျသွား သည်။

မှန်သည်။

သူသည် သူ့ အသက်ကိုမသေချင်သေးသော်လည်း အဖြူးမပေး ချေ။

ကျောက်လက်ဝါးက ထိုလူ၏မျက်နှာကို တစ်ချက်အေးစက်စွာ ကြည့်လိုက်ပြီး....

'အဲ...ဒါဖြင့် သူတို့ကို နောက်ဆုတ်ခိုင်းရင် မင်းတစ်ယောက် အသက်ရှင်ခွင့်ပေးမှာ တာဝန်ယူတယ်'

'မလိုပါဘူး'

'ဘာမလိုမပါဘူးလဲ'

ကျောက်လက်ဝါးက နားမရှင်းဘဲ ပြန်မေးလိုက်သည်။

သူက ပြတ်သားသောလေသံဖြင့်...

'အို...ကျုပ်ကို သတ်ချင်သတ်လိုက်ပါ၊ ကျုပ်လူတွေကို နောက်ဆုတ်ခိုင်းဖို့တော့ မဖြစ်နိုင်ဘူး၊ ကျုပ် အသက် သာ အသေခံမယ်ဗျ'

ပြောရင်း ယွမ်လုံမင်က သူ့ ယောက်သားများဘက်သို့ အော် ပြောလိုက်သည်။



'ရောင်းရင်းတို့ ငါဟာ ဒီလူတွေရဲ့ လက်ချက်နဲ့ သေရမယ် ဆိုရင်တောင် မင်းတို့က ငါ့အတွက် သူတို့ကို အပြတ်ရှင်းပေးရမယ် နော'

စကားဆုံးသည်နှင့် အညှာမခံလိုသော ယွမ်လုံမင်က ဓား များဆီသို့ သူ၏လည်မျိုဖြင့် ဝင်ဆောင့်လိုက်သည်။

ရုတ်တရက်...

အငိုက်မိသွားသောကြောင့် ကျောက်လက်ဝါးက ဓားကို လျင်မြန်စွာ နောက်ဆုတ်လိုက်သော်လည်း ယွမ်လုံမင်၏လည် မျိုတွင် ဓားချွန်ရာအစင်းကြောင်းတစ်ခု ပေါ်လာပြီး သွေး များ ရဲရဲနီ ထွက်လာ၏။

'ဒီကောင်းဟာ ဓားပြတွေထဲမှာ သတ္တိအရှိဆုံးပဲ'

လိုက်ကျိန်ဖိုးမှာ ထိုက်ပွဲများစွာကို တွေ့ကြုံဖူးလေသောကြောင့် ယွမ်လုံမင်ကဲ့သို့ အသေခံဝံ့သူ နည်း၍ မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

'ဟိတ်ကောင်တွေ ဘာကြောင့်ရှေ့တက်မလာတာလဲ ငါ သေမှာကို မကြောက်ပါနဲ့'

ယွမ်လုံမင်က ဒုတိယအကြိမ်အော်လိုက်ရာ သူ၏လူများမှာ လည်း ကြောင်အမ်းအမ်းဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေ ကြသည်။

ထိုအခါကျမှ...

ယွမ်လုံမင်ကို နှောင့်ယှက်ရန်နှင့် သူ၏ အသေခံသော ပြောင်းစေလို၍ ရင်းတို့ပြန်တွန်းရန် ကျောက်လက်ဝါးက ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညို သက်ညှာမှုန်းသိပြီး ဒုစရိုက်သားတွေ အမြင်မှန်ရအောင် နောက်ဆုံးသွားမည်မှာ သေချာသည်။

ကျောက်လက်ဝါးသည် ဘာမှမပြောဘဲ ယွမ်လုံမင်အား ပိတ်ထားသော သွေးကြောကို သူ့ချောင်းဖြင့် ပြန်ဖွင့်ပေးလိုက်လေသည်။

တစ်ကိုယ်လုံး ပြန်လည်လှုပ်ရှားလာသောအခါ ယွမ်လုံမင်မှာ ဝမ်းသာလွန်း၍ ကြောင်အမ်းအမ်းပင် ဖြစ်သွားရလေသည်။

★

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မီးတုတ်များမှ မီးရောင်များ လင်းထိန်နေ၏။

ခါးပြအုပ်စုကြီးသည် သူတို့ခေါင်းဆောင် ယွမ်လုံမင် ပြန်လည်လှုပ်ရှားလာသည်ကို တွေ့ရသော် ဝမ်းသာအားရဖြစ်သွားကြသည်။

ခါးပြအုပ်စုကြီးမှ ရှေ့တန်းခေါင်းဆောင်များသည် အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။



'ကဲ…ယွမ်လုံမင် မင်းပြန်နိုင်ပြီ၊ ခုနက မင်းအလစ်မှာ ဝင်ဖမ်းခဲ့တာမို့ တကယ့်အစွမ်းမဟုတ်ဘူး၊ အဲဒီတော့ မင်းပြန်ပါ၊ ပြီးမှ ကျုပ်တို့တစ်ယောက်ချင်း ပြိုင်ကြတာပေါ့'

ယွမ်လုံမင်က မယုံကြည်ဟန်ဖြင့် ရှေ့သို့ လေးငါးလှမ်းခန့် တိုးလိုက်သည်။

ကျောက်လက်ဝါးက သူ့နောက်ကိုမလိုက်ဘဲ ရပ်နေသည်ကို တွေ့သောမှ တကယ်ပြန်လွှတ်လိုက်သည်၊ တွေ့ရသောအခါ သူသည်ဆက်မသွားဘဲ ရပ်တန့်လိုက်သည်။

ကျောက်လက်ဝါးက…

'ခဏ…'

သူက နောက်သို့ လှည့်လိုက်သည်။

'ရော့…ခင်ဗျားရဲ့လက်နက်'

ကျောက်လက်ဝါးက ယွမ်မင်လုံ၏လှံကို ပစ်ပေးလိုက်၍ ယွမ်လုံမင်က ဖမ်းယူလိုက်သည်။

ယွမ်လုံမင်က လှံကိုကိုင်လျက် အတန်ကြာ ငိုင်နေပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခင်ဗျားတို့ပညာကို ကျုပ်ချီးကျူးပါတယ်ဗျာ၊ ကျုပ် ကျေကျေနပ်နပ် အရှုံးပေးပါတယ်'

သူကပြောပြီး တစ်ဖက်ရှိ သူ့လူများဘက်လှည့်၍…

'ဟေ့…အခုတိုက်ပွဲမှာ ကောက်ကျစ်မှုမပါဘဲ တကယ့်ပညာနဲ့ ယှဉ်ပြိုင်တာမို့ ငါနောင်တရသွားပြီ၊ ဒီတိုက်ပွဲမှာ ငါမပါတော့ဘူး၊ မင်းတို့တိုက်ချင်တိုက်ကြ'

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောလိုက်သည်။

ယွမ်လုံမင်သည် ကျောက်ဝါးမှုတ်ရှေ့၏ အစွမ်းအစ ကောင်းများကြောင့် အလွန်လေးစားသွားကာ သူ၏ဘက်တော်သားများကို အမိန့်ပေးလိုက်ခြင်း ဖြစ်လေသည်။

★

ဓားပြအုပ်စုမှာ သူတို့ခေါင်းဆောင် အမှန်တကယ် အသက်ချမ်းသာခွင့်ရလိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

သူတို့မှာလည်း တိုက်ရခက် မတိုက်ရခက်ဖြင့် ချီတုံချတုံ ရှိနေမိကြသည်။

မှန်ပေသည်။

သူတို့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သော ယွမ်လုံမင်ကို မျက်စိအောက်အတွင်း ဖမ်းချုပ်နိုင်သောသိုင်းပညာရှင် ခတ္တပစ်ဖက်တွင် ရှိနေသဖြင့် သူတို့က တိုက်ရမည်ကို လက်ရှုံ့နေကြသည်။

အကယ်၍...

ဆက်မတိုက်ပါကလည်း စခန်းမှူးကြီး၏ကြုပ်မတ်လှသော ကျော်ကမ်းဦးခေါက သူတို့အား ခေသက်အထိ ပေးနိုင်သည် ဟုတ်ပါလေ၊



ထိုစဉ်မှာပင်...

ကျောက်လက်ဝါးက အော်၍ပြောလိုက်သည်။

'ယွမ်လုံမင် အခုလိုပြောတာကို ကျေးဇူးတင်ပါတယ်ကွာ'

သူက ယင်းသို့ ကျေးဇူးတင်စကား ပြောနေစဉ်မှာပင် မြောက်ဘက်အရပ်မှ အေးစက်ခက်ထန်သော အသံကြီး ကြားလိုက်ရသည်။

'ဒီမှာ အမှတ်လေး မင်းဟာတိုက်ပွဲကိုမတိုက်ဘဲ လဲနေတယ်၊ ငယ်သားတွေကိုလဲ မတိုက်ဖို့ သုံးဆော်တယ်၊ မင်းရဲ့ အပြုအမူကို မင်းသိသလား'

ထိုအသံကိုကြားလိုက်ရသည်နှင့် ယွမ်လုံမင်၏မျက်နှာ ညှက်ခနဲ ပျက်သွားသည်။

ပါးစပ်မှလည်း ထစ်ထစ်ငေါ့ငေါ့ဖြင့်...

'ဟုတ်...ဟုတ်ကဲ့ သိပါတယ် အမှတ်သုံး ဒါကြောင့်လည်း ကိုယ့်အပြစ်ကို ကိုယ့်ဘာသာ စီရင်ပါမယ်ဗျာ'

ကျောက်လက်ဝါးက ယွမ်လုံမင်၏စကားကို ကြားလိုက်ရသောအခါ...

'အင်း...အစ်ကိုသုံးဆိုတော့ ကျင့်လိန်ဖူးပဲ ဖြစ်ရမယ်'

ဟု တွေးနေလေသည်။

ယင်းအခိုက် ကျင့်လိန်ဖူးအသံထွက်ပေါ်လာသည်။

'မင်း ဒီလူတွေကို ရှင်းမပစ်ရင်တော့ အပြစ်ပေးဖို့ မလို ဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



အမှတ်သုံးဆဲစကားကြောင့် ယွမ်လုံမင်က...

'ခုခင်ဗျားကိုခွင့်မလွှတ်နိုင်ပါဘူး၊ ကျုပ်ဟာ ကျုပ်ရဲ့သူငယ်ချင်းတွေကို သတ်လွှတ်မရှိပါဘူး၊ နောက်ပြီး ဒီလူကို ကျုပ်မယှဉ်နိုင်တဲ့အတွက် ကျွန်တော် ဘာသာပဲ သတ်သေပါရစေ'

ယွမ်လုံမင်သည် သူ့ဓားဖြင့် လည်ပင်းကို ရှုတ်တရက် ကန့်လန့်ဖြတ်လှီးဖြတ်လိုက်သည်။

သို့သော်....

'ချွမ်း...'

ရုတ်တရက် ဓားပျံတစ်လက်က ယွမ်လုံမင်၏ဓားကို ဖုတ်ထုတ်လိုက်သည်။

'ဟော ကောင်....မင်းက ရန်သူကိုမတိုက်တဲ့အပြင် ရန်သူကိုတောင် မိတ်ဆွေဖွဲ့ခဲ့သေးတယ်၊ မင်း တို့စခန်းရဲ့စည်းကမ်းကိုသိတယ်မဟုတ်လား၊ မင်းကိုယ်မင်း သတ်သေတာနဲ့ မပြီးဘူးကွ...'

ကိုယ့်ကိုကိုယ် သည်းသေခြင်းကိုပင် ခွင့်မပြုသောလူဆိုးများ၏ စည်းကမ်းကြောင့် စစ်သည်များမှာ အံ့အားသင့်သွားသည်။

'သူတို့ရဲ့စည်းကမ်းက တယ်မတရားပါလား၊ ကိုသိုက်ကြီးသား တင်ယောက် ကိုယ့်ကိုကိုယ် သတ်သေတာတောင် ခွင့်မပြုဘူး'



ဓားပြဗိုလ်ခြောက်ယောက်ကို သူတာ လက်တစ်ဖက်တည်း ဖြင့် အနိုင်ယူကာ ဗညာပြခဲ့သည်။

ဖိယောက်ဖန်ဆိုသူသည် တိုက်ခိုက်ရာတွင် တွေ့ရာလက်နက်ကို အသုံးပြုပြီး တိုက်ခိုက်နိုင်သည်ဟု နာမည်ကြီးသည်။

ယှဉ်ပြိုင်တိုက်ခိုက်မှုတွင် လက်နက်မျိုးစုံကို အသုံးပြုနိုင်ခြင်း သူ၏သိုင်းပညာစွမ်းရည်ကို မည်သူမျှ မခန့်မှန်းနိုင်ချေ။

ဖိယောက်ဖန်၏ အခြားအမည်မှာ ကိုးမျက်လုံးရှင်ဖြစ်သည်။

သူ့ကို လိုရှိခေန်း ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့သည်။

သူသည် သိုင်းပညာထူးချွန်ရုံမက ဉာဏ်နီဉာဏ်နက်သုံး၍ စနက်ရန်သူကို အနိုင်တိုက်နိုင်လေသည်။

ထို့ကြောင့်....

သူ့ကို လိုရှိစခန်း၏ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်း မကြာမီပင် လိုရှိစခန်းသည် ဒုစရိုက်လောကတွင် တရှိန်း နာမည်ကြီးလာလေတော့သည်။

သူသည် နံပါတ်တစ်စခန်းမှူးဖြစ်သည်။

သူ၏လက်အောက်ရှိ နံပါတ်နှစ်စခန်းမှူးဖြစ်သော မရဏမ်းငှက် အမှတ်သုံးစခန်းမှူးဖြစ်သော ကျင့်လိန်ဖူးတို့သည်း ပညာ၌ အဆင့်မြင့်ကြသည့်အလျောက် တိုက်ခိုက်ရေးင်လည်း ထူးချွန်သူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်းချောင်းလည်း ဓားပြခေါင်းဆောင်များ တစ်[illegible] တင်အာစီဦး သိုင်းထွန်းရည်တွေထက်မြက်ကြသည်ကများသည်[illegible]

အကောက်ဝေါ် လိုရီစခန်းနှင့်ပတ်သက်၍ လုံကျိန့်ဖုံးတို့[illegible] သိထားကြသလို ဘုရင့်နေပြည်တော်မှ လျှို့ဝှက်စွာ လာ[illegible] သောလုံကျိန့်ဖုံး ဦးဆောင်သည့် တပ်ဖွဲ့ကိုလည်း လိုရီစခန်း[illegible] နံပါတ်တစ် ခေါင်းဆောင်က ကြိုတင်သတင်းရရှိခဲ့၍သာ [illegible] ကွဲသို့ ကြိုတင်ဝိုင်းကာ တိုက်ခိုက်ကြခြင်းပင် မဟုတ်ပါလား

★

'တက်....'

ရုတ်တရက် အော်ဟစ်သံကြီးသည် နှင်းလွှင်မြင့်အထွ[illegible] တန်ဟည်း၍ သွားခဲ့သည်။

နှင်းထုအတွင်းမှ ကဆုန်စိုင်းလာသော မြင်းစီးတပ်သား[illegible] တွေ့ပေါ်လာကြသည်။

ရှေ့ဆုံးမှ မြင်းသည်တော်များက အော်ဟစ်ကာ မြင်း[illegible] ကဆုန်စိုင်းလာနေ၏။

ထိုလူများမှာ လက်တစ်ဖက်က မြင်းဇက်ကြိုးကို ကိုင်[illegible] လက်တစ်ဖက်က မီးတုတ်များ ဓား၊ လှံများကို ကိုင်ထား[illegible] ကြသည်။



'ရန်သူတွေရဲ့ အင်အားက မသေးပါလား'

မုံစီးကျင့်က သက်ပြင်းတစ်ချက် ချရင်း....

'သူတို့တစ်တွေ တိုက်ခိုက် လာခဲ့ရင်တော့ ကျွန်တော်တို့ အားလုံး သေကြေပျက်စီးရမှာ သေချာတယ်'

လုံကျိန့်ဖုံးလည်း ခေါင်းညိတ်ကာ ရှုတ်ချွင်းစွာ အသံ မြင့်၍ အော်ပြောလိုက်ပြန်သည်။

'ဒီမှာ ကျုပ်ဟာ ချွန်ကျွန်းနယ်က သူပုန်ချုပ်မေးမှုးကြီး လုံကျိန့်ဖုံးပါ၊ အခု အရေးကြီးတဲ့ကိစ္စရှိလို့ ကျိုလင်ခွာကို ဖြတ်သွားမလို့ပါ။ ခင်းတို့ လိုရီစခန်းနဲ့ လုံးဝမပတ်သက်ပါဘူး'

လုံကျိန့်ဖုံးက ထင်သလို အော်၍ ပြောလိုက်သော်လည်း ဓားပြများမှာ မြင်းကိုအရှိန်မသတ်ဘဲ တရကြမ်းနှင်လျက် ရှိနေ၏။

ဓားပြဦးရေမှာ လေးရာခန့်ရှိမည်ဟု လုံကျိန့်ဖုံးက ခန့်မှန်းမိသည်။

ရှေ့ဆုံးမှ မြင်းကို အပြင်းနှင်လာသော လူသည် တစ်ကိုယ်လုံး အင်္ကျီအမည်းရောင်နှင့်ဘောင်းဘီအကျပ်ကိုဝတ်ဆင်ထားလေသည်။

အခြား သူများထက်လည်း အရပ်မှာ ပို၍မြင့်မားဟန်ရှိလေသည်။

သူ၏ မျက်နှာမှာ တင်းမာ ခက်ထန်လှသည်။

သူ၏ လက်တစ်ဖက်တွင် လှံရှည်တစ်လက် ကိုင်ထားကာ မြင်းကို တရကြမ်းနှင်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကို တွေ့မြင်လောအခါ ကျောက်လက်ဝါးက....

'ဒီကောင်က အမှတ်လေးစခန်းမှူး ယွမ်လုံမင်ပဲ ဖြစ်ရမော်'

ကျောက်လက်ဝါးက ပြောလိုက်သောအခါ သူ့ဘေးတွင် ဒဏ်ရာရပ်နေသော ကျိုရိုဟိုက....

'မင်းက ဘယ်လောက်များ စွမ်းလို့လဲ ဝါလာပြီဟေ'

ဟု ကြုံးဝါးကာ ရုတ်တရက် ကျိုရိုဟိုက တရှိန်ထိုး ခုန်ထွက်သွား၏။

ယွမ်လုံမင်သည် မြေပြင်ပေါ်သို့ ဝုန်းခနဲထိုးဆင်းကာ လိမ့်ပစ်လိုက်၏။

'ရှဲ....ရှဲ....'

နှင်းတောထဲသို့ သူ၏ကိုယ်ကို တစ်ပတ်ကျွမ်းပစ်ကာ ယွမ်လုံမင်ထံသို့ လိမ့်သွားခြင်းဖြစ်သည်။

နှင်လုံးကြီးတစ်လုံးသည် ဓားပြဗိုလ် ယွမ်လုံမင်ထံ တရှိန်ထိုး လိမ့်သွားသည်မှာ လှိုင်းလုံးကြီးတစ်လုံး လွင့်မြောလာသည့်အလား ဖြစ်၏။

ယွမ်လုံမင်သည် ကျူးရိုဟို၏ ဝင်းခနဲလက်သွားသော ဓားရောင်ကို တွေ့သည်နှင့် သူ၏မြင်းဇက်ကြိုး ဆောင့်ဆွဲကာ ခုန်လွှားသွားသည်။

'ဟီး....'

မြင်းနက်ကြီးကလည်း ဇအား‌ကုန် ခုန်လွှားပစ်လိုက်လေသည်။

'ရှမ်း....ရှမ်း'



ကျူးရိုဟိုသည် ဓားကို ဝှေ့ယမ်းလိုက်သော်လည်း မြင်းနက်ကြီး၏ ခြေထောက်အောက်မှ ကပ်၍ လျော့ဖြတ်သွားသည်။

ယွမ်လုံမင်၏ မဟာရာမြင်းနက်ကြီးမှာ အထူးလေ့ကျင့်ထားသောမြင်း ဖြစ်သောကြောင့် ပါးနပ်စွာ ခုန်၍ ရှောင်လိုက်နိုင်၏။

သို့သော်....

ကျူးရိုဟိုသည် သူ၏ဓားဖြင့် အခြား မြင်းသုံးကောင်၏ ခြေထောက်များကို ဖြတ်ချလိုက်သည်။

'ဟီး....'

'အား....'

မြင်းသုံးကောင်၏ ခြေထောက် ဆယ့်နှစ်ချောင်းတို့သည် တိခနဲပြတ်ကျသွားကာ မြင်းစီးဓားပြ သုံးယောက်တို့သည်လည်း မြေပေါ်သို့ ကိုးယို့ကားယား ကျသွားလေသည်။

မြင်းများမှာလည်း မြေပေါ်သို့ ဘိုင်းခနဲ လဲကျသွားတော့သည်။

ထိုအချိန်မှာပင်....

အရိပ်တစ်ခုသည် ဓားပြဗိုလ်ယွမ်လုံမင်၏ ဦးခေါင်းပေါ်သို့ ဦးတည်ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ယွမ်လုံမင်က ထိုအရိပ်ကို သူ၏လှံဖြင့်ထိုးလိုက်သည်။

'ချွမ်း....'

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တရက် လှံနှင့်ဓားထိသံက မြည်ဟိန်းထွက်သွားလေသည်။

ယွမ်လုံမင်ထံ ခုန်ဝင်လာသူကား ကျောက်လက်ဝါး မှတ်ရှေ့ပင်ဖြစ်သည်။

သူသည် ဝါရင့်သိုင်းသမားပီပီ မသေရေး-ရှင်ရေးဖြစ်နေသော အချိန်တွင် သူကိုယ်တိုင် ယွမ်လုံမင်ကို အမြန်ဆုံး ဖမ်းနိုင်ပါမှ အန္တရာယ်ကြားမှ လွတ်မြောက်နိုင်မည်ကို တွက်ဆထားပြီး ဖြစ်သည်။

အကယ်၍…

ဓားပြသေနာရာကျော်က သူ၏လှံပေါင်းနှစ်ဆယ်ကို ဝိုင်း၍ တိုက်လျှင် ရှေင်ရန်မလွယ်မှန်းသိသလို ဘုတ်တိုအားလုံး ဓားပြများ၏ လက်ချက်ဖြင့် ကျဆုံးသွားနိုင်သည်။

ဝှီး…

ယွမ်လုံမင်သည် သူ၏လှံတံဖြင့် ဝေ့ယမ်းကာ ကျောက်လက်ဝါးကို တိုက်ခိုက်လိုက်သည်။

ယွမ်လုံမင်၏ သိုင်းပညာမခေမှန်း ကျောက်လက်ဝါးက ရိပ်မိသည်။

အကယ်၍…

လှံကိုရှောင်တိမ်းနေပါက နောက်ထပ်သိုင်းလေးငါးကွက် လောက်မှ ယွမ်လုံမင်ကို ဖမ်းချုပ်နိုင်မည်ဖြစ်သည်။



ထို့ကြောင့်…

ချက်ချင်းပင် ယွမ်လုံမင်၏လှံကိုမရှောင်ဘဲ လှံရိုးကို ရုတ်တရက်ဖမ်းဆွဲယူလိုက်သည်။

ယွမ်လုံမင်မှာ မမျှော်လင့်ဘဲ သူ့လှံကိုဆွဲယူခြင်းခံရသောကြောင့် အထိတ်တလန့်ဖြစ်သွားသည်။

ထို့ကြောင့်…

လက်တစ်ဖက်ဖြင့် ကျောက်လက်ဝါး၏ရင်ဝကိုတွန်းလိုက်ပြီး လက်တစ်ဖက်ကလှံကို ပြန်လုယူလိုက်သည်။

ကျောက်လက်ဝါးနှင့် ယွမ်လုံမင်တို့သည် မြင်းပေါ်မှာပင် အပြန်အလှန် တိုက်ခိုက်နေကြသည်ကို အားလုံးက စိတ်ဝင်စားနေကြလေသည်။

ထိုအခိုက်…

ကျောက်လက်ဝါးသည် ဘယ်လက်ဖြင့်လှံကိုဖိနှင်း၍ ညာလက်က အပေါ်သို့ အားကုန်ဆွဲလိုက်သည်။

မြင်းထန်လှသောအရှိန်ကြောင့် ယွမ်လုံမင်၏ကိုယ်လုံးသည် မြင်းကုန်းနှီးထက်မှ လေထုအတွင်းသို့ မြောက်၍ တက်သွားလေသည်။

ရွှမ်း…

ယွမ်လုံမင်သည် လက်ကိုလှံမှချက်ချင်းရုပ်ကာ ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

မြင်းထန်သောအားတုတ်သံနှင့်အတူ ယွမ်လုံမင်၏ကိုယ်သည် အပေါ်သို့ကြွတက်နေရာမှ ချက်ချင်းပင် အောက်သို့ ပြန်၍နိမ့်ကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခါကြိမ်တွင် ကျောက်လက်ဝါးက ယွမ်လိုမင်း၏ လှ ရှည်ထိပ်ဖျားကို သူ့ဘက်သို့ဆတ်ခနဲလှည့်လိုက်ပြီး အခိုက သွေးကြောသုံးနေရာကို လျှပ်တစ်ပြက် လှမ်းထောက်လိုက် သည်။

'ဘုန်း....'

'အား....'

ရှုတ်ဘရက်....

မမျှော်လင့်ဘဲ ယွမ်လိုမင်မှာ သူ့လှံကို ကျောက်လက်ဝါး က အမိအရဆွဲယူပြီး သူ၏သွေးကြောကို ပိတ်လိုက်ခြင်းခံရ သဖြင့် မြင်းပေါ်မှဘုန်းခနဲ ပြုတ်ကျသွားတော့သည်။

ကျောက်လက်ဝါးထောက်လိုက်သော သွေးကြောများမှာ သုံးနေရာဖြစ်သည်။

ယွမ်လိုမင်ကလည်း မခေပါ။

သူ၏သွေးကြောအပိတ်ခံရစေကာမူ လျှပ်ရှား၍ ရသေး သောလက်တစ်ဖက် ဓားဖြင့် ကျောက်လက်ဝါးကို ဝှေ့ယမ်း ပစ်လိုက်သည်။

ဝင်းခနဲလက်သွားသည်နှင့် ကျောက်လက်ဝါးက ခုန်ပျံ ရှောင်ကာ မြေပေါ်သို့ပြန်အကျတွင် ယွမ်းလိုမင်ကို ပွေ့ဖမ်း လိုက်လေတော့သည်။

★



ကျောက်လက်ဝါးသည် ယွမ်လိုမင်ကို ဖမ်းချုပ်လာသဖြင့် အဖွဲ့သားများက လက်ခုပ်လက်ဝါးတီးကာ ကောင်းချီးပေး ပန္နာပြုကြလေသည်။

'ဖော့....ဒါမှ ဆရာကျောက်လက်ဝါးကွ'

ထိုအချိန်တွင် မြင်းစီးဓားပြတပ်သားများသည် သူတို့၏ ခေါင်းဆောင် ယွမ်လိုမင်တို တစ်ဖက်မှ ဖမ်းဆီးသွားသည်ကို တွေ့ရသောကြောင့် မခံမရပ်နိုင် ဖြစ်သွားကြသည်။

ကျောက်လက်ဝါးက သူတို့ဘက်လှည့်ပြီး....

'ဟေ့ ရပ်လိုက်ကြ၊ မင်းတို့ ရှေ့တိုးလာရင်မင်းတို့ အမှတ် လေးစခန်းမှူးကို သတ်ပစ်လိုက်မယ်'

ကျောက်လက်ဝါး၏ ကြုံးဝါးသံကြောင့် ပတ်ဝန်းကျင် တစ်ခုလုံးမှာ လှုပ်လှုပ်ရှားရှားဖြစ်နေရာမှ ငြိမ်သက်သွားလေ သည်။

မည်သူကမျှမလှုပ်ရှားရဲတော့ဘဲ ငြိမ်သက်နေကြသည်။

ကျောက်လက်ဝါးက သူ၏ဓားဖြင့် ယွမ်လိုမင်၏ လည် ချောင်းကို ချိန်ရွယ်ကာ....

'ကဲ....ယွမ်လိုမင် မင်းအသက်ရှင်ချင်သလား'

'ရှင်ချင်တယ်'

ယွန်လိုမင်က တည်ကြည်သော လေသံနှင့် ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာတွင် အရှုံးပေးသောအရိပ်အယောင် လုံးဝမရှိပါ။

သူ၏ပွင့်လင်းမှုကို ကျောက်လက်ဝါးက သဘောကျသွားသည်။

မှန်သည်။

သူသည် သူ့အသက်ကိုမသေချင်သေးသည်။ အရှုံးမပေးသေးပါ။

ကျောက်လက်ဝါးက ထိုသူ၏မျက်နှာကို တစ်ချက်အာရုံစိုက်ကြည့်လိုက်ပြီး....

'ကဲ...ဒါဖြင့် သူတို့ကို နောက်ဆုတ်ခိုင်းရင် မင်းအသက်ပေါက်မရှန်းရအောင် တာဝန်ယူတယ်'

'မလိုပါဘူး'

'ဘာမလိုပါဘူးလဲ'

ကျောက်လက်ဝါးက နားမရှင်းဘဲ ပြန်မေးလိုက်သည်။

သူက မြတ်သားသောလေသံဖြင့်....

'အို...ကျုပ်ကို သတ်ချင်သတ်လိုက်ပါ၊ ကျုပ်လူတွေကို နောက်ဆုတ်ခိုင်းဖို့တော့ မဖြစ်နိုင်ဘူး၊ ကျုပ် အသက်သာ အသေခံမယ်ဗျ'

ပြောရင်း ယွမ်လုံမင်က သူ့ယောက်ျားများဘက်သို့ အော်ပြောလိုက်သည်။



'ခရောင်းရင်းတို့ ငါဟာ ဒီလူတွေရဲ့ ဆက်ချက်နဲ့ သေရလိမ့်မယ်၊ မင်းတို့က ငါ့အတွက် သူတို့ကို အပြုတ်ရှင်းပေးရမယ်ဟေ့'

စကားဆုံးသည်နှင့် အညံ့မခံလိုသော ယွမ်လုံမင်က ဓားများဆီသို့ သူ၏လည်ပင်းဖြင့် ဝင်ဆောင့်လိုက်သည်။

ရုတ်တရက်....

အငိုက်မိသွားသောကြောင့် ကျောက်လက်ဝါးက ဓားကိုလျင်မြန်စွာ နောက်ဆုတ်လိုက်သော်လည်း ယွမ်လုံမင်၏လည်ပင်းတွင် ဓားခြစ်ရာအစင်းကြောင်းတစ်ခု ပေါ်လာပြီး သွေးများ ရဲခနဲ ထွက်လာ၏။

'ဒီကောင်းဟာ ဓားပြတွေထဲမှာ သတ္တိအရှိဆုံးပဲ'

လုံကျိန့်ဖုံးမှာ တိုက်ပွဲများစွာကို တွေ့ကြုံဖူးလေသောကြောင့် ယွမ်လုံမင်ကဲ့သို့ အသေခံဝံ့သူ နည်း၍ မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။

'ဟိတ်ကောင်တွေ ဘာကြောင့်ရှေ့တက်မလာတာလဲ ငါ့သေမှာကို မကြောက်ပါနဲ့'

ယွမ်လုံမင်က ဒုတိယအကြိမ်အော်လိုက်ရာ သူ၏လူများမှာလည်း ကြောင်အမ်းအမ်းဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေကြသည်။

ထိုအခါကျမှ....

ယွမ်လုံမင်ကို နောင်တရစေရန်နှင့် သူ၏ သဘောထားပြောင်းစေလို၍ ငင်းကိုမြန်ထွက်ရန် ကျောက်လက်ဝါးက ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ သက်ညှာမှုန်းသိပြီး ဗုဒရိုက်သားတွေ အမြင်မှန်ချထား နောက်ဆုံးသွားမည်မှာ သေချာသည်။

ကျောက်လက်ဝါးသည် ဘာမှမပြောဘဲ ယွမ်လုံမင်အား ပိတ်ထားသော သွေးကြောကို သူ့ချောင်းဖြင့် ပြန်ဖွင့်ပေးလိုက်လေသည်။

တစ်ကိုယ်လုံး ပြန်လည်လှုပ်ရှားလာသောအခါ ယွမ်လုံမင်မှာ ဝမ်းသာလွန်း၍ ကြောင်အမ်းအမ်းပင် ဖြစ်သွားရလေသည်။

....★....

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မီးတုတ်များမှ မီးရောင်များ ထင်းထိန်နေ၏။

ခားပြအုပ်စုကြီးသည် သူတို့ခေါင်းဆောင် ယွမ်လုံမင် ပြန်လည်လှုပ်ရှားလာသည်ကို တွေ့ရသော် ဝမ်းသာအားရဖြစ်သွားကြသည်။

ခားပြအုပ်စုကြီးမှ ရှေ့တန်းခေါင်းဆောင်များသည် အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။



'ကဲ....ကွမ်လုံမင် မင်းပြန်နိုင်ပြီ၊ ခုနက မင်းအလစ်မှာ ငါ့ဝင်ဖမ်းခဲ့တာမို့ တကယ့်အစွမ်းမဟုတ်ဘူး၊ အဲဒီတော့ မင်းပြန်ပါ၊ ပြီးမှ ကျုပ်တို့တစ်ယောက်ချင်း ပြိုင်ကြတာပေါ့'

ယွမ်လုံမင်က မယုံကြည်တန်ဖြင့် ရှေ့သို့ 'လေးငါးလှမ်းခန့် တိုးလိုက်သည်။

ကျောက်လက်ဝါးက သူ့နောက်ကိုမလိုက်ဘဲ ရပ်နေသည်ကို တွေ့သော့မှတကယ်ပြန်လွှတ်လိုက်သည်၊ တွေ့ရသောအခါ သူသည်ဆက်မသွားဘဲ ရပ်တန့်လိုက်သည်။

ကျောက်လက်ဝါးက....

'ခဏ....'

သူက နောက်သို့ လှည့်လိုက်သည်။

'ရော့....ခင်ဗျားရဲ့လက်နက်'

ကျောက်လက်ဝါးက ယွမ်မင်လုံ၏လှံကို ပစ်ပေးလိုက်၍ ယွမ်လုံမင်က ဖမ်းယူလိုက်သည်။

ယွမ်လုံမင်က လှံကိုကိုင်လျက် အတန်ကြာ ငိုင်နေပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခင်ဗျားတို့ပညာကို ကျုပ်ချီးကျူးပါတယ်ဗျာ၊ ကျုပ်ကျေကျေနပ်နပ် အရှုံးပေးပါတယ်'

သူကပြောပြီး တစ်ဖက်ရှိ သူ့လူများဘက်လှည့်၍....

'ဟေ့....အခုတိုက်ပွဲမှာ ကောက်ကျစ်မှုမပါဘဲ တကယ့်ပညာနဲ့ ယှဉ်ပြိုင်တာမို့ ငါရှုံးသွားပြီ၊ ဒီတိုက်ပွဲမှာ ငါမပါတော့ဘူး၊ မင်းတို့တိုက်ချင်တိုက်ကြ'

www.burmeseclassic.com



ဟု ဆောင်ပြောလိုက်သည်။

ယှမ်းလုံမင်သည် ကျောက်ဝါးမှတ်ရှေ၏ အစွမ်းအစ ေ တဒ္ဒ်များကြောင့် အလွန်လေးစားသွားကာ သူ၏ဘက်တော် သားများကို အမိန့်ပေးလိုက်ခြင်း ဖြစ်လေသည်။

★

ခေါ်မြအုပ်စုမှာ သူတို့ခေါင်းဆောင် အမှန်တကယ် အသက် ချမ်းသာခွင့်ရလိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသေ သည်။

သူတို့မှာလည်း တိုက်ရခက် မတိုက်ရခက်ဖြင့် ချီတုံချတ ရှိနေမိကြသည်။

မှန်ပေသည်။

သူတို့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သော ယှမ်း မင်ကို မျက်စိတမှိတ်အတွင်း ဖမ်းချုပ်နိုင်သောသိုင်းပညာရှ တွေ့ ပ.စ်ဖက်တွင် ရှိနေသဖြင့် သူတို့က တိုက်ရမည်ကို လ ရွံ့နေကြသည်။

အဘယ်၍...

ဆက်မတိုက်ပါကလည်း ခေါင်းမှူးကြီး၏ကြပ်မတ်လ ဆယ်းကမ်းဥပဒေက သူတို့အား သေဒဏ်အထိ ပေးနိုင်သ မဟုတ်ပါလား။



ထိုစဉ်မှာပင်...

ကျောက်လက်ဝါးက အော်၍ပြောလိုက်သည်။

'ယှမ်းလုံမင်.အခုလိုပြောတာကို ကျေးဇူးတင်ပါတယ်ကွာ'

သူက ယင်းသို့ ကျေးဇူးတင်စကား ပြောနေစဉ်မှာပင် မြောက်ဘက်အရပ်မှ အေးစက်မာကြောသော အသံကြီး ကြားလိုက်ရသည်။

'ဒီမှာ အမှတ်လေး မင်းအာတိုက်ပွဲကိုမတိုက်ဘဲ လဲနေ တယ်၊ ဓမ်သားတွေကိုလဲ မတိုက်ဖို့ လှုံ့ဆော်တယ်၊ မင်းရဲ့ အပြစ်ကို မင်းသိသလား'

ထိုအသံကိုကြားလိုက်သည်နှင့် ယှမ်းလုံမင်၏မျက်နှာ ကွက် ခနဲ ပျက်သွားသည်။

ပ.ါးစပ်မှလည်း ထစ်ထစ်ငေါ့ငေါ့ဖြင့်...

'ဟုတ်...ဟုတ်ကဲ့ သိပါတယ် အမှတ်သုံး ဒါကြောင့်လည်း ကိုယ့်အပြစ်ကို ကိုယ့်ဘာသာ စီရင်ပါမယ်ဗျာ'

ကျောက်လက်ဝါးက ယှမ်းလုံမင်၏စကားကို ကြားလိုက် ရသောအခါ...

'အင်း...အစ်ကိုသုံးဆိုတော့ ကျင့်လိန်မှူးပဲ ဖြစ်ရမယ်'

ဟု တွေးနေလေသည်။

ယင်းအချိန် ကျင့်လိန်မှူးအသံထွက်ပေါ်လာသည်။

'မင်း ဒီလူတွေကို ရှင်းပစ်ရင်တော့ အပြစ်ပေးဖို့ မလို ဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



'တိုက်ပွဲမဝင်မီ သူတွေ ရှိသေးလား'

ကျွင့်လိန်ဖူး၏မေးသံကြောင့် သူ၏လူများသည် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူတို့သည် အမိန့်ကိုနာခံမည်ဖြစ်ကြောင်းကို ကြွေးကြော်လိုက်ကြသည်။

'ဟုတ်ကဲ့၊ စခန်းအတွက် ရန်သူကို ရှိရှိသမျှ တိုက်ခိုက်မျှမယ် စခန်းမှူးကြီး'

'ဒို့ ကိုရီစခန်းကို ရောင်းစားမဲ့ သစ္စာဖောက်ရှိသေးလား'

ကျွင့်လိန်ဖူးကမေးရင်း သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

'ဗိုး....'

မီးရောင်ဝင်းခနဲ လက်သွားကာ အရာဝတ္ထုနှစ်ခု မြေ ထွက်လာချေသည်။

ထိုအရာဝတ္ထုများကား ကျွင့်လိန်ဖူးလက်ထဲမှ ပျံထွက်လာသော ဓားပျံနှစ်လက်ဖြစ်သည်။

ထိုဓားပျံက မြေပေါ်တွင် ဒူးထောက်ကာ မိမိအပြစ် ခံနေသော ယွမ်လုံမင်၏မျက်နှာဆီသို့ တန်းဝင်သွားတော့သည်။

ယွမ်လုံမင်သည် မျက်လုံးကိုစုံမှိတ်ကာ သေရတော့မည်ကို စောင့်ဆိုင်းနေသည်။



ဤမျှမျက်စိကြမ်းကြုတ်လိမ့်မည်ကို ကျောက်လက်ဝါးက မတွေးမိပေ။

သူက ရုတ်တရက် ခုန်လိုက်သည်။

လျှပ်တစ်ပျက်ပင် ယွမ်လုံမင်၏မျက်နှာဆီသို့ အရှိန်ပြင်းစွာ တန်းဝင်လာသော ဓားပျံနှစ်လက်ကို လက်ဖြင့်အသာအယာ ဖမ်းယူလိုက်သည်။

'ဟာ....'

ထိတ်လန့်စွာ ကြည့်နေကြသူများသည် တခဲနက်ဖြစ်ကာ အံ့အားသင့်သွားကြသည်။

တစ်ချိန်တည်းမှာပင်....

အဖြူရောင်အရိပ်တစ်ရိပ်သည် ကျွင့်လိန်ဖူးထံသို့ ခုန်ဝင်သွားသည်။

သို့သော်....

ကျွင့်လိန်ဖူးရှေ့မှောက်တွင် ရှိနေသော သူ၏လက်အောက်ငယ်သား ရှစ်ယောက်တို့သည် ဓားကိုဝှေ့ယမ်းကာ သူတို့ထံ ခုန်ဝင်လာသောလူအား ခုတ်လိုက်ကြသည်။

ကျွင့်လိန်ဖူးကား သူ့လူတွေက သူ့အတွက် တားဆီး တိုက်ခိုက်နေသည်ကို တွေ့ရသဖြင့် အားရကျေနပ်သွားသည်။

သူသည် ထိုလူရိပ်ကို သေချာစွာကြည့်လိုက်သည်။

'လက်စသတ်တော့ ငါ့လူတွေနဲ့တိုက်နေတာ မိန်းကလေး တစ်ဦးပါလား'

ဟုတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလွှာ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော ငန်းဘဲကလေးတစ်ကောင်ဖြစ်သည်။

ကျောင်းလိန်ဖူးက ယင်းသို့အကဲခတ်ကြည့်နေစဉ်....

အဖြူရောင်အရိပ်တစ်ခုသည် လွှားခနဲ သူ့ထံဝင်ရောက်လာသည်။

ကျောင်းလိန်ဖူးမှာ ရုတ်တရက်ဖြစ်၍ အံ့အားသင့်သွားသည်။

သူသည် ဓားကိုကမန်းကတန်းဆွဲထုတ်လိုက်သည်။

သို့သော် သူ့ဓားနောက်ကျသွားချေပြီ။

ဓားရှည်တစ်လက်၏ထိပ်ဖျားကသူ၏လည်ပင်းကို ထောက်ထားခြင်းခံလိုက်ရသည်။

ကျောင်းလိန်ဖူး၏ လည်ပင်းကို ဓားနှင့် ချိန်လိုက်သူကား မြောင်သခင်လေး လီပိုင်ရှိပင်ဖြစ်သည်။

သူသည် ဇနီးဖြစ်သူပိုင်ဟွားလူအား ကျောင်းလိန်ဖူး၏ လူများက ဟန့်ပြတိုက်ခိုက်ကာ သူကိုယ်တိုင်ကမူ ကျောင်းလိန်ဖူးကို အလစ်ဝင်တာ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ကျောင်းလိန်ဖူးမှာ ဘာမှမတတ်နိုင်တော့ပါချေ။

ယခု သူသည်ရန်သူလက်ထဲသို့ ကျရောက်သွားပြီဖြစ်လေသည်။

****★****



'ဟိတ်ကောင်တွေ ရှေ့မတိုးကြနဲ့နော်၊ ရှေ့တစ်လှမ်းတိုးမယ်ကြတာနဲ့ မင်းတို့ရဲ့အမှတ်သုံးစခန်းမှူးကို ငါက ချက်ချင်းသတ်ပစ်လိုက်မယ်'

လီပိုင်ရှိက ဟစ်ကြော်ခြိမ်းခြောက်လိုက်သည်။

ထို့ကြောင့် ဓားပြများမှာလည်း ရှေ့သို့တက်ရန်ဟန်ပြင်နေရာမှ နောက်သို့ဆုတ်သွားကြသည်။

ကျောင်းလိန်ဖူးက ဒေါသတကြီးဖြင့်အော်လိုက်သည်။

'မင်းတို့ ဘာကြောင့်မတိုက်ကြတာလဲ၊ မင်းတို့ သူတို့ကို မတိုက်ခိုက်ရင် စခန်းကချမှတ်ထားတဲ့ အပြစ်ဒဏ်ကို ခံရလိမ့်မယ်'

သူက ယင်းသို့ပြောပြီး လီပိုင်ရှိ၏ဓားကို သူ့ဦးခေါင်းဖြင့် ဖြုန်းခနဲဝင်ဆောင့်လိုက်သည်။

လီပိုင်ရှိကဓားကို ရှောင်လိုက်သော်လည်း ကျောင်းလိန်ဖူး၏ နဖူးတွင် ဒဏ်ရာရသွားလေသည်။

သို့သော် လီပိုင်ရှိက အချိန်မီထိန်းချုပ်ထားလိုက်သည်။

'ဟေ့ကောင်တွေ တိုက်ကြပါလားကွ'

ယွမ်လိုမင်မှာလည်း မတတ်နိုင်တော့ဘဲ ငယ်သားများကို အမိန့်ပေးလိုက်သည်။

သူကိုယ်တိုင်ကမူ ဒူးထောက်မြဲ ဒူးထောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးနှင့် လီပိုင်ရှီတို့မှာလည်း ရုတ်တရက် [illegible]မသိအောင် အခက်ကြုံသွားတော့သည်။

အကျယ်ရှိ သူတို့နှစ်ဦးအား ရှင်းလိုက်၍သော သူ့မဲ့ကြား ဓားပြအုပ်စုကြီးသည် အမသေခံကာ တရကြမ်းတိုက်ပေတော့ မည်။

ထိုအခါမှာပင် မည်သို့မှုပင် သိုင်းပညာတတ်သော်လည်း ကျွ မ္မများပြားသောဓားပြအုပ်စုကြီးကို နိုင်အောင်တိုက်နိုင်မည် မဟုတ်ပါ။

ဟင်းအချိန်မှာပင်....

ရုတ်တရက် ကြဲဇာနှင့်ပြည့်စုံသော အသံတစ်သံ ပေါ်ထွ လာခဲ့လေသည်။

'ယွမ်လုံမင်၊ သာမန်အချိန်မှာ မင်းဟာ ညာဏ်ကောင်း သားနဲ့ အခု ဘာကြောင့် တစ္ဆတ်တိုးလုပ်နေရတာလဲ၊ စခန်း အပြစ်ဒဏ်ကိုခံရမှာ မကြောက်ဘူး၊ တို့စခန်းရဲ့ စည်းမျဉ်း သက်ညာခွင့်ရှိတယ်'

ကျောက်လက်ဝါးတို့က ချာခနဲ လှည့်ကြည့်လိုက်သော အခါတွင် မြောက်ဘက်မှဓားပြအုပ်စုသည် ဘေးသို့နှစ်ခြ ကွဲသွားသည်။

ဓားပြများက လမ်းဖယ်ပေးလိုက်သည်။



ထိုလမ်းမှ....

လူတစ်ဦးက ပြုံးရယ်ရင်း တဖြည်းဖြည်းလမ်းလျှောက်လာ သည်ကို တွေ့လိုက်ရလေသည်။

*

www.burmeseclassic.com

## နံပါတ် တစ် ခေါင်း ဆောင်

---

သွောတ်လှမ်းလာနေသူကို တွေ့လိုက်ရသည်နှင့် ဧးပြ အဖွဲ့သားများနှင့် ကျင့်လိန့်ဖွးတို့မှာ ဝမ်းသာသွားကာ....

'ခေါင်းမူးကြီးလာပြီ'

ဟု အော်ဟစ်လိုက်ကြသည်။

ထိုသူ၏နောက်တွင် တစ်ကိုယ်လုံး အမည်းရောင်ဝတ်ထား သော လူတစ်ဦးက မျက်နှာထားတင်းတင်းဖြင့် ထက်ကြပ်မကွာ ပါလာသေးသည်။

ထိုသူအား မြင်တွေ့ကြသည်နှင့်....

'နံပါတ်နှစ်ခေါင်းမူးလဲ ပါတယ်ဟေ'

ဟု ဧးပြအုပ်စုကြီး၏အသံများသည် ဟိန်းသွားလေ၏။



မကြာပါ။

လိုရှိခေါင်းမှ အမှတ်တစ် ခေါင်းဆောင်သည် ကျောက်လက်ဝါးရှေ့သို့ ရောက်လာခဲ့သည်။

သူသည် ဦးညွှတ်နှုတ်ဆက်လိုက်သည်။

'ကျွန်တော်က လိုရှိခေါင်းက ဖိယောက်ဖန်ပါ၊ ခင်ဗျား တို့ ဒီနယ်က ကျော်ဖြတ်တာကို ဆီးကြိုတိုက်ခိုက်မိတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်'

ယခု သူ့ကိုယ်သူမိတ်ဆက်ပေးလိုက်မှ သူသည် လိုရှိခေါင်း ၏ ခေါင်းဆောင်ကြီး ကိုးမျက်လုံးရှင် ဖိယောက်ဖန်ဖြစ်မှန်း ကျောက်လက်ဝါးက သိလိုက်ရ၏။

ဖိယောက်ဖန်က သိမ်မွေ့စွာနှုတ်ဆက်၍ ပြောဆိုလိုက် သဖြင့် လိုကျိန့်ဖုံးကလည်း အေးအေးဆေးဆေးပြောလိုက်၏။

'ဩော်....ခင်ဗျားက ဖိယောက်ဖန်ကိုး၊ ကျုပ်တို့တစ်တွေ ဒီကနေဖြတ်ကျော်ရင်း ခင်ဗျားတို့ ဝင်တွေ့ဖို့အစီအစဉ် ရှိပါ တယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ဂိုဏ်းသားတွေနဲ့ ခိုက်ရန်....'

'ဟား....ဟား....ဟား'

ဖိယောက်ဖန်က လက်ကာ၍ တန့်တားလိုက်သည်။

'ကျုပ်ရဲ့ ဂိုဏ်းသားတွေက စော်ကားမိတာ ခွင့်လွှတ်ပါ ခင်ဗျာ၊ ခင်ဗျာဟာ ချန်ကျိုးနယ်က နာမည်ကြီး ရှေ့ချုပ် ရေးမှူး လိုကျိန့်ဖုံး ထင်ပါရဲ့၊ ရှင်းရှင်းပြောရရင် ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအညီကို ပြည်သူလူထုအပေါ် ဖိနှိပ်ရက်စက်တဲ့ အရာရှိ၏ ဇာတ်မော်ကြာ'

ကျောက်လက်ဝါးက....

'ကျုပ်တို့က အဲ့ဒီလိုအရာရှိမျိုး ဖြစ်နေရင်ကော'

ဖိုးယောက်ဖန်က....

'သစ္စာဖောက် အမတ်တွေနဲ့ အာဏာကိုအလွဲသုံးစားလုပ်တဲ့ အရာရှိတွေကို ကျုပ်တို့ လိုလိုချင်နေတာ မရှိဘူး'

လုံကျိန့်ဖုံးက....

'အခု ကျုပ်တို့ကို ခင်ဗျားက ဘယ်လိုမြင်လဲ'

ဖိုးယောက်ဖန် ပြုံး၍....

'ကျုပ်တို့ရဲ့ ညီနှစ်ယောက်ကို အသက်ချမ်းသာခွင့် ပေးလိုက်တာကိုတွေ့လိုက်ရလို့ ခင်ဗျားတို့ဟာ ထူးချွန်ပြီး တရားမျှတတဲ့ သိုင်းပညာရှင်တွေဖြစ်ရမယ်လို့ ယူဆမိတယ်၊ အဲ...အဆင့်အတန်းမခွဲရင်တော့ ကျုပ်တို့ချင်း မိတ်ဆွေလို ဆက်ဆံပေါင်းရစေလား၊ ကျုပ်တို့ စခန်းမှာဝင်ပြီး အနားယူဖို့ ဖိတ်ခေါ်ပါတယ်'

ဖိုးယောက်ဖန်၏ အေးအေးသူတို့သည် တိုင်းပြည်အတွက် အကျိုးရှိသူများသာ ထောက်ခံသူ ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။



သူ၏အသံမှာ အောင်ပြီး ရှပ်ရှည်ဘာသည်း ခန့်ညားတည်ကြည်လေသည်။

လုံကျိန့်ဖုံးတို့ အနေဖြင့် သူတို့ခဲ ရှင်းသူများလာမည်ကို မလိုလားပါ။

ဖလောလောဆယ်တွင် သူတို့အသိုင်းရှိနေသည့် ဖုန်းကျမင်ကိုသာ အမြီဖမ်းလိုသည်။

ထို့ကြောင့် သူက မျက်မှောင်ကြုတ်ရင်း...

'ကဲ...ခင်ဗျားကို ကျုပ် ရှင်းရှင်းပဲ ပြောပြပါမယ်၊ ကျုပ်တို့ဟာ တာဝန်နဲ့ဝတ္တရားအရ ဘုရင်မင်းမြတ်ရဲ့ အအာဏ်ကို အန္တရာယ်ပြုဖို့ ကြိုးစားနေတဲ့လူကို ဖမ်းဖို့လာတာပါ၊ အခုလဲ ဒီဆရာတွေကို စစ်ကူအဖြစ် လာရတာပါ၊ အဲဒီတော့ ဒီလူကို ဖမ်းပြီးမှ ခင်ဗျားတို့ရဲ့စခန်းကို လာပါရစေ'

ဖိုးယောက်ဖန်က မျက်မှောင်ကုတ်သွားသည်။

'ခင်ဗျားက ဘုရင်မင်းမြတ်အလိုရှိနေတဲ့ တရားခံကို လိုက်ဖမ်းတာလား'

'မှန်ပါတယ်'

'ဒါဆို ဖမ်းခွင့်မပေးနိုင်ဘူး'

'ဟင်....'

ရုတ်တရက် အားလုံး အံ့အားသင့်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



လုံကျိန်ဖုံးမှာ ဒေါသ ဖြစ်သွားသော်လည်း သူသည် ဒေါသကို အချိန်မီ ထိန်းချုပ်ထားနိုင်လိုက်သည်။

ကျောက်လက်ဝါးက မကျေမနပ်ဖြင့်....

'ခင်ဗျားတို့က သူ့ကို အကာအကွယ် မပေးသင့်ဘူး'

ဖိုယောက်ဖန်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

'အကာအကွယ် ပေးရမှာပေါ့၊ ဘာကြောင့်လဲဆို သူက ကျုပ်ရဲ့ သခင်ဖြစ်နေလို့'

သူက ဆက်၍...

'ဒါပေမယ့် ခင်ဗျားတို့ကလည်း ကျုပ်ရဲ့ မိတ်ဆွေတွေ ဖြစ်နေတော့'

သူသည် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

ဖိုယောက်ဖန်၏ ဖခင်မှာ ဖုန်းကျမင်ထံတွင် သက်တော်စောင့် လုပ်ခဲ့ဖူးသည်။

ထို့ကြောင့် တစ်ဘက်က ဖြူမင်းသည် သူ၏သခင် ဖြစ်နေပြီး လုံကျိန်ဖုံးတို့မှာလည်း လောလောဆယ် သူ၏မိတ်ဆွေများ ဖြစ်နေသောကြောင့် အခက်တွေ့နေခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ကြားထဲက ဝင်ရောက် အကြံပေးသူတစ်ယောက် ပေါ်လာသည်။

ထိုသူကား ကျီရိုဟိုမင် ဖြစ်သည်။



'ကျုပ်ထစ်ခုတင်ပြပါရစေ'

ကျောက်လက်ဝါးက....

'ဘာတင်ပြမှာလဲ'

ကျီရိုဟိုက....

'ဒီလိုလေ၊ ကျုပ်တို့ဘက်ကသုံးယောက် သူတို့ လိုရိုစခန်းဘက်က သုံးယောက် ပညာချင်းယှဉ်မယ်၊ ကျုပ်တို့ဘက်က နိုင်ရင် ဖုန်းကျမင်ကို ကြိုက်သလိုဖမ်းခွင့်ပြုရမယ်၊ ကျုပ်တို့ရှုံးရင် ဖိုယောက်ဖန်ပြောတဲ့အတိုင်း လက်ခံဖို့ပဲ'

ဖိုယောက်ဖန်က အနည်းငယ်စဉ်းစားကာ....

'မိတ်ဆွေတို့ပြောတာ ကျုပ်လက်ခံပါတယ်၊ ကျုပ်တို့ရှုံးရင် ခင်ဗျားတို့သဘောပဲ၊ ခင်ဗျားတို့ဘက်ကရှုံးရင်တော့ သူ့ကိုဖမ်းဖို့ မကြိုးစားပါနဲ့တော့'

'ဒါဖြင့် ခင်ဗျားလက်ခံပြီပေါ့'

'ကျုပ်တို့ဟာ လူထုဘက်က ရပ်တည်တဲ့ ဓားပြတွေပါ၊ ဓားပြဆိုပြီး သစ္စာမရှိဘူးမထင်ပါနဲ့'

တကယ်တော့ ဖုန်းကျမင်သည် တိုင်းပြည်ကိုပုန်ကန်ရင်း လူအများကို စည်းရုံးခဲ့သည်မှာ ကြာပြီဖြစ်သည်။

နောက်လိုက်အင်အားကောင်းသလို လိုရိုစခန်းမှ ခေါင်းဆောင်တို့ကလည်း ဖုန်းကျမင်ကို လိုလားသူများဖြစ်ကြောင်း သင်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကျိုရိုဟီ၏အကြံပေးချက်မှာ အထူးပင် သင့်လျော်သောအကြံများဖြစ်ကြောင်းကို ကျောက်လက်ဝါး ကလည်း သဘောပေါက်ကာ ထိုအကြံကို ခေါင်းညိတ် သဘောတူလိုက်လေသည်။

★

လုံကျိန့်ဖုံးသည် မိမိတို့ဘက်မှ ယှဉ်ပြိုင်တိုက်ခိုက်မည့် လူ သုံးယောက်ကို ရွေးချယ်လိုက်သည်။

ထိုလူသုံးယောက်မှာ....

ကျောက်လက်ဝါး၊ ကျိုရိုဟီနှင့် လီပိုင်ရှိုတို့ပင် ဖြစ်သည်

ပြိုင်ပွဲမစမီ ကျောက်လက်ဝါးက လုံကျိန့်ဖုံးအနားသို့ကပ်၍ တိုးတိုးပြောလိုက်သည်။

'ဆော်ဘွား ယှဉ်ပြိုင်တဲ့အခါမှာ ပီယောက်ဖန်နဲ့ မရှ သိမ်းကျက်လဲ ပါခဲ့မှာပဲ၊ သူတို့နှစ်ယောက်က ပညာအလွန် ထက်တော့ ကျွန်တော်တစ်ယောက်ပဲနိုင်အောင်ကြိုးစားရမှာ ပါပေမယ့် သူတို့ဆီက အခုရောက်လာတာ ခြေနှစ်မှုး ယောက်ပဲရှိတယ်၊ ကျန်လေးယောက်ဟာ ရဲတိုက်ဖုံး ယင်နဲ့ စိန်ဝေယန့်တို့အဖွဲ့ကို ချောင်းမြောင်းတိုက်ခိုက်နေပြီ



ထင်တယ်၊ ဒါကြောင့် ကျွန်တော်တို့ယှဉ်ပြိုင်တဲ့အခါ သူတို့ အလစ်မှာ ဖုံးချိယင်နဲ့ စိန်ဝေယန့်တို့ဘက်ကို စစ်ကူလွှတ်လိုက် ပါ'

'အေး....ဒီအကြံကောင်းတယ်'

လုံကျိန့်ဖုံးက ကျောက်လက်ဝါး၏အဆိုပြုချက်ကိုသဘော တူလိုက်သည်။

ထို့နောက် သူသည် ဒီတာဝန်ကိုလူရှိန် ပိုင်ဟွားလူအား တိုးတိုးပြောဆိုလိုက်သည်။

သူက ယင်းသို့ ပိုင်ဟွားလူတစ်ယောက်တည်းကိုတာဝန် ပေးရခြင်းမှာ ရန်သူများမရိပ်မိစေရန်ဖြစ်သည်။

ထို့အပြင် ပိုင်ဟွားလူမှာ ကိုယ်ဖော့ပညာ၌ ထူးချွန်သော သူတစ်ယောက်ဖြစ်သောကြောင့် ဖြစ်သည်။

ပိုင်ဟွားလူကလည်း မိမိအားပေးအပ်လာသော တာဝန်ကို စဉ်းစားခြင်းမပြုဘဲ ချက်ချင်း ခေါင်းညိတ် လက်ခံလိုက်လေ သည်။

★

www.burmeseclassic.com

www.burmeseclassic.com



အမြှူးရောင်အရိပ်တစ်ခုသည် နှင်းဖွဲဖွဲကြားတွင် လျင်မြန်စွာ ပြေးလွှားလျက်ရှိသည်။

သွားရမည့်ခရီးကား မနီးလှပါ။

သို့သော် ကိုယ်ဖော့ပညာ ထိပ်တန်းရောက်နေပြီဖြစ်သော သူမသည် မကြာမီမှာပင် ဖုံးချီယင်တို့အဖွဲ့ရှိရာသို့ ရောက်ရှိလာသည်။

'ချွမ်း....ချွမ်း'

ဆူညံသောတိုက်ခိုက်သံများကြောင့် သူမသည် ရှေ့သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ....

မနီးမဝေးရှိမြေကွက်လပ်တွင် လူတစ်စုသည် သဲကြီးမဲကြီး တိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်သည်။

'ဟင်....ဖုံးချီယင်တို့လူစု အခြေအနေဆိုးနေပါလား'

ဟုတ်ပါ၏။

ဖုံးချီယင်၏ စစ်သည်များမှာ လေးဦးသာရှိပြီး ဓားပြများအက်တွင်မူ လူလေးဆယ်ခန့်ရှိသဖြင့် တိုက်ပွဲမှာ ကြည့်မကောင်းချေ

အခြေအနေမှာ အလွန်ဆိုးရွားနေချေပြီ။

ရဲတိုက်မှူးဖုံးချီယင်မှာလည်း ဓားပြစခန်းမှူး နှစ်ဦးဖြစ်သော ရှုံလျှစန်းနှင့် ရှေလှုံရှင် တုရန်ဖိန်တို့အား ယှဉ်ပြိုင်



တိုက်ခိုက်နေသဖြင့် အရေးမလှဘဲ နောက်သို့ ဆုတ်နေရလေသည်။

သို့သော် ဖုံးချီယင်ကား အရှုံးမပေးဘဲ အသေခံ တိုက်ခိုက်နေသည်။

တစ်ချိန်တည်းမှာပင် ...

စစ်သည်လေးယောက်မှာလည်း ဒဏ်ရာအသီးသီးရလျက်ရှိနေချေပြီ။

ပိုင်ဟွားလူမှာ ကြည့်မနေတော့ဘဲ ကြောင်တစ်ကောင်မှာ တိုက်ခိုက်နေသည့် လူအုပ်ကြားထဲသို့ ဝင်ရောက်သွားလေသည်။

'အား....'

ချက်ချင်းပင် ဓားပြသုံးဦးသည် မြေပေါ်သို့ လဲကျသွားတော့၏။

'ဟေး....စစ်ကူရောက်လာပြီ၊ တိုက်ကြဟေ့'

စစ်သည်တစ်ယောက်က ဝမ်းသာအားရအော်လိုက်သည်။

ထိုစကားကြားရသော် စစ်သည်တို့က အားတက်ကာ တရှိန်ထိုးဖောက် တိုက်ခိုက်ကြသည်။

'ချွမ်း....'

'အား....'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဟွားလူကလည်း အပြင်းအထန်တိုက်ခိုက်နေသည်။

ဓားပြများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွား

ဓားပြ အတော်များများ ကျဆုံးသွားသဖြင့် ရဲတိုက်မှူး

ဖုံးချိုယင်ဆောက်သို့ ပိုင်ဟွားလူက ခုန်ပျံ ဝင်ရောက်သွားတော့သည်။

ဓားကိုမြှောက်ကာ ဘာရှကြွမ်းဝင်လာသော ပိုင်ဟွားလူသည် လျှပ်တစ်ပြက်အတွင်းမှာပင် လေးဆယ့်ကိုးချက်တိတိတိုက်ခိုက်ပြီးဖြစ်သည်။

ဖုံးချိုယင်ကို အသာစီးမှ တိုက်ခိုက်နေသည့် ရဲလျှံစန်းနှင့် တုရန်ဖိန်တို့မှာ ပိုင်ဟွားလူ ရောက်လာသည်နှင့် အခြေအ ပြောင်းသွားတော့သည်။

★

ရဲလျှံစန်းနှင့် တုရန်ဖိန်တို့မှာ နောက်သို့ တဆုတ် ဆုတ်နေရလေပြီ။

'ဟား...ဟား...ဟား...ခုနမင်းတို့က နှစ်ယောက်၊ င တစ်ယောက်တည်းဆိုတော့ ငါ့အနိုင်မရဘူး၊ အခုသတ္တိ တစ်ယောက်ချင်းပြိုင်မလား'

ဖုံးချိုယင်က စစ်ကူရောက်လာပြီဖြစ်၍ နောက်သို့ သွားသော ရဲလျှံစန်းကို စိန်ခေါ်လိုက်လေသည်။



ရဲလျှံစန်းက ခပ်စောစောကတစ်တည်းကပင် ဖုံးချိုယင်၏ ချွမ်းအားသိသိ၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

ဖုံးချိုယင်က သူ၏သံမဏိလက်ဝါးဖြင့် တအားဝင်ပူး ကာ ရင်ဝသို့ထိုးသွင်းလိုက်သည်။

ရဲလျှံစန်းက နောက်သို့ခုန်ဆုတ်လိုက်သော်လည်း သူ၏ လှုပ်ရှားမှု နောက်ကျသွားလေသည်။

'ဝုန်း....'

ရဲလျှံစန်းသည် သူ၏လက်နက်ဖြစ်သည့် သံချိတ်ကြီးဖြင့် ခုခံသော်လည်း ပြင်းထန်သော လက်ဝါးအချက်ကြောင့် ပက် သက်လန်၍ လဲကျသွားလေသည်။

ယင်းအချိန်မှာပင်....

ပိုင်ဟွားလူက တုရန်ဖိန်အား ဓားဖျားဖြင့် ထောက်၍ သွေးကြောကို ပိတ်လိုက်သည်။

ထို့ကြောင့် တုရန်ဖိန်မှာ မြေပေါ်သို့ လဲကျသွားတော့ သည်။

'ဝုန်း....'

သူသည် လုံးဝ မလှုပ်ရှားတော့ပေ။

တိုက်ပွဲအခြေအနေမှာ လုံးဝပင် ပြောင်းလဲသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တုရန့်ဖိန့် လဲကျသွားသည်ကို တွေ့ရသောအခါ ဖုံးချီယင်သည် သူ့ကို အကောက်ကြံပြီး အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့သော တုရန့်ဖိန့်ကို လက်စားချေ အသေသတ်ရန် ပြေးလွှားလေသည်။

'သေပေတော့'

'ရပ်လိုက်'

ပိုင်ဟွားလူက အချိန်မီ ဟန့်တားလိုက်သည်။

'ဒီလိုမလုပ်နဲ့ သူတို့က အင်အားကြီးနေအတွက် အခြေအနေဆိုးသွားလိမ့်မယ်'

ဖုံးချီယင်က ဘာမှ မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

ထို့နောက် ဖုံးချီယင်က မြေပေါ်တွင် လဲနေသော ရဲလျှံစန်းအား လက်တစ်ဖက်ဖြင့် ဆွဲမလိုက်သည်။

ရဲလျှံစန်း၏ကိုယ်ကြီးမှာ အပေါ်သို့ ကြွတက်လာတော့သည်။

သို့သော် အတွင်းအား ကုန်ခမ်းနေပြီဖြစ်သော ရဲလျှံစန်းမှာ သတိမေ့သွားလေတော့သည်။

'ဒီကောင်မသေဘူး'

ဖုံးချီယင်က ပိုင်းဟွားလူအား ပြောလိုက်သည်။



ပိုင်ဟွားလူက ခေါင်းညိတ်ပြလိုက်ပြီး ရဲလျှံစန်းနှင့် တုရန့်မိန့်တို့ကို ဓားဖြင့် ချိန်ထားပြီး ဓားပြအဖွဲ့သားများအား တစ်ချက်ဝေ့ကြည့် ကြည့်ကာ...

'ဟိတ်...မင်းတို့ရဲ့ခေါင်းဆောင်နှစ်ယောက်ကို ဖမ်းထားပြီး မင်းတို့အသက်ချမ်းသာချင်ရင် စခန်းကိုမြန်မြန်သွားပြီး အကြောင်းကြားပေတော့'

သူတို့၏ ခေါင်းဆောင် အဖမ်းခံလိုက်ရသည်ကို တွေ့ရသော တပည့်များမှာ အထူးတုန်လှုပ်သွားကြ၏။

သူတို့မှာ လူခေါင်းနှစ်ဆယ်ခန့်သာ ကျန်တော့သည်။

ထိုစဉ်မှာပင်...

ပိုင်ဟွားလူ၊ ဖုံးချီယင်နှင့် စစ်သည်လေးယောက်တို့က ရဲလျှံစန်းနှင့် တုရန့်မိန့်တို့အား ဖမ်းချုပ်ကာ လိုကျိန်ဖုံးတို့ထံသို့ အပြေးထွက်လာတော့၏။

ဓားပြများမှာမထိတ်သာဘဲလက်ပိုက်ကြည့်နေရသော်လည်း ကျေမနပ်ဖြင့် အော်ဟစ်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

'မင်းတို့ ငါတို့လက်က မလွတ်ဘူးကွ၊ ငါတို့ခေါင်းဆောင်တို့ သတင်းပို့မယ်'

---★---

www.burmeseclassic.com

www.burmeseclassic.com

## ဓားသမား ကျင့်လိန်ဖူး

---

စည်းဝိုင်းကြီးအတွင်း လူနှစ်ယောက် သဲသဲမဲမဲ တိုက်ခိုက်နေသည်။

အားနှစ်ဖက်တွင် မီးတုတ်များ ကိုင်ရှိထားသော မြင်း[illegible] တပ်သားတွေက ဝိုင်းရံကြည့်ရှုနေကြသည်။

လူများမှာ အုပ်စုနှစ်စုဖြစ်သည်။

တစ်စုက လုံကျိန့်ဖုံးတို့အဖွဲ့ဖြစ်ပြီး တစ်စုက လိုရှိစခန်း[illegible] လူများဖြစ်သည်။

ထိုစဉ်မှာပင်....

ပိုင်ဟွားလူနှင့် ဖုံးချီယင်တို့သည် လျှင်မြန်စွာ ပြေးလွှား[illegible] လာခဲ့ရာ လုံကျိန့်ဖုံးတို့ထံ ပြန်ရောက်လာ၏။



သူတို့ယှဉ်ပြိုင်နေကြသည်ကို ပိုင်ဟွားလူနှင့် ဖုံးချီယင်တို့က စိတ်ဝင်စားစွာဖြင့် ကြည့်နေလိုက်ကြသည်။

စည်းဝိုင်းအတွင်းတွင် ငွေရောင်ဆံပင်နှင့် ပါးသိုင်းမွေးရှိသူ ကျိုရှိဟိုသည် အင်္ကျီအမည်းဝတ်ဆင်ထားသော လူတစ်ဦးနှင့် တိုက်ခိုက်နေသည်။

ရှိကျိုဟိုနှင့် တိုက်ခိုက်နေသောလူသား အလွန်ဖျတ်လတ်သွက်လက်လှန်ရှိသည်။

ဤတွင် တဒ္ဒတ်ထိုးနိုင်သူသော ဖုံးချီယင်သည် ဒဏ်ရာရထားသည့်ကြားမှ ကျိုရှိဟိုအား ဝင်ရောက်ကူရန် စည်းဝိုင်းအတွင်းသို့ ခုန်ဝင်သွားတော့သည်။

'မင်းတို့ ငါ့အကြောင်း သိစေရမယ်'

ဖုံးချီယင်က အော်ဟစ်ရင်း ဝင်ရောက်သွားသဖြင့် ကြည့်နေသူများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

★

ဖုံးချီယင်သည် စည်းဝိုင်းအတွင်းသို့ ခုန်ဝင်လိုက်သည်နှင့် ရုတ်တရက် တစ်ဖက်မှ အသားမည်းမည်းလူတစ်ဦး ခုန်ရှုံဝင်လာသည်။

သူကား ယွမ်လုံမင်ပင် ဖြစ်သည်။

ဖုံးချီယင်နှင့် ယွမ်လုံမင်တို့၏ လက်ဝါးချင်း ပူးကပ်သွားသည်။

ဝုန်း...

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး နောက်သို့ ခြေနှစ်လှမ်းစီ ပြိုင်တူဆုတ်သွားသည်။

'ဟော ... စည်းကမ်းဖောက်တယ်ကွ'

ခါးပြမျှားဘက်မှ ရုတ်တရက်အသံထွက်လာတော့သည်။ ဟုတ်ပါသည်။

ဖုံးချိုယင်၏အပြုအမူက ပြိုင်ပွဲစည်းကမ်းကို ချိုးဖောက်လိုက်သလိုဖြစ်သွားသောသည်။

—★—

စည်းဝိုင်းအတွင်း ယှဉ်ပြိုင်နေသူ ကျိုရိုဟိုနှင့် အမှတ်နှစ်ခန်းမှူး မရှုဏာသိမ်းငှက်တို့မှာ အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်းဖြစ်သည်။

ပထမတွင် ကျိုရိုဟိုသည် မရှုဏာသိမ်းငှက်ကို ငယ်ရွယ်သူဖြစ်သောကြောင့် အတွင်းအားကောင်းမည်မဟုတ်ဟု ထင်မိသည်။

သို့သော်လက်ဝါးချင်း ထိတွေ့လိုက်သောအခါတွင် မရှုဏာသိမ်းငှက်မှာ အတွင်းအား ကောင်းသူဖြစ်၍ သူ၏လက်ဝါး



မှတဆင့် အတွင်းအားများ ဖိတွန်းလာသည်ကို ခံစားမိလေတော့သည်။

မရှုဏာသိမ်းငှက်သည် ကျိုရိုဟိုအား အဘိုးကြီးဟူ၍ အထင်သေးမိသည်။

လက်တွေ့ရင်ဆိုင်တိုက်ခိုက်သော အခါဝယ် အဘိုးကြီး၏ အတွင်းအားများ ပြတ်လပ်ခြင်းမရှိဘဲ အမျှင်မပြတ် ဖိတွန်းလာသည်ကို ခံစားမိလေသည်။

နှစ်ဦးစလုံး၏ အတွင်းအားမှာ မတိမ်းမယိမ်းဖြစ်သောကြောင့် လက်ဝါးချင်း ထိတွေ့လိုက်သည်နှင့် ပြန်ရုပ်၍ မရတော့ပေ။

အကာယ်၍သာ လက်ဝါးကို ရုတ်တရက် ခွာလိုက်ပါက ရန်သူက အလစ်တွင် ဝင်ရောက်တိုက်ခိုက်နိုင်ပြီး တစ်ဖက်လူ၏ အတွင်းအား ကြီးမှုကြောင့် အတွင်းဒဏ်ရာရရှိသွားနိုင်ပေသည်။

ထို့ကြောင့် တဇွတ်ထိုးနိုင်လှသော ဖုံးချိုယင်မှာ သူတို့၏ သေရေး ရှင်ရေးတမျှ အရေးကြီးနေသည်ကို အကဲမခတ်မိပေ။

တစ်ဖန် အားစိုက်ကာ လက်ဝါးချင်းတွန်းကန်ထားရသဖြင့် ခြေထောက်များမှာ နှင်းပြင်ထဲသို့နစ်ဝင်နေ၏။

ယင်းအချိန်မှာပင်....

ဖုံးချိုယင်က စည်းဝိုင်းအတွင်းသို့ ခုန်ဝင်လာသောကြောင့် တစ်ဖက်မှ ယာမ်လုံမင်တာလည်း ဝင်ရောက်ကာ ဖုံးချိုယင်ကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရဏာသိမ်းငှက်သည် ဖုံးချိုယင်ဝင်လာသောကြောင့် သူ၏ ဒိုင်းနက်ထိပါ၍ အသက်ပင် ဆုံးရှုံးနိုင်သည်ကို သိလိုက်သောကြောင့် သူ၏ရိုက်ချက်အထိမခံဘဲ ဒဏ်ရာရလျှင် ရပါ ဆောသွက်စွာ နောက်သို့ဆုတ်လိုက်သည်။

ကျိုရိုကလည်းဖြောင့်မတ်သူပီပီ မိမိဘက်မှ ဖုံးချိုယင် ဝင်ရောက်လာသည်ကို အခွင့်ကောင်းမယူပါ။

သူက အခွင့်ကောင်းယူပြီး မတိုက်သည့်အပြင် နောက်သို့ ခြေငါးလှမ်းခန့် ဆုတ်လိုက်သည်။

ဤတွင် ကျိုရိုတို့နှင့် မရဏာသိမ်းငှက်တို့၏တိုက်ပွဲမှာ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားတော့သည်။

ထိုအချိန်....

ယွမ်လုံမင်မှာ ဖုံးချိုယင်၏ လက်ဝါးရိုက်ချက် ရင်ဝ၌ တစ်ချက် ထိမှန်ပြီး လဲကျသွားလေသည်။

ဖုံးချိုယင်မှာလည်း မြေပေါ်သို့ပြန်ကျလာသည့်အခါ မူးဝေမတတ် ခံစားရလျက်ရှိသည်။

ယွမ်လုံမင်၏အတွင်းအားမှာ ရှဲလှူစန်ထက် များစွာသာလွန်သောကြောင့် ဖုံးချိုယင်မှာ မသက်သာပါ။

'မင်းတို့ စည်းကမ်းနားမလည်ဘူးလားကွ'

ဖိုးယောက်ဖန်က ဒေါသတကြီး အော်ငေါက်လိုက်သည်။

ပိုင်ဟွားလူက ကမန်းကတန်း တောင်းပန်စကားဆိုလိုက်သည်။



'ဒီလိုပါရှင်၊ သူက အခုမှရောက်လာလို့ စည်းကမ်းကို နားမလည်ဘဲ ဝင်ရှုပ်မိတာကို ခွင့်လွှတ်ပါရှင်'

သူမက ယင်းသို့ရှင်းပြနေစဉ်မှာပင် လိုကျိုနီဖုးက ဖုံးချိုယင်ကို ပြန်ခေါ်လိုက်သည်။

'ဖုံးချိုယ ဒီကိုပြန်လာပေါ့၊ ငါတို့တစ်တွေ မညာပြိုင်နေကြတာကွ'

ထိုစကားကို ကြားလိုက်ရသောအခါ ဖုံးချိုယင်က ချက်ချင်းပင် စည်းဝိုင်းအပြင်သို့ပြေးထွက်လိုက်သည်။

ခေါ်ပြုအုပ်စုမှာ ယွမ်လုံမင်ဘာမှမဖြစ်သည်ကိုတွေ့ရသောကြောင့် ဝမ်းသာသွားလေသည်။

တစ်ဖန်....

ယှဉ်ပြိုင်နေမှန်းမသိ၍ ဝင်ရှုပ်မိနေသော ဖုံးချိုယင်ဘက်မှ မိန်းမချောလေးက ဝင်ရောက်တောင်းပန်ခြင်းကြောင့် လည်းကောင်း၊ ကျိုရိုတို့ကလည်း အမှတ်နှစ်အပေါ် ညှာခဲ့သည့် လည်းကောင်း၊ ဖိုးယောက်ဖန်ကလည်း ဒေါသပြေသွားကာ ပြောဆိုလိုက်လေသည်။

'မသိလို့လုပ်မိတာပဲ၊ ကိစ္စမရှိပါဘူး'

ဖိုးယောက်ဖန်က ပြုံး၍ပြောကာ နောက်ထပ်ပွဲစရန် ပြောလိုက်၏။

'ကဲ.... ဒုတိယအတွဲ စဖို့လုပ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ'

လုံကျိန်ဖုံးက ပြုံး၍ပြောလိုက်သည်။

ယင်းနောက် ကျောက်လက်ဝါးကို အချက်ပြလိုက်သည်။

★

ဒုတိယပွဲကား ကျောက်လက်ဝါးနှင့် အမှတ်သုံးစခန်းမှူး ကျင်လိန်ဖူးတို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဤပွဲတွင် ကျင်လိန်ဖူးမှာ ဉာဏ်နီဉာဏ်နက်များလှသူဖြစ်၍ ကျောက်လက်ဝါးမရှုံးဟု မဆိုနိုင်ပေ။

ယှဉ်ပြိုင်ပွဲမှာ တစ်ဖက်နှင့်တစ်ဖက် ရန်သူလိုသဘောမထားကြဘဲ အေးအေးဆေးဆေးယှဉ်ပြိုင်ကြသည်။

လုံကျိန်ဖုံးမှာ အရေးကြီးသောတရားခံဖြစ်သည့် ဖုန်းကျခင်အား ဖမ်းဆီးရန် အရေးကြီး၍ ယှဉ်ပြိုင်ပွဲကိုလက်ခံလိုက်ခြင်းဖြစ်သည်။

လူအင်အားကလည်းမများ၍ ဖိယောက်ဖန်ကဲ့သို့ ခေါင်းဆောင်ကြီးကို အနိုင်ယူနိုင်ပါမှ ဖုန်းကျမင်ကို လိုက်လံဖမ်းဆီးနိုင်မည်ဖြစ်သည်။



ယှဉ်ပြိုင်ရမည့်ပွဲစဉ်သုံးပွဲတွင် တစ်ပွဲနိုင်၍ နှစ်ပွဲသရေကျအောင် တိုက်ခိုက်နိုင်ပါမှ သူတို့နိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်ရာတွင် ကိုယ်ဖော့ပညာ၊ အတွင်းအား၊ ဓားသိုင်းစသည်တို့ကို အသုံးပြုပြီး ယှဉ်ပြိုင်ကြရာ မည်သည့်ပညာဖြင့်ပြိုင်မည်ကို ဆုံးဖြတ်ကြရသည်။

သို့ရာတွင် မည်သူက စတင်၍ တိုက်ခိုက်မည်ကိုလည်း မဆုံးဖြတ်ကြရသေးပေ။

ယခုအခါတွင်....

ပြိုင်မည့်သူ နှစ်ယောက်အသည် ရည်းဝိုင်းအတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လာကြပြီ

ကျင့်လိန်ဖူးနှင့် ကျောက်လက်ဝါးတို့ နှစ်ယောက်စလုံးမင်လှငယ်များဖြစ်ကာ ခွန်အားရော အရပ်အမောင်းပါ မတိမ်းမယိမ်း ရှိကြသည်။

'ဖြောင်း....ဖြောင်း'

ကြည့်နေသူများက လက်ခုပ်တီး၍ အားပေးလိုက်ကြသည်။

'ကဲ...ဆိုမူ ဦး၊ ကျုပ်တို့ ဘယ်လိုယှဉ်ပြိုင်ကြမလဲ'

ကျောက်လက်ဝါးက ကျင့်လိန်ဖူးနှင့် မျက်နှာခင်းဆိုင်မိသည်နှင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ခဲ့ဟု ဆိုသော်လည်း ဇက်ရာရခြင်း မရှိပါက ပို ကောင်းသည်ဟု တွေးမိကာ ကျောက်လက်ဝါးက မေးလိုက်ခြင်း ဖြစ်သည်။

ကျောက်လက်ဝါးသည် ကျင့်လိန်ဖူးနှင့် ယှဉ်ပြိုင်ရာတွင် သိုင်းသမားကောင်း တစ်ယောက်ဖြစ်လိမ့်မည်ဟု ထင်သောကြောင့် လေးစားစွာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

ကျင့်လိန်ဖူးမှာ သိုင်းပညာထူးချွန်သူ မဟုတ်သော်လည်း ဉာဏ်နီဉာဏ်နက်များသူ ဖြစ်သည်။

'အင်း....ပညာချင်းယှဉ်သို့ မရတော့ အပိုတွေ ပြောမနေချင်ပါဘူး၊ ဒါပေမယ့် နောင်ကြီးအနေနဲ့ ကျွန်တော့်ကို ငဲ့ညှာရင်တော့ သိုင်းကွက်နှစ်ဆယ် အတွင်းမှာ ကျွန်တော့်ဓားကို အရယူနိုင်ရင် နောင်ကြီး အနိုင်လို့ သတ်မှတ်မယ်ဗျာ'

ဉာဏ်များသော ကျင့်လိန်ဖူး၏စကားကို ကျောက်လက်ဝါးက....

'ကောင်းပြီ ဒါဟာ အစမ်းပြိုင်ပွဲပဲ၊ ဒီတော့ ခင်ဗျားရဲ့ ဓားကို ကျွန်တော်လုကြည့်မယ်၊ တကယ်ပြိုင်တဲ့အခါကျတော့ ညှာညှာတာတာ လုပ်ခဲ့ချင်ပါတယ်'

'အခုလို ငဲ့ညှာတာ ကျေးဇူးတင်ပါတယ်၊ ဒါဆို သိုင်းကွက် နှစ်ကွက်အတွင်းမှာ ဓားကိုရအောင် မလုနိုင်ရင်တော့ အရှုံးအနိုင် ပေါ်ပြီပေါ့နော်'



ဉာဏ်များသော ကျင့်လိန်ဖူးက ကျောက်လက်ဝါး၏ စကားကို အမိအရ ကောက်ယူလိုက်၏။

ကျောက်လက်ဝါးမှာ သူ့စကားနှင့်သူ ပြန်မိနေ၍ အချိုပြုံး ပြုံးလိုက်သည်။

အများရှေ့တွင် ချပြောမိသော စကားဖြစ်၍ သူ့ကတိ စကားကို မဖျက်လိုပါ။

'ကဲ....စတော့မယ်'

ချက်ချင်းပင် ကျင့်လိန်ဖူးသည် သူ၏ဓားကို ရင်ဝတွင် ကန့်လန့်ဖြတ်ထား၍ စိန်ခေါ်လိုက်သည်။

လုံကျိန်ဖူးက အံကိုတင်းတင်းကြိတ်ကာ....

'ခွေးကောင်....တော်တော် ကောက်ကျစ်တယ်'

သူသည် ကျင့်လိန်ဖူး ညစ်ပတ်သည်ကိုတွေ့၍ မကျေမနပ် ဖြင့် ကြိတ်၍ ပြောလိုက်၏။

တကယ်တမ်းကျတော့....

သိုင်းကွက်နှစ်ဆယ်အတွင်း ရန်သူ့ဆီမှဓားကို အရလုရခြင်းမှာ လွယ်သောကိစ္စ မဟုတ်ပါ။

သူ့အဖို့ အေးမကြည်ရင်း ရင်ထိတ်နေချေသည်။

ကျင့်လိန်ဖူးက စပြီဟု ဆိုသည်နှင့် ကျောက်လက်ဝါးသည် စကားတစ်ခွန်းမှမပြောတော့ဘဲ ရှေ့သို့ လှမ်းနင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လာပြီဟေ့'

ဆတ်ခနဲ ရွေ့လျားလာသော အရှိန်နှင့်အတူ ကျောက်လက်ဝါး၏လက်သည် ကျင့်လိန်ဖူး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

နောက်သို့ သုံးလှမ်းဆုတ်လိုက်သည်။

သည်အခွင့် သူတို့နိုင်ပြီဟု အပိုင်တွက်ထားသော ဖိယောက်ဇန်ဂါ ဗိုလ်လူကြီးအဖြစ် စတင်ရေတွက်တော့သည်။

'တစ်ကွက်'

သိုင်းကွက်တစ်ကွက်ဟည်းနှင့် ကျင့်လိန်ဖူးအား နောက်သို့ ဆုတ်သွားအောင် တိုက်ထုတ်နိုင်သည့်အတွက် ကျောက်လက်ဝါးကို သိုင်းသမားများက အံ့ဩချီးကျူးကြသည်။

'နှစ်ကွက်'

ကျောက်လက်ဝါးက ဒုတိယသိုင်းကွက်ကို အသုံးပြုလိုက်ပြန်သည်။

ကျင့်လိန်ဖူးမှာ နောက်သို့ဆုတ်စရာ မရှိတော့ပေ။

စည်းဝိုင်းအတွင်းကထွက်လျှင် ရှုံးမည်။

ထို့စဉ်....

မှတ်ရွှေ၏လက်ဝါးစောင်းက သူ့ဆီသို့ ရောက်လာပြန်သည်။



ကျင့်လိန်ဖူးသည် မှတ်ရွှေ၏ လက်ဝါးအကြောင်းကို သိထားသည်။

သို့သော်....

သူက ခုန်မဆုတ်တော့ပေ။

အရဲစွန့်၍ သူ၏တံတောင်ဖြင့် မှတ်ရွှေ၏ရင်ဝသို့တိုက်ခိုက်လိုက်သည်။

အမှန်တော့....

ကျင့်လိန်ဖူးက မှတ်ရွှေ၏ဟာကွက်ကိုသိ၍ ရင်ဝကို တံတောင်ဖြင့်တိုက်ခိုက်ခြင်းဖြစ်သည်။

'သူ့ကိုဒဏ်ရာရအောင် ဝေါလုပ်လို့မဖြစ်ဘူး'

မှတ်ရွှေက စေတနာဖြင့် သူ၏တိုက်ခိုက်မှုကို ရှောင်ပြီး ကျင့်လိန်ဖူးအားညာတာကာ ဆက်၍မတိုက်တော့ဘဲနောက်သို့ ခုန်ဆုတ်လိုက်သည်။

'ရှစ်....'

'ကိုး....'

'တစ်ဆယ်....'

'ဆယ့်တစ်'

မှတ်ရွှေသည် သိုင်းကွက်တစ်ကွက်ပြီးတစ်ကွက် ပြောင်းလဲနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



'အေး...ဟုတ်ပြီကွ'

မြွေခွံအုပ်စု၏အားပေးသံများ ဆူညံသွား၏။

မွတ်ရှေမှာ အနိုင်ယူရန် စိတ်ကူးထားသည်မှာ ကြက်ဖျောက်ငှက်ပျောက်ဖြစ်သွားသည်။

သူ့အဖို့ စိတ်တိုင်းကျမတိုက်နိုင်တော့ဘဲ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်သွားသည်။

'တိုက်ပေးကွ'

ဓားမြအုပ်စုထံ ပို၍အားပေးသံများဆူညံသွားလိုသကဲ့သို့ ကျင့်လိန်ဖူးတို့ဘက်မှာမူ ငြိမ်ချက်သားကောင်းနေသည်။

'တစ်ဆယ့်နှစ်....'

'တစ်ဆယ့်သုံး....'

'တစ်ဆယ့်လေး....'

သိုင်းကွက်ဆယ့်လေးကွက်မြောက်တွင် မွတ်ရှေသည် ကျင့်လိန်ဖူး၏ဓားကို သူ၏သန်မာသောလက်ဝါးဖြင့် လျှပ်တစ်ပြက်ဖမ်းဆုပ်လိုက်သည်။

ဤမျှမြန်ဆန်မည်မထင်သောကျင့်လိန်ဖူးက ဖြတ်ထိုးဉာဏ်ကိုသုံး၍ ဓားကို မွတ်ရှေလက်မှလွတ်သွားရန် တအား လှည့်လိုက်သည်။

သူက သူ့ဓားကိုဆုပ်ထားသော မွတ်ရှေ၏ လက်ချောင်းများ အပိုင်းပိုင်းပြတ်သွားမည်ဟုထင်သည်။



သို့သော် သူ၏လက်ချောင်းများက သန်မာသဖြင့် လှုပ်၍မရအောင်ပင် မိမိရရဖမ်းဆုပ်ထားနိုင်သည်။

'လွှတ်လိုက်'

ကျောက်လက်ဝါးက ကြုံးဝါးအော်လိုက်ဟာ အတွင်းအားသုံးပြီး ဓားကိုဆွဲနုတ်လိုက်သည်။

'တစ်ဆယ့်ခြောက်'

ကျင့်လိန်ဖူး၏ဓားက ကျောက်လက်ဝါးလက်တွင်းသို့ ပါသွားသည်နှင့် ဖိုယောက်ဖန်က သိုင်းကွက်တစ်ဆယ့်ခြောက်ဟု ရေတွက်လိုက်သည်။

ကန်နိုင်ရငြိဟု ထင်နေသော ကျောက်လက်ဝါးမှာ ရုတ်တရက်သူ့မျက်နှာတွင် ဖြတ်သန်းသွားသော ဓားကိုမြင်လိုက်သော်....

'ဟာ....'

ကျောက်လက်ဝါးသည်အံ့အားသင့်ပြီး လွှတ်ခနဲအော်လိုက်မိသည်။

သူက လက်ထဲမှဓားကြီးကို ကပျာကယာကြည့်လိုက်သည်။

ယခုမှ သူက နားလည်သွားသည်။

ကျင့်လိန်ဖူး၏ဓားမှာ နှစ်ထပ်ဓားဖြစ်သည်။

သူ ဆောင့်ဆွဲလိုက်သောဓားကြီး၏အလယ်တွင် သေးငယ်သော ကန့်လန့်ဖြတ်ပေါက်တစ်ပေါက် ရှိသဖြင့် ဓားကြီးမှာ အပေါ်ယံဓားအိမ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းကြီးထဲတွင် ငါးသေးတစ်ချောင်း လျှို့ဝှက်စွာ မြုပ်နေ … သောကြောင့်ဖြစ်ကာ အပေါ်ယံခေါင်းကြီးက ကျောက်လက်ဝါး … ဖော်ထဲသို့ပါသွားစဉ် ကျင့်လိန်ဖုးက အတွင်းငါးကို မြု … လည်ဆွဲယူထားခဲ့ခြင်းဖြစ်သည်။

ထို့စဉ်…..

'တစ်ဆယ့်ခုနစ်'

ဖိုးယောက်ဖနဲ့က ပြီးဆုံးသွားသော သိုင်းကွက်အမှတ်စဉ်ကို … ကြေညာလိုက်ပြန်လေသည်။

★

## နှစ်ဆယ့် ခြောက် သိုင်းကွက်

'ကျင့်လိန်ဖုးတဲ့…ကျင့်လိန်ဖုး'

ငါးပွဲအစုံသားများသည် သူတို့၏လူအား ဝိုင်းခန်းအား ပေးနေကြသည်။

လုံကျိန်ဖုးတို့လူစုမှာ စိတ်မကောင်း ဖြစ်သွားကြသည်။ လုံကျိန်ဖုးသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး…

'ကဲ…နှောင်ကြီး၊ ကျွန်တော်ကတိဖျက်တာ မဟုတ်ဘူးနော်' ငါးကြီးထဲမှာ ငါးသေးတစ်လက်ကို ဆွဲထုတ်တာပဲရှိသေးတယ်၊ ဒီတော့ ကျုပ်ငါးကို ရအောင်လုနိုင်မှ ခင်ဗျားနိုင်မှာ'

သူက ထိုသို့ပြောနေစဉ် ကျောက်လက်ဝါး၏ကျွမ်းလောင်သောအသံကြီး ထွက်ပေါ်လာသည်။

www.burmeseclassic.com



'ယား...'

ဘုန်းအောင်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

လူများသည် ကျောက်လက်ဝါး၏အတွင်းအားကို သုံး၍ အော်ဟစ်လိုက်သောအသံကြောင့် လန့်ဖျန့်ပြီး နောက်သို့သုံးလှမ်းခန့်ဆုတ်သွားကြသည်။

ကျင့်လိန်ဖူးမှာလည်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'တစ်ဆယ့်ရှစ်'

ကိုယ့်ဘက် ကိုယ်ယက်သော ဝိယောက်ဖန်က ကျောက်လက်ဝါး၏ဟိန်းသံကိုပင် သိုင်းကွက်တစ်ကွက်ဟု ယူဆကာ တော်လိုက်သည်။

ကျောက်လက်ဝါးက အခွင့်ကောင်းကို လက်လွှတ်မခံပါ။

ကျင့်လိန်ဖူး ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် ဖျတ်ခနဲ ခုန်ပျံလိုက်ရာ ကျင့်လိန်ဖူး၏နောက်ကျောဘက်သို့ ရောက်သွားပြီး လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

'တစ်ဆယ့်ကိုးကွက်'

ဤတစ်ကြိမ်တွင် ကျောက်လက်ဝါးက ကျင့်လိန်ဖူး၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်မိလိုက်သည်နှင့် တအားညှစ်ထားလိုက်၏။



ကျောက်လက်ဝါး၏အကြံမှာ ကျင့်လိန်ဖူး၏ ဓားကိုင်ထားသောလက်ကို လွတ်ကျအောင် အစွမ်းပြလိုက်ခြင်းပင်ဖြစ်သည်။

သို့သော်....

သူထင်သကဲ့သို့ ဓားမှာ မြေပေါ်သို့ မကျသေးပေ။

သူ၏လက်ဆီသို့ သေချာစွာသတိပြု ကြည့်မိသော် ကျောက်လက်ဝါးမှ သွေးသည် ချောင်းချောင်း ထွက်သွားရလေသည်။

အကြောင်းမှာ....

ကျင့်လိန်ဖူး ဓားလွတ်မကျအောင် ဓားရိုးတွင် သံကွင်း ငါးခုတပ်ထားသောကြောင့် ဖြစ်သည်။

သံကွင်း ငါးကွင်းမှာ လက်ချောင်းများတွင် တစ်ကွင်းစီ သေချာစွာ ချည်ထားသဖြင့် ဓားက ပြုတ်မကျခြင်းဖြစ်သည်။

ဓားကိုရအောင်ယူပါက သူ၏လက်များကို ဖြတ်ပြီးမှ ဓားကိုရယူနိုင်မည်ဖြစ်သည်။

'ခွေးကောင် အကြံပက်စက်လှချည်လား'

ကျောက်လက်ဝါးက ဒေါသတကြီး ပြောလိုက်သည်။

'ဒီကောင် တယ်ယုတ်မာပါလား'

www.burmeseclassic.com

www.burmeseclassic.com



သုံးဦးဖိုးနှင့် သူ့လူများကလည်း အံ့တားသင့်သွားကြ သည်။

အနီဆိုလျှင် သိုင်းကွက်နှစ်ဆယ်ပြည့်ရန် တစ်ကွက်သာ လို တော့သည်။

'တစ်ကွက်ပဲ ကျန်တော့တယ်'

အပိုင်ကွက်ထားသော ဖိုးယောက်ဖန်းက အော်လိုက် သည်။

တဆတ်တည်းမှာပင်....

ကျောက်လက်ဝါးက ကျင့်လိန်ဖူး၏လက်ကိုစုပ်ကိုင်ထား သော သူ၏လက်ကို ပြန်လည်ရှပ်ပေးတိုက်သောကြောင့် ကျင့် လိန်ဖူး၏ ဝိုင်ပြီးဘူထင်ကာ သံကွင်းနှင့် တွဲထားသော ဓားကို ချော်က၍ ဝိညာဉ်မဲ့သိုင်းကွက်ဖြင့် ကျောက်လက်ဝါးထံခုန် အုပ်လိုက်သည်။

ကျောက်လက်ဝါးက သူ၏မာကျောသောလက်ဖြင့် ဆီး၍ ဟန့်တားလိုက်သည်။

ထိုအခါ....

သံကွင်းတပ်ထားသောဓားမှ အသံများက တချွမ်းချွမ်း မြည်သွားခဲ့သည်။

ကျောက်လက်ဝါးသည် ထိုအဖြစ်အချိန်တွင် ကျွန်လက် ဖြင့် ကျင့်လိန်ဖူး၏လက်ကို ခတ်ကြမ်းကြမ်းကလေး ရိုက်ချ



လိုက်ရာ ကျင့်လိန်ဖူး၏ သံကွင်းတပ်ထားသောဓားသည် မြေ ပေါ် ကျသွားတော့သည်။

ကျောက်လက်ဝါးက မြေပေါ်သို့ ကျသွားသောဓားကို သူ၏ခြေဖျားဖြင့်ထိုးကာ အပေါ်သို့ကော်ပစ်လိုက်ရာ ဓားမှာ အပေါ်သို့ပျံတက်သွား၏။

ထိုတက်သွားသောဓား၏နောက်သို့ လူရိပ်တစ်ချိပ်ခုန်ပျံ သွားသည်ကို အားလုံးတမြင်လိုက်ကြသည်။

'ယား....'

နှစ်ဖက်စလုံးမှကြည့်နေသောလူများသည် အံ့ဩသွားကြ တော့သည်။

အကြောင်းမှာ...

ဓားနောက်သို့ ခုန်၍လိုက်သွားပြီး ဓားကိုဖမ်းယူခဲ့သူမှာ ကျောက်လက်ဝါးပင် မဟုတ်ပါလား။

'နှစ်ဆယ်'

ကျိတ်စင်ကြိမ် သိုင်းကွက်အမှတ်စဉ်ကို ကြေငြာလိုက်သော ဖိုးယောက်ဖန်း၏အသံက သော့ရဲရဲနိုင်လှ၏။

ကျိမ့်လုယူရန်ခက်သော ဓားကို ကျောက်လက်ဝါးက အလွမ်းပြ ရယူလိုက်နိုင်ခြင်းအတွက် ဖိုးယောက်ဖန်းက မလွဲ မရှောင်သာဖြင့် ကောင်းချီးပေးသောနာပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မချိပြုံး ပြုံးလိုက်ပြီး....

'တော်ပါပေတယ်.... တော်ပါပေတယ်'

'ဖြောင်း.... ဖြောင်း.... ဖြောင်း'

လုံကျိန့်ဖုံးနှင့် ကျန်စစ်သည်များကလည်း လက်ခုပ်လက်ဝါးတီးကာ ထောပနာပြုလိုက်ကြသည်။

...★...

## တတိယပွဲ၏ အရှုံးအနိုင်

ဒုတိယပွဲတွင် ကျောက်လက်ဝါးကနိုင်လိုက်သဖြင့် တတိယပွဲစရန်အတွက် လုံကျိန့်ဖုံးက ကြေငြာလိုက်သည်။

တတိယပွဲတွင် ယှဉ်ပြိုင်ရမည့်လူနှစ်ဦးမှာ လိုရိစခန်းမှူး ဖိယောက်ဖန်နှင့် လီပိုင်ရှဲတို့ပင် ဖြစ်ကြလေသည်။

ဤပွဲတွင် အရှုံးအနိုင် ဆုံးဖြတ်မည့် ပွဲကြီးဖြစ်သည်။

ဖိယောက်ဖန်သာ အနိုင်ရခဲ့သော် အရှုံးမပေါ်နိုင်ဘဲ သရေပွဲကျကာ လုံကျိန့်ဖုံးတို့ ရည်ရွယ်ချက်မှာ ပျက်ပြားသွားနိုင်သည်။

ထိုအချိန်တွင် လေက တရကြမ်း တိုက်ခတ်နေ၏။

နှင်းများကလည်း သဲသဲမဲမဲကျလျက် ရှိနေသည်။

...★...

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်....

ကျွိုသင်ရွာဘ်ကား တိုက်ပွဲအပြင်းအထန် ဖြစ်ပွားရှိ နေလေသည်။

အရှက်ဆိုင်အတွင်းမှ ရဲတိုက်မှူး စိန်ဝေယန်အမှူးပြုသော တပ်စုမှာ ခံပြမျှားကို အသေအလဲ အကြိုယ်အနုယ် တိုက်ခိုက်နေရလေသည်။

စိန်ဝေယန်သည် သူ့ရှေးကျိုးမြှမ်းအား သတ်ဖြတ်နိုင်ခဲ့သော်လည်း စီကျိုတိုနှင့် ခံပြုသယ်ယောတ်ကျော်ကို အကြိတ်အနယ် တိုက်ခိုက်နေရသေးသည်။

စိန်ဝေယန်တွင် စစ်သည်နှစ်ဦးသာ အသက်ရှင်ကျန်ရစ်သည်။

သူ၏ဖြတ်ထိုးဉာဏ်ကြောင့်သာ တိုက်ပွဲကို ဆက်လက်ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

စစ်သည်နှစ်ဦး၏ အခြေအနေမှာလည်း အလွန်ဆိုးရွားနေချေ၏။

အခါန်မရွှေ့ သူ့စစ်သည်နှစ်ဦးမှာ ကျဆုံးသွားနိုင်သဖြင့် ခံပြုဆယ်ခောက်တွိုကသာ သူ့ထံသို့ စုပြုံဝိုင်းတိုက်လာမည်က ပိုမိုဆိုးရွားပေတော့မည်။

ယင်းအခိုက်မှာပင်....

တိုက်စုံအတွင်းသို့ လူတစ်ဦးဝင်လာသည်ကို အမှတ်မထင်တွေ့လိုက်ရသည်။



မရေးမနှောင်းမှာပင်...

'အား....'

'အမလေး....'

ဟူသောအသံများ ထွက်ပေါ်လာပြီး ခံပြုသုံးလေးယောက်တို့ ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ဝင်ရောက်လာသူကား ရဲတိုက်အုပ်ချုပ်ရေးမှူး နှစ်ယောက်အနက် တစ်ယောက်ဖြစ်သော မုံစီးကျင့်ပင် ဖြစ်လေတော့သည်။

...★...

စိန်ဝေယန်နှင့် စစ်သည်နှစ်ဦးမှာ မုံစီးကျင့်ကိုမြင်သည်နှင့် အားတက်ဝမ်းသာသော်လည်း ခံပြုများမှာ ပျာပျာသလဲ ဖြစ်သွားသည်။

သူ၏သိုင်းကွက်မှာ အလွန်မြန်ဆန်လှသဖြင့် ရန်သူများပင် မျက်စေ့ရှုပ်သွားစေ၏။

အလွန်မြန်ဆန်လွန်းသဖြင့် အခုပ်လေးမျက်နှာတွင် မုံစီးကျင့်၏ အရိပ်များက လွှမ်းခြုံနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွေးကောင်တွေ သေကြစမ်း'

'အွမ်း....'

'အား....'

ကြုံးဝါးသံနှင့်အတူ အော်ဟစ်လိုက်သော ဓားပြနှစ်ဦးမှာ အားခနဲအော်၍ ယိုကျသွား၏။

သုံးယောက်မှာ လှစ်ခနဲ ပြေးသွားကြတော့သည်။

နှစ်ယောက်မှာ ကြောင်၍ရပ်နေစဉ် မုံ့စီးကျွင့်က လှံပ် တစ်ပြက်ဓားကို ဝှေ့ယမ်းပစ်လိုက်၏။

'ဝိုး...'

'အား....'

ထိုနှစ်ယောက်မှာ အော်ဟစ်လဲကျသွားတော့သည်။

စီးကျိတ်တုံသည် သူ၏လူများ ကျသွားသည်ကိုတွေ့သည်နှင့် ခုန်ဝင်ကာ မုံ့စီးကျွင့်အား ဝင်တိုက်တော့သည်။

'သူ့ကို ငါတာဝန်ယူတယ်၊ ကျန်တဲ့ကောင်တွေကို မင်း ရှင်းလိုက်'

မုံ့စီးကျွင့်က စိန်ဝေယန်အား ယင်းသို့ပြောပြီး စီးကျိတ်တုံ ဘက် လှည့်လိုက်လေသည်။

ယခုအခါတွင် မုံ့စီးကျွင့်နှင့် ဓားပြဗိုလ် စီးကျိတ်တုံတို့ နှစ်ဦး သာ ရှိတော့သည်။



မုံ့စီးကျွင့်၏လက်နက်ပုန်းများမှာ ပါးလွှာသောဓားပါး ကလေး ဆယ်လက်ပင်ဖြစ်သည်။

'သတိထား'

မုံ့စီးကျွင့်က ယင်းသို့သတိပေးလိုက်ပြီး လက်ကိုတစ်ချက် ဝှေ့ယမ်းလိုက်ရာ လက်နက်ပုန်းများသည် စီးကျိတ်တုံထံသို့ ပြေး ဝင်သွားတော့သည်။

'အား....'

စီးကျိတ်တုံက တစ်ချက်အော်လိုက်ပြီး သူ့ဓားကိုမြှောက် လိုက်စဉ် မုံ့စီးကျွင့်က လှံပ်တစ်ပြက်ဝင်၍သွေးကြောများကို ပိတ်လိုက်သဖြင့် လဲကျသွားတော့၏။

'ဝုန်း....'

စီးကျိတ်တုံ လဲကျသွားသည်ကို တွေ့ရ၍ စိန်ဝေယန်က ဓါး သကြီးမြှောက်နှင့် ပြေးလာရာ....

'ဟိတ်....မလုပ်နဲ့'

မုံ့စီးကျွင့်က စိန်ဝေယန်ကို အချိန်မီ ဟန့်တားလိုက်သည်။

'သူ့ကိုသတ်လို့မဖြစ်ဘူးကွ၊ တို့ရဲ့အဖွဲ့ထဲကလူတွေနဲ့ သူတို့ လူတွေ ပညာပြိုင်နေတယ်၊ ဒီတော့ သူ့ကိုဖမ်းပြီး သူတို့ ခေါင်းဆောင်ဆီ အပ်ရမယ်'

---★---

www.burmeseclassic.com

www.burmeseclassic.com



ခိန့်ခေယန့်နှင့်မှ စီးကျင့်တို့သည် စီးကျိုတု ကိုခေါ်ဆောင်ကာ လုံကျိုန့်ဖုံးထံသို့ အပြေးရောက်လာကြတော့၏။

သူတို့ ထိုနေရာသို့ ရောက်သောအခါတွင်ကား ဖိယောက် ဗန့်နှင့် လီဖိုင်ရှိတို့ ယှဉ်ပြိုင်ပွဲတွင် ဖိယောက်ဖန့်က နှာတစ်ဖျား ထပ်ကာ အနိုင်ရသွားလေပြီ။

ထို့ကြောင့်....

ခားပြအုပ်ကြီး၏ လက်ခုပ်သံတွေက ဆူညံနေတော့သည်။

သို့သော်...

ရုတ်တရက် ဖိယောက်ဖန့်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'အားလုံး စခန်းပြန်ကြစို့'

ဖိယောက်ဖန့်ထံမှ မမျှော်လင့်သောစကားသံကြောင့် ခားပြအဖွဲ့သားများပါမက လုံကျိုန့်ဖုံးတို့လူစုပင် ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ဖိယောက်ဖန့်က လုံကျိုန့်ဖုံးတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

'ခုယှဉ်ပြိုင်တဲ့ပွဲမှာ မင်းတို့အနိုင်ရပါတယ်'

ဟု ပြောလိုက်သည်။

သူတို့ဆရာနိုင်သည်ကို မျက်မြင်တွေ့ခဲ့ရ၍ ယခုကဲ့ကဲ့သို့ပြောဆိုက်သည်ကို ငယ်သားများက သဘောမပေါက်ကြပါ။



သို့သော်....

မည်သူကမျှ မမေးရဲကြပေ။

ဖိယောက်ဖန့်ထံသို့ မြင်းကို ငယ်သားနှစ်ဦးကဆွဲလာ၍ သူသည် မြင်းပေါ်သို့ခုန်တက်လိုက်သည်။

ထို့နောက် လုံကျိုန့်ဖုံးတို့ဘက်သို့ လက်တစ်ဖျက်ဝေ့ယမ်းလိုက်ပြီး....

'ခင်ဗျားတို့ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ဒီနယ်မှာသွားနိုင်ပါပြီ'

လုံကျိုန့်ဖုံးတို့အဖွဲ့နှစ်ဖွဲ့မှ လက်ရဖမ်းဆီးထားသော ရဲသျှိုး၊ တုရန်မိန်နှင့် စီးကျိုတုံတို့ကို ဖိယောက်ဖန်လက်သို့ ပြန်အပ်လိုက်သည်။

ဖိယောက်ဖန်က လက်ချမ်းသာ ပေးသည့်အပြင် သူ့လူဆိုးများကို ပြန်အပ်၍ ကျေးဇူးတင်စကား ဆိုလာသေးသည်။

ထို့နောက်....

လမ်းဖယ်ပေးလိုက်သော မြင်းတပ်ကြားမှ မြင်းကို တစ်စိုင်းစီး ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညြင်းဘာပဲသားများနှင့် ခြေလျှင် တပ်သားများက သူ့နောက်မှ ညီညာစွာ အပြေးလိုက်သွားကြသည်၊

မကြာမီ နှင်းမှုံများ၏အကြားတွင် ပျောက်ကွယ်သွားကြလေ၏၊

★

'ဒီမှာ ဖုံးချီယင်၊ သူတို့က အနိုင်ရလျက်သားနဲ့ ဘာကြောင့် ပြန်သွားကြရတာလဲ'

အုပ်ချုပ်ခရေးမှူး မုံစီးကျင့်က မအောင့်နိုင်တော့ဘဲ သူ့ဘေးတွင်ရှိ ဖုံးချီယင်မေးလိုက်မိသည်၊

'ကျုပ်လဲမသိဘူး လီပိုင်ရှိနိုင်လို့သာဖြစ်မှာပေါ့'

အားလုံးအကြည့်များက လီပိုင်ရှိထံရောက်ရှိသွားသည်၊

သို့သော် လီပိုင်ရှိက သူကိုယ်တိုင်ပင်မသိကြောင်း ပခုံးတွန့်ချက်တွန့်၍သာ အဖြေပေးလိုက်သည်၊

ထိုစဉ်....

လုံကျိန့်ဝုံး၏အသံ ထွက်လာသည်၊

'ဒီလိုကွ....ဖိခယောက်ဖန်က လီပိုင်ရှိကို အနိုင်ရလိုက်တာ ဟာ နှာတစ်ဖျားသာပြီးရလိုက်တာ မဟုတ်ဘဲလား၊ ဒီလိုရလိုက်တာဟာလဲ လီပိုင်ရှိရဲ့ သက်ညှာစွာတိုက်ခိုက်မှုကြောင့်ပဲ မြေ



တိုက်ပွဲခတွေတုန်းကလဲ ကျုပ်တို့လူတွေဘာ သူ့ကိုလူတွေကို အနာတရမဖြစ်စေဘဲ သက်ညှာစွာတိုက်ခိုက်ခဲ့တာကို သူမြင်ထားတော့ အားလုံး ကျုပ်တို့အဖွဲ့သားတွေရဲ့ ညှာတာမှုတွေကိုသိပြီး အခုလို စိတ်ကောင်းဝင်သွားတာပဲ'

ထိုအခါကျမှ စစ်သည်အားလုံးမှာ သဘောပေါက်သွားကြလေသည်၊

★

www.burmeseclassic.com

## မြို့တော်ဝန် လူစင်းပေ

ကျိုလင်တည်းခိုခန်းသို့ လူနှစ်ယောက်ဝင်လာလေသည်။ ပိန်ပိန်ပါးပါးရှိသောလူက...

'ဟေ ....ဒီဆိုင်ပိုင်ရှင် ဘယ်သူလဲ'

ပိုင်ရှင်သည် ငွေသိမ်းစားပွဲတွင် ထိုင်နေရာမှ ဝင်လာသူများကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

သူတို့၏ဟန်ပန်က နယ်လှည့်ခရီးသည်များဟု ထင်ရပြီး ဝတ်ထားသော အဝတ်အစားများမှာ ဟောင်းနွမ်းနေသည်။ ခါးတွင် ဓားကိုယ်စီချိတ်ထားသည်။

ငွေသိမ်းစားပွဲမှာထိုင်နေသော ပိုင်ရှင်ဝဝလူတစ်ဦးက ပြုံးရိပ်သန်းလျက် သူတို့အနားသို့ ချဉ်းကပ်သွားသည်။

'ကျုပ်ပဲ'



ရုတ်တရက် လူနှစ်ယောက်သည် ဝိုင်းခွင်ကို သေးဖုန့်စိမ့်ကြည့်ပြီး အပြင်သို့ခေါ်သွား၏။

ထိုလူက အထိတ်တလန့်ဖြင့်ရှုန်းရင်း နှုတ်မှလည်း....

'ဟေ ....ဒါဘာလုပ်တာလဲ'

'စကားမများနဲ့၊ ဟိုရောက်ရင်သိရမယ်'

မကြာမီ....

ခပ်လှမ်းလှမ်းရှိ အခြားတည်းခိုခန်းတစ်ခုသို့ ရောက်ရှိလာကြသည်။

ထိုတည်းခိုခန်း၏တံခါးကို တွန်းလိုက်သည်နှင့် မင်းမှုထမ်းဝတ်စုံနှင့် လူနှစ်ဆယ်ခန့် တွေ့လိုက်ရသည်။

ထို့အပြင် ကျိုလင်မြို့၏ မြို့တော်ဝန်ကိုလည်း ဆိုင်ရှင်က တွေ့လိုက်ရသည်။

ဆိုင်ရှင်က ဒူးထောက်ကာ မျာမျာသလဲ တောင်းပန်လိုက်သည်။

'မြို့တော်ဝန်ခင်ဗျာ....ကျွန်တော် ဒီမြို့ကိုရောက်ကတည်းက ကောင်းကောင်းကောင်းဝယ် လုပ်ကိုင် စားသောက်ခဲ့တာပါ၊ ဘာအပြစ်မှ....'

'ဟိတ်....အော်ကြီးတစ်ကျယ် လုပ်မနေနဲ့၊ မင်းမှာအပြစ်မရှိမှန်း ကျုပ်တို့သိတယ်၊ ဒါပေမယ့် အခု မင်းရဲ့တည်းခိုခန်းမှာသက်ဆိုင်ရာကအလိုရှိနေတဲ့ တရားခံတွေရှောင်နေတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ဝန်က ပြောလိုက်ခြင်းဖြစ်သည်။

မြို့တော်ဝန်၏အမည်မှာ လူစင်းပေ ဖြစ်သည်။

တည်းခိုခန်းပိုင်ရှင်သည် မြို့တော်ဝန်ကိုသာ သိသည်။

မြို့တော်ဝန်နှင့် ယှဉ်၍ထိုင်နေသော လုံကျိုန့်ဖုန်းကို လုံးဝ အာရုံမပြုမိဘဲ ရှိလေသည်။

တည်းခိုခန်းပိုင်ရှင်က မြို့တော်ဝန်အား ပျာပျာသလဲ တောင်းပန်လိုက်ပြန်သည်။

'ကျွန်တော်မသိလို့ လက်ခံမိတာပါဗျာ'

မြို့တော်ဝန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ကဲ...အခု ကျုပ်တို့က အဲဒီတရားခံတွေကို ဖမ်းဆီးမှာမို့ မင်းရဲ့တည်းခိုခန်းကို မီးရှို့ဖျက်ဆီးဖို့ ဆုံးဖြတ်လိုက်ပြီ၊ သုံးရက်အကြာမှာ မြို့တော်ဝန်ရုံးက နေပြီး မင်းရဲ့ တည်းခိုခန်းအတွက် လျော်ကြေးထုတ်ပေးပါလိမ့်မယ်၊ အဲဒီ လျော်ကြေးငွေဟာ မင်း အသစ်တစ်ဆိုင် ထပ်တူထောင်ဖို့ လုံလောက်မှာပါလိမ့်မယ်'

'ဟုတ်ကဲ့ မြို့တော်ဝန်ရဲ့ သဘောပါပဲ'

'ဒါပေမယ့် ဒီအချိန်အတွင်းမှာ လူတွေ ကြိုတင်သိသွားရင်တော့ မင်း မလွယ်ဘူးမှတ်ပါ'

'ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်မျိုး သတိထားပါ့မယ်'

'ကောင်းပြီ ဒါဖြင့် လုပ်စရာရှိတာကို ချက်ချင်းလုပ်ပါ၊ သန်းခေါင်မကျော်ခင်မှာ မဆိုင်တဲ့ လူတွေကို ဆိုင်ထဲမှာ မရှိအောင် အားလုံးဖယ်ထားရမယ်'



'ဟုတ်...ဟုတ်ကဲ့ မြို့တော်ဝန်'

ထိုစဉ် ကျောက်လက်ဝါးက ရုတ်တရက် ဝင်မေးလိုက်သည်။

'ဒါနဲ့ ခင်ဗျား ဒီမှာ ဆိုင်ဖွင့်တာ ကြာပြီလား'

'ဟုတ်ကဲ့၊ ကြာပါပြီဗျာ'

မြို့တော်ဝန်က အမိန့်ပေးလိုက်သောကြောင့် ဆိုင်ရှင်မှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်သွားတော့သည်။

⋯★⋯

တည်းခိုခန်းပိုင်ရှင် ပြန်သွားသည်နှင့် မြို့တော်ဝန်က လုံကျိုန့်ဖုန်းကို လေးစားစွာ ပြောလိုက်သည်။

'ကျွန်တော့် လက်အောက်မှာစစ်သည် သုံးလေးရာလောက်ရှိတယ်၊ အဲဒါ အားလုံးကို ခေါ်ခဲ့လိုက်ရမလား'

လုံကျိုန့်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'အို...မလိုပါဘူးကွာ၊ လူသိပ်များရင် ရှုပ်နေဦးမယ်၊ အဲဒီတော့ တိုက်ရေးခိုက်ရေးကောင်းတဲ့ တပ်သားနှစ်ဆယ်လောက်ပဲ ရွေးပြီးခေါ်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့...ဒါဆို ကျွန်တော်ပြန်ပြီး စီစဉ်လိုက်ပါမယ်'

မြို့တော်ဝန်က လှည့်သွားရာ လိုက်ပါနှင့်ဖိုးက ကမန်းကတန်း ပြောလိုက်သည်။

'လေးသည်တော်နဲ့ စက်ယန္တရား ကျွမ်းကျင်တဲ့တပ်သားတွေပါ ခေါ်ခဲ့ပါဗျာ'

'စိတ်ချပါ'

'နေပါဦး'

ကျောက်လက်ဝါးက တန့်တားလိုက်သည်။

မြို့တော်ဝန်က ခြေလှမ်းရပ်တန့်ကာ လှည့်ကြည့်လိုက်ပြီး...

'အမိန့်ရှိပါ'

ဟု ယဉ်ကျေးစွာဖြင့် မေးလိုက်သည်။

ကျောက်လက်ဝါးက...

'အဲ့ ထည်းခိုနေးပိုင်ရှင်ရဲ့ အမည်ရင်းကို ခင်ဗျားသိသလား၊ ပြီးတော့ သူဟာ ဟောဒီ မြို့သားတစ်ဦးလား'

မြို့တော်ဝန်က သူ့အနီးရှိ လူကို လှမ်းကြည့်လိုက်သည်။

ထိုလူက ဝင်၍...

'သူဟာ လွန်ခဲ့တဲ့ သုံးလလောက်ကမှ ရောက်လာတာပါ၊ သူဟာတစ်ကိုယ်ရေသမား၊ မိသားစုမရှိဘူး၊ စားပွဲထိုးတွေကတော့ သူ့ရဲ့ဆွေမျိုးတွေလို့ ထင်ရတယ်ဗျ၊ နာမည်က စီးမင်'



ကျောက်လက်ဝါးက...

'သူဟာ ဒီမြို့မှာ တစ်ခြားလုပ်ငန်းတော့ လုပ်သေးလား'

'မရှိဘူးဗျ၊ သူပိုင်တာ ဒီထည်းခိုခန်းတည်းပါပဲ'

'ဟုတ်ကဲ့'

ကျောက်လက်ဝါးက တစ်စုံတစ်ခုကို အလေးအနက်တွေးသီသည်။

ထိုအခိုက်...

မုစီးကျင့်က ကြားဝင်၍ ပြောလိုက်ပြန်သည်။

'မြို့တော်ဝန် တော်ကြာခင်ဗျားလူတွေလာတဲ့အခါ လက်မောင်းကို အနီပတ်ထားခိုင်းပါ၊ ဒါမှ တိုက်ပွဲဝင်တဲ့အခါမှာ သူ့လူ ကိုယ့်လူခွဲခြားနိုင်တာပေါ့'

'ကောင်းပြီလေ'

မြို့တော်ဝန်က နှုတ်ဆက်ပြီးပြန်သွားသည်နှင့် ဟိုပိုင်မှီက လေးနက်စွာစဉ်းစားနေရာမှ...

ရုတ်တရက်...

'ကျွန်တော်တို့ရဲ့ အစီအစဉ်ပြောင်းမှဖြစ်မယ်ဗျ'

'ဟား...ဟား...ဟား ခင်ဗျားနဲ့ကျွန်တော်နဲ့အမြင်ချင်း တူတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးကလည်း ထောက်ခံလိုက်သောကြောင့် လီဗိုင်နှိုက......

'ခင်ဗျားက ဘယ်လိုလုပ်မလဲ'

ကျောက်လက်ဝါးက အသံတိုးတိုးဖြင့် မေးပြလေတော့သည်။

....★....

'ခေါင်...'

သံချောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

ကင်းသမားသည် သံချောင်းခေါက်ပြီးသည်နှင့် လက်စွဲမှန်အိမ်ကြီးဆွဲကာ အေးဆေးစွာဖြင့် သူ၏လမ်းကြောင်းအနားယူသည့် အဆောက်ဦးသေးသေးလေးထဲသို့ ဝင်ရောက်သွားတော့၏။

ဤမြို့တွင် ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ်တက်ခဲ့ဘူးခြင်းမရှိသဖြင့် သူ့အနေနှင့် ပတ်ဝန်းကျင်ကို စစ်ဆေးစရာမလိုပေ။

သူသည် သူ့နေရာသို့ ရောက်သော် မန်မီးအိမ်ကို ထုတ်စင်းပေါ်၌ ချိတ်ဆွဲလိုက်ပြီး ကွပ်ပျစ်ပေါ် ထိုင်ချလိုက်၏။



ထိုအချိန်လေးမှာပင် ကင်းသမားမမြင်နိုင်သော မှောင်ရိပ်တစ်နေရာမှ လူတစ်ဦး ခုန်ထွက်လာသည်။

ထိုသူကား မြို့တော်ဝန်ပင်ဖြစ်သည်။

မြို့တော်ဝန်သည် လက်ထဲမှဓားကိုဝှေ့ကာ အချက်ပြလိုက်သည်။

တစ်ခဏခြင်း မြို့တော်ဝန်ရုံးအနောက်ဘက် သစ်ပင်အုပ်များကြားမှ မည်းမည်းအရိပ်များလည်း လမ်းမပေါ်သို့ ခုန်ထွက်စုဝေးရောက်ရှိလာကြသည်။

ထိုမည်းမည်းအရိပ်များကား မြို့တော်ဝန် လူစင်းဆေး၏ တပ်သားခုနှစ်ဆယ်ပင် ဖြစ်လေသည်။

သူတို့၏လက်မောင်းများတွင် အနီရောင်အဝတ်စများ ရစ်ပတ်ထားကြသည်။

မကြာပါချေ။

ဖုန်းကျမင် တည်းခိုသော တည်းခိုခန်းသို့ရောက်သွားကြပြီး လေးဘက်ခလေးတန်မှ ဝိုင်းထားလိုက်သည်။

....★....

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကလေးများ၏ မှိန်ဝါးဝါးအလင်းရောင်အောက်ဝယ် သည်းခိုခန်းတစ်ခုလုံးမှာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

တည်းခိုခန်းမှ လူအချို့သည် ခပ်စောစောကပင် ဆုတ်ခွာသွားပုံရ၏။

အပေါ်ထပ်တွင်ရှိသော အခန်းသုံးခန်းဝယ် မီးရောင်လင်းလျက်ရှိ၏။

မြို့တော်ဝန် လူစင်းပေသည် တစ်သက်နှင့် တစ်ယံထတွင် အကြီးကျယ်ဆုံးတိုက်ပွဲဆင်နွဲရမည်မို့ တိုက်ပွဲ အတွေ့အကြုံရင့်ကျက်သူပင် ဖြစ်လင့်ကစား စောမချိုးများ ပြန်မိလေတော့သည်။

ထိုအချိန်တွင်....

လေးသည်တော် ဆယ့်ငါးယောက်က မီးကျည် မြားတံတွေကို အသင့်တပ်ဆင်ထားလေသည်။

မကြာပါချေ။

မြို့တော်ဝန်က လေးသည်တော်များကို မီးကျည်များဖြင့် ပစ်ရန်အချက်ပေးလိုက်သည်။

...★...



'ဒေါင်...ဒေါင်'

သံချောင်းခေါက်သံနှစ်ချက်ပေါ်ထွက်လာလေပြီ။

သည်အချိန်ကား....

လုံကျိန်နှိုဖုံးက တိုက်ပွဲစရန် သတ်မှတ်ထားသောအချိန်ပင် ဖြစ်သည်။

လေးသည်တော် ဆယ့်ငါးဦး၏ မီးမြားတို့သည် ကဗ္ဗီးဗွီးပျံဝဲလာကာ တည်းခိုခန်းပေါ်သို့ တဖွဲဖွဲ ကျရောက်လာလေသည်။

'ဝှန်း....'

တိတ်ဆိတ်နေသော တည်းခိုခန်းသည် တစ်ခဏအတွင်းမှာပင် မီးတောက်တွေက ဝင်းထိန်သွားတော့သည်။

သစ်သားကိုမီးစွဲလောင်သော အသံများနှင့် တဗွီးဗွီးအော်မြည်သော မြားပစ်သံတွေက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကိုဖြိုခွင်းလိုက်၏။

တည်းခိုခန်းတစ်ခုလုံး မီးတွေတဝင်းဝင်း စွဲလောင်စေကာမူ တည်းခန်းထဲမှ တရားခံ ဆယ့်နှစ်ယောက်တို့၏ အသံမှာ တိတ်ဆိတ်လျက် ရှိနေချေသည်။

အခြေအနေစောင့်ကြည့်နေသော လူစင်းပေ က....

'သူတို့တွေ လုံးဝမလှုပ်ရှားကြသေးပါလား'

ခေါင်မိုးမှ မီးတောက်ကြီးသည် ဗိုလ်ချွန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ထိ မီးလင်းနေသော အခန်းမှတိုင်နေသည့် လူရိပ်ရှိခဲ့မှာ လှုံးဝလှုပ်ရှားမှုမရှိပါ။

'အမြဲဝနေ မဟန်ဘူးဟော့...'

လူစင်းပေ့က လက်ရမ်းပြကာ ခွေ့ခံနဲ့ခုန်၍ တည်းခိုခန်းဆီသို့ပြေးသွား၏။

သူ၏လူများမှာ သူ့နောက်မှ ပြေးလိုက်လာသည်

လူစင်ပေ့သည် ဓားကိုဝင့်ရင်း လူရှစ်ယောက် ထိုင်နေသောအခန်းထဲသို့ ဝင်ရောက်လာခဲ့လေတော့သည်၊

'ဟင်...'

လူစင်းပေ့မှာ တအံ့တသြဖြစ်သွားသည်၊

'ဒီကောင်တွေဟာ ငါလမ်းဆုံမှာ အခစောင့်ချထားတဲ့ တပ်သားတွေပါလား'

ဟုတ်ပါ၏။

ထိုင်နေသော တပ်သားရှစ်ယောက်မှာ လုံးဝမလှုပ်ပါ။

မျက်လုံးများကလည်း ပြူးလျက်ရှိသည်။

သူတို့အား ကုလားထိုင်တွင် ကြိုးများနှင့် ချည်ထားခြင်းဖြစ်သည်။

သူတို့အားလုံးတား အသက်မရှိကြတော့ပါ။

'တောက်... ရန်သူ လက်ဦးသွားပြီကွ သူတို့က ဒို့ကိုအောင်မြောက် ဆင်လိုက်တာပဲ အားလုံး သတိထားကြအော...'



လူစင်းပေ့၏ မျက်နှာတစ်ခုလုံး ဒေါသဖြင့်နီရဲနေသည်။

ယင်းအခိုက်မှာပင် အော်သံတစ်ခုကြားလိုက်ရသည်၊

'အား....'

'အင့်....'

'ဝုန်း....'

ကျယ်လောင်စွာအော်ဟစ်ရင်း မီးတောက်ကြီးအတွင်းသို့ လေးသည်တော်နှစ်ဦး ဝုန်းကနဲကျသွားသည်။

မီးများက ကြမ်းပြင်များတွင်ပါ စွဲလောင်နေနှင့်ပြီ၊

လူစင်းပေ့က....

'ဟိတ်....ရန်သူတွေလာနေပြီ သတိထားကြ....'

သူသည် အော်ဟစ်သတိပေးရင်း ပွင့်နေသော ပြတင်းတံခါးမှ အပြင်သို့ခုန်ထွက်ရန် ဟန်ပြင်လိုက်သည်၊

ထိုစဉ်မှာပင်...

'ဟား....ဟား....ဟား....'

---★---

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား...'

ကျယ်လောင်စူးရှသော ရယ်မောသံကြီး ပေါ်ထွက်လာသည်။

မီးတောက်တဝုန်းဝုန်း တောက်လောင်နေသော မီးတောက်အတွင်းမှ လူငါးဦး ခုန်ထွက်လာသည်။

ထိုလူများမှာ ဒုက္ခိတရှစ်ဖော်ထဲမှ ငါးယောက် ဖြစ်လေသည်။

'အို...'

'အား...'

'အမလေးဗျ...'

လူစင်းပေ၏ တပ်သားအချို့သည် ဒုက္ခိတငါးယောက်၏ လျှပ်တစ်ပြက် တိုက်ခိုက်လာခြင်းကို အလူးအလဲခံလိုက်ရလေသည်။

လူစင်းပေ့မှာ ထုတ်ထိတ်ပျာယာ ဖြစ်သွားရတော့၏။

သည်အချိန်မှာ...

သူ့ဘက်က အနေခြအနေမဟန်တော့မှန်းလည်း နားလည်လိုက်သည်။

'ဟား...ဟား...ဟား'



ဒုက္ခိတလူစု၏ အောင်နိုင်သော ရယ်မောသံများက ငယ်သံပါအောင် အော်ဟစ်သံများကြားတွင် ကြောက်မက်ဖွယ်ရာထွက်ပေါ်၍နေသည်။

လူစင်းပေ့သည် သူ့အားဒုက္ခိတများက လေးဘက်လေးတန်မှဝိုင်း၍တိုက်ခိုက်နေပြီဖြစ်ကြောင်း ထုန့်လျှပ်စွာသိလိုက်ရသည်။

'မဖြစ်ဘူး ခေါင်းမိုးကိုဖောက်ပြီး ပြေးမှပဲ'

သူသည် အကြံအစ်ချက်ရသည်နှင့် ထခုန်လိုက်သည်။

သူက ကိုယ်ဖော့ပညာဖြင့် ခုန်တက်လိုက်သည်နှင့်ဒုက္ခိတငါးဖော်ကလည်း ခုန်တက်လိုက်သည်။

'ဝှီး...'

ဒုက္ခိတငါးဖော်၏ လက်နက်ကိုယ်စီဖြင့် တားဆီးပိတ်ဆို့လာမှုကို လူစင်းပေ့က ဓားဖြင့်ကာကွယ်လိုက်ရသည်။

ဒုက္ခိတလေးဖော်က သူ၏ဓားချက်ကို ခုန်ရှောင်ချိန်ဝယ် လူစင်းပေ့ကခုန်၍ပြေးရန် ကြံလိုက်မိတော့သည်။

သည်အချိန်တွင် မီးများက ပို၍လောင်ကျွမ်းနေပြီ။

'ဝုန်း...'

'ဖြောင်း...ဖြောင်း'

ထုတ်တန်းတွေ ပြုတ်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခဲများမှာလည်း များလာသဖြင့် ခုန်၍ရှောင်ရသည်။

သူသည် မီးခဲမီးညွန့်တွေကို ခုန်၍ရှောင်ရင်း ခေါးဖြင့်လှမ်းခုတ်မည်ပြုစဉ်....

'အား....'

ဟု အထိတ်တလန့်အော်မိသည်။

အကြောင်းမှာ....

သူ့ ခေါးကို မြွေစိမ်းတစ်ကောင်က ရစ်ပတ်ထားခြင်းကြောင့်ဖြစ်သည်။

ဝဲဘက်လက်မောင်း မရှိသောသူက သူ၏ထိတ်လန့်သောမျက်နှာကိုကြည့်ကာ ရယ်မောလိုက်သည်။

'အင်း...ဒီတစ်ခေါ့ ငါမလွှတ်တော့ဘူး ငါ့ခေါးကို မြွေပတ်ထားသည့်အပြင် ဒုက္ခိတတစ်ယောက်လဲ ထပ်တိုးလာပြန်ပြီ....'

'ဟား....ဟား....ဟား'

ရယ်မောသံတွေက လွှမ်းမိုးနေသည်။

ဒုက္ခိတတွေက အရှုးမီးဝိုင်းသလိုဖြစ်နေသော လူစင်းပေကိုကြည့်ကာ လှောင်ရယ်နေကြခြင်းဖြစ်သည်။

သူ့အဖို့ သေမင်းနှင့်ရင်ဆိုင်နေရ၏။



ကြောက်စရာမျက်နှာပိုင်ရှင် ဒုက္ခိတ ခြောက်ယောက်တို့တရွေ့ရွေ့သို့လက်ကြီးတွေဆန့်ကာ တိုးလာကြလေသည်။

'ချွမ်း....ချွမ်း'

ရှတ်တရက်....

ခေါးခေါးချင်းထိခိုက်မိသောအသံများကို ကြားလိုက်ရလေသည်။

'ဟိတ်....အပြင်ဘက်မှာ ရန်သူရောက်နေပြီ ထင်တယ်ကွ'

'ဟုတ်တယ်၊ တို့ ဒီကောင့်ကိုအရင်ရှင်းပြီး ဟိုကို သွားကြမယ်'

'ဟုတ်တယ်၊ ဘစင်ကြီးကလူလိုတယ်ဆိုတော့ တို့မြန်မြန်လုပ်မှဖြစ်မက်ကွ'

အားလုံးကသဘောတူသဖြင့် မြွေစိမ်းပိုင်ရှင် ဒုက္ခိတကနောက်ထပ်မြွေငါးကောင်ကို တစ်ပြိုင်နက် လူစင်းပေ့ထံ ပစ်လိုက်သည်။

လူစင်းပေ့မှာ သူ့ခေါးကို မြွေကရစ်ပတ်ထားခြင်း ခံနေရသဖြင့် အတင်းလုယူ၍မရပါ။

ထို့ကြောင့်....

သူက အထိတ်တလန့်အော်လိုက်မိလေတော့သည်။

'အား....'

www.burmeseclassic.com



လူစင်းမေသည် မျက်လုံးကိုစုံမှိတ်လိုက်သည်။

ချက်ချင်း လေတိုးသံကြားလိုက်ရသည်။

ထိုအသံများကြောင့် လူစင်းမေက မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

ကြိုးတစ်ချောင်းက ဝေ့ပတ်ကာ မြွေများကိုခါထုတ်လိုက်သည်ကိုတွေ့ရလေသည်။

ထိုကြိုးကိုပစ်လွှတ်လိုက်သူမှာ ကျောက်လက်ဝါးပင်ဖြစ်နေလေသည်။

ကျောက်လက်ဝါးမှတ်ရှေက ထိုကြိုးကို လွှတ်ချလိုက်ပြီး မြားကိုဝင့်ကာ ခုန်ဝင်လာပြီး ဒုက္ခတန္တစ်ယောက်ကို လက်ဝါးဖြင့် ရိုက်ထုတ်ပစ်လိုက်ရာ လွင့်ထွက်သွားလေတော့သည်။

တစ်ဆက်တည်း....

သူ ထပ်ပြေးဝင်လာသော ဒုက္ခိတသုံးယောက်ကို သိမ်းငှက်ဝဲသလို ခုန်ပျံ၍ လက်သီးနှစ်ချက် လက်ဝါးစောင်း သုံးချက်ဖြင့်ရိုက်ထည့်လိုက်ရာ....

'ဝုန်း....'

အဝေးသို့လွင့်သွားကြတော့၏။

လူစင်းမေမှာ ကျောက်လက်ဝါး၏ အံ့သြစရာ ကောင်းသောအတွင်းအားကို ကြိတ်၍ချီးကျူးမိလေသည်။



သည့်အခိုက် မြွေစိမ်းပိုင်ရှင်ဒုက္ခိတက....

'ခြော်...မင်းက ကျောက်လက်ဝါးကိုး'

ကျောက်လက်ဝါးက....

'ဟုတ်တယ်၊ မင်းတို့က ကြိုးထင်သားထင်းရှားလို့ ငါ့ကို မလိမ့်တစ်ပတ်လုပ်ပြီး နောက်ကနေခြောင်းကိုက်တယ်၊ ဖုန်းကျမင်ကိုလည်း ထွက်ပြေးနိုင်အောင် ဝိုင်းကူညီကြတယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒါပေမယ့် မင်းတို့ခုမရှိယာသယ်ကို ကျုပ်တို့ စောစောကတည်းကသိပြီးပါပြီကွာ'

ထိုသူက မဲ့ပြုံးပြုံးဆိုက်သည်။

'ကောင်းပြီ၊ ဒါဆို မင်းကိုအရင်သတ်ပြီးမှ သူတို့ကိုသတ်မယ်'

သူက ပြောပြီး မြွေစိမ်းလေးဝါးကောင်ခန့်ကို ကျောက်လက်ဝါးထံသို့ပစ်လွှတ်လိုက်လေသည်။

'ဟိုင်း....'

ကျောက်ဝါးက မာန်သွင်း၍အော်ကာ သူ့ထံပစ်လွှင့်လာသော မြွေစိမ်းများကို ပြိုင်တူဖမ်းယူလိုက်သည်။

'ကဲကွာ'

ကျောက်လက်ဝါးက အားကုန်ညှစ်လိုက်ရာ မြွေမြီးများ ခေါင်းညြိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လဲကျသွားသော ဒုက္ခိတငါးဖော် ထလာကာ ကျောက်လက်ဝါးထံသို့ ခုန်အုပ်လိုက်ကြလေသည်။

ဟား....

ကျောက်လက်ဝါးက ညာသံပေးကာ ဒုက္ခိတတွေကို လက်ဖြင့်ရိုက်ချလိုက်သည်။

ဒုက္ခိတသုံးဦး လွင့်သွားပြန်သည်။

သူတို့က ကုန်း၍ထလာပြန်၏။

ယင်းအခိုက် နောက်ထပ် ဒုက္ခိတနှစ်ဖော်က ဝင်ရောက်လာပြန်လေသည်။

စုစုပေါင်း ရှစ်ယောက်ဖြစ်သွားသည်။

သည့်အခိုက် မီးသည် တဟုန်းဟုန်း တောက်လောင်ကာ အခန်းတံခါးဝအထိ ရောက်ထာ၏။

တိုက်ပွဲကား မရပ်သေး။

အပြန်ပြန်အလှန်လှန် အားမာန်အပြည့်ဖြင့် တိုက်ခိုက်နေကြသည်။

မြွေအတော်များများ ကျောက်လက်ဝါး၏ ရိုက်ချက်ကြောင့် အပိုစ်းပိုင်းပြတ်ကာ သေဆုံးသွားတော့၏။

---★---



ထိုအခိုက်....

ခပ်ဝေးဝေးတောအုပ်တစ်နေရာတွင် လူတစ်စုရပ်လျက်ရှိသည်။

'ဟား....ဟား....ဟား....မင်းသိုကြည့်စမ်းကွာ၊ ဒီငတုံးတွေက ကိုယ့်လူကိုယ် ပြန်ပြီး မီးရှို့သတ်နေတယ်ကွ'

ပြောလိုက်သူမှာ မီးလောင်နေသော တည်းခိုခန်း ပိုင်ရှင် စီးမင်ပင်ဖြစ်လေသည်။

သူက သူ့တပည့်များအား ပြောလိုက်ခြင်းဖြစ်သည်။

သူ၏တပည့်သုံးယောက်မှာ သူ့အနီးတွင်ရပ်ကာ မီးလောင်နေရာသို့ လှမ်းကြည့်နေကြသည်။

သူတို့မှာ အကြံပိုင်ပြီဖြစ်၍ ဝမ်းသာအားရဖြစ်နေ၏။

ထိုစဉ် အေးစက်မာကြောသောအသံက ပေါ်ထွက်လာသည်။

'သူတို့က မီးလောင်ပြီးသေမှာမဟုတ်ဘူး။ မင်းတို့တစ်တွေကသာ သေနေ့စေ့နေပြီ'

စကားဆုံးသည်နှင့် သစ်ပင်ပေါ်မှလူနှစ်ယောက် ခုန်ဆင်းလာကြသည်။

တစ်ဦးမှာလူငယ်။

တစ်ဦးမှာ နုနယ်ချော့မောသော မိန် မပျိုလေးတစ်ဦးဖြစ်သည်။

www.burmeseclassic.com

သူတို့သည် အကျိုးမြှာဆင်တူ ဝတ်ဝင်ဆင်ကြသည်။

တည်းခိုခန်းပိုင်ရှင်အဖြစ် ရုပ်ဖျက်ထားသည့် စီးမင်က အံ့အားသင့်နေရာမှ….

'အို….မြောင်သခင်လေး လီပိုင်ရှိန်နဲ့ ပိုင်ဟွားလူတို့ပါလား'

'ဟုတ်တယ်'

'ကျုပ် ညာဏ်ဆင်လိုက်မှန်း မင်းတို့ ဘယ်လိုလုပ်သိသလဲ'

'ဒီလိုပါ၊ မင်းကို ကျုပ်တို့ခေါ်ပြောတုန်းက သံသယဖြစ်စရာ နှစ်ချက်တွေ့မိတယ်၊ ပထမအချက်က တည်းခိုခန်းကို မီးရှို့မယ်လို့ပြောတဲ့အခါမှာ မင်းကဝမ်းမနည်းဘူး၊ ဝမ်းသာပြီး စိတ်လှုပ်ရှားနေတယ်၊ ဒါဟာ သဘာဝမကျဘူးပေါ့'

လီပိုင်ရှိန်က ဆက်ပြောလိုက်သည်။

'နောက်တစ်ချက်က မင်းက ဒီမှာဆိုင်ဖွင့်တာကြာပြီလို့ ပြောတယ်၊ တိုက်စုံစမ်းတော့ မင်းဆိုင်ဖွင့်တာရက်ပိုင်းမျှသာရှိသေးတယ်၊ အဲဒီနှစ်ချက်ကို လူဆိုးထိန်းမှတ်ရွှေက ရိပ်မိခဲ့တာ'

'ဩော်…. ဟုတ်လား'

စီးမင်းကအံ့ဩဟန်ဖြင့် ခပ်ထေ့ထေ့ထေ့ပြောရင်း သူ၏ခေါင်းမခေါင်းကို တဖြည်းဖြည်းချင်းဆွဲထုတ်သည်။

သူသည် လိမ်မရမှန်းသိပြီးဖြစ်၍ မဲ့ပြုံးပြုံးလိုက်သည်။



'နောက်တစ်ခုရှိသေးတယ်၊ မင်းတာ တရားခံကို ဘယ်ခါမှ မှန်းမခမ်းဘဲနဲ့ လူစုခွဲဖို့သဘောတူခဲ့တာယ်၊ အဲဒါကုန်သည်နဲ့ မတူဘူး၊ ကြေးတန်းစားလူမိုက်နဲ့တူနေတယ်'

လီပိုင်ရှိန်က စကားကိုခေတ္တရပ်ပြီး ပြုံးလိုက်သည်။

'ဒီမှာ စီးမင်၊ မင်းက ဒီမြို့မှာအလွန်ကျော်ကြားတဲ့ ကြေးစားလူမိုက်ဆိုတော့ မင်းရဲ့စရိုက်ကို ဖုံးကွယ်လို့ဘယ်ရမလဲကွ၊ အဲဒီအချက်ကိုတော့ ကျုပ်တို့အကဲခတ်မိတယ်'

ထိုအခါ ဉာဏ်များသော စီးမင်မှာ လေပျော့ကလေးဖြင့် တောင်းပန်လာသည်။

'ကျွန်တော့်ကိုအသက်ချမ်းသာပေးပါ၊ ခင်ဗျားရဲ့ကျေးဇူးကို မမေ့ပါဘူး'

'ကောင်းပြီ မင်းကိုငါမသတ်ဘူး၊ ဒါပေမယ့် ကျုပ်တို့ရဲ့ အုပ်ချုပ်ရေးမှူး လုံကျိန့်ဖုံးဆီ လိုက်ခဲ့ရမယ်'

'အို…. သူ့လက်ထဲအပ်တဲ့နောက်ခတော့ သေတာနဲ့ဘာထူးဦးမှာလဲ'

'မင်းက အရေးကြီးတရားခံကို အားပေးအားမြှောက်ပြုလုပ်ခဲ့တယ်၊ ပြီးတော့ဉာဏ်စင်ပြီး တိုစစ်သည်ကိုလုပ်ကြံသေးတယ်၊ အဲဒါဟာ ကြီးလေးတဲ့ပြစ်ချက်မို့ တရားဥပဒေရဲ့စီရင်ချက်ကို နာခံရမယ်'

စကားမဆုံးမီ ရှတ်တရက်….

'ဟား….ဝိုင်းတိုက်စမ်းကွာ'

www.burmeseclassic.com



အခြေအနေမဟန်သည်နှင့် စီးမင်က သူ့လူများကို အမိန့်ပေးလိုက်သည်။

သူကတော့ နောက်သို့ဆုတ်၍ တစ်ချိုးတည်းပြေးလေတော့သည်။

★

စီးမင်သည် နောက်သို့ပင်လှည့်မကြည့်တော့၊ တစ်ချိုးတည်းပြေးလေတော့သည်။

သူသည် အတန်ငယ်ဝေးဝေးသို့ ရောက်သောအခါ....

'အား....'

သူ့လူများ နာကျင်စွာအော်ဟစ်သံကို ကြားလိုက်ရ၏။

တစ်ဆက်တည်း....

သူ့နောက်မှ လူတစ်ယောက်လိုက်လာသည်ကိုလည်း သိရှိလိုက်သည်။

သူ့နောက်မှလိုက်လာသူကား ပိုင်ဟွားလူမင်ဖြစ်သည်။

စီးမင်သည် ရုတ်တရက် နောက်သို့လှည့်ကာ ပိုင်ဟွားလူအားဓားဖြင့်ပိုင်းချလိုက်သည်။

နောက်မှလိုက်လာသော ပိုင်ဟွားလူက သူ့ဓားကိုခံလိုက်ပြီး ပြန်၍တိုက်ခိုက်လိုက်သည်။



'ချွမ်း....'

'အား....'

စီးမင်က ပိုင်ဟွားလူ၏ဓားချက်များကို သူ့ဓားဖြင့်ခံပေးလိုက်သော်လည်း သူ၏လက်သည် ကျင်ခနဲပူတက်သွားပြီး ကိုယ်ခန္ဓာမှာလည်း ယိမ်းယိုင်သွားတော့၏။

'မိန်းကလေးက ဘယ်ဆိုးလို့လဲ'

စီးမင်ကပြောသော်လည်း ပိုင်ဟွားလူက ပြန်မဖြေပါ။

ထိုခဏအတွင်းမှာပင်....

စီးမင်က တစ်ဖက်သို့ပြေးထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ့ရှေ့တွင် တစ်ချက်ဝင်းခနဲလက်၍ ဓားရောင်တစ်ခု ပေါ်လာလေတော့သည်။

'ချွမ်း....'

'အီး....'

စီးမင်အား လျှပ်တစ်ပြက်တိုက်ခိုက်လာသူမှာ လီပိုင်ရှီပင်ဖြစ်သည်။

လီပိုင်ရှီ၏ဓားချက်ကို စီးမင်ကရုတ်တရက်ပြန်၍ခံလိုက်သော်လည်း လီပိုင်ရှီ၏ဓားသည် စီးမင်၏ လက်တောင်ဆစ်အောက်မှဖြတ်၍ ရင်ဝကိုထိုးဖောက်သွားလေသည်။

'ဝုန်း....'

www.burmeseclassic.com

www.burmeseclassic.com



စီးပင်မှာ အသိပင့်မထွက်နိုင်တော့ဘဲ မျက်လုံးကြီးပြူး၍ ကိုင်ထားသောသူ့လက်မှ ဓားသည် လွှတ်ကျသွားပြီး ကိုယ်ခန္ဓာသည်းလဲကျသွားတော့သည်။

သိပ်ဖိုင်ရှိက ဒူးခေါင်းကိုထုတ်ကာ သေနတ်များကို အဝတ်စဖြင့် သုတ်ပစ်လိုက်ရင်း ပိုင်ဟွားလူအား ပြောလိုက်လေသည်။

'ဒီကောင်က မနေသင့်ပါဘူး၊ ဒါပေမယ့် ငါသွားမှန်းသိ မှာနဲ့ သူကခေါ်နဲ့ပိုင်းသွားတယ်ဆိုတော့ သူ့ကို ငါက ရှင်းလိုက်ရတာပေါ့ကွယ်'

ပိုင်ဟွားလူက သက်ပြင်းချလိုက်ပြီး....

'အင်း....သိုင်းလောကက သိုင်းသမား ခတော်တော်များ များဟာ ဘာခြကြောင့်များ ဖုန်းကျမင်အတွက် အသက်စွန့်ပြီး အားပေးရတာလဲ မသိဘူး'

သိပ်ဖိုင်ရှိက ယခုမှ လုံကျိန့်ဖုံးတို့အတွက် စိုးရိမ်ပေမိလေ သည်။

'အုပ်ချုပ်ရေးမှူးကြီး လုံကျိန့်ဖုံးနဲ့ ကျိုရိုဟိုတို့ ဖုန်းကျမင် ကို မိတ်ဆွေ ဟန်တားနိုင်ပါ့မလား မသိဘူး'

★

## ကြိုဟူမင်းမျောက်ဆုံးခြင်း

လေတဟူးဟူး အော်မြည်တိုးဝှေ့နေ၏။

နှင်းများကဖွေးဖွေးဖြူကာ လမ်းတွေကို ဖုံးလွှမ်းထားလျက်ရှိ ချေသည်။

နှင်းပွင့်တွေက တဖွဲဖွဲကျဆင်းနေကာ သစ်ပင်များ နှင့် အဆောက်အအုံများကို ငွမ်းကပ်ကြီးဖြင့် လွှမ်းခြုံထားသည့် အလား ရှိနေတော့၏။

ထိုအချိန်တွင် လမ်းသွယ်ဘစ်ခုတွင် လူသုံးယောက် မြည်း နှင့် လျှောက်သွားနေ၏။

သူတို့သည် လမ်းလျှောက်နေကြသော်လည်း ခြေသံကို မကြားရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ထဆိတ်ဖြင့် နှင်းထုတ်အတွင်း ထိုးဖောက်သွားနေသော လှေဆိုးယောက်တို့သည် လုံးဝပင် ချမ်းအေးရမှန်းမသိသလို အေးဆေးစွာသွားနေကြ၏။

ရှေ့ဆုံးမှလျှောက်နေသူကား ဉပမိရှုပ်ခန့်ညားပြီး မျက်လုံးများက စူးရှတောက်ပနေ၏။

သူ့ကို တွေ့လိုက်ရသူအဖို့ အတွင်းအား ကောင်းသောပုဂ္ဂိုလ်မှန်း သိသာလှပေသည်။

ထိုလူမှာ ဖုန်းကျှမင်မင်ဖြစ်သည်။

သူသည် အမည်းရောင်လွှမ်းခြုံထားသောကြောင့် ဖြူဖွေးသောမျက်နှာက ပိုပြီးပေါ်လွင်နေ၏။

ဖုန်းကျှမင်၏နံဘေးမှ လိုက်ပါလာသူမှာ ပိန်ပိန်ရှည်ရှည်ဖြစ်ကာ ခါးတွင်ဓားတစ်လက် ထိုးထားသည်။

ထိုလူမှာ တိုင်းပြည်ကို သစ္စာဖောက်ခဲ့သော ရဲတိုက်မှူး တိမ်လျှံရှိပင်ဖြစ်သည်။

နောက်ဆုံးမှလျှောက်နေသူမှာ ဓားကောက်ကြီး ကျွန်းယီစင်ပန်း ဖြစ်သည်။

သူ၏ခါးတွင် ဓားကောက်ကြီးတစ်လက် ထိုးထားသည်။

သူတို့သုံးဦး လက်တွဲမိခြင်းဖြင့် သိုင်းလောကတစ်ခွင်ဝယ် ရှောင်လင်နှင့် ဝူတန်ဂိုဏ်းမှတစ်ပါး သူတို့အားယှဉ်နိုင်သူများ ရှိမည်မဟုတ်တော့ပါ။



သုံးယောက်အနက် အညံ့ဆုံးလူမှာ ရဲတိုက်မှူး တိမ်လျှံရှိဟုသာ ဆိုရပေမည်။

ထိုအခိုက်....

တိမ်လျှံရှိက ဝမ်းသာအားရဆိုသို့[illegible]

ဒီကာစ်ခေါက် လုံကျိန်ဖုံးကို ကျွန်[illegible]တို့ ဟညာသားပါပါနဲ့ လိမ်နိုင်ခဲ့ပြီဗျ၊ နောက်မိုင်ငါးဆယ် ခရီးဆက်နိုင်ရင် သခင်ကြီးရဲ့ ရဲမက်တော်တွေ လာကြိုပါလိမ့်မယ်၊ ဒါဆိုသခင်ကြီးဂိုဏ်းအသီးသီးကို စည်းရုံးသိမ်းပိုက်လိုက်ရင် အင်အားအလုံးအရင်းနဲ့ မြို့တော်ကိုစစ်တိုက်လို့ရပြီ၊ ကျွန်တော်ကတော့ သခင်ကြီးအတွက် နယ်မြေတွေကို ဦးဆောင် သိမ်းပိုက်ပေးမယ်’

တိမ်လျှံရှိ၏စကားကို လုံကျိန်ဖုံးတို့ ကြားမည်မထင်ချေ။

လုံကျိန်ဖုံးတို့ ရှိသောနေရာကား သူတို့သုံးယောက်နှင့် အတော်ပင် ကွာဝေးနေသေး၏။

တောင်ပြင်တစ်ပြင်လုံးကား နှင်းတွေက ဖုံးလွှမ်းနေ၏။

ဖုန်းကျှမင်တို့သုံးယောက်သည် လုံကျိန်ဖုံးတို့လူစုမှာ မိမိတို့နောက် လိုက်လာနိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ထားကြသောကြောင့် အေးဆေးစွာပင် လျှောက်လှမ်းချီနေလေသည်။

ယင်းအချိန်မှာပင်....

‘ပစ်....’

www.burmeseclassic.com

www.burmeseclassic.com



ရှင်တာရက် အော်လိုက်သောအသံက ပေါ်ထွက်လာလေသည်။

တစ်ချိန်တည်းမှာပင်...

'ရှီး...ရှီး'

'ဝှီး...'

လက်နက်ပုန်းများနှင့် မြားတွေက မိုးသီးမိုးပေါက်များ ရုတ်ခြည်းကျသွားသည့်အလား ဖုန်းကျမင်တို့သုံးယောက်ဆီသို့ ဝံ့တည့်လွင့်ပျံသွားလေသည်။

ထိုအဖြစ်ကိုမြင်လိုက်သည်နှင့် ဖုန်းကျမင်မှာ ပြိုင်ဘက်ကင်း သိုင်းသမား ဖြစ်လင့်ကစား မျက်နှာကွက်ခနဲပျက်သွားတော့သည်။

ချက်ချင်းပင် သူသည် သူ၏ အမည်းရောင်ဝတ်ရုံကြီးကိုချွတ်၍ ဝှေ့ယမ်းလိုက်သည်။

အမည်းရောင်ဝတ်ရုံကို ဝှေ့ယမ်းရာမှ လှိုင်းသံထွက်ပေါ်လာသည်။

ဤမျှများပြားသော လက်နက်ပုန်းများကို လက်ရှစ်ဖက်ရှိသည့်တိုင် ခုခံကာကွယ်ရန် ခဲယဉ်းလှသည်။

ဖုန်းကျမင်၏အတွင်းအားမှာ အမှခန်းအဆင့် ရောက်နေပြီဖြစ်သည်။



သူကကြိုတင်သိပါက သူ၏ပြင်းထန်သော အတွင်းအားကြောင့် လက်နက်ပုန်းများမှာ သူ့အနားပင် ရောက်နိုင်မည်မဟုတ်ပါ။

ယခုအခါတွင် လုံကျိန့်ဖုန်းတို့က အထိတ်တွင်ပစ်ခတ်လိုက်ခြင်းအတွက် ဖုန်းကျမင်မှာ ဖြန့်ခနဲ ကြံဆမရဖြစ်သွားလေသည်။

သည့်လို တစ်ကြိမ်မျှမကြုံဖူးသည့် ချောင်းမြောင်း တိုက်ခိုက်ခြင်းခံရသောကြောင့် ရဲတိုက်မှူး တိမ်လျှံရှိမှာ အံ့အားသင့်သွားလေသည်။

'ဝှီး...'

ရှတ်တရက် မုံစီးကျင့်က ဓားပါးတစ်လက်ဖြင့် မြဟွာမင်း၏ရင်ဝသို့ချိန်ပြီး ပစ်လိုက်ရာ သူကအချိန်မီ တိမ်းရှောင်လိုက်၏။

သို့သော်...

လုံးဝမလွတ်ဘဲ သူ၏ပခုံးကိုစိုက်ဝင်သွားလေသည်။

'ရှီး...'

တစ်ချိန်တည်းမှာပင် လုံကျိန့်ဖုန်းပစ်လိုက်သော ရွှေရောင် ဓားပါးတစ်လက်မှာ မြဟွာမင်း၏ ညာဘက်ပေါင်တွင် ထိမှန်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကျွမ်သည် ဝက်ရုံကို အကာအကွယ်ယူ၍ လေထု အသွင်းသို့ ရှတ်ခြည်းခုန်တက်သွားလေသည်။

လက်နက်ပုန်းများသည် ခြုံထည်နှင့် ဓာတ်လိုက်သည်နှင့် အဝေးသို့လွင့်စဉ်သွားတော့သည်။

ပထမအကြိမ် လက်နက်ပုန်းပစ်ပြီးသည်နှင့် ဒုတိယအသုတ် လက်နက်ပုန်းများက တဝီးဝီးရောက်လာတော့၏။

သို့သော် ဖုန်ကျွမ်ကား သူ၏ခန္ဓာကိုယ်ကို လေထဲသို့ ဝဲပျံစေလိုက်သည်။

'ဝုန်း....'

'အား....'

သူ နှင်းပုံနောက်ကွယ်သို့ရောက်သွားသည်နှင့် ကြောက်ခမန်းလိလိ အော်သံတွေ ပေါ်ထွက်လာတော့သည်။

ဖြတ်မင်း ဖုန်းကျွမ်၏သွက်လက်လှသော တိုက်ကွက်ကြောင့် စစ်သည်လေးယောက်မှာ အဝေးသို့ လွင့်ထွက်သွားပြီး သေဆုံးသွားလေသည်။

နှင်းခဲပြင်တစ်ခုလုံးမှာ တခဏချင်းပင် သွေးချင်းချင်းနီသွားသည်။

ဓားကောက်ကြီးကလည်း နှင်းပုံကြားတွင် ရိပ်ခနဲရိပ်ခနဲ အရိပ်ပဲမာ ကျရောက်ကာ စစ်သည်တွေကို ဖြိုဖျက်နေသည်။



'ဟေ့... ဖုန်းကျွမ်ကို ဝိုင်းကြ ကျီရိုဟိုနဲ့ ဖုံးချိုယင်တို့က ကျွန်တဲ့ရန်သူနှစ်ယောက်ကို ရှင်းကြပါ'

ယခုအချိန်တွင် ဖုန်းကျွမ်မှာ လက်နက်ပုန်း ထိထားပြီးဖြစ်၍ အချိန်မီ ဖမ်းဆီးရန် အရေးကြီးနေပေသည်။

တချိန်တည်းမှာ ကျီရိုဟိုသည် ဓားကိုရှေ့ယမ်းကာ ဓားကောက်ကြီး ကျွန့်စင်ကို ဝင်၍ပိုင်းလိုက်သည်။

ထိုအချိန်မှာပင်....

ကျောင်အမ်းအမ်းဖြစ်နေသော တိမ်လျှံရှိအနားသို့ ဖုံးချိုယင်ရောက်လာပြီး သူ၏သန်မာသောလက်ဝါးကို ယမ်းလိုက်သည်။

'ဝှီး....'

'ဖြောင်း....'

ဖုံးချိုယင်၏လက်ဝါးဒဏ်ကြောင့် တိမ်လျှံရှိ နှင်းပေါ်လဲကျသွားသည်။

သူက ချက်ချင်းထကာ ခါးကြားမှ ဓားရှည်ကိုဆွဲထုတ်၍ ဖုံးချိုယင်အား ခုတ်လိုက်သည်။

'ချွမ်း....'

ဖုံးချိုယင်က သူ၏လက်မောင်းတိုဖြင့်ခံပေးလိုက်ကာ ဘယ်လက်ဖြင့် တိမ်လျှံရှိ၏ခေါင်းကို ထုချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိမ်အုံ ရိုက်၍ ရှောင်၍ ခါးဖြင့်ပက်ထုတ်လိုက်သည်။

ဘခိုင်အညီးမှာပင်....

သခြောက်ယောက် သုံးတွဲစီခွဲ၍နှင်းတောအတွင်း အကြိတ်အနယ် တိုက်ခိုက်နေကြသည်။

နှင်းနှင့်လူသား ထွေးလုံးကာ နှင်းလှိုင်းဖမာ လူးလိမ့်နေကြသည်ကိုသာ တွေ့ရလေသည်။

....☆....

ထိုအချိန်တွင်....

မုံစီးကျင့်သည် သူ၏အဓိကတာဝန်ကို သတိရလာတော့၏။

'ဖုန်းကျမင် ဘယ်ပျောက်သွားပါလိမ့်'

သူအလိုရှိသော ပြဟ္မမင်းဖုန်းကျမင်မှာ လုံးဝကွယ်ပျောက်သွားလေ၏။

'ဟေ့...ဖုန်းကျမင် ဘယ်ရောက်သွားသလဲကွ'

မုံစီးကျင့်၏မေးသံကြောင့်နှင်းပုံနောက်ကွယ်၌ရှိနေသော စစ်သည်တော် အယောက်နှစ်ဆယ်တို့က တစ်ပြိုင်နက် ထ၍ ဖြေလိုက်ကြသည်။



ဟုဆက်တည်း စစ်သည်တစ်ဦးက....

'သူ နှင်းပုံထဲ ထိုးဖောက်ဝင်သွားတာ တွေ့တာပဲ'

ဟု ပြောလိုက်သည်။

နောက်တစ်ဦးက....

'သူ ခုနက ကျွန်တော့် အနားကဖြတ်သွားတာ တွေ့လိုက်တယ်၊ အနီရောင် အင်္ကျီဝတ်ထားတယ်ဗျ'

တစ်ယောက်က....

'သူ့ရဲ့အမည်းရောင်ခြုံထည် ဒီမှာကျန်ခဲ့ပါတယ်'

စစ်သည်တို့သည် သူတို့တွေ့မြင်သမျှကို ပြောကြသဖြင့် မုံစီးကျင့်မှာ ပို၍ရှုပ်ထွေးသွားလေတော့သည်။

ဖုန်းကျမင် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

သူကျန်ရစ်သော အမည်းရောင်ဝတ်စုံ၌ သွေးစက်များ စွန်းနေသည်ကို တွေ့ရသဖြင့် ဖုန်းကျမင်မှာ ဒဏ်ရာရရှိသွားလေပြီ။

ဖုန်းကျမင်သည် ဒဏ်ရာရထားသည့်အတွက် ပုန်းအောင်းနေရန် နေရာတစ်ခုခု ရှာချကောင်းမည်။

ထို့ကြောင့် သူက ချက်ချင်းအမိန့်ပေးလိုက်သည်။

'ရှာစမ်းကွ၊ သူဟာ ဒီနှင်းပုံနောက်ကွယ်မှာပဲ ရှိရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဇော်သည် နှစ်ဆယ်တို့သည် မုဲစီးကျင့်၏အမိန့်အရ နှင်းပုံကြီးများကို စတင်ဖြိုကာ ရှာဖွေကြတော့၏။

မုဲစီးကျင့်နှင့် ကျိရိဟိုတို့ကလည်း အုပ်စုခွဲ၍ ရှာဖွေကြသည်။

သို့တစ်စေ....

လေးဘက်လေးတန်လုံး နေရာလပ်မကျန် ရှာဖွေသော်လည်း မတွေ့ချေ။

ဖုန်းကျမင်ကား ကိုယ်ရောင်ဖျောက်၍ ပျောက်သွားလေပြီလား။

'နှင်းပုံထဲ ထိုးကြည့်ကွာ'

မုဲစီးကျင့်၏အမိန့်အရ ဓားများဖြင့် နှင်းပုံများအထွင်းထစွပ်စွပ် ထိုးစိုက်ရှာဖွေသော်လည်း ဖုန်းကျမင်ကို မတွေ့ရ။

အရင်ရှစ်မျက်နှာဝန်းကျင်ဝယ် နှင်းများက တဖွဲဖွဲကျဆင်းနေဆဲဖြစ်သည်။

☆



မုဲစီးကျင့်တို့သည် ပျောက်ဆုံးသွားသော ဖုန်းကျမင်ကို ရှာဖွေနေသည်။

တစ်ဖက်၌ လုံကျိန့်ဖုံးသည် ဓားတောက်ကြီးကျိလီစင်းနှင့် တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေလေသည်။

လုံကျိန့်ဖုံးမှာ လှံကိုအသုံးပြု၍ ဓားတောက်ကြီးတို့ တိုက်ခိုက်နေသည်။

လုံကျိန့်ဖုံးက လှံရှည်ကို နဂါးစက်ကွင်းသိုင်းဖြင့် မွှေလိုက်သည်။

'ဝှီး... ဝှီး'

လှံစက်ကွင်းကြီးသည် မိုးချုန်းသံနှယ် ဟိန်းထွက်လာ၏။

'ချွမ်း....'

လုံကျိန့်ဖုံး၏လှံနှင့်ဓားက ပြင်းထန်စွာ ထိမိလိုက်သဖြင့် နှစ်ယောက်စလုံးမှာ ကျင်ခနဲဖြစ်သွားကြသည်။

'ဟိတ်ကောင်....ဓားချလိုက်စမ်း'

'ကျုပ်ဓားချရမှာမဟုတ်ဘူး၊ ခင်ဗျားလှံကိုသာ ချရမှာ'

'မင်းတို့မြေးလမ်းမရှိတော့ဘူး၊ မိဘကိုတောင် သတ်တဲ့အကောင်၊ မင်း အသေဆိုးနဲ့သေရမယ်ကွ'

ဓားတောက်ကြီး ကျွန်းလီစင်က အားပါးတရအော်ပြောကာ....

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟဲး....သတ်စမ်းပါကွာ အုပ်ချုပ်ရေးမှူးကြီးရဲ့ မင်းကမသတ်ဘဲ နောင်အခါမှာ ငါနဲ့ဖုန်းကျမင်ထိုက အုန်းကျီးမြို့ထဲကိုဝင်ပြီး မင်းရဲ့မိသားစုကို သတ်ပစ်မယ်ကွ....'

'ခတောက်....ခွေးတိရစ္ဆာန်'

လုံကျိန့်ဖုံးမှာ ဒေါသအမျက် ချောင်းချောင်းထွက်သွား တော့၏။

ရှတ်တရက် လုံကျိန့်ဖုံးက သူ၏လှံကို လန့်လန့်ဖြတ်ကာ အားကုန်ထိုးလိုက်ရာ လှံရှည်မှာ ထက်မိင်း ကျီသွားတော့၏။

အခွင့်ကောင်းကို လက်မလွှတ်သော ကျန်းလီစင်းသည် သူ့အကွက်ဝင်ပြီဖြစ်၍ တစ်ရှိန်ထိုး လုံကျိန့်ဖုံးထံ ခုန်ဝင်လေသည်။

'ချမ်း....'

'ဖြောင်း....'

အမှန်တော့ ထိုအကွက်သည် လုံကျိန့်ဖုံးက တမင်တောင် ချောက်ဆင်လိုက်သော သိုင်းကွက်ဖြစ်၏။

ကျိုးသွားသောလှံတံသည် နှစ်ချောင်းဖြစ်သွားကာ တစ်ချောင်းက သံမဏိချောင်း၊ တစ်ချောင်းက လှံသွားပါသော လှံတိုဖြစ်သွားရာ၊ လက်နက်နှစ်ခုသဖွယ်ဖြစ်၏။



ထိုလက်နက်နှစ်ခုဖြင့် ကျန့်လီစင်၏ ဓားကျောက်ကြီးကို ဖယ်လိုက်သည်။

လုံကျိန့်ဖုံး၏ အတွင်းအားက မြင်းသန့်သဘောကြောင့် ကျန့်လီစင်၏ဓားလွတ်ထွက်သွားသည်။ ကျန့်လီစင်၏လည်ပင်းကို လှံတိုအသွားဖြင့်ဖြတ်၍တေ ကာ်ထားလိုက်၏။

'ဟင်....'

ကျန့်လီစင်၏မျက်လုံး ပြူးကျယ်သွား၏။

လုံကျိန့်ဖုံးသည် ကျန့်လီစင်၏လည်ပင်းကို ဓားတိုဖြင့် ထိုးစိုက်လိုက်သည်။

ထိုသော် သူထိုးစိုက်ထားသောလှံသွားမှာ အသားထဲသို့ အနည်းငယ်တိုးဝင်သွားသော်လည်း အဆုံးအထိမထိုးလိုက်မီ ချေ။

လုံကျိန့်ဖုံး၏သဘောတရားကိုသိလိုက်သော ကျန့်လီစင်သည် အခွင့်အရေးကို ကောင်းစွာအသုံးချလိုက်သည်။

'အစ်ကို...အစ်ကို ကို ကျွန်တော် ယှဉ်လို့မရပါဘူး၊ အဲဒီ တော့ အစ်ကို လှံ ချက်နဲ့ ကျွန်တော် သေပါရစေဗျာ'

မြေပြာရင်း သူသည် မျက်စိကိုမှိတ်ကာ လုံကျိန့်ဖုံး၏ လှံ ထိပ်ကို စင်ဆောင့်လိုက်၏။

လုံကျိန့်ဖုံးသည် သူ့ ဟာခုလိုမိုးဒါကန်းလိမ့်မည်ဟု မထင်ခဲ့ ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျန်လီစင်မှာ အမြင့်မှန်ရလာလိမ့်မည်ဟု ယုံကြည်လာပြီး အနည်းငယ်စိတ်လျှော့သွားကာ သူ၏လှေဖြင့် ကျန်လီစင်ကို ထိမည်စိုးသောကြောင့် လှေကို မြှောက်လိုက်သည်။

သို့သော် အချိန်အနည်းငယ်နှောင်းသွား၍ ကျန်လီစင်း၏ လည်ပင်းတွင် ဒဏ်ရာအနည်းငယ်ရသွားသည်။

ရုတ်တရက်....

'အား....'

လုံကျိန့်ဖုံး၏အော်သံ ထွက်ပေါ်လာလေသည်။

အမှန်တော့....

ရက်စက်လှသော ကျန်လီစင်က အစွန့်ကောင်း ယူကာ သူ၏ဓားကောက်ကြီးဖြင့် လုံကျိန့်ဖုံး၏ဝမ်းဗိုက်ကို တအားထိုးချလိုက်ရာ ထုတ်ချင်းပေါက်သွားတော့သည်။

'မင်း...မင်းရက်စက်လှချည်လား'

လုံကျိန့်ဖုံးမှာ မျက်လုံးကြီးပြူးကာ ပြောပြောဆိုဆိုဖြင့် ထဲကျသွားလေတော့သည်။

★



လိုညက သစ္စာဖောက်တိမ်လျှံရှိအား ငယ်နိုင် ဖြစ်သော သံလက်ဝါးဖုံးချီယင်က ဖိတိုက်ထားသဖြင့် တိမ်လျှံရှိမှာ မလှုပ်ရှားနိုင်အောင်ရှိနေသည်။

ဖုန်းကျူမင်ကိုရှာဖွေရာမှ ပြန်လာကြသော မုံစီးကျင့်နှင့် ရဲတိုက်မှူးစိန်ဖေယန်တို့မှာ ခေါင်းဆောင်ဖြစ်သူ လုံကျိန့်ဖုံး ကျဆုံးသွားသည့်သတင်း ကြားရသောကြောင့် စိတ်မကောင်းဖြစ်သွားကြသည်။

'ဘယ်လိုဖြစ်ရတာလဲကွာ'

အားလုံးပင် မယုံကြည်နိုင်အောင်ဖြစ်နေကြသည်။

'အုပ်ချုပ်ရေးမှူးရဲ့ ရန်သူအပေါ် ထားရှိတဲ့ သနားညာတာမှုကြောင့် အခုလိုမသေသင့်ဘဲ သေသွားရတာ'

ကျူးရှိဟိုက ကြေကွဲစွာဖြင့်ပြောလိုက်သည်။

ထိုစဉ်မှာပင် ထိုနေရာသို့ လူရိပ်နှစ်ခု ဖျတ်ခနဲ ရောက်လာသည်ကို တွေ့လိုက်ရလည်။

ထိုလူရိပ်နှစ်ခုကား လီပိုင်ရှိန်နှင့် ပိုင်ဟွားလူတို့ဖြစ်ကြသည်။

လုံကျိန့်ဖုံး သွေးသံရဲရဲဖြင့် သေဆုံးနေသည်ကို တွေ့မြင်ကြရသောအခါ သူတို့နှစ်ဦးမှာ ဆွံ့အသွားကြလေတော့သည်။

တစ်ခဏကြာသော် ခြေသံများကြားရသည်။

မြို့တော်ဝန် လူချင်းပေ နှင့် ဘယ်သားနှစ်ဦးတို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နေရာမှာ လူဆိုးထိန်း ကျောက်လက်ဝါးလည်း ပါလာလေသည်။

သူသည် လူဆိုးများကို သတ်ခလုမရှိသော်လည်း ယခုညများတော့ သူသည် ဗုက္ကိဘာရှစ်ယောက်ကို ဆက်တိုက်သတ်ဖြတ်ခဲ့လေသည်။

ထိုစဉ်မှာပင် အော်သံကြီး တစ်သံ ထွက်ပေါ်လာလေသည်။

'အား....'

သစ္စာဖောက် ကိမ်လျှရီက ဖုံးချိယင်ကို ခြေဖြင့် မဆောင့်ကန်ရန် ကြိုးစားလိုက်ရာ ရဲတိုက်မှူးဖုံးချိယင်က ကိမ်လျှရီ၏ ဒူးနှစ်ဖက်တိုဖမ်းကာ တအားသွင်းချလိုက်သည်။

'ချွမ်း....'

'အား....'

သစ္စာဖောက်ကိမ်လျှရီသည် ဒူးကွဲအက်သွားကာ သူ့ကိုယ်ခွာ ယိမ်းထိုးသွားစဉ် ဖုံးချိယင်၏ပြင်းပြသောလက်ဝါးက ကိမ်လျှရီ၏ပခုံးကို တအားခုတ်ချလိုက်ခဲ့တော့သည်။

'အား....'

'ဂွမ်း....'

ကိမ်သူ့ရီမှာ အော်ဟစ်ရင်း လဲကျသွားသည်။



'တောက်.... အသားထဲက လောက်ထွက်တဲ့အကောင်မင်းကြောင့် အခုလိုဒုက္ခရောက်ပြီး သေကြရတယ်၊ မင်းသစ္စာမဖောက်ရင် အခု တို့ရဲ့အုပ်ချုပ်ရေးမှူးကြီး ဘယ်သေမလဲကွ'

မကျေမချမ်းနိုင်သော ဖုံးချိယင်ကပြောရင်း သူ၏သံလက်သီးဖြင့် အားကုန်မြှောက်ကာ ကိမ်လျှရီ၏ ဦးခေါင်းကို ထုချလိုက်တော့၏။

'အား....'

သစ္စာဖောက်ကိမ်လျှရီမှာ ဖုံးချိယင်၏ လက်ချက်ဖြင့် ဦးခေါင်းကွဲ၍ သေဆုံးသွားရလေတော့သည်။

....★....

'ပြဟ္မာမင်းကော အခုဘယ်မှာလဲ'

ကျောက်လက်ဝါးက အဓိကတရားခံဖြစ်သော ဖုန်းကူမင်နှင့်ပတ်သက်၍ မေးလိုက်လေသည်။

မှူးစီးကျင်က မချိုပြုံး ပြုံးလိုက်ပြီး....

'သူ လက်နက်ပုန်းနှစ်ခုထိမှန်ပြီးတော့ လူတွေ ရှုပ်ရှက်ခတ်သဲ ဖြစ်နေတဲ့အခါမှာ နှင်းပုံထဲခြေပြေးဝင်သွားတယ်၊ သည်လေးယောက်ကိုသတ်ပြီး ယောက်သွားတယ်ဗျာ၊ သူ ဘယ်နေရာ အခွံလိုက်ရှာတာလဲ မတွေ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးက နှင်းခဲပြင်ထဲတွင် သေဆုံးနေသော စစ်သည်များ၏ အလောင်းကိုကြည့်ကာ စစ်ဆေးရင်း ထျှိုဗုက်ချက်ကို တွေ့သွားတော့သည်။

"ဒီကောင် တို့လူတွေနဲ့ရောနေတယ်ကွ၊ မြန်မြန်ရှာကြစမ်း"

ဆိုအခိုက်....

ကျယ်လောင်သောအသံကြီးတစ်သံက ရုတ်ခြည်းပေါ်ထွက်လာတော့သည်။

'ဟား.... ဟား.... ဟား၊ ငါဒီမှာပါကွ'

---★---

အသံရှင်မှာ ဗြဟ္မာမင်း ဖုန်းကျုမင်ပင် ဖြစ်သည်။

ယခုအချိန်တွင် သူသည် စစ်သည်အဝတ်အစားနှင့်ရှိနေသည်။

'မင်းက ဟာကယ်ပဲ စစ်သည်ဝတ်စုံကိုဝတ်ပြီး ရုပ်ဖျက်ထားခဲ့တာကိုး'

'ဟဲ...ဟဲ၊ ဒါပေါ့'



ကျောက်လက်ဝါးက ဆက်၍...

'တို့လူတွေက မင်းကိုလိုက်ရှာတဲ့အခါမှာ မင်းကအချိန်ယူပြီး ကိုယ်ထဲကမှေ့ဆေးကို အတွင်းအားနဲ့ပြန်ညှစ်ထုတ်နိုင်ခဲ့ပြီမဟုတ်လား'

'ဟား... ဟား၊ မင်းပြောတာ သွေးထွက်အောင်မှန်ပါတယ်၊ မင်းတော်ပါပေတယ်၊ ဒါကြောင့်လဲ မင်းဟာ ဘုရင့်သိုင်းသမားဘွဲ့ ရထားတာကိုး'

---★---

ပတ်ဝန်းကျင်သည် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားချေသည်။

ကြီးမားသောအန္တရာယ်မကျမီ ရုတ်တရက် ငြိမ်သက်သွားသည့်အလား ရှိနေသည်။

ရုတ်တရက် မုစီးကျုံ့သည် တိတ်ဆိတ်ခြင်းကိုဖြိုခွင်းလိုက်လေသည်။

'ဒီမှာ ဖုန်းကျုမင်၊ ကျုပ်ရဲ့ ထောင်ထဲကိုလိုက်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



မုံစီးကျွင့်ဆီကောအးကြောင့် ဖုန်းကျွမင်က သူ့ကို ပြန်အကဲခတ်ရင်း ရယ်မောပြလိုက်သည်။

'ဟား... ဟား... ဟား၊ လုံကျိန်ဖုံးဟာ သတ္တိရှိတဲ့ မင်းခေအားထားဦးပါ၊ အခုလူသေသွားတော့ မင်းသာ ငါ့ကိုအမိဖမ်းပြီး ပြန်ခေါ်နိုင်ရင် မင်းကိုအုပ်ချုပ်ရေးရာထူးပေးမယ်ကွ၊ ဟား... ဟား၊ ဒါပေမယ့် မင်းက ငါ့ကို ခေါ်နိုင်စွမ်းမရှိတော့ မင်းကို ငါ့အပါခေါ်ရလိမ့်မယ်'

မုံစီးကျွင့်က မခံမရပ်နိုင်ဖြစ်လာပြီး...

'တောက်... ကြည့်ကြသေးတာပေါ့ကွာ...

ဖုန်းကျွမင်က ဂရုမစိုက်ဘဲ...

'တိုက်တာနဲ့ မင်း ချက်ချင်းသေမှာပါ၊ အဲဒီတော့ မင်းကို ငါမခေါ်ချင်တော့ဘူး ကွာ'

သူက မုံစီးကျွင့်ဒေါသထွက်စေရန် ပြန်ပြောနေသည်။

ကျောက်လက်ဝါးက ကြားဖြတ်၍...

'ဒီမှာ ဖုန်းကျွမင်၊ ဒီကနေ့ မင်းပြေးလို့လွတ်မလားဆိုတာ ကြည့်မပါဦး'

ဟု ပြောလိုက်သည်။

ဖုန်းကျွမင်က မျက်မှောင်ကြုတ်သွားပြီး...

'မင်းက ဘယ်သူလဲ၊ စကားကြီးစကားကျယ် ပြောလှချည်လား'



ကျောက်လက်ဝါးက...

'ကျုပ်ဟာ ဆရာကြီး ကျန်တာချီရဲ့ အားအထားရဆုံးတပည့် ကျောက်လက်ဝါး မှတ်ရှဲ'

ဆရာကြီးကျန်တာချီဟူသောအမည်ကို ကြားရသောအခါတွင် ဖုန်းကျွမင်မှာ မျက်နှာကွက်ခနဲပျက်သွားသည်။

အကြောင်းမှာ...

သူ၏တစ်သက်တာနှင့်တစ်ကိုယ်တွင် ကျန်တာချီ တစ်ယောက်ကိုသာ သိုင်းကွက်သုံးရာကျော် တိုက်ခိုက်ပြီးမှ အရှုံးပေးအဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ဖုန်းကျွမင် မျက်နှာပျက်သွားသလို ကျောက်လက်ဝါးကလည်း...

'ငါ့ဆရာကျန်တောင် သူ့ကို ခဲရာခဲဆစ်နိုင်ခဲ့ရတယ်ဆိုတော့ ငါ့အနေနဲ့နိုင်ဖို့မလွယ်ဘူး'

ဟု စဉ်းစားမိလေသည်။

တို့စဉ် ဖုန်းကျွမင်က ကျောက်လက်ဝါးကို ကြောက်သန်သွားစေရန် သူ၏သိုင်းအစွမ်းမျှားကို ထုတ်ဖော်ပြောဆိုနေသည်။

'ငါ့စတိုတ်ရင်မင်းတို့အားလုံးသတိထားကြပါ' ကျောက်လက်ဝါးက အေးစိမ့်လက်ဝါးသိုင်းပညာဘက်မှ မိုးလျှံ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးအိုင်းကို ရှေ့ကျင့်ထားတယ်၊ မင်းတို့တိုက်ပွဲမှာသာ မပါမယ်ဆိုရင် ဘုရားသခင်ကိုသာ တကြွပေတော့'

သူက ခြိမ်းခြောက်လိုက်ပြီး ဆက်၍...

'ကဲ...ငါ အခု လူတစ်ယောက်ကို သတ်တော့မယ်၊ မင်းတို့ခုခံဖို့ ပြင်ကြ'

သူက ပြောဆိုရင်းက အနီးရှိ စစ်သည်တစ်ဦးကို လက်ညှိုးဖြင့် လှမ်းထိုးလိုက်သည်၊

ကျောက်လက်ဝါးက ချက်ချင်းခုန်၍ ထိုစစ်သည်၏ ရှေ့မှ ရပ်လိုက်၏၊

'ဗိုး...'

အနီရောင်အရိပ်တစ်ခုက သူတို့ရှေ့မှ ဖြတ်ခနဲ ကျော်ဖြတ်သွား၏၊

ကျောက်လက်ဝါးတို့ အုပ်စု သူတို့ကို တိုက်ခိုက်သည်ထင်ပြီး အသင့်ပြင်ထားလိုက်ကြလေသည်၊

သို့သော်...ဖုန်းကျမင်၏ ကိုယ်သည် လေဘုထဲသို့ ထပ်မံ မြောက်တက်သွားခဲ့၏၊

'မြှောင်း....'

'အား....'



အောင်သံနှင့်အတူ သူညွှန်လိုက်သော စစ်သည်၏ ရင်ဝကို မီးလျှံလက်ဝါးဖြင့် ရိုက်ချလိုက်ပြီး ဖြစ်သည်၊

ထိုစစ်သည်မှာ တစ်ကိုယ်လုံးအကြေကြေဆွဲပြီး မီးဖြင့်လောင်မြိုက်ခံရသည့်အလား ညိုမည်းကာ ချက်ချင်းပင် သေဆုံးသွားတော့သည်၊

...★...

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အသေအကြေတိုက်ပွဲ

ဂျင်းစစ်သည် လဲကျ သေဆုံးသွားစဉ်မှာပင်....

ကျောက်လက်ဝါး အမျိုးပြုသော သိုင်းသမားများက ဖုန်းကျုမင်ကို အလယ်မှထားကာ ဝိုင်းပတ်လိုက်ကြသည်။

ရှစ်တရက် လီပိုင်ရှီနှင့် ပိုင်ဖွားလူက ဘယ်ညာခွဲ၍ ဖုန်းကျုမင်အား ညှပ်တိုက်လိုက်သည်။

ရန်သူ၏ သိုင်းပညာမှာ အဆင့်မြင့်လွန်းသော ရင်ထိတ်နေမိကြ၏။

'ဝှန်း....'

ဖုန်းကျုမင်က ရှက်ချည်း ဝင်ရောက်လာသော လီပိုင်ရှီကို ထေါက်ဖြင့်တွန်းလိုက်ရာ လီပိုင်ရှီမှာ ဝုန်းခနဲ လွင့်စင်သွားတော့သည်။



ဒေါသယမ်းအိုး ကွဲသွားသည့်အလား ကျိုရိုဟိုက သူ၏ ဓားဖြင့် တအားကုန်ပင် ဝင်ရောက် ခုတ်ချလိုက်၏။

'ဖြန်း....'

ဖုန်းကျုမင်က သူ့ တခေါ်ကျလာသော ဓားကို ခါးဖြင့် ပြန်ခံပေးလိုက်သည်။

'ချွမ်း...'

ကျိုရိုဟို၏ဓားမှာ ဖုန်းကျုမင်၏ အထွတ်အထိပ်ရောက်နေသည့် အတွင်းအား ခေါ်ရာကြောင့် ထက်ဝိုင်းကျိုးသွားလေသည်။

ကျိုရိုဟိုသည် သူ၏လူ အသတ်ခံလိုက်ရသဖြင့် ဒေါသကို မချုပ်တီးနိုင်တော့ဘဲ ဖုန်းကျုမင်၏ ရင်ဝသို့ ရှိသမျှ ခွန်အားဖြင့် အားကုန်ရိုက်ချလိုက်သည်။

'ဖြောင်း....'

'အား....'

ကျိုရိုဟိုသည် ဖုန်းကျုမင်က အသံထွက်ကာ နောက်ကျင်း၍ အော်လိုက်သည် ထင်ကာ [illegible]သွားသော်လည်း ကြည့်လိုက်သောအခါ ရယ်ပြီး ပြောင်နေသလိုမျိုးသဖြင့် အံ့ဩတွန့်လှုပ် မိတော့၏။

အမှန်တော့....

သူ၏ လက်သီးသည် သစ်ပင်ငယ်တစ်ပင်ကိုပင် ပြိုလဲနိုင်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ရုတ်တရက် ဖုန်းကျမင် ကျီရိုဟိုထံ ဝင်ရောက် ပူးတွဲတင်သိုဏ်ပြီး ကျီရိုဟို၏ ကိုယ်ကို ကိုင်မြှောက်ကာ ပေါက်ချ လိုက်သည်။

'ဝုန်း....'

'အီး....'

ကျီရိုဟိုမှာ မြေပေါ်သို့ အရှိန်ဖြင့် ကျသွားသည်။

သို့သော် သိုင်းသမားတစ်ဦးဖြစ်၍ အကျမနာပါ။

ရှတ်ချည်းပင်....

ဖုန်းကျမင်၏ မီးလက်ဝါး သိုင်းနှင့် အေးစိမ့်လက်ဝါး သိုင်း လေ့ကျင့်ထားသော လက်ဝါးနှစ်ဖက်က ရှတ်ချည်း ထွက်လာတော့၏။

ချက်တရက် ကျီရိုဟိုသည် မြေပေါ်မှ ခုန်ထကာ ဖုန်းကျမင်ဆီသို့ ဝင်၍ ပွေ့ချီလိုက်သည်။

သူက အနီးကပ်ပြီး အသက်စွန့်၍ ပွေ့လိုက်ခြင်းအတွက် ဖုန်းကျမင်၏လက်ဝါးရိုက်ချက်မှ လွတ်သွား၏။

သို့သော်....

တစ်ချိန်တည်းမှာပင် လီပိုင်ရှိနှင့် ပိုင်ဟွားလူ၏ ဓားရှည်တွေက ဝဲပျံကျလာတော့၏။

'ရှော....'

'ဟင်....'



ဖုန်းကျမင်က ကျီရိုဟိုကို ဖမ်းပွေ့ကာ ဓားဖျားဆီသို့ တွန်းပို့လိုက်ရာ လီပိုင်ရှိနှင့်ပိုင်ဟွားလူတို့နှစ်ယောက်မှာ သူတို့ ဓားများနှင့် ကျီရိုဟိုကို ထိမှန်မှာစိုး၍ ဆုတ်လိုက်ကြရလေသည်။

ကျီရိုဟိုမှာလည်း အထိတ်တလန့်ဖြစ်သွား၏။

'ဟား....ဟား....ဟား'

ဖြူဟွမ်မင်း၏ ရယ်သံ ဟိန်းထွက်လာပြီး....

'ဖောင်း....'

'အီး....'

သူ၏ မီးလက်ဝါးက ကျီရိုဟို၏ပခုံးကို တစ်ချက်ရိုက်ချ လိုက်လေသည်။

ဓားလက်ဝါးသိုင်း မိသူများအပို့ အသက်ရှင်ရန် ခက်လှခဲ့ သည်။

ကျီရိုဟိုအား ဖုန်းကျမင်က တစ်ချက် ရိုက်လိုက်ခဲ့မှာ ပင်....

လူစင်းပေ့က ဓားဖြင့် ဖုန်းကျမင်ကို ဝင်ပိုင်းလာ၏။

'ဝှီး....'

ဓားဝှေ့သံမဆုံးမီမှာပင် ဖုန်းကျမင် ရင်ဝတွင် ဒေါင်းအား လျှိုင်းတစ်ခုနှင့် အပူလှိုင်းတစ်ခု ရိုက်ခတ်ဖြတ်ဆင်းခြင်း ခံလိုက် ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ...

ကျိုရိုဟိုသည် သူသေရမည်ကို သိရှိထားပြီး ဖြစ်သဖြင့် အထင်းအားဖြင့် ဖုန်းကျမင့်၏ ရိုက်ချက်ကိုမခုခံဘဲ အရိုက်ခံပြီး ဖုန်းကျမင်လက်မှ သူထံစိမ့်ဝင်လာသော အအေးလှိုင်း အဟုန်လှိုင်းကိုသူ့လက်နှင့် ဖုန်းကျမင်ကိုဆောင့်၍ ပြန်လည်တွန်းပို့ခဲ့ခြင်း ဖြစ်လေသည်။

ကျိုရိုဟိုသည် ဖုန်းကျမင်ကို သူ့လက်ဖြင့် တွန်းလိုက်ရာ မြေပေါ်သို့ကျသွားသည်။

'ဝုန်း...'

'အား....'

ကျိုရိုဟို ကျသွားသောအခါ အားလုံးပင် အံ့အားသင့်ပြီး ခေါ်သထွက်သွားကြလေတော့သည်။

---★---

ဖုန်းကျမင့်၏ ကိုယ်ထဲမှာလည်း အပူအအေး ပြောင်းဆန်သွား၏။

ထိုအဖြစ်ကိုသိ၍ ဖုန်းကျမင်မှာ မျက်နှာမျက်နေ၏။

ထိုစဉ် လူစင်းမေ့က သူထံသို့ တရှိန်ထိုးပင်၍ ဓားဖြင့် ခုတ်လာ၏။



ဖုန်းကျမင်က ရှောင်လိုက်သော်လည်း ဓားဖျားသည် သူ၏ညာလက်မောင်းကို စိုက်ဝင်သွားသည်။

'ဟိုင်း....'

ဒေါသဖြစ်သွားသော ဖုန်းကျမင်က ဝုန်းခနဲခုန်၍ လူစင်းမေ့၏ ဦးခေါင်းကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဖြောင်း....'

'အား....'

လူစင်းမေ့က အော်ဟစ်ကာ လဲကျသွားတော့၏။

ဖုန်းကျမင် ဒဏ်ရာရယားပြီဖြစ်၍ ကျောက်လက်ဝါးက အခွင့်ကောင်းကို လက်လွှတ်မခံဘဲ မုစီးကျင့်တို့နှင့်အတူ တစ်ပြိုင်တည်းဝင်ပြီး တိုက်ခိုက်လိုက်သည်။

ဖုန်းကျမင်က မာနထောင်လွှားဟန် မရှိတော့ပါ။

ကျောက်လက်ဝါးတို့လူစုက သူ့အားဝိုင်း၍ တိုက်ခိုက်ခြင်းခံနေရပြီ။

ကျောက်လက်ဝါး၏လက်ဝါးက ရန်သူကို မလွတ်တမ်း ရိုက်ချနိုင်သလို ချမ်းသာခွင့်လည်းပေးရိုးမရှိပါ။

'ဝုန်း....'

ကျောက်လက်ဝါးက သူ၏လက်ဝါးဖြင့် ပြင်းပြင်းနှင့်ရှာ ရိုက်ချလိုက်စဉ်မှာပင် ဖုန်းကျမင်က ကျောက်လက်ဝါး၏ ဝဲယာတက်ကောက်ဝတ်ကို မိမိရရ ဖမ်းဆုပ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသာ ကျောက်လက်ဝါးကို ဖမ်းချုပ်ပြီး တစ်ချက်တည်းနှင့် တန်းရှင်းပစ်မည်၊

ကျောက်လက်ဝါးကို သတ်ပြီးမှ ကျန် သိုင်းသမားတွေကို သူသာ ဆက်ရှင်းမည်ဟု စဉ်းစားမိလိုက်သည်၊

သို့သော်....

မမျှော်လင့်သော ဖြစ်ရပ်နှင့် ဖုန်းကျော်မာ တွေ့ရလေပြီ၊

ကျောက်လက်ဝါး၏လက်သည် သံမဏိကွဲသို့ မာကျောလှသည်၊

လျှပ်တစ်ပြက်အချိန်အတွင်း ကျောက်လက်ဝါးက သူ့လက်ထဲမှ ရုန်းထွက်ကာ ဖုန်းကျော်မင်း၏ ဝဲဘက်ပခုံးကို မိမိရရကြီး ထိုးချလိုက်သည်၊

'ဂျွတ်....'

သူ၏ပခုံးမှ အရိုးကွဲအက်သံကို ဖုန်းကျော်မင်းက ကြားလိုက်ရသည်၊

တစ်ကိုယ်လုံးမှာလည်း နာကျင်သွားသည်၊

'ဖြောင်း....'

ကျောက်လက်ဝါးကို ဖုန်းကျော်မင်းက ခြေဖြင့် တအားကုန်ကန်ထုတ်လိုက်၏၊



သို့သော်...

သူသည် ဒဏ်ရာရထားသော ညာဘက်ပေါင်ကိုမှားပြီးအသုံးချမိလိုက်သဖြင့် တစ်ကွက်နောက်ကျသွားသည်၊

'အင့်....'

ကျောက်လက်ဝါး၏ ဒုတိယအကြိမ် ဖယ်ဖြောင့်လက်သီးက ဖုန်းကျော်မင်း၏ ရင်ဝကို မိမိရရကြီး ရိုက်မိပြန်၏၊

ဖုန်းကျော်မင်းမှာ မဟန်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်၊

ဖုန်းကျော်မင်း လဲကျသွားသည်နှင့် ကျောက်လက်ဝါးက အနားမနေးဘဲ ပြေးကာ လက်ဝါးဖြင့် ရိုက်ချလိုက်၏၊

'ဖြောင်း....'

'အင့်....'

ဖုန်းကျော်မင်းမှာ နှင်းပုံတွင် ဝုန်းခနဲ လိမ့်သွားပြီမေ့လဲသွားလေသည်၊

ယင်းအခိုက်မှာပင်....

လီပိုင်ရှိက သတိလစ်သွားရာမှ သတိပြန်ရလာကာ ဓားဖြင့် ဝင်လာပြီး ချိန်ရွယ်ထားလိုက်၏၊

'ရှမ်း....'

ရှတ်တရက် ဓားဖျားက ဖုန်းကျော်မင်း၏ကျောပြင်ကို နှစ်လက်မခန့် စိုက်ဝင်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါအချိန်တွင်....

'နွမ်း....'

မုန့်စီးကျွင့်၏ ခေါင်းမြှောင်ကိုင်ထားသော လက်တစ်ဖက်က အမဲ ခေါ်လာကာ ဖွန်းကျွမင်၏ရင်ဝကို အားကုန်ထိုးစိုက် ချလိုက်၏။

ရုတ်တရက် ဖုံချိုယင်ကို ဖွန်းကျွမင်က ကန်ထုတ်လိုက် သေး၏။

'အမွှန်း....'

ရဲတိုက်မှူးဖုန်းချိုယင်မှာ လဲကျသွားလေတော့သည်။

ရင်ဝတွင် ဓားဒဏ်ရာ မြှားဒဏ်ရာတွေထားသော ဖွန်း ကျွမင်မှာ သေခါနီးဆဲဆဲမှာပင် အဘွင်းအားဖြင့် ခုန်၍ မုန့်စီးကျွင့်၏ လည်ပင်းကို အားကုန်သုံးပစ်လိုက်ရာ မုန့်စီး ကျွင့်မှာ ခေါင်းလည်သွားတော့၏။

ထို့နောက် မြေပေါ်သို့ တအိအိထိုးကျသွား၏။

သူရဲကောင်း မုန့်စီးကျွင့်မှာ ဖွန်းကျွမင်၏လက်ချက်ဖြင့် ပင် လောကကြီးကို ကျောခိုင်းသွားရလေပြီ။

ဖွန်းကျွမင်မှာလည်း အောင်နိုင်သူတစ်ယောက်လို ရယ် မောနေသော်လည်း ကိုယ်ခန္ဓာမှာ ယိမ်းယိုင်ကာ လဲကျသွား လေပြီ။



'ဗြဟ္မာမင်း ခင်ဗျားတစ်ယောက်တည်းအတွက် ကိုမိတ် ဆွေတွေအများကြီး သေရတယ်ဗျာ'

သေဆုံးနေသော မုန့်စီးကျွင့်နှင့် ဖွန်းကျွမင်းတို့ကို ကြည့် ကာ ကျောက်လက်ဝါးက ညည်းညူမိလေတော့သည်။

★

နှင်းများ တဖွဲဖွဲကျဆင်းလျက်ရှိသည်။

နှင်းပြင်တွင် ဗြဟ္မာမင်း၏ ကြမ်းကြုတ်ရက်စက်သော သတ်ဖြတ်မှုကြောင့် သိုင်းပညာရှင်တွေဖြစ်သောကျိုရိုဟိုး မုန့် စီးကျွင့်၊ ရဲတိုက်မှူးဖုံချိုယင် စသောသိုင်းအကျော်အမော် များ၏အလောင်းများ မြင်ကွင်းတွင် စိတ်မချမ်းသာဖွယ်ရာ တွေ့ရလေသည်။

တစ်ဖက်တွင်လည်း တိုင်းပြည်၏ သစ္စာဖောက် မင်းကြီး သားသုံးဦး၏ စိတ်မချမ်းသာစရာ ကြေကွဲစရာ သေဆုံးမှုမြင် ကွင်းက ရှိနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းသင်ပြင်ကြီးတွင် အဖြူရိပ်နှစ်ရိပ်ကတော့ လှုပ်ရှားနေပါသေး၏

ထိုအရိပ်နှစ်ခုမှာ လီပိုင်ရှိနှင့် ပိုင်ဟွားလူတို့ဇနီးမောင်နှံပင်ဖြစ်လေသည်၊

'ကျောက်လက်ဝါး မှတ်ရှေ့သေပြီလား'

လီပိုင်ရှိ တ ကျောက်လက်ဝါးအား သတိရလာကာ ရှာဖွေလိုက်သည်၊

ပိုင်ဟွားလူ အတွင်းဒဏ်ရာရထားသော လီပိုင်ရှိအား ဖေးမရင်း....

'မသေပါဘူးအစ်ကို၊ သူ ဖုန်းကျမ်းရဲ့ပြင်းထန်တဲ့ လက်ဝါးချက်ထိသွားလို့ မူးမေ့သွားတာပါ'

ထိုအချိန်တွင် နှင်းများအတွင်းမှ ရပ်နေသောလူတစ်ချို့ ကြောက်ကြောက်ဖြင့် ငေးကြည့်နေသည်ကို တွေ့ရသည်၊

သူတို့အား စစ်ထည် ငါးယောက်နှင့် လက်မရှိသေးသောက်ငါးယောက်တို့ဖြစ်ကြသည်၊

မကြာပါချေ၊

လူဆိုးထိန်း ကျောက်လက်ဝါးမှတ်ရှေ့ သတိရလာကာ နှင်းမှ အတွင်းမှထလာခဲ့၏၊



သူသည် နို့နှစ်ရောင်ပမာ ဖြူဖွေးသောနှင်းတွေကြားထဲ ပြန့်ကြဲနေသော အလောင်းများကိုကြည့်ကာ စိတ်မထိန်းနိုင်လောက်အောင်မျက်ရည်ဝေ လည်လာရတော့သည်၊

'တိုင်းပြည်အတွက် အသက်စွန့်သွားကြတဲ့ သူရဲကောင်းများ ကောင်းရာသုဂတိ ရောက်ကြပါစေဗျာ၊ နှင်းမိုးတွေ နှင်းမိုးတွေ တအားသာ ရွာလိုက်ပါတော့'

ကျောက်လက်ဝါးမှတ်ရှေ့သည် သွေးများ ပွက်ပွက်မျှ စွန်းထင်နေသော နှင်းခဲပြင်ကြီးအား သန့်စင်သွားစေရန် ခေါင်းမော့၍ဆုတောင်းမိနေသေသည်၊

'ဆရာမှတ်ရှေ့ ကျွန်တော်တို့သွားကြပါစို့၊ အလောင်းတွေကို တပ်သားတွေအကူအညီနဲ့ ပြန်ယူကြတာပေါ့ဗျာ'

လီပိုင်ရှိက ပြောလိုက်သည်၊

ကျောက်လက်ဝါး ခေါင်းညိတ်ပြလိုက်ကာ စစ်သည်များနှင့်သေသောက်များအား အလောင်းများကို သယ်လာရန် လက်မြှောက်ပြ၍ တရွေ့ရွေ့ကျော့ခိုင်းလိုက်လေသည်၊

မျက်ရည်စများ ကျဆင်းလာချိန်တွင် သူ၏ခြေလှမ်းများသည် တရွေ့ရွေ့လှုပ်ရှားသွားလေပြီ၊

လီပိုင်ရှိနှင့် ဇနီးပိုင်ဟွားလူတို့မှာ တစ်ယောက်လက်တစ်ယောက်တွဲကာ ကျောက်လက်ဝါးနောက်မှ လိုက်ပါခဲ့ကြလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ မျက်လုံးအိမ်မှာလည်း မျက်ရည်တွေအပြည့်၊ လေတစ်ချက်အဝှေ့တွင် သူတို့မျက်ဝန်းအိမ်မှ ကျဆင်းလာသောမျက်ရည်များနှင့်အတူ နှင်းမိုးတွေကလည်း ဖြိုင်ဖြိုင်ကြီးပင် သူတို့အပေါ်ကျဆင်း၍ လာလေတော့သတည်း.....။

ပြီး ပါ ပြီ။

မိုးကျော်သူ

www.burmeseclassic.com